# လက်ငင်း
# လက်တွေ့
# ဗုဒ္ဓဝါဒ

ကြေးမုံ ဦးသောင်း

မှတ်ပုံတင်(၀၀၄၈)
ပြည်သူ့အလင်း စာပေတိုက်
၁၀၇ - ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မှ
ထုတ်ဝေသည်။

ပုံနှိပ် ထုတ်ဝေသူ—ဦးစိန်ကြည်

ပဥ္စမ နှိပ်ခြင်း

အုပ်ရေ - ၃၀၀၀

၁၉၆၇ - နိုဝင်ဘာလ

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ်(၁၉၅၆)

မှတ်ပုံတင်(၀၀၄၇)
ပြည်သူ့အလင်း ပုံနှိပ်တိုက်
၅၅-ကျောင်းလမ်း၊ အလုံ-ရန်ကုန်မှ
ရိုက်နှိပ်သည်

# ကျမ်းဦး အမှာ

ဗုဒ္ဓဘာသာနှင့်စပ်လျဉ်း၍၊ ဂိုဏ်းဂဏ အမျိုးမျိုး အစားစားရှိကြသည်။ အယူအဆ အဖုံဖုံ အနည်းနည်း ကွဲပြားကြသည်။ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန် များလည်း အများများ အပြားပြားရှိကြသည်။

ထိုအထဲတွင် ဤမည်သော "လက်ငင်း လက်တွေ့ ဗုဒ္ဓဝါဒ" ကျမ်းကိုပြုရာ၌ ဗုဒ္ဓဝါဒနှင့်စပ်လျဉ်း၍ မည်သည့်ဂိုဏ်းဂဏကိုဖြစ်စေ၊ မည်သည့် အယူအဆကိုဖြစ်စေ၊ မည်သည့် ကျမ်းဂန်ကို ဖြစ်စေ၊ကန့်ကွက်ခြင်း၊ စောဒက တက်ခြင်း၊ ငြင်းဆိုခြင်းပြုရန် ရေးသားသည် မဟုတ်ပါ။

ဗုဒ္ဓဘာသာကျမ်းနှင့် စပ်လျဉ်း၍၊ လွယ်ကူစွာ နားလည်နိုင်သော ကုံလုံသော မြန်မာဘာသာ ကျမ်းငယ် တခု လိုအပ်နေသည်။ ခေတ်လူငယ်များအတွက် ခေတ်အမြင်နှင့်ပြုစုသော ကျမ်းငယ်လိုအပ်သည်ဟု ယူဆသောကြောင့် ပြုစုခြင်းသာ ဖြစ်ပါသည်။

ကျမ်းပြုသူသည် သတင်းထောက် အဖြစ် လုပ်သက် နှစ်(၂၀)ရှိသော သတင်းစာဆရာတဦးဖြစ်သည်။ သူသည် အများပြည်သူတို့ သိသင့် သိထိုက်သော သတင်း များကို

အမြောက်အများရေးသားတင်ပြခဲ့သည်။ သတင်းများကို လိုက်လံစုံစမ်းရာ၌ သတင်းဖြစ်ပေါ်ပုံကိုရင်း၊ အကြောင်းကိုရင်း၊ အကျိုးကိုရင်း အဘက်ဘက်မှ ရနိုင်သမျှ အချက်အလက်ကို ပြည့်စုံလုံလောက်အောင် ရှာဖွေပြီးမှ ခိုင်မာသောအချက်များကိုသာ ရေးသားရလေ့ ရှိသည်။ ယခုဤကျမ်းသည် သူလိုက်ခဲ့သမျှ သတင်းတို့နှင့် မနှိုင်းမယှဉ်လောက်အောင် ကြီးကျယ်မြင့်မြတ်သော သတင်းကြီးတပုဒ်အဖြစ် ဘုရားပွင့်ခြင်းသတင်း၊ ဘုရားဟော တရားတို့သတင်းနှင့် သံဃာတော်တို့ သတင်းကို စုဆောင်း စုံစမ်းရှာဖွေရေးသား အပ်ပါသည်။ သူ၏တသက်တွင် အကြီးဆုံးသော အမြင့်မြတ်ဆုံးသော မဟာ့မဟာ သတင်းဆောင်းပါးကြီးပင် ဖြစ်ပါသည်။ သတင်းများကို ရေးသားရာ၌ အကယ်ဖြစ်ပျက်သော အဖြစ်အပျက် အချက်အလက် အကြောင်းအရာများကို ရနိုင်သလောက် စုဆောင်း စုံစမ်းရှာဖွေပြီး ခိုင်မာသော အချက်တို့ကိုသာ ရေးသား ရမြဲအတိုင်း၊ ခိုင်မာသောအချက်အလက်များကို တတ်နိုင်သမျှကြိုးစားရှာဖွေညှိနှိုင်းခဲ့ပါ၏။

ယခု သတင်းမြတ်-သတင်းထူး ကြီးကို ရေးရာ၌၊ သတင်းစာတိုက်များ သတင်း ရေးထုံး ရေးနည်း အတိုင်း လမ်းပေါ်ရှိ သာမန်လူတိုင်း နားလည်စေရန် သတင်းစာသုံး မြန်မာစာနှင့် ရေးသားအပ်ပါသည်။ လိုအပ်သော အခေါ် အဝေါ်တို့၌ ညှိနှိုင်းလိုက ညှိနှိုင်းနိုင်ရန် မူရင်းပါဠိ ဝေါဟာရများကို စာမျက်နှာ အောက်ပိုင်းမှ မူရင်း

အတိုင်းဖေါ်ပြ အပ်ပါသည်။ လူတိုင်း နားလည်သည့် မြန်မာ ဝေါဟာရ အဖြစ်သုံးစွဲနေကြသော၊ သုခ - ဒုက္ခ သီလ စသည်တို့ကိုမူ မူရင်း အတိုင်းပင် သုံးစွဲ အပ်ပါ၏။

ဤကျမ်းကို အင်းစိန်ထောင်ကြီး အတွင်း၌ ၂-နှစ်ခွဲ ကျော် ထိန်းသိမ်းခံရစဉ်တွင် ပြုစုခဲ့ပါသည်။

ထိုစဉ်က ဘာသာရေးစာအုပ်သာ ဖတ်ခွင့်ပြုရာ၊ ဗုဒ္ဓ သာသနာ့အဖွဲ့ထုတ် ပိဋကတ်တော် မြန်မာပြန်များနှင့် အင်္ဂလိပ်မြန်မာ ဘာသာရေးစာအုပ်မျိုးစုံကို ထောင်တွင်း သို့ ကြံဖန်ရှာဖွေ ပေးပို့သော မြမြစိန်အားရင်း-

စာအုပ်ရေးခွင့်ပြုသော အင်းစိန်ထောင် အထူးအရာရှိ ဗိုလ်ကြီး သိန်းတိုး၊ စာအုပ်ရေးရန် စာရွက်နှင့်ဖေါင်တိန် စသည်တို့စီစဉ်ပေးသော ထောင်မှူးဦးကျော်မင်း၊ ထောင် ကြပ် စောမြင့်သိန်းတို့အားရင်း-

စာမူကြမ်းကို ဖတ်ရှုကာ အကြံပေးခြင်း၊ ပြင်ဆင် ခြင်းပြုသူ ကြေးမုံ ဦးခင်မောင်ရီ နှင့် ဦးလှမောင် (မီးရထား)တို့ အားရင်း - အထူးကျေးဇူး တင်ပါသည်။

မောင်သောင်း

၂၀-၁၁-၆၃

# ဗုဒ္ဓဖြစ်စဉ်

ဗုဒ္ဓဘာသာသည် ၁ ဗုဒ္ဓ ပွင့်တော်မူခြင်း၊ ၂ ဗုဒ္ဓဟောကြားသောတရားနှင့် ၃ ဗုဒ္ဓ၏တပည့်သား သံဃာ တည်းဟူသော ရတနာကြီး သုံးရပ်အပေါ်၌ တည်သည်။

ထိုရတနာ သုံးရပ်တွင် ဗုဒ္ဓပွင့်တော်မူခြင်း တည်းဟူသော ဗုဒ္ဓဝင်သည် ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း၏ အရင်းအမြစ် ဖြစ်လေသည်။

ကမ္ဘာမှ ပြန်လည် ရေတွက်ရာ၌၊ ရေတွက် နိုင်ရန် ခဲယဉ်းလောက်အောင် များပြားလှသော ကာလ (လေးသင်္ချေ နှင့် ကမ္ဘာတသိန်း သို့မဟုတ် မဟာ ကပ်တသိန်း ကာလ)[၁] က ပွင့်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက်၌၊ သုမေဓါ အမည်ရှိ ရသေ့ တပါးက ဘုရားဆု ပန်ခဲ့သည်။ ထိုရသေ့ သည် မရေမတွက် နိုင်သော ကမ္ဘာများတွင်၊ ဘဝ တခုပြီးတခု ကျင်

---

၁ အသင်္ချေမှာ တစ် နောက်မှ သုည ၁၄၀·ရှိသည် ဟူ၍လည်း ရေတွက်နည်းရှိသည်။ စကြာဝဠာ အပြည့် သုံးနှစ်တိုင် ရှာသွန်းသော မိုးပေါက်နှင့် ညီမျှသည်ဟုလည်း အဆိုရှိ၏။

လည် ဖြစ်ပေါ်ခဲ့သည်။ ထိုဘဝတို့၌ (၁) အလှူပေးခြင်း (၂)သီလ ဆောက်တည်ခြင်း (၃) တောထွက်ခြင်း (၄)ပညာ ရှာခြင်း (၅) အားထုတ်ခြင်း (၆) သည်းခံခြင်း (၇) ဖြောင့်မှန်ခြင်း (၈) အဓိဋ္ဌာန် ဆောက်တည်ခြင်း (၉) မေတ္တာပွားခြင်းနှင့် (၁၀) လစ်လျူရှုခြင်း တည်းဟူသော ပါရမီ ဆယ်ပါးကို ဖြည့်တင်းပွားများခဲ့သည်။နောက်ဆုံးဘဝတွင် တုသိတာ နတ်ပြည်၌ သေတကေတု အမည်ရှိသော နတ်သား အဖြစ်မှ သိကြားမင်းနှင့် နတ်ပြဟ္မာ အပေါင်းတို့၏ တောင်းပန်ချက် အရ နတ်သား ဘဝမှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေ နေခဲ့ သည်ဟု ဗုဒ္ဓဝင် အများက အဆိုရှိခဲ့သည်။

ယခုကျမ်း၌ ခေတ်အမြင်နှင့် လက်တွေ့ဗုဒ္ဓဘဝကိုသာ တင်ပြလိုသဖြင့်၊ အတိတ်ဘဝကို မဆွေးနွေး တော့ဘဲ မျက် မှောက်ခေတ် ဗုဒ္ဓ၏ လက်တွေ့ ဖြစ်စဉ်ကိုသာ ရနိုင်သမျှ အချက်များမှ လေ့လာတင်ပြရပေမည်။

ယခုဘဝ၌ ဗုဒ္ဓသည် နတ်မဟုတ်၊ အခြားဘုံမှ အခြား ဘုံသားမဟုတ်။ ယခု မျက်မှောက်ခေတ်မှ လူသားများကဲ့သို့ပင် သွေးနှင့်သားနှင့် ကိုယ်ခန္ဓာရှင် လူရိုးရိုးသာ ဖြစ်သည်။ ဗုဒ္ဓအား ဒေဝဒတ်က ကျောက်တုံးနှင့် လှိမ့်၍ လုပ်ကြံစဉ်က ခြေမ ကွဲသွားကာ ပြင်းပြသော ဝေဒနာကို ခံစားရသည်။ တခါ၌ သွေးဝမ်း ရောဂါဖြစ်၍ သမားတော် ဇီဝကနှင့် ဝမ်း အကြိမ် သုံးဆယ် နုတ်ရသည်။ (မဟာဝဂ်-ဇီဝကဝတ္ထု) သေဆုံးရာ၌ လည်း ဝမ်းလျှော၍ သေရသည် စသည် တို့သည် ဗုဒ္ဓသည် လူထဲက လူတဦးသာ ဖြစ်သည်ဟု ထင်ရှားစေသည်။

ဗုဒ္ဓသည် အခြား ဘာသာများမှ ထာဝရ ဘုရားတို့ကဲ့သို့ ကောင်းကင်ဘုံ၌ စံမြန်းသောနတ်ဘုရားမဟုတ်၊ သူသည် လူ့သဲက လူသာဖြစ်သည်။

ဗုဒ္ဓသည် လူထဲက လူသားသာ ဖြစ်သည်ဟု ဆိုစေကာမူ၊ သူသည် သာမန်လူမဟုတ်။ဗုဒ္ဓကဲ့သို့သောလူမျိုးကား နှစ်ပေါင်း အထောင် အသိန်း အသန်းတွင်မှ ဤတဦးတယောက်သာ ထွန်း ပေါက်လာနိုင်သော **လူထူး လူမြတ်ကြီး** ဖြစ်သည်။

**အပင်ပန်းခံကာ အားထုတ်မှု၌ရင်း၊ လူတို့အပေါ် မေတ္တာ စေတနာရှိမှု၌ရင်း၊** ခြိုးခြံစွာ **ကျင့်သုံးမှုတွင်ရင်း၊ ဗုဒ္ဓအား ပြိုင်သူ မရှိသေး။** ထူးကဲမွန်မြတ်သော အားထုတ်မှုနှင့် ကျင့်သုံးမှုတို့ကို အကြောင်းပြု၍၊ပညာအလင်း ပွင့်လင်းပေါက်ရောက်သွားခြင်း တည်းဟူသော အကျိုးတရားကြီးကို ရခဲ့သည်။ ဗုဒ္ဓသည် အား ထုတ်မှုကို အရင်းတည်၍ ရရှိသောပညာဖြင့်သာ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓ သိရှိသော ပညာမှာ သာမန်ပညာဟုတ်၊ အသိပညာ မှန်သမျှ၏ အထွတ်အထိပ် အဆုံး စွန်သော ပညာဖြစ်သည်။ မည်သည့်အရာ, မည်သည့်အကြောင်း, မည်သည့် ကိစ္စကိုမဆို, အကြွင်းမရှိ လုံးဝဉဿုံ တတ်သိ နားလည်သော ပညာဖြစ်သည်။ လက်ရှိလူ့ကမ္ဘာ လူလောက၏ အကြောင်းအရာများသာ မက ဤလောကကြီး ဖြစ်လာပုံ၊ ဖြစ်ပျက်နေပုံ၊ ပျက်မည့်ပုံ များကို ဖြစ်စေ၊ မည်သည့်အကြောင်းအရာကိုမဆို လက်ဝါးပေါ်၌တင် ထားသည့် ဆီးဖြူသီးကိုမြင်သိသကဲ့သို့ မြင်သိသော ပညာဖြစ် သည်။

No 2

အကြောင်းတခုနှင့် အကြောင်းတခုတို့ အမှီသဟဲပြု၍ တည်ရှိကြလေရာ၊ ပညာကုန် တတ်မြောက်ပြီးသူ ဗုဒ္ဓအဘို့ မည်သည့် အရာ၌ ခက်ခဲခြင်း၊ မသိနိုင်ခြင်း ရှိတော့မည်မဟုတ်။ ထိုခေတ် ကသာ မဟုတ်၊ ယခုခေတ်တွင်မှ သိရှိကြသော ပညာရပ်များ၊ နောင်ခေတ်ကျမှ သိကြမည့် ပညာရပ်များ ကိုပါ အကြွင်းမရှိ သိမည်ဖြစ်သည်။ ဆယ်တန်းပညာ တတ်သောသူသည် သူငယ်တန်းမှ သင်ရိုးပညာ သင်္ချာစာများကို မြင်ရုံနှင့် အဖြေသိသကဲ့သို့ပင် ဖြစ်သည်။ ဗုဒ္ဓ၏ပညာမှာ ဆယ်တန်းမှ ဒေါက်တာဘွဲ့ စသော ယခုခေတ် ပညာရှင်တို့ထက် အဆပေါင်း အရာ အထောင် အသောင်း အသိန်း အသန်း သာလွန်သည်။ ယခုခေတ် ပညာရှင်များနှင့် ခေတ်ဟောင်း ပညာရှိများ တို့၏ ပညာမှာ ဗုဒ္ဓ၏ ပညာနှင့် နှိုင်းစာပါက အဆပေါင်း အထောင် အသိန်း အသန်းမျှမက နိမ့်ကျသည်။

ဗုဒ္ဓသည် **ပညာကုန် တတ်ပြီးပြီဖြစ်ရာ မည်သည့်ခေတ် မည်သည့်ကမ္ဘာတွင်မဆို ဗုဒ္ဓကဲ့သို့ပညာကုန် တတ်သော အခြားဗုဒ္ဓ**များ ပွင့်ကောင်း ပွင့်နိုင်ပေမည်။ **ထပ်မံ၍ ပွင့်ကောင်း ပွင့်နိုင်**သည်။ ဗုဒ္ဓထက်မူ **ပညာအရာ၌ သာနိုင်စွမ်းမရှိတော့ပြီ။ သူနှင့်** တန်းတူ **ပညာတူသာ ပေါ်ပေါက်ကောင်း ပေါ်ပေါက် နိုင်**သည်။ အဘယ်ကြောင့်ဟူမူ ဗုဒ္ဓသည် **ပညာကုန်တတ်သိသူ** ဖြစ်သော ကြောင့်ပေ။

သို့ကြီးမား ကျယ်ပြန့်သောပညာကို ဗုဒ္ဓရယူခဲ့ပုံမှာ များစွာ စိတ်ဝင်စားဘွယ် ကောင်းသည်။

ဗုဒ္ဓဟူသောအမည်မှာ ပါဠိစကားလုံး ဖြစ်သည်။ မြန်မာဘာသာဖြင့် အတိအကျဆိုရလျှင်၊ အလင်းတွေ့သိခြင်း၊ ပွင့်တော်မူခြင်း စသည့်အဓိပ္ပါယ်ရှိသည်။ ဘုရားအဖြစ်သို့ရောက်ရှိမှ ထိုသို့ ခေါ်သည်။ ဗုဒ္ဓ၏အမည်ရင်းမှာ 'သိဒ္ဓတ္ထ' ဟူ၏။ 'ဂေါတမ' ဟူသော အနွယ်အမည်နှင့်လည်း ခေါ်သည်။

သိဒ္ဓတ္ထအား လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ခန့် (ခရစ်မပေါ်မီ ၆၂၃-နှစ်) [၁] က ဖွားမြင်ခဲ့သည်။

အဖမှာ သုဒ္ဓေါဒန၊ အမိမှာ သီရိမဟာ မာယာ ဖြစ်သည်။ သိဒ္ဓတ္ထအား ဖွားမြင်ပြီး ရက်သတ္တတပတ် အတွင်း ကွယ်လွန်သဖြင့်၊ သိဒ္ဓတ္ထအား မိထွေးဖြစ်သူ (သူ၏မိခင်၏ ညီမ) မဟာပဇာပတိ ဂေါတမီက ထိန်းသိမ်း စောင့်ရှောက် ရသည်။

သိဒ္ဓတ္ထ၏ဇာတိမှာ အိန္ဒိယပြည် သက္ကတိုင်းဖြစ်သည်။ အိန္ဒိယနှင့် နီပေါပြည် နယ်စပ်ရှိ ပြည်ငယ် ကလေးတခု ဖြစ်သည်။ မြို့တော်မှာ ကပိလဝတ်မြို့ဖြစ်သည်။

သူ၏ဖခင် သုဒ္ဓေါဒနသည် ကပိလဝတ်မြို့၏သူကြီး၊ သို့မဟုတ် စော်ဘွား၊သို့မဟုတ် မင်းငယ်၊ သို့မဟုတ် အကြီးအကဲ၊သို့မဟုတ် သူကြွယ်တဦးဖြစ်သည်။ ဖခင်ဖြစ်သူ ပြည့်စုံကုံလုံ ကြွယ်ဝသဖြင့်၊ သားဖြစ်သူအား ထိုစဉ်က **အထက်တန်းပညာကို တတ်မြောက်နိုင်ခွင့်ကိုရင်း၊** ထိုခေတ်က မင်းစိုးရာဇာ သူဌေး သူကြွယ် များ

---

၁ ဘိုးတော်အဋ္ဌနမင်းကြီးသည် သက္ကရာဇ် ၈၄၅-ခုကို ဖြိုခဲ့ကာ ကြွင်းသော သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့်၊သောကြာနေ့နံနက် တချက်တီးတွင် ဖွားသည်ဟု အဆိုရှိသည်။

စင်စစ်အားဖြင့် ဗုဒ္ဓဖွား သက္ကရာဇ်မှာ တိကျ ခိုင်မာစွာ မရှိလှဘဲ အယူအဆ ကွဲပြားမှုများကို တွေ့ရသည်။

သာ ခံစား နိုင်သည့် စည်းစိမ် ချမ်းသာကိုရင်း ပေးနိုင်စွမ်း ရှိသည်။

မာဂဏ္ဍိယ–ငါသည် ရှေးလူဖြစ်စဉ် အခါက မျက်စိဖြင့် သိအပ်ကုန်သော၊ အလိုရှိအပ်ကုန်သော၊ နှစ်သက်အပ်ကုန်သော၊ နှလုံးကို ပွားစေအပ် ကုန်သော၊ ချစ်အပ်သော သဘောရှိကုန်သော၊ တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရှုခင်းတို့ဖြင့်၎င်း၊[၁] နားအကြားဖြင့် သိအပ်ကုန်သော အသံတို့ဖြင့်၎င်း၊[၂] နှာခေါင်းအသိဖြင့် သိအပ်ကုန်သော ရနံ့တို့ဖြင့်၎င်း၊[၃] လျှာအသိဖြင့်သိအပ်ကုန်သော ရသာရုံတို့ဖြင့်၎င်း၊[၄] ကိုယ်ကာယအသိဖြင့် သိအပ်ကုန်သော၊ အလိုရှိအပ် ကုန်သော၊ နှစ်သက်အပ်ကုန်သော၊ နှလုံးကို ပွားစေတတ် ကုန်သော၊ ချစ်အပ်သော သဘော ရှိကုန်သော၊ ကာမ နှင့် စပ်ယှဉ်ကုန်သော၊ တပ်မက်ဖွယ် ဖြစ်ကုန်သော ကိုယ်အတွေ့တို့ဖြင့်၎င်း၊[၅] ဤသို့ငါးပါးသော ကာမဂုဏ်တို့ဖြင့်၊ ပြည့်ပြည့် စုံစုံ လုံလုံလောက်လောက် မွေ့လျော် ပျော်ပါး ဘူးပါ၏။

မာဂဏ္ဍိယ-ထိုငါ့အား မိုးဥတုအခါ စံနေရာ ဖြစ်သော ပြာသာဒ်တဆောင်၊ ဆောင်းဥတုအခါ စံနေရာ ဖြစ်သော ပြာသာဒ် တဆောင်၊ နွေဥတု အခါ စံနေရာ ဖြစ်သော ပြာသာဒ် တဆောင်၊ ဤသို့သုံးဆောင်ကုန်သော ပြာသာဒ်တို့သည် ဖြစ်ခဲ့ကုန်၏။ မာဂဏ္ဍိယ–ထိုငါသည် မိုးဥတုအခါ

---

၁ စက္ခုဝိညာဏ်နှင့် ရူပါရုံ။

၂ သောတဝိညာဏ်နှင့် သဒ္ဒါရုံ။

၃ ဃာနဝိညာဏ်နှင့် ဂန္ဓာရုံ။

၄ ဇိဝှါဝိညာဏ်နှင့် ရသာရုံ။

၅ ကာယဝိညာဏ်နှင့် ဖောဋ္ဌဗ္ဗာရုံ။

စံနေရာ ဖြစ်သော ပြဿဒ်၌ မိုး လေး လ တို့ ပတ်လုံး ယောကျ်ား ကင်းကုန်သော (မိမ္မတို့သာ တီးမှုတ်သော) တူရိယာမျိုး တို့ဖြင့် မွေ့လျော် ပျော်ပါးလျက် ပြဿဒ် အောက်သို့မသက်ဆင်းပေ။ (မဇ္ဈိမပဏ္ဏာသ၊ ပရိဗ္ဗာဇကဝဂ်၊ မာဂဏ္ဍိယသုတ်)

သိဒ္ဓတ္ထသည် လောကီစည်းစိမ်၌ အမြင့်ဆုံးဖြစ်သော ကာမ ဂုဏ် စည်းစိမ်ကို ခံစားရာ၌၊ ယောကျ်ား မဖက် မိမ္မသက်သက် များဖြင့် တခါးပိတ်ပြီး ပျော်ပါး စံစား ခဲ့သည်။ သူသည် လောကီ စည်းစိမ်ကို ခံစားရာ၌လည်း အဆုံးစွန်အထိ၊ အစွမ်း ကုန် စံစား ခံစား ပျော်ပါးခဲ့ဘူးသူ ဖြစ်သည်။

သို့ လောကီစည်းစိမ်ကို ခံစား စံစားနေသော်လည်း၊ သူသည် စည်းစိမ် ယစ်မူးကာ မေ့လျော့နေသူ မဟုတ်ပေ။

တဖက်မှ စည်းစိမ်ကို ခံစားရင်း အခြား တဖက်မှလည်း ယောကျ်ားတို့ တတ်အပ်သော အတတ်ပညာများကိုဆည်းပူးသူ ဖြစ်သည်။ ထိုခေတ်က အထက်တန်းလွှာ ယောကျ်ားများ တတ် ကြသည့် အထက်တန်း အတတ်ပညာများကို တတ်မြောက်သည်။ ရင်းပြင် ကုန်သည်လယ်လုပ်တို့၏ အသက်မွေးမှု အတတ်ပညာ များကိုလည်း လေ့လာသည်။ လူတန်းစားအသီးသီး၊ လူ့အလွှာ အသီးသီးတို့နှင့်လည်း ရောယှက်သွားလာဘူးသည်။

ထို့ကြောင့် ဘုရားအဖြစ်သို့ရောက်ပြီးနောက်၊ တရားဟော ကြားဆုံးမရာ၌၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ပန်းတိမ်ပန်းဘဲ လုပ်ငန်း၊ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း သေည်ဖြင့် လုပ်ငန်း

ခွင် အသီးသီး၏ အသုံးအနှုန်း, အလေ့ အထ, အပြော အဆို, အလုပ်အကိုင်တို့ကို ဥပမာထား၍ ပြောဟော နိုင်ခဲ့သည်။

သိဒ္ဓတ္ထ၏ဖခင် သုဒ္ဓေါဒနသည် သူ၏သားဖြစ်သူကို များစွာ ချစ်ခင်သော ဖခင်ဖြစ်သည်။ ထိုခေတ်က မင်းများ စော်ဘွား စော်ခံ သူဌေးသူကြွယ်များ၏ သားများကို အတတ်ပညာများ ထွန်းကားရာ တက္ကသိုလ်ပြည်သို့ဂုဏ်း၊နိုင်ငံခြား တိုင်းခြား ပြည် ခြားသို့ဂုဏ်း၊ ပညာသင်လွှတ်လေ့ ရှိသော်လည်း သူ၏သားကို မိမိ၏တိုင်းပြည် မိမိ၏နန်းတွင်းမှ မခွါဘဲထားခဲ့သည်။ ငယ်ငယ် ကစ၍ အသိဉာဏ် ရင့်သန်ခဲ့သော သိဒ္ဓတ္ထ သည် နိုင်ငံခြားသို့ ပညာတော်သင်မသွားဘဲ ပညာကုန်တတ်မြောက်ခဲ့သည်။ သူ၏ အပေါ် အထင်အမြင် သေးသော ဆွေမျိုး များသည် လေး အတတ် မြှားအတတ်မှ စသော ပညာရပ်များကို ပြသနိုင်မှ သူ့အားအထင်ကြီးကြ တော့သည်။ လူလားမြောက်ချိန်မှစကာ စည်းစိမ်ခံရင်း ပညာကို ရှာခဲ့ရာမှ အချိန်တန် အရွယ်ရောက် သောအခါတွင်၊ ဒေဝဒဟပြည်မှ သုပ္ပဗုဒ္ဓ၏သမီး ရုပ်ရည်ချော မောလှပသူ ဘဒ္ဒကစ္စနာနှင့် လက်ထပ် ထိမ်းမြား ခဲ့လေသည်။ ဇနီးသည်ကို ယသော်ဓရာ ဗိမ္ဗာဒေဝီဟု အမည်ပြောင်းခဲ့သည်။ ယသော်ဓရာသည် သိဒ္ဓတ္ထ၏ အကြီးအမှူးဇနီးဖြစ်သည်။ အခြား ဇနီးများစွာရှိသေးသည်။ဇနီးအဆင့်မရောက်ဘဲ ထိုခေတ်က မင်း ပျို မင်းလွင်တို့ နည်းတူ ထားရှိသော အပျော်အဖျော် ပေါင်း လည်း များစွာရှိသေးသည်။

ရဟန်းတို့ ဤမိန်းမ၏အတွေ့သည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍ တည်သကဲ့သို့၊ ဤအတူ ယောကျ်ား၏

စိတ်ကို သိမ်းကျုံးယူငင်သော အခြားတခုသော အတွေ့ကို မျှလည်းငါမမြင်။ ရဟန်းတို့ မိန်းမ၏အတွေ့သည် ယောကျ်ား၏စိတ်ကို သိမ်းကျုံး ယူငင်၍ တည်၏။ (အင်္ဂုတ္တိုရ် ဧကနိပါတ်၊ ရူပါဒိဝဂ်)

မယားချောနှင့် တကွ မြောက်များလှသော မိန်းမတော်၌ စည်းစိမ်ခံစားနေသော သိဒ္ဓတ္ထသည် စည်းစိမ် ခံစားရင်း ထိုစည်းစိမ်ကို တပ်မက်လာဟန် တူသည်။ စည်းစိမ် ခံစားမှုဖြင့် အမြဲတစေ သာယာနေလိုဟန်တူသည်။ ငွေကြေးချမ်းသာလာသူတို့သည် ငွေကိုပို၍မက်လာပြီး၊ ငွေရှင်၏အဖြစ်သို့ အမြဲရရှိလိုသည်။ ငွေရှင်အဖြစ် အမြဲနေနိုင်ရေးကို အားထုတ် လာတတ်ကြသကဲ့သို့ပင်။

ထိုသို့ရှိစဉ်တွင် တနေ့သ၌ မြို့ထဲရပ်ထဲ လှည့်လည် သွားလာစဉ်၊ အိုမင်းရင့်ရော်သော သူအိုကြီးတဦးကိုသူတွေ့မိသည်။ သူအိုကြီးသည်အသက်(၈၀)ကျော်ခန့်ရှိချေမည်။ အရွယ်လွန်မြောက်၊ ကျောက်ကုန်း ညွတ်ခွေ၊ ပါးရေတွန့်လိပ်၊ သွားမဲ့ပါးပိန် သေချိန်ရောက်လုနီးသော သူအိုကြီး၏ အိုမင်းမစွမ်းရှိသော အဖြစ်ကို သူမြင်သည်။

လောကီ စည်းစိမ်များကို မွတ်သိပ်တပ်မက်စွာ ခံစားနေရာမှ သူသည် လောကီစည်းစိမ်ကို အမြဲတစေ ခံစားစံစား နေနိုင်မည်မဟုတ်သည်ကို သူသတိပြုမိသည်။ သူသည်လည်း ဤသူအိုကြီးကဲ့သို့ တနေ့တွင် မုချအိုရမည်ဖြစ်သည်ကို သူတွေ့မြင်မိကာ တုန်လှုပ်ချောက်ချားသွားသည်။ ကြောက်ရွံ့စိုးရိမ်မိသည်။

သူအိုကြီး တွေ့ရှိသည်နှင့် မရှေးမနှောင်းတွင်ပင် သူနာနှင့် သူသေတို့ကိုလည်း သူတွေ့မြင်ရပြန်သည်။

လူမှန်သမျှ အိုခြင်းကိုမရှောင်မလွှဲနိုင်သကဲ့သို့၊ အနာရောဂါ ဖိစီးနှိပ်စက်ခြင်းနှင့် သေဆုံးခြင်းကိုလည်း ရှောင်လွှဲ၍ မရနိုင်ကောင်းသည်ဟူသော အချက်ကို သူမြင်လာသည်။

နဂိုရ်က ပညာခံရင့်သန်သော သိဒ္ဓတ္ထသည် လောကီ စည်းစိမ်တွင် ယစ်မူးရင်း လောက၏ ဆင်းရဲကို မြင်တွေ့လာသည်။ အိုခြင်း, နာခြင်း, သေခြင်း တည်းဟူသော တရားကြီးသုံးပါးကို သက်ရှိသတ္တဝါမှန်သမျှတို့ ရင်ဆိုင်ကြရသည်ကို သိလာသည်။ မလွှဲမရှောင်သာသော ထိုဘေးဆိုးကြီးတို့ကို ရင်ဆိုင်ကြရသည်။ လူ့ဘဝဟူသည်မှာ ဒုက္ခအတိပါလား ဟူသော အမှန်တရားကို မြင်တွေ့လာသည်။

လူ့ဘဝ၏ ဆင်းရဲဒုက္ခကို မြင်တွေ့လာရာမှ ထိုဆင်းရဲဒုက္ခ၏ လွတ်မြောက်ကြောင်းကို စဉ်းစားလေတော့သည်။

ခါတိုင်းတစေ အမြဲသာယာခဲ့သော ချစ်မယား ကိုလည်း မသာယာနိုင်တော့ပြီ။ အပျော်အပြေ ရံရွေယ်များကို မဆိုထားဘိ၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သည့် ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသည်ဟူသော ဇနီးဖြစ်သူ ယသော်ဓရာကိုပင် ငြီးငွေ့လာတော့သည်။

သိဒ္ဓတ္ထသည် တီးသံမှုတ်သံများ၊ အမွှေးရနံ့ အကြိုင်ရနံ့များ အချောအလှများ စုဝေးရာ သူ၏အဆောင်၌ မပျော်တော့ဘဲ နေ့စဉ်လိုလိုပင် မြို့ပြင်သို့ထွက်ကာ ဥယျာဉ် တောအုပ် လယ်၌ ထိုင်ကာ အတွေးနယ်ချဲ့၍သာ နေတော့သည်။ ထိုအချိန်၌ သူသည် အသက် (၂၉)နှစ်သာ ရှိသေးသည်။ သူသည် ဥယျာဉ်သို့

ထွက်ကာ တကိုယ်တည်း ထိုင်နေပြီး လောကကြီး၏ သဘာဝ ဖြစ်မြဲပျက်မြဲတရားတို့ကို စဉ်းစားခြင်းဖြင့်သာ အချိန်တို့ကိုကုန် ဆုံးစေသည်။

အလင်းရှိလျှင် အမှောင်ရှိသည်။အပူရှိလျှင် အအေးရှိသည်။ အကောင်းရှိလျှင် အဆိုးရှိရသည်။ လောကသည် ဆန့်ကျင်ဘက် တရားများတို့ဖြင့် တည်ရှိနေသည်ကို သူမြင်လာသည်။

လူ့ဘဝ၌လည်း ဆင်းရဲခြင်း ဒုက္ခတရားရှိသကဲ့သို့၊ ချမ်းသာ ခြင်း သုခတရားသည်လည်း ရှိရမည်မှာ မုချဖြစ်သည်။

လူ့ဘဝ၌ လူတို့သည် ရာဂမီး, ဒေါသမီး, မောဟမီးတို့ဖြင့် လောင်ကျွမ်းနေရာ၊ ထိုမီးကိုငြိမ်းအေးသော နိဗ္ဗာန်တရားသည် လည်း ရှိရမည်။

လူ့ဘဝ၏ ဆင်းရဲခြင်း ဒုက္ခတို့၏ အမွန်အစဖြစ်သော ပဋိ သန္ဓေနေခြင်း ဇာတိတရားရှိလျှင်၊ ထိုပဋိသန္ဓေနေမှု ဇာတိတရား ကင်းသော နိဗ္ဗာန်သည်လည်း ရှိရမည်။

သိဒ္ဓတ္ထသည် နေ့စဉ်နှင့်အမျှ အဖန်ဖန် အပြန်ပြန်အလှန်လှန် စဉ်းစားသည်။

ထိုအချိန် ထိုခေတ် ထိုအခါတွင် လူတို့သည် တစတစ ယဉ် ကျေး လာကြပြီ ဖြစ်ရာမှ အတွေးအခေါ် အမြော်အမြင်များ ထွန်းကားလာစ အချိန်အခါဖြစ်သည်။

သိဒ္ဓတ္ထမမွေးမီ နှစ်ပေါင်း ၅၀၀ -ခန့်က တရုပ်ပြည်မှ ကျေး ခေါ် မြော်မြင်တတ်သူ ပညာရှိတို့သည် သူတို့၏ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုတို့သည် မည်သည့်အရာများနည်း၊ မည်သည့်ဝတ္ထုဖြင့်

မည်သို့ဖြစ်ပျက်ပုံပြင်တည်ရှိသနည်းဟု စူးစမ်း ရှာဖွေ ကြရာမှ၊ လောကဟူသည်မှာ (၁)ရေ (၂)မီး (၃)သစ်သား (၄)ရွှေနှင့် (၅) မြေကြီးတို့ပေါင်းစပ်ထားသည့် အရာဝတ္ထုများသာရှိသည်ဟု ကောက်ချက်ချကြသည်။

နောက်ပိုင်း၌မူ လောကကြီး၏ ရုပ်ဝတ္ထုများသည် ယင်နှင့် ယန်ခေါ် ဆန့်ကျင်ဘက် ဓါတ်နှစ်ရပ်၏ပေါင်းစပ်မှုဖြင့် တည်ရှိသည်ဟု ၎င်းတို့ကကောက်ချက်ချပြန်သည်။ (ယင်-မှာ မှုံမှိုင်းသော မ,ဓါတ်ဖြစ်ပြီး၊ယန်-မှာတောက်ပသော ဖို,ဓါတ်ဖြစ်၏)

၎င်းနောက်ပိုင်းတွင် ခေါမတိုင်းမှ အီယိုနီယန်း ပညာရှင်တို့က လောကသည် ရေ-မြေ-လေ-မီး ဓာတ်ကြီး လေးပါးနှင့် ပေါင်းစပ် ထားသော အရာဖြစ်သည်ဟု ကောက်ချက် ချကြသည်။

သိဒ္ဓတ္ထသည် လူ့ဘဝ၏ဆင်းရဲကိုတွေ့မြင်ရာမှ လွတ်မြောက်ရေးကိုရှာရင်း လူ့လောကနှင့်တကွ သြကာသ လောကကြီးကိုပါ သုံးသပ်လေ့လာသည်။

ထိုခေတ်အဆက်တန်း ယောကျ်ားမှန်သမျှ တတ်မြောက်ကြသော အထက်တန်းအတတ် ၁၈ ရပ်ကိုသင်ကြားစဉ်က၊ ဝိသေသိကာအတတ်ကို သူသင်ကြားတတ်မြောက်ဘူးသည်။ ထိုပညာရပ်မှာ ကဏာဒရသေ့စီရင်ပြုစုသော ပညာရပ်ဖြစ်သည်။(ဝဲဓေမိကဟူသောအမည်မှာ ဆေရှိက ဟူသော သက်ရိုက်ဝေါဟာရကို ပါဠိဘာသာပြန်ထားသည့် အခေါ်အဝေါ်ဖြစ်သည်)

ထိုပညာရပ်၏သဘောမှာ အရာဝတ္ထုမှန်သမျှကို (၁) ဒြပ်သဘော (၂)ဂုဏ်သဘော (၃)ပြုလုပ်မှုသဘော (၄)အခြား

နှင့် ဆက်ဆံ သွယ်ယှက်မှုသဘော (၅) အသီးအခြား အသွင်သဘော (၆) အစပ်ယှက်နေသည့်သဘောနှင့် (၇)မရှိခြင်းဟူ၍ အခန်း ခုနစ်ခန်း ခွဲကာ လေ့လာရသည်။ နောက်ဆုံး၌ သက်ရှိလောက[1] တို့သည်၎င်း၊ အလုံးစုံသော လောက[2] တို့သည်၎င်း၊ အသီးသီး တို့သည် မမြဲသော, မရေမတွက် နိုင်လောက်အောင်များပြားသော, လူတို့၏ မျက်စေ့နှင့် မမြင်နိုင်လောက်အောင် အလွန်သေးမွှားသော အနုမြူဓာတ်မှုန့်တို့၏ ပေါင်းဆုံ စုဝေးမိခြင်းကြောင့် ဖြစ်လာရကြောင်းဟူ၍ အဖြေထွက်လေသည်။

သိဒ္ဓတ္ထသည် အထက်တန်းပညာရပ်များကို ဆည်းပူးစဉ်က ထိုပညာကိုတတ်ခဲ့ဘူးသဖြင့်၊ သူမြင်တွေ့ရသော ဆင်းရဲဒုက္ခကို၎င်း၊ လွတ်မြောက်ရာ တရားကို၎င်း၊ ထိုရုပ်ဝတ္ထု ဖွဲ့စည်းမှုသဘောတရားဖြင့် ဟပ်၍လေ့လာသည်။

သိဒ္ဓတ္ထသည် ဇနီး ယသော်ဓရာ၏ အခန်းဆောင်ဘက်ဆီသို့ ခြေဦးမလှည့်သည်မှာ ကြာပြီဖြစ်သည်။ အခြားအခြား အမျိုးသမီး အစေအပါးများကိုလည်း သူ၏အဆောင်တွင်းသို့မဝင်ရဟု တားမြစ်ထားသည်မှာ ကြာပြီဖြစ်သည်။သူ့အဖို့ နေ့စဉ်နှင့်အမျှ ဥယျာဉ်သို့ထွက်ကာ အတွေးနယ်ချဲ့ခြင်း၊ တတ်သိ နားလည်သော ပညာရှိများနှင့် ဆွေးနွေးခြင်းဖြင့်သာ အချိန် ကုန်လွန်စေခဲ့သည်။

တနေ့တွင် သိဒ္ဓတ္ထသည် ဥယျာဉ်တွင်း၌ ထိုင်ကာ အတွေး ခန်းဖွင့်နေစဉ်၊ ရှေ့သို့ အစေအပါးတဦး ရောက်လာသည်။

---

၁ သတ္တလောက

၂ သြကာသလောက

မျက်လွှာချကာထိုင်နေသော သိဒ္ဓတ္ထသည် သူ၏ရှေ့သို့ တစုံတဦးလာကာ ဝပ်စင်းပြီး အရိုအသေပြုသည်ကို သိလိုက်သဖြင့်၊ မျက်စေ့ဖွင့်ကာ ကြည့်လိုက်သောအခါ၊ လက်ပါးစေတဦးကို တွေ့ရသည်။

"သခင်ကိုလျှောက်ထားပါရစေ၊သခင်မ ယသော်ဓရာဒေဝီမှာ သားတော်တပါး ဖွားမြင်ပါတယ်။ မိခင်ရော ကလေးပါ ကျန်းမာကြပါတယ်။ သားတော်ကလေးဟာ သန်မာ ထွားကျိုင်းပြီး ချစ်စဖွယ် ကောင်းလှပါတယ်"

လက်ပါးစေသည် သတင်းကောင်းကို ဝမ်းသာသော အမူအရာ၊ ဝမ်းမြောက်သောအသံဖြင့် သူ့အားပြောပြသည်။

သိဒ္ဓတ္ထသည် ရုတ်တရက် မျက်နှာ ညှိုးနွမ်းသွားသည်။ သူ၏ စိတ်ထဲ၌မေ့လျော့နေသော ဇနီးရှိပါသေးသလားဟူသော အသိအပြင်၊ ဇနီးသာမက သူ၏ရင်မှဖြစ်သောသားပါ ဖွားလေပြီ ဟု သိလာသည်။

ဇနီးသည်တဦးထဲရှိစဉ်က ဇနီးသည်၏အဆောင်သို့ မဝင်ဘဲ စွန့်ပယ်ထားလိုက ထားနိုင်သည်။ယခုမူ သားပါ ထွန်းကားလာပြီဖြစ်သဖြင့်၊ သားနှင့် မယား၏တာဝန်ကို ယူရတော့မည်။ မယား၏အဆောင်ကို ရှေးကလို စွန့်ပယ်ထားရန် မသင့်တော့၊ ယောက်ျားပြီပြီ တာဝန်ယူရဦးမည်၊ သူသည် အချုပ်အနှောင် ခံရလေပြီဟူသည်ကို သိလိုက်သည်။

သူသည် သက်ပြင်းတချက် ချလိုက်သည်။

"အင်း ငါ့ကိုတော့ လငပုတ် ဖမ်းသလို အဖမ်းခံရပါပေါ့လား .."

သိဒ္ဓတ္ထက တချက်သာ ညည်းညူလိုက်သည်။

ထိုညည်းညူချက်ကိုပင် ယူ၍ သား၏အမည်ကို ရာဟုလာ (လငပုတ်) ဟု ပေးကြလေတော့သည်။

သိဒ္ဓတ္ထသည် ဥယျာဉ်မှ မလိုက်သေးဘဲ၊ ဆက်၍ထိုင်နေခဲ့သည်။ ဤအချိန်၌ သူသည် မယား၏ နှောင်ကြိုးအပြင် သား၏ နှောင်ကြိုးပါ ထပ်၍ တဲခြင်းကို ခံရသဖြင့် စိတ်နှလုံး ညှိုးနွမ်းသွားခဲ့သည်။

တနေ့လုံးပင် ဥယျာဉ်ထဲ၌ ထိုင်နေ ခဲ့သည်။ နေလုံး ကြီး ကွယ်ပျောက်လုဆဲဆဲ အချိန်ရောက်မှ သူ၏ရထားမှူးက ပြန်ချိန် တန်ပြီ ဖြစ်ပါသည်ဟု လျှောက်ထားသဖြင့် ဥယျာဉ်မှ ပြန်ခဲ့သည်။

ထိုညက လသာနေသည်။

သိဒ္ဓတ္ထသည် ရထားပေါ်မှ လမင်းကြီးကို ငေးမောရင်း လိုက်ပါလာသည်။ ရထားမှူးက လမင်းကို ငေးစိုက်နေသော သခင်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ မြင်း များ ကို အသော့မနှင်ဘဲ ကြိုးများကို လျှော့ပေးလိုက်သည်။

လသာသောညဉ့် ဖြောင့်သော လမ်းမကြီးပေါ်၌ ဖြေးညှင်းစွာ မောင်းနှင်လာသော မြင်းရထားပေါ်မှ သိဒ္ဓတ္ထ၏ ရုပ်သွင်မှာ ရှုချင်စဖွယ် တင့်တယ်လှတော့သည်။

၃၁၈၉

လမ်းပေါ်ရှိ တခုသောအိမ်မြင့်ပေါ်၏ ပြူတင်းမှ ကြည့်ရှုနေသော အမျိုးသမီးကလေးတဦးသည် ရှုခင်း၏ သာယာမှုကို ယစ်မူးသွားသည်။

သူမသည် သိဒ္ဓတ္ထကို ကောင်းစွာ သိသည်။ စောစောက သိဒ္ဓတ္ထ၏ ဇနီး၌ သားဖွားကြောင်း သတင်းကိုလည်း သိပြီးဖြစ်သည်။ သူမသည် သိဒ္ဓတ္ထ အပေါ် သာယာလာသည်၊ ကြည်ညိုလာသည်၊ ချစ်ခင်လာသည်၊ အားကျလာသည်။

ကိသာဂေါတမီ အမည်ရ ဂေါတမ မျိုးနွယ်ဝင် သူမသည် ကဗျာတေး စပ်ခြင်း ကိုလည်း ကျွမ်းကျင်သည်၊ အသံလည်း ကောင်းသည်။ တင့်တယ်ချောမောသော သိဒ္ဓတ္ထ၏ ရုပ်သွင်ကို မြင်ရသောအခါ၌ တမုဟုတ်ခြင်း ကဗျာတပုဒ်ကို သီကုံးကာ ရွတ်ဆိုလိုက်သည်။

"အော် ·တင့်တယ် လိုက်ပါဘိတယ်"
"ဤသားမျိုးကိုရသော မိခင်သည် ဝမ်းမြောက်လှပေအံ့"
"ဤသားမျိုးကိုရသော ဖခင်သည် ဝမ်းမြောက်လှပေအံ့"
"ဤလင်မျိုးကို ရသော ဇနီးသည် ဝမ်းမြောက်လှပေအံ့"
"သူတို့သည် ပျော်ကြပေအံ့၊ ငြိမ်းချမ်းလှပေအံ့"

ကိသာဂေါတမီ၏ တေးကဗျာမှာ မရှည်လှပေ။ စိတ်ဘဲမှ ချီးကျူးအားကျချက်ကို ကာငြဖြင့်ထွက်လာသည့် ရင်မှဖွင့်ထွက်လာသော ရင်မှဖြစ်သော တေးတပုဒ်သာ ဖြစ်သည်။ ကိသာဂေါတမီသည် သိဒ္ဓတ္ထ၏ ကြက်သရေကို မြင်တွေ့ရာမှ ကြည်နူးခြင်း, တပ်မက်ခြင်း, အားကျခြင်းတို့ဖြင့် ထိုဂီတကို ရင့်ကျူး

လိုက်သော အခါတွင်၊ သိဒ္ဓတ္ထသည် အစမှ အဆုံးအထိ ကြား လိုက်သည်။ မိမိအား ရည်ရွယ်ကာ သီဆိုသည်ဟု သိလိုက်သည်။

သိဒ္ဓတ္ထသည် ပြုံးလိုက်သည်။ ရထားကို အရပ်ခိုင်း လိုက် သည်။

ရထား ရပ်တန့် သွားသောအခါ ရထား နောက်ခန်း၌ ပါ သော အစေအပါးတဦးကို ခေါ်ကာ လည်၌ဆွဲလာသော ပုလဲ ပုတီးကို ဖြုတ်၍ ကိသာဂေါတမီထံ ပို့စေသည်။

ကိသာ ဂေါတမီသည် ပြုံးကာ ရထား ရပ်သွား သည်ကို တွေ့ရပြီး သိဒ္ဓတ္ထထံမှ စေလွှတ်သူက ပုလဲပုတီးကို ပေးအပ် သောအခါ တုန်လှုပ်သွားရှာပြီး ပီတိသွမ်းသွားတော့သည်၊

သူမသည် ပိန်လှီသေးကွေးသော မိန်းမပျိုဖြစ်သည်။ ရုပ်ရည် အားဖြင့် ချောမောလှပသူဟုမဆိုနိုင်။ သို့သော် သားတဦး မွေး ပြီးသော ယသော်ဓရာဒေဝီနှင့်စာပါက နုပျိုသည်။ သိဒ္ဓတ္ထသည် ကလေးအမေ ယသော်ဒေဝီအား ငြီးငွေ့ကာ မိမိအပေါ် စွဲမက် နေလေပြီ၊ "ငါသည် သိဒ္ဓတ္ထ၏ မယားအရာ ရပေတော့အံ့" ဟူသော အတွေးပီတိဖြင့် ကိသာ ဂေါတမီသည် အပျော်ကြီး ပျော်သွားရှာတော့သည်။

သိဒ္ဓတ္ထ ကောက်ယူသော အဓိပ္ပါယ်ကား ဤသို့ မဟုတ်၊ ကိသာဂေါတမီက သူ၏ရုပ်သွင်ကို ချီးကျူးဖွဲ့ဆိုမှသာ သူ၏ရုပ် သွင်ကို ပို၍ငြီးငွေ့ သွားတော့သည်။

သူ၏ ကိုယ်ခန္ဓာ ကြီးသည် အမြင် အားဖြင့် တင့်တယ် သယောင်ရှိသော်လည်း တင့်တ[illegible]သည်မဟုတ်၊ အသေ့းအသား

အရိုးတို့နှင့် နှောင်ဖွဲ့ထားအပ်သော ရုပ်ကြီးသာဖြစ်သည်။ထိုရုပ်ကောင်ကြီးကို မြင်၍ တင့်တယ်မှုမရှိ။

ရုပ်ကောင်ကြီးဖြစ်ရာ အမိအဖသည်၎င်း၊ သားမယား တို့သည်၎င်း၊ ရာဂ ·မောဟ ·ဒေါသမီးတို့ဖြင့် ဖွဲ့စည်းကြလေသဖြင့် ဤရုပ်ကို မြင်ရခြင်းကြောင့် ဝမ်းမြောက်ဘွယ်မရှိ၊ ထိုမီးများ တောက်လောင်မှုကြောင့် ငြိမ်းချမ်းမှုမရှိ။

ဂေါတမီ၏ကဗျာ၌ ဖွဲ့ဆိုသော တကဲ့ဝမ်းမြောက်မှုနှင့် ငြိမ်းချမ်းရေးရရန်မှာ တောထွက်မှသာ ဖြစ်နိုင်သည်။

သိဒ္ဓတ္ထသည် ဂေါတမီ၏ကဗျာကိုကြားရရာမှ မီးအမျိုးမျိုးတို့ ငြိမ်းရေန် ယနေ့ပင် တောထွက်၍ တရားရှာတော့အံ့ဟု ဆုံးဖြတ်လိုက်သည်။ထို့ကြောင့် ကိသာဂေါတမီအား သူ၏အလင်းရောင်ကို ရစေသောတေးအတွက်၊ ဥာဏ်ပူဇော်သည့် သဘောဖြင့် ပုလဲသွယ်ကို ပေးခဲ့သည်။

ထိုခေတ်က အိန္ဒိယပြည်တွင် ပညာတတ်ယောကျာ်းတို့သည် လောကီစည်းစိမ်၏ အပြစ်များကို ရှုမြင်ကာ တောသို့ ထွက်၍ တရားရှာကြသော အလေ့အကျင့် ရှိကြသည်။ တောတွင်းသို့ တကိုယ်တည်းဖြစ်စေ၊ အဖွဲ့များနှင့်ဖြစ်စေ ထွက်ပြီး မိမိတို့နည်းနှင့်မိမိတို့ တရားရှာကြလေ့ရှိ၏။

သိဒ္ဓတ္ထမှာ ယနေ့အဖို့ မယားအပြင် သား၏ ဆွဲဆောင်မှု နှောင်ကြိုးတမိလေပြီဖြစ်သည်။ ထိုနှောင်ကြိုးကို ယနေ့မဖြတ်ပါက တဖြည်းဖြည်းတင်းကျပ် ခိုင်မာလာနိုင်သည်။ နှောင်တွင် ဖြတ်တောက်၍ မရနိုင်အောင် ခိုင်မာကြီးထွား လာနိုင်သည်။

ထို့ကြောင့် ယနေ့ပင် သားနှင့် မယားကို စွန့်ခွါကာ တောသို့ ထွက်၍ တရားရှာတော့မည်ဟု ခိုင်မာစွာဆုံးဖြတ်လိုက်သည်။

ငါသည် ဘုရားလောင်းမျှသာဖြစ်နေစဉ်က "လူ့ဘောင်၌နေရခြင်းသည် ကျဉ်းမြောင်း၏။ ကိလေသာမှုလရာ လမ်းကြောင်းဖြစ်၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ လူ့ဘောင်၌ရှိနေသူသည် စင်စစ်ပြည့်စုံစွာ,စင်စစ်စင်ကြယ်စွာ, ခရုသင်းပွတ်သစ်နှင့်တူစွာ ဤမြတ်သော အကျင့်ကို ကျင့်ခြင်းငှါမလွယ်။ ငါသည် ဆံမုတ်ဆိတ် တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရမူ ကောင်းလေစွ" ဟု ဤသို့ အကြံအစည်သည်ဖြစ်ခဲ့၏။ (မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုဝဂ် သင်္ဂါရဝသုတ်)

သိဒ္ဓတ္ထသည် ရထား ဆွဲဆောင်ရာသို့ လိုက်ပါသွားသည်။ နန်းသို့ရောက်သောအခါ သူ၏အဆောင်တွင်းသို့ဝင်သွားသည်။ ယသော်ဓရာ ထံသို့ သွားရန် ပထမစဉ်းစားမိသေး သော်လည်း မဝင်တော့ဘဲ သူ၏အဆောင်တွင်းသို့ပင် ဝင်ခဲ့သည်။

အဆောင်တွင်းမှ သလွန်တခုပေါ်တွင် ထိုင်ကာ တွေးပြန်သည်။ သူ၏ဆုံးဖြတ်ချက် မှန်မှမှန်ပါမည်လောဟု တွေးတောနေသည်မဟုတ်။ လူ့လောကကို စွန့်ခွါရန် ဆုံးဖြတ်ချက်သည် ယတိပြတ် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ မည်သည့်တောသို့ မည်သို့ သွားမည် ဟူသော အစီအစဉ်ကို စဉ်းစားခြင်းဖြစ်သည်။ ဖခင်နှင့်ငှင်း၊ မိထွေးနှင့်ငှင်း၊ သားနှင့်မယားနှင့်ငှင်း လေးဂုအခရေး

ကြီးသည်။ နေ့စဉ်သွားနေကျ ဥယျာဉ်မှာ မြို့နှင့်နီးလွန်းသည်။ အခြား လူသူများနှင့်လည်း နီးကပ်သည်။ လူတို့နှင့် ဝေးရာသို့ သွားမှဖြစ်မည်။

ညဉ့်သန်းခေါင်တွင် သိဒ္ဓတ္ထသည် ဇနီးဖြစ်သူ၏ အဆောင်ဆီသို့ နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ရန် ဝင်ခဲ့သည်။

အဆောင်၏အလယ်တွင် ပိုးဖဲကတ္တီပါတို့ဖြင့် ပြီးသော သလွန်ပေါ်တွင် ယသော်ဓရာ နှင့် သား-ရာဟုလာ တို့သည် အိပ်ပျော်နေကြသည်။

တသားမွေး တသွေးလှသော ယသော်ဓရာ၏ ဝင်းဝါသော အသားသည်၎င်း၊ ရုပ်ရည်သည်၎င်း သိဒ္ဓတ္ထ အဖို့ တပ်မက်မှု မရှိတော့ပြီ။

နီတွေးထွားကြိုင်းသော သားငယ်ကလေးအပေါ် ဖခင်တို့ မေတ္တာကြိုးသည် ထောင်းကနဲ တင်းလာ သေးသည်။ သိဒ္ဓတ္ထသည် တဖက်သို့ မျက်နှာ လှည့်လိုက်ရသည်။ သူ၏မျက်စိရှေ့၌ အိပ်စက်နေသော အခြံအရံ မောင်းမငယ် အမျိုးသမီးများကို မြင်ရသည်။

တခါက ရှုချင့်စဘွယ်၊ချစ်ချင့်စဘွယ် တင့်တယ်လှပခဲ့သော အမျိုးသမီးကလေးများ၏ အရုပ်ဆိုးဆုံး အချိန်ဖြစ်သော အိပ်စက်ချိန်နှင့်ဆုံတော့သည်။ ငှက်ပျောတုံး လက်ပန်တုံးတို့ ကဲ့သို့ မလှုပ်မရှက် ပိုးလို့ပက်လက်နေကြပုံများ၊ သွားပုပ်ရည် စသော ရွံရှာဘွယ်ယိုစီးပုံများ စသည်တို့ကို တွေ့ရသည်။သူတခါကယ်စ်မူးခဲ့သော၊ တပ်မက်ခဲ့သော အရာများသည် စက်ဆုတ် ရွံရှာဘွယ်အတိ ပါကလားဟု မြင်လာသည်။

ရှုခင်း ဆိုးကြောင့် သား၏ သံယောဇဉ် ကြိုးကလေးသည် ရော့တိရော့ရဲနှင့် ပြတ်ကျိုးသွားသည်။

သူသည် ချက်ခြင်းပင် အဆောင်ထဲမှ ပြန်ထွက် လာခဲ့သည်။

အို့ဝဲ....အို့ဝဲ....အို့ဝဲ....

သားငယ်က ငိုလိုက်သဖြင့် အဆောင်တွင်းသို့ ပြန်ဝင်လိုက် မိပြန်သည်။

ယသော်ဓရာ နိုးသွားလေပြီ။ ယသော်သည် သားငယ်ကို ပွေ့ချီလိုက်ရာမှ အဆောင်ဝ၌ သူ၏ မောင်တော်ကို မြင်တွေ့ လိုက်သည်။

မောင့်မျက်နှာကို မမြင်ရသည်မှာကြာပြီမို့ ရုတ်တရက်မြင် လိုက်ရသဖြင့် ဝမ်းသာသွားရှာသည်။ သားကလေးကို ပွေ့ကာ မောင့်အား ထိုး၍ပြသည်။

သိဒ္ဓတ္ထသည် တုန်လှုပ်သွားပြန်သည်။

မပြောလျှင် မပြီးတော့ပြီ၊ သွေးနုနု သားနုနု ကလေးမို့ ပြောလိုက်လျှင် ထိခိုက်သွားလေမည်လောဟုလည်း စိုးရိမ်စိတ် ကလေး ဝင်လာသည်။ ဆယ်ကျော်သက်က ပေါင်းဖက် လာ သော ချစ်မယား၏ စိတ်ဓါတ်ကိုလည်း အကြွင်းမဲ့ သိနေသည်။ ယသော်ဓရာသည် စိတ်ဓါတ် ကြံ့ခိုင်သည်။ ရှေးယခင်က လူ့ လောက၏ တရားသဘော၊ အိုခြင်း, နာခြင်း, သေခြင်း တို့ သဘောတရား များကိုလည်း ဆွေးနွေးဘူးသဖြင့် အသိဉာဏ် ရင့်ကျက်သူဖြစ်သည်။ သို့ကြောင့် ယသော်သည် သူ့အား စွန့် ခွါတော့မည်ဟုပြောလျှင် များစွာ တုန်လှုပ်လေမည် မဟုတ်ဟု ယူဆတွေးတောမိသည်။

သူက သလွန်၏ခေါင်းရင်းမှထိုင်ကာ ယသော်အား သူ၏ အကြံ၊ သူ၏ဆုံးဖြတ်ချက်ကို ပြောပြသည်။ ဆုံးဖြတ်ချက် ချရ သည့်အကြောင်းကိုလည်း အသေးစိတ်ရှင်းပြသည်။

သူယူဆသည့်အတိုင်းပင် ယသော်သည် စိတ်ကို ထိန်းနိုင် သည်။ သူပြောပြစဉ်က တချက်သာ ရှိုက်လိုက်သည်။ နောက် အံကြိတ်၍ နားထောင်သည်။

ယသော်သည် သူ၏မျက်နှာ အမူအရာကို သူမ၏ ချစ်လင် မရိပ်မိမှီပင် ပြင်လိုက်နိုင်သည်။ ပကတိတည်ငြိမ်အေးချမ်းသော မျက်နှာအမူအရာကို ပြလိုက်သည်။ သူမအတွက် စိုးရိမ်မှောင့်၍ ကြောင့်ကြရန်မလိုပါ၊ သူမကို ငဲ့ညှာရန် မလိုပါ၊ သူမအပေါ် သံယောဇဉ်ကြိုးရှိရန်မလိုပါ၊ မိမိ၏ကြမ္မာကို မိမိဖန်တီးနိုင်ပါ သည်၊ သားအတွက်လည်း စိတ်ထင့်ရန်မလိုပါ-ဟူသော ကြံ့ခိုင် သော အဖြေများ ပေါ်လွင်စေမည့် မျက်လုံးနှင့် တည်ငြိမ်စွာ ဖြင့် သူမချစ်လင်ကို ကြည့်လိုက်သည်။

"မောင့်... ဆုံးဖြတ်ချက်ကို နာခံပါမည်"

ယသော်က စကားအားဖြင့် တခွန်းသာ ပြောသည်။

"ပြောမှပြောရက်ပလေ မောင်မောင်ရယ် ..."

ကျယ်လောင်သော အသံတခု ထွက်လာသည်၊ ယသော်၏ အသံမဟုတ်။

မြေးငယ်၏ ငိုသံကြားသဖြင့် အဆောင်တွင်း ဝင်လာသော မိထွေးတော် ဂေါတမီသည် သားဖြစ်သူ သိဒ္ဓတ္ထက သူ၏ ဇနီး

အား ပြောနေသည့် စကားတို့ကို လုံးစေ့ပတ်စေ့ ကြားရရာမှ အသံကျယ်လောင်စွာ ပြောလိုက်သည်။

မိထွေးတော် ဂေါတမီသည် ရင်မှဖြစ်သော သားမဟုတ်စေကာမူ မွေးကင်းစက ထိန်းသိမ်းလာသော သားအတွက်၊သောကမီး တောက်တော့သည်၊ငိုယိုတော့သည်။

သိဒ္ဓတ္ထကမူ အဖြေမပေးဘဲ ငူငူကြီး ထိုင်နေသည်။

ဂေါတမီက သိဒ္ဓတ္ထအား သူ၏ ခင်ပွန်းရှိရာ သုဒ္ဓေါဒနအဆောင်သို့ ခေါ်ဆောင် သွားသည်။ ဖခင်အား အကျိုးအကြောင်း ရှင်းပြရာ၊ ဖခင်ကလည်း ရင်ကို တီးကာ တားသည်။ ငိုကြွေး၍တားသည်၊ အမျိုးမျိုးအဖုံဖုံတားသည်။

သိဒ္ဓတ္ထသည် သူ၏ ဆုံးဖြတ်ချက်ကို မပြင်ဘဲ ငိုကြွေး နေသော မိဘနှစ်ပါးကို ကျောပေးခဲ့သည်။ ဇနီးသည်အား ထပ်မံနှုတ်ဆက်ပြီး တောသို့ ထွက်ခဲ့တော့သည်။

ပျိုမျစ်သည်သာဖြစ်၍ ကောင်းစွာ နက်သော ဆံပင်ရှိသော ကောင်းသောအရွယ်ဖြစ်သော ပဌမအရွယ်နှင့် ပြည့်စုံသော ထိုငါသည်၊ အမိအဖများ မလိုလားသဖြင့် မျက်ရည်စက်လက် ငိုကြွေးကုန်စဉ်၊ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ (မဇ္ဈိမပဏ္ဏာသ ရာဇဝဂ် ဗောဓိရာဇ ကုမာရသုတ်)

သိဒ္ဓတ္ထသည် နက်မှောင်သောရောင်ကို ဖြတ်ပယ် လိုက်သည်။ တောက်ပြောင်လှပသော ဝတ်စုံကိုပယ်ကာ ထိုခေတ်က တော

ထွက်သူတို့ ဝတ်လေ့ရှိသော သစ်ခေါက်ဆိုး ဝတ်ရုံကို ရုံကာ တောသို့ထွက်ခဲ့သည်။

ရဟန်းကြီး ဂေါတမသည် သူ၏ထွက်ရပ်ပေါက် လမ်းစဉ်အတွက် ညွှန်ကြားပြသပေးမည့်သူ လမ်းစတွေ့ပြီးသူကို လိုက်လံရှာဖွေသည်။ ပဌမဆုံး တခုသော တောအုပ်၌၊ တပည့် အပေါင်းနှင့် တရားကျောင်းဖွင့်နေသူ၊ကာလာမအနွယ် အာဠာရရသေ့ထံသို့ ချဉ်းကပ်သည်။

“ငါ့သျှင် ကာလာမ-ငါသည် မြတ်သော အကျင့်ကို ကျင့်လို၏”ဟု ဂေါတမက ဆိုသည်။

ထိုအခါ အာဠာရ ရသေ့က “အသျှင်-ငါ၏ ကျောင်း၌ နေလော့၊ ငါတွေ့သောဤတရားသည် ထူးသောဉာဏ်ရှိသော ပညာရှိသော ယောကျ်ားအား ပြသပေးခြင်းဖြင့် ပေါက်ရောက်နိုင်၏”ဟုဆိုကာ လက်ခံလေသည်။

ဂေါတမသည် အာဠာရ ရသေ့၏ညွှန်ကြားချက်ဖြင့် ရသေ့၏ အမြိုက်တရားကို လေ့လာသည်၊ ကျင့်သုံးသည်။ ယုံကြည်မှုရှိခြင်း၊ လုံ့လဝီရိယရှိခြင်း၊သတိရှိခြင်း၊ သမာဓိ ရှိခြင်းတို့ဖြင့် အရင်းပြုကာ တရားကိုရှာခဲ့ရာ၊ တစုံတခု အတိုင်းအထွာသော ပညာကိုရခဲ့သည်။

မျှားမကြာမီပင် ဂေါတမသည် အာဠာရ ရသေ့ သင်ကြားပြသသည့်ပညာ မှန်သမျှကို တတ်မြောက် တော့သည်။ ပညာကုန်ရတော့သည်။ ရသေ့တွေ့ပြီးသော အမြိုက်တရား ကိုလည်း သူသိသော အဆုံးစွန်အထိ သိခဲ့သည်။

“ငါ့သျှင်-သင်အား ငါတို့ကျောင်း၌ ရသည်မှာ အရတော်လေစွ၊ ငါပြောသောတရားတို့ကို သင်သည် အထူးထူးသော ဉာဏ်တို့ဖြင့် ပြည့်စုံစွာ တတ်မြောက်သည်။ ယခု ငါသိ သမျှ တရားတို့ကို သင်သိပြီဖြစ်သဖြင့်၊ သင်နှင့်ငါတို့သည် ငါတို့၏ ဂိုဏ်းကို နှစ်ဦး ပေါင်းစပ်၍ ဦးဆောင်အံ့”ဟု ရသေ့က ဖိတ်ခေါ်သောအခါ၊ ဂေါတမသည် သူရရှိသောပညာနှင့် ပေါက်ရောက်သောတရားကို ဆင်ခြင်သည်။

ဤတရားသည် အဆင့်မြင့်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုသော တရားမဟုတ်ဟုဆင်ခြင်မိသည်။လောကီ စိတ်၏တန်ခိုးများကိုသာရနိုင်သည်၊ထိုထက်ပို၍ မရနိုင်သည်ကို သိလာသည်။

ဂေါတမသည် အာဠာရ ရသေ့၏ ကျောင်း သခမ်းမှ ဖဲခွါခဲ့သည်။

လောက၏ ဒုက္ခမီးအပေါင်းတို့ ငြိမ်းအေးရာနိဗ္ဗာန်ကိုရှာသူ နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာသူ ဂေါတမသည် ရာမ၏ သား ဥဒကရသေ့ကို တွေ့ပြန်သည်။

ဥဒက ရသေ့၏အထံ၌ ရသေ့၏ ပညာကို ဆည်းပူးသည်။ ရသည့်ပညာဖြင့် တရားကျင့်သည်၊ ထူးချွန် ထက်မြက်သော ဂေါတမသည် မကြာမြင့်မီပင် ဥဒက၏ ပညာကုန် တရားကုန်ကို တတ်မြောက်သိမြင်ပြန်သည်။ အလားတူပင် ဥဒက ရသေ့က လည်း ဂေါတမအား သူနှင့်အတူ သူ၏တရားဂိုဏ်းအဖွဲ့၌ ခွဲဝေ၍ ခေါင်းဆောင်ပါဟု ဆို၏။

ဥဒကရသေ့ ပြသောတရားသည် အထက်စျာန်သို့ ရောက်သည်။ စိတ်တည်မှု ရစ်မျိုးကိုရသည်။ သို့သော် နိဗ္ဗာန်မရောက်နိုင်သည်ကို ဂေါတမ ဆင်ခြင်မိပြန်သည်။

ဂေါတမသည် ဥဒက ရသေ့အား ကျောခိုင်းခဲ့ ပြန်လေသည်။

ဤအကြိမ်၌ ဂေါတမသည် အာဠာရ ရသေ့ သင်ပြသောနည်း၊ ဥဒကရသေ့ သင်ပြသောပညာတို့ကို အခြေပြုကာ မိမိဘာသာ နည်းလမ်းရှာရန် ကြံဆတော့သည်။

ဥဒကရသေ့ထံမှ ထွက်ခဲ့ပြီးနောက်၊ မာဂဓတိုင်းသို့ လှည့်လည်ခဲ့ရာမှ ဥရုဝေလတော၏ သေနအမည်ရှိ နိဂုံးသို့ ရောက်ခဲ့သည်။ ထိုတောနိဂုံးသည် မြေညီသည်၊ တောအုပ်သာယာသည်၊ ကြည်လင်သော ရေဖြင့်ပြီးသည့် မြစ်တခုလည်း ဖြတ်သန်း စီးဆင်းနေသည်။ ဆွမ်းကွမ်းအတွက်လည်း ဆွမ်းခံရန် မနီးမဝေး၌ လူနေရပ်ရွာရှိသည်ဖြစ်ရာ၊ ထိုဒေသ၌စတည်းချပြီး တရားအားထုတ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်၌ ဂေါတမသည် တဦးတည်းမဟုတ်၊ ငါးဦးသော တပည့်ရဟန်းတို့က သူ့အားကြည်ညိုကာ လုပ်ကျွေးပြုစုစောင့်ရှောက်နေကြသည်။

ထိုတောအုပ်၌ စခန်းချစဉ်တွင် ဂေါတမသည် သာမန်ယောကျ်ားတို့၊ သာမန် လူသားတို့ စိတ်ကူးရန်ပင် ခက်ခဲလှသော များစွာပင်ပန်းခက်ခဲလှသည့် တရားကျင့်မှုကို ပြုခဲ့သည်။

ဤလောက၌ ဂေါတမကဲ့သို့ မှန်ကန်သော တရားကို အခြေပြုကာ ပင်ပန်း ဆင်းရဲစွာ တရား အားထုတ် နိုင်သူဟူ၍ နှစ်ယောက် မရှိနိုင်ပေ။ သူတဦးတည်းသာ ထိုရွေ့ထိုမျှ အပင်ပန်းခံနိုင်သည်၊ ကျင့်ဆောင်နိုင်သည်၊ ဆင်းရဲမှုကို ခံနိုင်သည်၊ ဝီရိယ

ကိုမွေးနိုင်သည်၊ သတိကို မကင်းမကွာ ထားနိုင်သည်၊ ဇွဲရှိနိုင်သည်။ သာမန်လူတို့သည် ဂေါတမကျင့်ဆောင်မှု၏ အပုံ တထောင် တသောင်း တသိန်းပုံ တပုံမျှပင် ကျင့်ဆောင် နိုင်ကြမည်မဟုတ်ပေ။

ဂေါတမသည် သူ၏ကျင့်စဉ်ကို သုံးသပ်သော ဥပမာတို့ အပေါ် တွေးခေါ် မြော်မြင်ပြီး ချမှတ်သည်။

(၁) ရေ၌ ချနှစ် ထားသော အစေး ရှိသော ထင်းစိုကို မီးတောက်အောင် မီးမွေး၍ မရနိုင်သော ဥပမာကဲ့သို့ တရားကျင့်သူယောဂီတို့သည် မိမိတို့ ကိုယ်စိတ်တွင်းမှ လိုချင် တပ်မက်မှုများ ရှိလည်းရှိသည်၊ ပယ်လည်း မပယ်ရသေးဘဲရှိနေပါက၊ မည်မျှပင် ပင်ပန်းဆင်းရဲသော တရား အကျင့်ကို ကျင့်စေ ကာမူ တရား မပေါက်နိုင်။

(၂) ရေနှင့်ဝေးစေကာမူ အစေးရှိသော ထင်းစိုသည် မီးတောက်ရန် မီးမွေး၍ မရနိုင်သကဲ့သို့၊ လိုချင် တပ်မက်မှုများ မိမိတို့ကိုယ်စိတ်၌ မရှိစေကာမူ လုံးဝမပယ်ရသေးလျှင်၊ မည်မျှ ပင်ပန်းဆင်းရဲစွာဖြင့် တရားကို ရှာစေကာမူ မရနိုင်။

(၃) ရေမှဝေးပြီး အစေးမရှိ ခြောက်သွေ့သော ထင်းသာ မီးတောက်စေနိုင် သကဲ့သို့၊ ကိုယ်နှင့် စိတ်မှ လိုချင် တပ်မက်မှုမရှိခြင်း၊ လိုချင် တပ်မက်မှုကို လုံးဝပယ်ခြင်း စသည်တို့ ပြုမှသာ တရားကို ရနိုင်မည်။

ဂေါတမသည် ဤဥပမာသုံးရပ်ကို တွေးမြင်ကာ ပင်ပန်းကြီးစွာ တရားကျင့်တော့သည်။

လိုချင်တပ်မက်မှု ကင်းပစေရန် ကိုယ်ခန္ဓာကြီးကို ညှဉ်းဆဲသော နည်းကို အသုံးပြုကာ ကျင့်ဆောင်သည်။

မင်းသား-ငါသည် သွားတို့ဖြင့် သွားကိုကြိတ်၍ လျှာဖြင့် အာခေါက်ကိုထိလျက် စိတ်ဖြင့် စိတ်ကိုဖိနှိပ်ရမှု ပင်ပန်းစေရမှု ကောင်းပေမည်ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထို ငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာခေါက်ကိုထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်၏။ဖျစ်ညှစ်၏။ ပင်ပန်းစေ၏။ မင်းသား ထိုငါသည် ပင်ပန်းစေသော် လက်ကတီးကြားတို့မှ ချွေးတို့သည် ယိုထွက်ကုန်၏။ မင်းသား-အားရှိသော ယောကျ်ားသည် အားနည်းသော ယောကျ်ားကို ဦးခေါင်း၌ကိုင်၍ဖြစ်စေ၊ ပခုံး၌ကိုင်၍ဖြစ်စေ၊ ဖိနှိပ်ရာ ဖျစ်ညှစ်ပင်ပန်းစေရာ သကဲ့သို့ပင်ရှိသည်။ မင်းသား-(ငါသည်)မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်း ကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏။ မငြိမ်းအေးခဲ့ပေ။ မင်းသား-ထိုငါ့အား "ငါသည် ထွက်သက်,ဝင်သက် မရှိအောင် ရှုဆင်ခြင်မှုကို သာလျှင် ရှုဆင်ခြင်ရမှု ဈာန်ကိုဝင်စားရမှု ကောင်းပေမည်" ဟု ဤအကြံသည်ဖြစ်၏။ မင်းသား-ထိုငါသည် ခံတွင်းမှ၎င်း၊ နှာခေါင်းမှ၎င်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်

ပင်ထား၏။ မင်းသား-ထိုင်ါသည် ခံတွင်းမှုရင်း၊ နှာခေါင်းမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင် ထားသော်လည်း၊ နားတွင်း တို့မှ ထွက်လာသော လေတို့၏ အသံသည် လွန်ကဲ ပြင်းထန်စွာ ဖြစ်၏။ မင်းသား -ပန်းပဲ သမားတို့၏ ဖါးဖိုကို ဆွဲမှုတ်သော် လွန်ကဲခြင်း ပြင်းထန်သော အသံသည် ဖြစ်သကဲ့သို့၊ ဤအတူ ပင်လျှင် ဖြစ်၏။ မင်းသား-ထိုင်ါသည် ခံတွင်းမှုရင်း၊နှာခေါင်းမှုရင်း၊နားမှုရင်း၊ ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင် ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဦးထိပ်၌ တိုးဝှေ့ကုန်၏။ မင်းသား-အားရှိသော ယောကျာ်းသည် ထက်ချွန်သော ချွန်းဖြင့် ဦးထိပ်၌ကြိတ်နှိပ်ရာ သကဲ့သို့၊ ဤအတူ ပင်လျှင် ခံတွင်းမှုရင်း၊နှာခေါင်းမှုရင်း၊ထွက်သက် ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲ ပြင်းထန်သော လေတို့သည် ငါ၏ဦးထိပ်၌ တိုးဝှေ့ကုန်၏။ မင်းသား -ထိုင်ါသည် ခံတွင်းမှုရင်း၊ နှာခေါင်းမှုရင်း၊ နားမှုရင်း၊ထွက်သက် ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင် ထားသော် လွန်ကဲ ပြင်းထန်သော ဦးခေါင်း ကိုက်ခဲ ခြင်းတို့သည် ဖြစ်ကုန်၏။ မင်းသား-အားရှိသော ယောကျာ်းသည် ခိုင်ခံ့သော သားရေ လွန်ပိုင်းဖြင့် ဦးခေါင်းကို ရစ်ပတ် ထားရာ သကဲ့သို့၊ ဤအတူပင်လျှင် ခံတွင်းမှုရင်း၊နှာခေါင်းမှုရင်း၊နားမှုရင်း၊ ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင် ထားသော် လွန်ကဲပြင်းထန်သော ငါ၏ ဦးခေါင်း ကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ မင်းသား -ထိုင်ါသည် ခံတွင်းမှုရင်း၊နှာခေါင်းမှုရင်း၊နားမှုရင်း၊ ထွက်သက်ဝင်သက်တို့ကို ချုပ်တည်း ပိတ်

ပင် ထား၏။မင်းသား-ထိုငါသည် ခံတွင်းမှုရင်း၊နှာခေါင်း မှုရင်း၊ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင် ထား သော် လွန်ကဲပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးဆွ ရစ်မွှေကုန်၏။ မင်းသား-ကျွမ်းကျင်သော နွားသတ်သမား သည်ရင်း၊ နွားသတ် သမား၏ တပည့်သည် ရင်း၊ ထက် သော သားလှီးဓါးငယ်ဖြင့် ဝမ်းကိုထိုးဆွ ရစ်မွှေရာသကဲ့သို့၊ ဤအတူပင်လျှင် ခံတွင်းမှုရင်း၊ နှာခေါင်းမှုရင်း၊ နားမှုရင်း ထွက်သက် ဝင်သက်တို့တို့ ချုပ်တည်း ပိတ်ပင် ထားသော်၊ လွန်ကဲ ပြင်းထန်သော လေတို့သည် ငါ၏ဝမ်းကို ထိုးဆွ ရစ်မွှေကုန်၏။

မင်းသား-ထိုငါ့အား "ငါသည် ထွက်သက် ဝင်သက် မရှိအောင် ရှုဆင်ခြင်မှု ဈာန်ကို သာလျှင် ရှုဆင်ခြင် ရမှု ဈာန်ဝင်စားရမှု ကောင်းပေမည်"ဟု ဤအကြံသည်ဖြစ်၏။ မင်းသား-ထိုငါသည် ခံတွင်းမှုရင်း၊ နှာခေါင်းမှုရင်း၊ နား မှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ မင်းသား-ထိုငါသည် ခံတွင်းမှုရင်း၊ နှာခေါင်းမှုရင်း၊ နား မှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင် ထား သော် လွန်ကဲ ပြင်းထန်သော ကိုယ်၌ ပူလောင် ခြင်းသည် ဖြစ်၏။မင်းသား-အားရှိသော ယောကျ်ား နှစ်ယောက်တို့ သည် အားနည်းသော ယောကျ်ားကို အသီးသီး လက် မောင်းတို့၌ကိုင်၍ မီးကျီးတွင်း၌ ကင်ကုန်ရာသကဲ့သို့ အပြန် ပြန် ကင်ကုန်ရာ သကဲ့သို့၊ ဤအတူပင်လျှင် ခံတွင်းမှုရင်း၊ နှာခေါင်းမှုရင်း၊ နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်

တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ငါ၏ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ မင်းသား-ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည်ထင်ပြီ။ အားထုတ်ခြင်း ထိုးကျင်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကိုဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့် သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။ မင်းသား-ထိုငါ့အား "ငါသည် လုံးဝ အစာအာဟာရ ဖြတ်၍ ကျင့်ရမူ ကောင်းပေမည်" ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထိုငါ့အား "ငါသည်လည်း လုံးဝမစားဟု ဝန်ခံမူလည်း ဩဇာဓါတ်တို့သည် အမွေးတွင်းတို့မှတဆင့် သွင်းဝင်ကြေအံ့၊ ထိုဩဇာဖြင့်လည်း ငါသည်မျှတကြေအံ့၊ ထိုဝန်ခံခြင်းသည် ငါ့အား မုသားသာတည်း" ဟု ဤအကြံသည် ဖြစ်၏။

မင်းသား ထိုငါ့အား "ငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ၊ ပဲပိစပ်ရေကို ဖြစ်စေ၊ ကုလားပဲရည်ကိုဖြစ်စေ၊ စားတော်ပဲရည်ကိုဖြစ်စေ၊ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို မျိုရမူ ကောင်းပေမည်" ဟု အကြံသည် ဖြစ်၏။ မင်းသား-ထိုငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကို ဖြစ်စေ၊ စားတော်ပဲရည်ကိုဖြစ်စေ၊ ကုလားပဲရည်ကိုဖြစ်စေ၊ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို မျို၏။ ထိုအခါ ငါ၏ကိုယ်သည် အလွန် ပိန်ကြုံခြင်းသို့ ရောက်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ အင်္ဂါကြီးငယ် တို့

သည် ကန့်စွန်းနွယ်၏အဆစ်တို့ကဲ့သို့၎င်း၊ နွယ်ပုပ် နွယ်ငန်း၏ အဆစ်တို့ကဲ့သို့၎င်း ဖြစ်ပေါ်နေကုန်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ တင်ပါးဆုံသားသည် ကုလားအုပ်ခြေရာကဲ့သို့ ဖြစ်ပေါ်နေ၏။ ထိုအစာ အာဟာရ နည်းပါး မှုကြောင့်ပင် ငါ၏ ကျောက်ကုန်းရိုးသည် ပုတီးကုံးကဲ့သို့ အနိမ့် အမြင့် ဖြစ်ပေါ် နေ၏။ ထိုအစာ အာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးကျနေသော ဇရပ်ဆွေး၏အခြင်တို့ကဲ့သို့ ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ ထိုအစာ အာဟာရ နည်းပါးမှုကြောင့်ပင် နက်သောရေတွင်း၌ ရေဝန်းသည် နက်ရှိုင်း၍ အောက်သို့ဝင်နေသည်ဟု ထင်ရသကဲ့သို့၊ ငါ၏ မျက်တွင်း တို့၌ မျက်လုံး တို့သည် နက်ရှိုင်း၍ အောက်သို့ ဝင်နေသည်ဟု ထင်ရကုန်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် အနု ဆွတ်ထားသော ဗူးခါးသီးသည် လေ,နေပူဖြင့် တွေ့ထိကာ ရှုံ့တွနေ သကဲ့သို့၊ ငါ၏ ဦးခေါင်းရေသည် ရှုံ့တွနေ၏။

မင်းသား ထိုငါသည် "ဝမ်းရေကို သုံးသပ်အံ့" ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကိုသာ ကိုင်မိ၏။ "ကျောက်ကုန်းရိုးကို သုံးသပ်အံ့"ဟု သုံးသပ်သော် ဝမ်းရေကို သာလျှင် ကိုင်မိ၏။ မင်းသား ထိုအစာ အာဟာရ နည်းပါးမှုကြောင့် ငါ၏ ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ ကပ်သည် အထိ ဖြစ်ပေါ်နေ၏။ မင်းသား–ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ထိုငါသည် ကျင်ကြီး ကျင်ငယ်ကို၎င်း၊

စွန့်အံ့ဟု သွားသော် ထိုနေရာ၌သာ မှောက်ခုံ လဲကျ၏။ "မင်းသား ထိုအစာအဟာရ နည်းပါးမှုကြောင့်ပင် ထိုငါသည် ဤကိုယ်ကိုသာလျှင် သက်သာစေလို၍ လက်ဖြင့်ကိုယ်တို့ကိုပွတ်သပ်၏။ မင်းသား-လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်သော် အမြစ်ဆွေးနေ ကုန်သော အမွေးတို့သည် ငါ၏ ကိုယ်မှ ကျွတ်ကျကုန်၏။

မင်းသား-စင်စစ် ငါ့ကိုလူတို့မြင်၍ "ရဟန်း ဂေါတမသည် မည်းသော အဆင်းရှိ၏" ဟု ဆိုကုန်၏။ အချို့လူတို့သည် "ရဟန်း ဂေါတမသည် မည်းသော အဆင်းရှိသည် မဟုတ်၊ ရဟန်း ဂေါတမသည် ရွှေသော အဆင်းရှိ၏" ဟု ဆိုကုန်၏။ အချို့ လူတို့သည် "ရဟန်း ဂေါတမသည် မည်းသော အဆင်းရှိသည် မဟုတ်၊ ရွှေသော အဆင်းရှိသည်လည်း မဟုတ်၊ ရဟန်း ဂေါတမသည် ကြမ်းပိုး ကျောက်ကုန်း အရေ အဆင်းရှိ၏" ဟု ဆိုကုန်၏။ မင်းသား ထိုအစာအာဟာရ နည်းပါး မှုကြောင့်ပင် ထိုမျှလောက် စင်ကြယ် ဖြူဖွေးလျက်ရှိသော ငါ၏ အရေအဆင်းသည် အလွန် ပျက်စီးနေ၏။

မင်းသား-ထိုငါ့အား "အတိတ်ကာလက အားထုတ်ခြင်းကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားခဲ့ကုန်သော ကျင့်ဆောင်သူ အားလုံးတို့သည်၊ ဤခံစားခြင်း လောက်သာလျှင် ဖြစ်၏။ ဤခံစားခြင်းထက် မပိုလွန်။ အနာဂတ်ကာလ၌လည်း အားထုတ်ခြင်း လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစား

ခြင်းတို့ကို ခံစားလတ္တံ့ကုန်သော ကျင့်ဆောင်သူ အားလုံး တို့သည်၊ ဤခံစားခြင်း လောက်သာလျှင် ဖြစ်လတ္တံ့၊ ဤ ဤခံစားခြင်းထက်မပိုလွန်။ ဤယခု ပစ္စုပ္ပန် ကာလ၌လည်း အားထုတ်ခြင်း လုံ့လကြောင့်ဖြစ်ကုန်သော ကြီးမားကြမ်း တမ်းစပ်ရှားကုန်သော ဆင်းရဲ ခံစားခြင်း တို့ကို ခံစားနေ ကုန်သော ကျင့်ဆောင်သူ အားလုံး တို့သည် ဤခံစားခြင်း လောက်သာလျှင်ဖြစ်၏။ ဤခံစားခြင်းထက်မပိုလွန်။ ငါ သည် ဤစပ်ရှားသော ပြုနိုင်ခဲသောအမှုကို ပြုကျင့်ခြင်းဖြင့် ဉာဏ်အမြင်အထူးကို မရခဲ့။

ဤသည်တို့မှာ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ရာဇဝဂ်-ဗောဓိ ရာဇကုမာရသုတ်မှ ဗုဒ္ဓက သူကျင့်ခဲ့ပုံကို ပြန်လည် ဟောကြား ချက်များဖြစ်သည်။ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ရှိ ပဲစင်းငုံတော တွင် ဗုဒ္ဓသီတင်းသုံးနေစဉ်၊ ဗောဓိ မင်းသား၏ နန်းပြသာဒ် သစ်(အိမ်တက်)ဆွမ်းကျွေးပွဲ၌ ဟောကြားသော တရားဖြစ်၏။

ရဟန်းကြီး ဂေါတမဘဝ၌ ဒုက္ခငြိမ်းရေးတရားကို ရှာရာ၌ **သူအပင်ပန်းခံပုံမျိုးထက် မည်သူမှပို၍ အပင်ပန်းမခံနိုင်ကြောင်း** ဟောကြားခဲ့သည်။ **အသေး အသားနှင့် ဖွဲ့စည်းအပ်သော လူ သားတယောက်အဖို့** ဤအဆင့်ထက် ပို၍ကျင့်ရန် ခံနိုင်ရည် ရှိ **တော့မည်မဟုတ်တော့သည့်** အဆင့်အထိ **သူကျင့်ဆောင်ခဲ့သည်** တို့ကို အထက်ပါ ဟောကြားချက်က ကွက်ကွက် ကွင်းကွင်း သရုပ်ပေါ်စေသည်။

ဤရှေ့ဤမျှ အပင်ပန်းခံကာ ဒုက္ခ အကျင့်ကို ကျင့်ခဲ့သည့် ကာလမှာ တလ နှစ်လ မဟုတ်၊ ခြောက်နှစ်ကာလတိုင် ဖြစ်သည်။

သို့ပင်ပန်းတကြီး ကာလကြာမြင့်စွာ ကြိုးစားကျင့်ဆောင်ပါသော်လည်း၊ သူသည် ဒုက္ခတို့ ချုပ်ငြိမ်းကြောင်းတရားကို မရခဲ့ပေ။

တပ်မက်ခြင်းတို့ ငြိမ်းအေးမှုမှ ဒုက္ခမိးငြိမ်းအေးရေး လမ်းစဉ်ကို ဤသို့ ကိုယ်ခန္ဓာကြီးအား ညှဉ်းဆဲပင်ပန်း စေခြင်းဖြင့် ပေါက်ရောက်မှု မရှိနိုင်သည်ကို သူတွေ့သည်။

ရှာသူရှာသားတို့နှင့် ရောနှောကာ ရှာသားများနှင့် အတူနေထိုင်ပြီး ကာမဂုဏ်တောသို့ နေလျှင်လည်း ဒုက္ခမိး ငြိမ်းအေးရေး လမ်းကို မရနိုင်။

ဤအစွန်းနှစ်ဘက်မှ ကင်းလွတ်သော လမ်းစဉ်ကို ရှာရ ပေမည်။

ရဟန်း ဂေါတမသည် နွမ်းယိုပိန်လှိုသော မိမိကိုယ်ခန္ဓာကို မိမိသုံးသပ်ကြည့်သည်။ ဤအတိုင်း ဆက်၍ကျင့်လျှင် အသက်သေဆုံးသည်မှတပါး အကျိုးမရှိသည်ကို သတိပြုမိသည်။ ဤသို့ ကိုယ်ကို ညှဉ်းဆဲသော နည်းအပြင် ဒုက္ခငြိမ်းသော အခြားနည်း ရှိပါသေးသလောဟု စဉ်းစားရာမှ လမ်းစဉ်တရပ်သည် ဝင်းကနဲ သူ၏ ဦးနှောက်တွင်းသို့ ဝင်လာသည်။

ထိုနည်း ထိုလမ်းစဉ်မှာ သူ့အဖို့ အသစ်မဟုတ်၊ ငယ်စဉ်က ကြုံတွေ့ဘူးသော နည်းဖြစ်သည်။ ထိုလမ်းစဉ်ကို ပြန်တွေးမိရာမှ ဒုက္ခချုပ်ငြိမ်းကြောင်းလမ်းစဉ်ကို ငယ်စဉ်ကတွေ့မြင်ဘူးသည်ကို သတိပြုမိသည်။

*No 6*

သိဒ္ဓတ္ထဘဝ ကလေးအရွယ်က ဖြစ်သည်၊ လူမှန်းသိတတ်စ ကဖြစ်သည်။

တနေ့တွင် သူ၏ဖခင် သုဒ္ဓေါဒနမင်းသည် လယ်ထွန် မင်္ဂလာ ပွဲသို့ဆင်းကာ ကိုယ်တိုင်ထွန်ယက်လေသည်။ထိုနေ့က သားငယ် ဖြစ်သူ သိဒ္ဓတ္ထအားလည်းခေါ်သွားသည်။ သားငယ်ကို သပြေ ပင်ရိပ်တခု၌ ထားရှိသည်။

သိဒ္ဓတ္ထ မင်းသားငယ်သည် သူ၏ဖခင် လယ်ထွန် သည်ကို လှမ်း၍ကြည့်နေသည်။ တဖက်မှလည်း လူတို့သည် အိုးစည် ဗုံ မောင်းတို့ တီးမှုတ်နေကြသည်။ ကခုန်သူတို့ကလည်း ကခုန်နေ ကြသည်။

သိဒ္ဓတ္ထသည် သူ၏ဖခင်ကိုရင်း၊တီးမှုတ် သီဆို ကခုန်သူ တို့ အားရင်း ကြည့်နေရာမှ ထိုရှုခင်းကို လျစ်လျူ ရှုလိုက်သည်။ သီဆိုသံ ·တီးမှုတ်သံ–ကခုန်သံ–ပျော်ရွှင်သံတို့ကို သူသည် နှလုံး မသွင်းဘဲ လျစ်လျူ ရှုလိုက်သည်။ကြည့်ရှုခြင်း၊နားထောင်ခြင်း မပြုတော့ဘဲ မျက်လွှာချလိုက်သည်။

သူ၏ အသိစိတ်ကို ထွက်သက်နှင့် ဝင်သက်တို့ အပေါ်သာ ဆောက်တည်ထားလိုက်သည်။

ထွက်သက်နှင့် ဝင်သက် လေရှူခြင်းနှင့် လေရှိုက်ခြင်း တည်း ဟူသော အာရုံကိုသာ ကြံစည်ခြင်း[၁] ပြုသည်။ သုံးသပ်ခြင်း[၂] ပြု သည်။ ကြံစည်မှုနှင့် သုံးသပ်ဆင်ခြင်မှု အကျိုးကြောင့် အာရုံကို

---

၁ ဝိတက်။ ၂ ဝိစာရ။

ပိတ်ပင်တားမြစ် ကာကွယ်ခြင်းများ[၁] ကင်းပ သွားသည်။ အာရုံကိုသာ သိလာသည်။ နှစ်သိမ့်ခြင်း[၂] ဖြစ်လာသည်။ နှစ်သိမ့်မှုမှ ချမ်းသာခြင်း[၃] ကိုရရှိလာသည်။ နောက်ဆုံး သူ၏စိတ်သည် တခုတည်းသော အာရုံတို့၌သာ စူးစိုက်တည်ငြိမ်မှု[၄] ကိုရရှိသွားသည်။

သိဒ္ဓတ္ထ မင်းသားငယ်သည် တရား ထိုင်လိုက်သည်။ တရားလမ်းစ တွေ့သွားသည်။ ပထမအဆင့် ဖြစ်သော ဈာန်ကိုရသွားသည်။

ထိုအချိန်၌ တရားထိုင်သူ၊ တရားတွေ့သူ၊ ဈာန်ရသူ တို့၏ ရုပ်အသွင် ရှိလေ့ရှိထအတိုင်း သိဒ္ဓတ္ထ မင်းသားငယ်၏ အသွင်သည် ကြည်လင်တောက်ပကာ ကြည်ညိုဘွယ်အသွင်ကိုဆောင်သွားသည်။ ဖခင်နှင့်တကွ အနားရှိလူအပေါင်းတို့ ဝိုင်း၍ရှိခိုးကြသည့်တိုင် ကြည်ညိုဘွယ်အသွင် ပေါက်ရောက်ခဲ့သည်။

ပင်ပန်းသောအကျင့်ဖြင့် သွိုးနွမ်း ချိနဲ့နေသော ဂေါတမ ရဟန်းကြီးသည် သူငယ်စဉ်က တရားသဘောကို သုံးသပ်ခဲ့သော နည်းကို ယခုမှ သတိရသည်။ ဒုက္ခငြိမ်းအေးမှုကို ဤလမ်းစဉ်ဖြင့် ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ငယ်စဉ်က တရားထိုင်နည်းအတိုင်း အဆင့်ဆင့်သုံးသပ်ဆင်ခြင်သောနည်း၊ ပဌမဈာန်မှ တဆင့်တက်ရမည့် နည်းကို လိုက်ရန်အတွက်၊ သူ့အဖို့များစွာ အားနည်းနေသည်ကို တွေ့ရသည်။ လမ်းစဉ်သစ်ကို ကျင့်သုံးရန်မှာ သင့်တင့်သော ခွန်အား ရှိမှ ဖြစ်မည်။

---

၁ နီဝရဏတရား။
၂ ပီတိ။
၃ သုခ။
၄ ဧကဂ္ဂတာ။

ထို့ကြောင့် ပဲရည်အနည်းငယ်သာ သောက်ပြီး တရားကျင့်နေသော ရဟန်းကြီး ဂေါတမသည် အစာ စားတော့သည်။ ထမင်း-မုယောမုန့်စသော အစာများကို စားတော့သည်။

ဤတွင် သူ၏တပည့်ငါးဦးက သူ့အပေါ် မယုံမကြည် ဖြစ်လာတော့သည်။ ငါးဦးသော ရသေ့တပည့်တို့သည် စောစောပိုင်းက ရဟန်းကြီးဂေါတမကို အထင် ကြီးကြသည်။ ရဟန်းကြီး၏ ဟောပြောချက် များနှင့် အသွင်အပြင်အရ တရားထူးရနိုင်သော ပုဂ္ဂိုလ်ဖြစ်မည်ဟု အထင်ကြီးကာ ရဟန်းကြီး၏နောက်မှ လိုက်ခဲ့သည်၊ ရဟန်းကြီးအား လုပ်ကျွေး ခဲ့ကြသည်။

ရဟန်းကြီးဂေါတမ (၆)နှစ်တိုင်တိုင် ပင်ပန်းဆင်းရဲစွာနှင့် တရားကျင့်သုံးမှုကြောင့် တနေ့တွင် တရား ပေါက်လိမ့် မည်ဟု အထင်ကြီးကာ ဘေးမှစောင့်ကြည့်ပြီး အလုပ်အကျွေး ပြုကြခြင်းဖြစ်သည်။

နောက်ဆုံးတွင် အစာမစား ပဲရည် အနည်းငယ် စား၍ကျင့်သောအကျင့်မှ အစာပြန်၍ စားသောအခါ၊ ဤရဟန်းသည် "အငတ်ခံ၍ကျင့်ပါလျက် တရားစစ်တရားမှန် မရနိုင်ပါဘဲလျက်၊ အစားစား၍ကျင့်ပါလျှင် အဘယ်မှာ တရားကို တွေ့နိုင်ပါအံ့နည်း"ဟု ဆိုကြကာ ရဟန်းကြီး ဂေါတမ အပေါ် အထင်သေးခြင်း၊ အစာမစားသော အကျင့်မှ အစာပြန်စားသည်ကို အကျင့်ဖေါက်လေခြင်း၊ ဖြစ်ရလေခြင်းဟု ဝမ်းနည်းခြင်းတို့ဖြင့် စွန့်ခွါသွားလေသည်။

ရဟန်းဂေါတမသည် သူတို့စွန့်ခွါသွားပြီးနောက် တပါးတည်း ကျန်ရစ်သည်။ တောအုပ်အနီးရှိရွာမှ ဆွမ်းခံကာ ဆွမ်းစားပြီး အားမွေးသည်။

အသင့်အတင့်သော အားအင်ပြည့်ဖြိုးမှုကို ရသောအခါတွင် သူသည် မူလရည်မှန်းချက် လမ်းစဉ်ကို လိုက်တော့သည်။ သူ၏ လမ်းစဉ်ကိုဇရန် နေ့တနေ့ကို ရွေးလိုက်သည်။

ထိုနေ့နံက် စောစောက တောအုပ်အနီးရှိရွာမှ အမျိုးသမီး တဦးက သူ့အား ဆွမ်းအဖြစ် နို့ထမင်း တသပိတ်ကို ကပ်လှူသွားသည်။

ရဟန်းကြီးဂေါတမသည် ပထမ မြစ်ဆိပ်သို့ဆင်း၍ ရေချိုးသည်။ နောက်မှ နို့ဆွမ်းကို ဘုဉ်းပေးသည်။ဆွမ်းကိစ္စပြီးသွားသောအခါ မြစ်ကမ်းနဖူးတွင်ရှိ အင်ကြင်းတောမှ တခုသော အင်ကြင်းပင်ရင်းတွင် ကမ္မဋ္ဌာန်း စီးဖြန်းမှုကို စတင် ပြုလုပ်တော့သည်။

ပဏာမအဖြစ် ရုပ်တို့၏သဘောကို ဆင်ခြင် သုံးသပ်သော ကမ္မဋ္ဌာန်းကို စီးဖြန်းလေသည်။ ထိုကမ္မဋ္ဌာန်း ကို တနေ့လုံး စီးဖြန်း၏။

ညနေပိုင်းတွင် အင်းကြင်းပင် ရင်းမှ ထကာ တောအုပ်တွင်းသို့ ဝင်ခဲ့သည်။ တောအုပ်အတွင်း၌ တခုသော ညောင်ပင်ကြီးသည် အခက်အရိပ် ကြီးထွားလုံခြုံသည်။ပင်ခြေမှ မြေမှာလည်း ပြန့်ပျူးသည်။ ထို့ကြောင့် ရဟန်းကြီး ဂေါတမသည် ထိုညောင်ပင်ကြီး၏ အရင်း၌ ကရားထိုင်ရန် ရွေးချယ် လိုက်သည်။

ထိုစဉ်တွင် မြက်ရိတ်သမား တဦးသည် တောတွင်းမှ မြက်ရိတ်၍ ပြန်လာသည်။ သူ၏ ပခုံးပေါ်၌ မြက်စည်းများကို ထမ်း

လာသည်။ မြက်ရိတ်ယောကျ်ားထံမှ အလှူခံလိုက်သဖြင့် မြက်စည်း ရှစ်စည်းကို လှူသွားသည်။

ရဟန်းဂေါတမသည် ထိုမြက်စည်းများကို ဖြန့်ကာခင်းပြီး တင်ပလ္လင်ခွေထိုင်လိုက်သည်။

"ငါသည် ဒုက္ခတို့ ငြိမ်းအေးရာတရားကို မရပါက နေရာမှ မထ တော့ပြီ၊ ငါ၏ အရေ-အသား-အသွေး-အကြော တို့ ခြောက်ကပ်ပြီး အရိုးတို့သာ ကြွင်းကျန် သည့်တိုင် ငါသည် အလင်းမရက မထတော့ပြီ" ဟု ခိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ်ကာ တရားထိုင်တော့သည်။

မြက်ပလ္လင်ပေါ်၌ တင်ပလ္လင်ခွေကာ ထိုင်မိလျှင် ထိုင်မိခြင်း သူသည် လူ့လောက၌ အကြီးဆုံး စစ်ပွဲကြီးကို ဆင်နွှဲရလေ သည်။ ဤစစ်ပွဲမျိုးကား ရှေးကလည်း မပေါ်ဘူး၊ နောင်တွင် လည်း ပေါ်မည်မဟုတ်တော့ပေ။ ထိုစစ်ပွဲကြီး ပြင်းထန်စွာ ခင်း ကျင်း တိုက်ခိုက်သော စစ်မြေပြင်မှာ သူ၏ရင်ခွင်သာ ဖြစ်လေ သည်။

"လူသားတို့ ခံနိုင်စွမ်း ရှိသမျှ အဆင့်အထိသော ဒုက္ခဆင်း ရဲကို ၆-နှစ်တာခံခဲ့ပြီး၊ တပည့်သား ငါးဦးကလည်း စွန့်ခွာ သွားလေပြီ။ ငါ၏အကျင့်သည် မှန်မှမှန်ပါလေစ" ဟု သူတွေး မိသည်။ သားတယောက် မိခင်ဖြစ်သော်လည်း ချောမောလှပ နုနယ်ဖွံ့ဖြိုးသော ယသော်ဓရာဒေဝီနှင့် တကွသော မိန်းမ၏ အတွေ့ ကို ကင်းကွာသည်မှာ ၆-နှစ် ကျော်ကြာခဲ့ပြီ။ မ,ဓါတ်၏ အထိ အတွေ့လိုလားမှု ဆန္ဒလည်း ဝင်လာသည်။ သားငယ် ကလေး

ကို ချစ်ခြင်း၊ ဖခင်-မိခင် တို့အား ချစ်ခြင်း တည်းဟူသော စွဲလမ်းမှုမေတ္တာဓါတ်သည်လည်း တစိမ့်စိမ့်ရစ်ပတ်လာသည်။

"မထူးပါဘူး ငါ့ပြည် ငါပြန်တာ အေးပါတယ် ..."

သူ့ရင်ထဲ၌ ဆုံးဖြတ်ချက်ပင် ချလိုက်မိသေးသည်။

"ဘာလို့ပြန်ရမှာလဲ ငါလူမှန်း သိစ အရွယ်က တောင်မှ လမ်းစဉ်ရဲ့ အစကိုတွေ့ခဲ့သေးတာဘဲ၊ ငါရဲ့လမ်း မှန်ပါတယ်"

"အရိုးကြေကြေ အရေခမ်းခမ်း ဒီလမ်းစဉ်ကို ရှာမယ်လို့ ငါ ဆုံးဖြတ်ခဲ့တယ် မဟုတ်လား"

"ယသော် .. ယသော် .. ယသော်တို့ရဲ့ အတွေ့ဟာ ဒုက္ခမီး ဆက်ဘဲဆိုပြီး ငါထွက်လာတာ မဟုတ်လား...."

"သားတို့၊ မိခင် ဖခင်တို့ဆိုတဲ့ စွဲလမ်းမှုကို ငါ...ဖျောက် ရမယ်.."

သို့ဖြင့် သူသည် တက်ရပိမ့်လော၊ဆုတ်ပိမ့်လောဟု သို့လော သို့လော တွေးတောရင်း သူ၏ရင်တွင်း၌ ကြီးကျယ်သော စစ်ပွဲ ကြီး ခင်းကျင်း ခဲ့လေသည်။

နောက်ဆုံး၌ "ငါ့လမ်းစဉ်အတိုင်း ငါလိုက်မည်' ဟု ခိုင် မာသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်သည်။

အောင်ပြီ....အောင်ပြီ ...ရောမ စစ်ပွဲကြီး အောင်မြင်လေပြီ။

**အကယ်၍သာ ဤစစ်ပွဲကြီး၌ ရှုံးနိမ့်ပါမူ၊ ဤကမ္ဘာအတို- ဗုဒ္ဓဘာသာဟူသော ဘာသာကြီး ပေါ်ပေါက်တော့မည် မဟုတ် တော့ပေ၊ သန်းပေါင်း များစွာသော လူသားတို့မှာ ကိုးကွယ် ရာမဲ့ ဖြစ်ချေတော့မည်။**

**သန်းပေါင်း များစွာသော လူသားတို့သည် ဤညောင်ပင် အောက်မှ ဤလူသား၏ ဤစစ်ပွဲကြီး အောင်မြင်မှုဖြင့် ဤမည်သော အလင်းရောင် ဘာသာကြီးကို ရခဲ့ချေသည်။**

ရဟန်းကြီး ဂေါတမသည် ကမ္ဘာပေါ်၌ အကြီးဆုံး စစ်ပွဲကို ဆင်နွှဲသော အချိန်မှာ၊ အချိန်အားဖြင့် မကြာလှပေ။ ညနေ တညနေသာ ဖြစ်သည်။ အချိန်မကြာသော်လည်း တိုက်ပွဲကိုမူ ပြင်းထန်စွာတိုက်ခဲ့ရသည်။ နေမဝင်မီတွင်ပင် သူ၏အောင်ပွဲကို ရသည်။

နေမဝင်မီတွင်ပင် သူ၏ သံယောဇဉ် အနှောင်အဖွဲ့ မှန်သမျှကို ရှင်းရှင်းလင်းလင်း ပြတ်တောက် သွားတော့သည်။

အနှောင်အဖွဲ့မရှိ ပကတိ ကြည်လင်သော ရဟန်းကြီးသည် သူ၏ လမ်းစဉ်ကို ပြင်းထန်သော ဇွဲ-ဝီရိယ ဖြင့် ဆက်လက် ချီတက်လေတော့သည်။

သူသည် ရှူရှိုက်သော လေတို့ ဝင်ထွက်ပုံကို ရှုသည်။ ထွက်သက်ဝင်သက် အပေါ်၌ စိတ်ကို စွဲမှတ်သော ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းကို ကျင့်ဆောင် လေသည်။

သူသည် ထွက်သက်ကို၎င်း၊ ဝင်သက်ကို၎င်း၊ စူးစိုက်သော အာရုံ ပြုသော အားထုတ်မှုကို တည်ငြိမ်စွာ ကျင့်ဆောင်တော့သည်။

ထွက်သက်ဝင်သက်တို့အပေါ်၌ မပြတ်သော သတိထားကာ သိရှိစေသည်။

ရှည်စွာသော ထွက်သက်ကို ဖြစ်စေသည် ရှိသော် ရှည်စွာသော ထွက်သက်ကို ဖြစ်စေ၏ ဟု သိ၏။ ရှည်စွာသော

ဝင်သက်ကို ဖြစ်စေသည်ရှိသော် ရှည်စွာသော ဝင်သက်ကို ဖြစ်စေ၏ဟု သိ၏။ တိုသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် တိုသော ထွက်သက်ကို ဖြစ်စေ၏ဟု သိ၏။ တိုသော ဝင်သက်ကို ဖြစ်စေသည် ရှိသော် တိုသော ဝင်သက်ကို ဖြစ်စေ၏ ဟု သိ၏။

အစ, အလယ်, အဆုံး ဟူသော အလုံးစုံသော ထွက်သက် အပေါင်းတို့ ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ အစ,အလယ်,အဆုံး ဟူသော အလုံးစုံသော ဝင်သက်အပေါင်းကို ထင်စွာသိလျက်၊ ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ (မဇ္ဈိမ ပဏ္ဏာသ၊ ဘိက္ခုဝဂ် - မဟာရာဟုလောဝါဒသုတ်)

သို့ ထွက်သက်ဝင်သက်ကိုသာ အာရုံတခုတည်း စွဲ၍ ရှုရင်း ရှုရင်းပင် သူ၏ အသိတရား, သူ၏ သတိသည် မှန်ကန်သော သတိတရား[1] ဖြစ်လာသည်။

သူ၏ သတိတရားဖြစ်ပေါ်မှုကြောင့်၊ မေ့လျော့ခြင်း တွေဝေခြင်း ကင်းပကာ ကိုယ်၏ငြိမ်းချမ်းမှု စိတ်၏ ငြိမ်းချမ်းကို ရရှိတော့သည်။

ကိုယ်စိတ်ငြိမ်းချမ်းစွာနှင့် မှန်ကန်သောသတိကို အကြောင်းပြုကာ ကောင်းသော တည်ငြိမ်မှု[2] ကို ရရှိသွားလေသည်။

ဂကာဘိ တည်ငြိမ်ကြည်လင်သော သူ၏ စိတ်သည်၊ ထွက်သက် ဝင်သက် အာရုံ၏ အပေါ်၌ ကြံစည်မှု[3]နှင့် သုံးသပ်ဆင်ခြင်[4]

---

၁ သမ္မာသတိ။
၂ သမ္မာသမာဓိ။
၃ ဝိတက်၊ (သို့မဟုတ်) သမ္မာသင်္ကပ္ပ။
၄ ဝိစာရ။

ခြင်းကို ဆက်လက်ပြုလုပ်တော်သည်။ အဖန်ဖန် သုံးသပ်ဆင်ခြင် ခြင်းဖြင့်၊ တားဆီးပိတ်ပင်သော တရားများ ကွာသွားသည်။

နိဗ္ဗာန်ရောက်ရှိရေးကို မမြင်မတွေ့နိုင်သော တားဆီးပိတ်ပင် သော တရားများက ကာကွယ်ထားတတ်သည်။

၎င်း ကာကွယ်တားဆီးမှု တရားတို့[၅]မှာ - ၁) ကာမဂုဏ် စွဲမက်မှုတို့ဘက်၌ တိမ်းညွတ်ခြင်း။ ၂) ထို၌ စွဲမက်မှုတို့ကို မှီကာ စိုးရိမ်မှု၊ အမျက်ထွက်မှု၊ ရန်ညှိုးဖွဲ့မှုများပေါ်ခြင်း။ ၃) စိတ်တို့ လေးလံထိုင်းမှိုင်း ပျင်းရိငိုက်မျည်းခြင်း။ ၄)မတည်မတံ့ ပျံ့လွင့် ခြင်း၊ နှလုံးမသာယာခြင်း။ ၅)အာရုံတို့၏ သဘောသဘာဝကို မှုချဆတ်ဆတ် မဆုံးဖြတ် နိုင်ခြင်းတို့ ဖြစ်ကြသည်။ ထိုပိတ်ပင် သောတရားများ ကင်းကွာသောအခါ၊ငြိမ်းချမ်းမှုကိုရတော်၏။

တားဆီး ပိတ်ပင်သော တရားများ ကင်းကွာ သွားသော အခါ၊ ထွက်သက်နှင့် ဝင်သက်ကိုသာ ရှုနေသောသူသည် နှစ်သိမ့်ခြင်း[၁]နှင့် ချမ်းသာခြင်း[၂]တို့ကို ခံစားရ လေသည်။ ဤကား ပဌမဈာန် အဆင့်သို့ ပေါက်ရောက်ခြင်း ပေတည်း။

ဆက်လက်၍ အားထုတ်ပြန်သည်။ အဖန်ဖန် ကြံစည်ခြင်း နှင့် သုံးသပ် ဆင်ခြင်ခြင်းတို့ကို ပြုခြင်းဖြင့်၊ ပေါက်ရောက်ရန် တားဆီး ပိတ်ပင်သော တရားများသို့ တချီတချီ ပြန်ရောက်နိုင် သည်။ ဒုက္ခ ဖြစ်လာနိုင်သည်ကို ရှိသိလာသောကြောင့်၊ ကြံ စည်ခြင်းနှင့် သုံးသပ်ဆင်ခြင်ခြင်းကို မပြုတော့ဘဲ၊ ထွက်သက် ဝင်သက် အပေါ်၌ အာရုံစူးစိုက်ခြင်းဖြင့် နှစ်သိမ့်ခြင်း ရသနှင့်

---

၅ နီဝရဏ တရားငါးပါး။
(ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ။)
၁ ပီတိ။ ၂ သုခ။

ချမ်းသာခြင်း ရသကိုသာ ခံစား လေတော့သည်။ တဖက်မှ တည်ကြည်ငြိမ်သက်မှုကိုပါ ရလေတော့သည်။ ဤကား ဒုတိယ ဈာန် အဆင့်တည်း။

ဆက်လက်၍ အားထုတ်ပြန်သည်။ တွေ့ရှိသော ထွက်သက် အပေါ် အာရုံပြု၍ ရရှိသော အရသာကို နှစ်သိမ့် ကြည်နူးနေရန် မလိုတော့ဟု တွေ့ရှိကာ နှစ်သိမ့် ကြည်နူး (သာယာမှု) ကို စွန့်လွှတ် လိုက်သည်။ နှစ်သိမ့်ခြင်း ကိစ္စ ပြီးငြိမ်း လိုက်သည်။ သူသည် အာရုံအပေါ်၌ ချမ်းသာမှုကိုသာ တည်ငြိမ်စွာ ခံစား စံစားနေတော့သည်။ တတိယ ဈာန်တည်း။

ဆက်လက်၍ အားထုတ် ပြန်သည်။ ထွက်သက် ဝင်သက်၌ စူးစိုက်ခြင်း အရသာ၏ ချမ်းသာမှုကို တည်ငြိမ်စွာ ခံစား-စံစားရာမှ သူ၏ စိတ်တို့သည် ဤသည် ပါလားဟု သာယာ ကြည်နူးနေရုံနှင့် အရသာ ခံစားနေရုံနှင့် စိတ်ချမ်းသာမှုကိုသာ ရနိုင်သည်။ လွတ်မြောက်ရာ အဆုံးစွန်သော တရားမဟုတ်သေး ဟု သူသတိပြုမိသည်။ ထိုသတိ ပြုချက်အရ လူသားတို့အဖို့ ရုပ် ခန္ဓာ၌၎င်း၊ စိတ်အသိ၌၎င်း ခံစားစံစားရသော ခံစားသိရှိမှုကို (ချမ်းသာခြင်း ဖြစ်ပါလျက်)လျစ်လျူရှု[၁] လိုက်သည်။ ကိုယ်စိတ် ခံစားမှု မှန်သမျှကို လွန်မြောက် သွားသည်။ ခံစား သိရှိမှု မှန် သမျှတို့ ပြီးငြိမ်း သွားသည်။ ထိုအခါ သူ၏ တကိုယ်လုံးသော ကိုယ်ခန္ဓာ ကြီးသည် သန့်ရှင်း တည်ငြိမ်သော စိတ် အသိဖြင့် လွှမ်းပြည့် ပျံ့နှံ့ သွားတော့သည်။ သူ၏ ကိုယ်ရောစိတ်ပါ ကြည် လင် ဖြူစင် သွားတော့သည်။

---

၁ ဥပေက္ခာ။

ချောင်းလေးတန်ကို ကျော်လွန်ပြီး ဆက်လက်၍ ဝိပဿနာ တရားများကို ရှုပြန်သောအခါ၊ အဆင့်ဆင့်သော ဉာဏ်အသိ တို့ကို ရရှိပုံ၊ တွေ့သိပုံ၊ ပေါက်မြောက်ပုံတို့ကို ဗုဒ္ဓက-မဇ္ဈိမ ပဏ္ဏာသ၊ ရာဇဝဂ်၊ ဗောဓိရာဇ ကုမာရသုတ်၌ပင် အောက်ပါ အတိုင်း ဟောကြားခဲ့သည်။

မင်းသား-ငါသည် စတုတ္ထစျာန်သို့ ရောက်နေ၍၊ ထိုငါ ၏ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင် လတ်သော်၊ ညစ်ကြေး မရှိ လတ် သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုခြင်းငှါ သင့်လျော် လတ်သော်၊ တည်တံ့လတ်သော်၊မတုန်လှုပ်ခြင်းသို့ ရောက် လတ်သော်၊ ထိုငါသည် ရှေး၌ဖြစ်ဘူးသော ခန္ဓာ အစဉ်ကို အောက်မေ့နိုင်သော ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုဆောင် ခဲ့ပြီ၊ ရှေးရှု ညွတ်စေခဲ့ပြီ။ ထိုငါသည် များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်[၁]ကို အောက်မေ့နိုင်၏။ ဤ သည်ကား အဘယ်နည်း။ တဘဝကိုရင်း၊ နှစ်ဘဝကိုရင်း၊ ဤသို့ အမည် အနွယ်နှင့် တကွ အဖြစ်သနစ်နှင့် တကွ များ ပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ ၏။ မင်းသား-ငါသည် ညဉ့်၏ ရှေးဦး ပဌမယံ၌ ရှေးဦး စွာသော ဤအသိဉာဏ်[၂]ကို ရခဲ့ပြီ၊ မသိမှု[၃] ပျောက်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ မသိမှု အမှောင် ပျောက်ခဲ့ပြီ၊ သိခြင်း ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။ မမေ့မလျော့ဘဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သောစိတ် ရှိသည်

၁ ပုဗ္ဗေနိဝါသာ နုဿတိ။ ၂ ဝိဇ္ဇာ။ ၃ အဝိဇ္ဇာ။

ဖြစ်၍ နေသောသူအား မသိမှုမှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

ထိုငါသည် ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေး မရှိလတ်သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုခြင်းငှါ သင့်လျော် လတ်သော်၊ တည်တံ့လတ်သော်၊ မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော်၊ သတ္တဝါတို့၏ သေခြင်း[1] ဖြစ်ခြင်း[2]ကို သိသော ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ဆောင်ခဲ့ပြီ။ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသောမျက်စိ[3]ဖြင့်၊ သေဆဲသတ္တဝါ၊ ဖြစ်ပေါ်ဆဲသတ္တဝါ[4]၊ ယုတ်သော သတ္တဝါ၊ မြတ်သော သတ္တဝါ၊ ကောင်းသော လားရာ[5]ရှိသော သတ္တဝါ၊ မကောင်းသော လားရာ[6]ရှိသော သတ္တဝါ တို့ကိုမြင်ပြီ။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါကိုသိပြီ။ ညဉ့်၏အလယ် ဖြစ်သော သန်းကောင်ယံ၌ နှစ်ခုမြောက် ဤအသိဉာဏ်ကို ရခဲ့ပြီ။ မသိမှု ပျောက်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ မသိမှု အမှောင် ပျောက်ခဲ့ပြီ။ သိခြင်းဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။ မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်ချက် တည်ကြည်သော စိတ်ရှိသည် ဖြစ်၍ နေသော သူအား မသိမှု မှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ် သကဲ့သို့တည်း။

---

၁ စုတိ။
၂ ပဋိသန္ဓေ။
၃ ဒိဗ္ဗစက္ခု။
၄ ဂတိ။
၅ သုဂတိ။
၆ ဒုဂ္ဂတိ။

ထိုငါသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေး မရှိလတ်သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးည့်လတ်သော်၊ ပြုခြင်းငှါ သင့်လျော် လတ်သော်၊ တည်တံ့ လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်၊ ယစ်မူးနှစ်မြောခြင်း တရား[၁]တို့ကို ကုန်ခမ်းစေတတ်သော ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ။ ထိုငါသည် ဤကား ဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤကား ဆင်းရဲဖြစ်ပေါ်၏ အကြောင်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ဤသည်တို့ကား ယစ်မူးနှစ်မြောခြင်း တရားတို့ဟု ဟုတ်တိုင်းမှန်ရာ သိ၏။ ဤသည်ကား ယစ်မူးနှစ်မြောခြင်းတို့၏ ဖြစ်ပေါ်ခြင်း အကြောင်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ ဤကား ယစ်မူးနှစ်မြောခြင်းတရားတို့ချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤကား ယစ်မူးနှစ်မြောခြင်း တရားတို့ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ ဤသို့သိသော ဤသို့ မြင်သော ထိုငါ၏ စိတ်သည် ကာမဂုဏ် ယစ်မူးနှစ်မြောခြင်း[၂]မှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝတပ်မက်မှု ယစ်မူး နှစ်မြောခြင်း[၃]မှလည်း လွတ်မြောက်ခဲ့ပြီ။ မသိမှုဘေး[၄]မှလည်း လွတ်မြောက်ခဲ့ပြီ။ အယူမှားမှု ဘေး[၅]မှလည်း လွတ်မြောက် ပြီးပြီ။ လွတ်မြောက်

---

၁ အာသဝေါတရား။
၂ ကာမာသဝ။
၃ ဘဝါသဝ။
၄ ဒိဋ္ဌာသဝ။
၅ အဝိဇ္ဇာသဝ။

ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ။ ထွက်ရပ်လမ်း[၁] ကိစ္စကို ပြုပြီးပြီ။ ဤထွက်ရပ်လမ်းကိစ္စအလို့ငှါ တပါးသော ပြုဘွယ် မရှိတော့ပြီ" ဟု သိ၏။ မင်းသား ဂေါတမသည် ညဉ့်၏ နောက်ဆုံး ဖြစ်သော မိုးသောက်ယံ၌ သုံးခုမြောက် ဤအသိ ဉာဏ်ကို ရခဲ့ပြီ။ မသိမှုပျောက်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အမှောင်ပျောက်ခဲ့ပြီ။ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ၊ မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု မှောင်ကင်း၍ ပညာဉာဏ် အလင်းရောင် ဖြစ်ပေါ် သကဲ့သို့တည်း။

ဤသို့ဖြင့် ဗုဒ္ဓသည် အလုံးစုံသော တရား မှန်သမျှကို သိရှိအောင်မြင်တော် မူလေသည်။ အလုံးစုံကိုသိသော အမြင်နှင့် ဉာဏ်[၂] ကို ရလေသည်။

သက်ရှိလောကသည်၎င်း၊ အားလုံးသော သက်ရှိ သက်မဲ့တို့၏ လောကသည်၎င်း၊ ဖွဲ့စည်းပုံ၊ တည်ဆဲပုံ၊ ပျက်ဆဲပုံ တို့မှစ၍ အရာရာသော အကြောင်းတို့၏ အကျိုးတရား သည်၎င်း၊ အကျိုးတရားတို့၏ အကြောင်းတရား များသည်၎င်း၊ အားလုံးသော အကြောင်းတို့သည် သူ့အဖို့ တစ် နှင့် တစ် ပေါင်းလျှင်နှစ် အဖြေကို အလွယ်နှင့် တွေ့နိုင်သကဲ့သို့ ရှင်းလင်း လွယ်ကူစွာ တွေ့လေပြီ။

---

၁ မဂ်။

၂ သဗ္ဗညုတဉာဏ်။

ထိုမြတ်စွာဘုရားအား ဤလောကဓါတ်၌ မမြင်အပ်သော တရား တစုံတရာမျှမရှိ၊ ထို့ပြင် မသိထိုက် မသိအပ်သောတရား တစုံတရာမျှ မရှိ၊ တရားအားလုံးကို သိတော်မူပြီး။အလုံးစုံသော အရာတို့ကို မြင်နိုင်စွမ်းလေပြီ။ (ပဋိ သမ္ဘိဒါမဂ်၊မဟာဝဂ်)

ဤသို့ဖြင့် ရဟန်းကြီး ဂေါတမသည် အသိဉာဏ် အလင်းပွင့်သူ ဗုဒ္ဓအဖြစ်[၁] သို့ ကူးပြောင်းသွားပြီးနောက်၊ ထိုတောအုပ်၌ ရက်အနည်းငယ်ကြာမျှ တရားသဘောကို အပြန်ပြန်အလှန်လှန် နှလုံးသွင်း၍ နေခဲ့သည်။

သူ၏ တရားသဘောမှာ ရိုးရိုးကလေးသာ ဖြစ်သည်။ သို့သော် အပိုင်းအခြားမရှိ နက်နဲလှသည်၊ သိမ်မွေ့လှသည်။ ထို့ကြောင့် ဗုဒ္ဓသည်သူသိသော တရားတို့ကို အခြားပုဂ္ဂိုလ်တို့အားတဆင့် ဖြန့်ဖြူးရန် သင့်မသင့် ဆင်ခြင်ရာ၊ မသင့်ဟုပင် ဆုံးဖြတ်ချက် ချမိသေးသည်။ လူအများတို့သည် ကာမဂုဏ် တောတွင်း၌ ပျော်မွေ့ ကူးယှက် နေကြသဖြင့်၊ကာမဂုဏ်၏ အပြစ်ကို ပြသောကာမဂုဏ်တို့မှ ချုပ်ငြိမ်းမှုကို ပြသော သူ၏တရားကို နားလည်နိုင်မည် မဟုတ်၊ ဟောသူ ပင်ပန်းရုံသာ၊ နာသူတို့က ကျွတ်လွတ်ခြင်းမရှိလျှင် ဟောသူ ဆင်းရဲရုံသာ ရှိသည်ဟု သူတွေးမိသည်။

သို့သော် သူသည် ယတိပြတ် ဆုံးဖြတ်ခြင်း မပြုဘဲ၊ သူရရှိထားသော အလုံးစုံသော အရာတို့ကို မြင်သိ နိုင်သော ဉာဏ်အမြင်နှင့် လူသတ္တဝါတို့၏ ဉာဏ်အဆင့်,စိတ်အဆင့်ကို ဆင်ခြင်ကြည့်ရှုပြန် လေသည်။

---

၁ ၁၀၃-ခု၊ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရားအဖြစ်ရသည်ဟု အဆိုရှိ၏။

ရေ၌ဖြစ်သော ကြာတို့သည် အချို့က ရေထဲ၌ မြုပ်၍ ဖြစ်သည်၊ အချို့က ရေပေါ်၌ ဖြစ်သည်၊ အချို့က ရေနှင့်အညီ ဖြစ်သည်။ အချို့က ရေစိုစွတ်ခြင်း လိမ်းကျံခြင်းမရှိ စသည်ဖြင့် အမျိုးမျိုး ကွဲပြားကြသကဲ့သို့၊ လူတို့သည် အချို့က အသိဉာဏ်နည်းသဖြင့် ကာမဂုဏ်တော၌ နစ်မြုပ်လိမ်းကျံ၍ နေကြသော်လည်း၊ ကာမဂုဏ်တောမှ လွတ်နိုင်သော ဉာဏ်ရှိသည့် အဆင့်မြင့်သူများ ရှိကြသည်ဟု လူတို့၏ အသိဉာဏ် အဆင့်ဆင့်အစားစားကို သူသတိ ပြုမိသည်။

ဤတွင်မှ သူသည် သူ၏ တရားကို ဟောကြားပြီး လွတ်မြောက်ရေး သာသနာပြု လုပ်ငန်းကြီးကို လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်တော့သည်။

ပညာခံရှိပြီး ယုံကြည်မှုရှိသော သူတို့အား လမ်းပြရန် ဆုံးဖြတ်လိုက်သည်။

မည်သူ့ကို ပဌမ စ၍ တရားပြမည်နည်း။

သူနှင့် တရားရှာဘက်လည်းဖြစ်၊ ဆရာလည်း ဖြစ်ခဲ့ဘူးသော အာဠာရ ရသေ့နှင့် ဥဒက ရသေ့ တို့အား ပြသရန် ရည်ရွယ်သည်။ ဉာဏ်နှင့် ဆင်ခြင်ရာ သူတို့ကွယ်လွန်ကြပြီဟု သိသဖြင့်၊ သူ့အား အလုပ်အကျွေးပြုရာမှ "အစာ ပြန်စားသဖြင့် ဖေါက်ပြန်သူဟု ယူဆပြီး" စွန့်ခွာသွားသူ ပဉ္စဝဂ္ဂီ ရသေ့ ငါးဦးတို့အား တရားဟောရန် ဆုံးဖြတ်လိုက်သည်။

ဗုဒ္ဓသည် သူ့အား စွန့်ခွာသွားသူ ပဉ္စဝဂ္ဂီငါးဦးထံသို့ လိုက်သွားသည်။ ထိုရသေ့ ငါးဦးတို့က သူလာလျှင် မခေါ်မပြော

ရန်ပင် ညှိထားကြသော်လည်း၊ လူသူ အသိန်း အသန်း အထောင် အသောင်းတို့တွင် တဦးသာ သိနိုင်သော အသိတရားကို ရရှိလာ သူ ဗုဒ္ဓ၏အသွင်အပြင်မှာ ယခင်ကကဲ့သို့ မဟုတ်တော့ပြီ။

ကြည်လင်တောက်ပခါ သာမန်လူတို့နှင့် နှိုင်းယှဉ်မှု မပြုနိုင် လောက်အောင် ထူးထူးခြားခြား တင့်တယ်ခြင်းမက တင့်တယ် ကြည်ညိုဘွယ်ရှိရာ၊ ရသေ့ငါးဦးတို့သည် ဗုဒ္ဓအား သူ့ထက်ငါ ခရီးဦးကြိုပြုကာ ခြေဆုပ်လက်နယ် ပြုမိကြလေသည်။

ဗုဒ္ဓက သူ၏ အတွေ့အကြုံနှင့် သူတွေ့ရှိသော တရား၏ အ ကြောင်းကို ပြောပြသည်။ တပည့်ဟောင်း ရသေ့ ငါးဦးမှာ ဉာဏ်ပညာလည်း ရှိကြသည်၊ ယုံကြည်မှုလည်း ရှိကြသည်မို့ "မိမိတို့အား တရားဟောပြရန်" ပန်ကြားကြသည်။

ဗုဒ္ဓသည် ထိုရသေ့ ငါးပါးအား ပဌမ ဆုံးသော သူ၏ တရားကို ဟောကြားသည်။ လောကကြီး၌ အကယ် တည်ရှိ သော ဆင်းရဲမှု အမှန်တရား၊ ဆင်းရဲမှုကို ဖြစ်စေ သော အ ကြောင်းတရား၊ ဆင်းရဲခြင်းကို ချုပ်ငြိမ်းစေသော အကြောင်း တရား၊ ဆင်းရဲခြင်း ချုပ်ငြိမ်းမှုသို့ ရောက်ရှိ စေသော အ ကြောင်းတရားလေးပါးကို မူတည်ကာ ဟောပြောသည်။

ထိုတရားကို နာယူသူ ရသေ့ ငါးပါးအနက်၊ ကောဏ္ဍည အမည်ရှိ ရသေ့သည် ပဌမဆုံး တရား ပေါက်ရောက်သည်။ ထို နောက် ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်နှင့် အဿဇိ အမည်ရှိသော ရသေ့တို့သည်လည်း အစီ အစဉ်လိုက် ပေါက်ရောက် တော့ သည်။

ရသေ့ ငါးပါး တို့သည် တရားကို မြင်ကုန်သည် ဖြစ်၍၊ တရားကို ရောက်ကုန်သည် ဖြစ်၍၊ တရားကို ပေါက်ကုန်သည် ဖြစ်၍၊ တရား သက်ဝင်မှုနှင့် ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍၊ "မိမိတို့အား ရဟန်းအဖြစ် ချီးမြှင့်ပါ" ဟု ဗုဒ္ဓအား ပန်ကြားသည်။ ဗုဒ္ဓက "ရဟန်းတို့ လာကုန်လော့-ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်ကုန်လော့" ဟု မိန့်တော်မူသည်။

သူတို့သည် ရသေ့ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်း ကြလေပြီ။ သူတို့ကား ဤကမ္ဘာအဖို့ ပဌမဆုံးသော သံဃာများ ဖြစ်ကြသည်။ ပဌမဆုံးသော ဗုဒ္ဓ၏ သားတပည့်များ ဖြစ်ကြသည်။

ရဟန်းဘဝ ရောက်သော ထိုငါးပါးကို ဗုဒ္ဓကဆက်၍ ရုပ်တို့သည် ကိုယ်မဟုတ်၊ ရုပ်တို့သည် မမြဲ၊ အမြဲတစေ ဖြစ်ပျက်နေသည်ကိုရှုနည်း¹ တရားကို ဟောပြန်သောအခါ၊ အသိဉာဏ်ရင့်သန်သော ရဟန်း ငါးပါးသည် ကာမတို့မှ ဆွဲဆောင်မှု လွတ်ကျွတ်ခဲ့ပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သည်။

ထိုနောက် ဗုဒ္ဓအမှူးရှိသော ရဟန္တာ ၆ ပါးတို့သည်။ အိန္ဒိယပြည် အဝှမ်းသို့ လှည့်လည်ကာ သာသနာ ပြုတော့သည်။

ဗာရာဏသီပြည်သား ယသ အမည်ရှိသော သူဌေး သားသည် ကာမဂုဏ် စည်းစိမ်ကို ငြီးငွေ့သဖြင့် တောသို့ထွက်လာသည်။ တောတွင်း၌ ဗုဒ္ဓနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြုံရာမှ ဗုဒ္ဓ၏

---

၁ အနတ္တ လက္ခဏာသုတ်။

တရားကို ကြားနာပြီး ရဟန်း ဝတ်လိုက်သည်။ ကျင့်ဆောင်မှုဖြင့် ရဟန္တာဘဝသို့ ရောက်ခဲ့သည်။

သူဌေးသား ယသ-သာမက သူ၏ သူငယ်ချင်း ၄-ဦးသည် ၎င်း၊ အခြားသော သူငယ်ချင်း ၅၀-တို့သည်၎င်း ရဟန်းပြုကြပြန်သည်။ သူတို့သည်လည်း နေ့ဝင်တဖန် ပဋိသန္ဓေမနေတော့မည့် ကျွတ်သူ လွတ်သူ ရဟန္တာများအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

ဤအချိန်တွင် ဗုဒ္ဓသည် သူအပါအဝင် ရဟန္တာ ၆၁-ပါး ရှိခဲ့လေပြီ။ ယသ၏မိခင်နှင့် မယားဟောင်း စသော ဗုဒ္ဓ၏ဆုံးမမှုကို ခံယူသည့် လူဒါယကာများလည်း ရှိခဲ့လေပြီ။

တည်၌ ဗုဒ္ဓသည် တပါးတည်း ကိန်းအောင်းကာ စဉ်းစားတွေးတောရာမှ အကြံတရပ် ရရှိသည်။ ကြီးထွား လာသော မိမိရဟန္တာများမှတဆင့် သာသနာပြုရန် လိုအပ်သည်ကို တွေ့သိလာသည်။ ထို့ကြောင့် သူ၏ရဟန်းတို့ကတဆင့် အခြားလူများ သာမဏေများအား ရဟန်းပြုပေးခွင့်ကို ပေးရန် ဆုံးဖြတ်လိုက်လေသည်။

သူ၏ ဆုံးဖြတ်ချက်ကို အဖွဲ့ရဟန်းတို့အား ထုတ်ဖော် ပြောပြပြီး ရဟန်းပြုခွင့်ပေးကာ၊ ပဌမဆုံး သာသနာပြု လုပ်ငန်းကို စခဲ့သည်။

ရဟန်းတို့ ဤသို့ ရှင်ပြုပေးရမည်။ ရှေးဦးစွာ ဆံမုတ်ဆိတ်ကို ပယ်စေပြီးလျှင်၊ ဖန်ရည် ဆိုးသော အဝတ်တို့ကို ဝတ်စေ၍ လက်ဝဲတဖက် ပုခုံးထက်၌ ကိုယ်ဝတ်ကို စမ္ပါယ်

တင်ပြေပြီးလျှင်၊ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေလျက် ဆောင့်ကြောင့် ထိုင်နေစေကာ လက်အုပ်ချီ စေပြီးလျှင်-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ - ဟု ဤသို့ ရွတ်ဆိုလော့ဟု ပြောဆိုရမည်။ ရဟန်းတို့ ဤသရဏဂုဏ် သုံးပါး တို့ဖြင့် ရှင်ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏'' ဟု မိန့်တော်မူ၏။ (မဟာဝဂ်၊ ရှင်ရဟန်း ပြုပေးနိုင်ခွင့် ပြုခြင်း)

ဤသို့ဖြင့် ရဟန်းသံဃာများအဆင့်ဆင့် တိုးတက်ပွားများ လာပြီး၊ ဗုဒ္ဓ၏သာသနာသည် စတင်ထွန်းကား လာလေတော့သည်။ သာမဏေများ, သံဃာများ စသည်တို့ ပွားများလာ သကဲ့သို့ပင်၊ ရှင်သာရိ ပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်မဟာ ကဿပ စသော ရဟန္တာအဖြစ် ပေါက်ရောက်သော ပုဂ္ဂိုလ်ကြီး များလည်း ပေါ်ထွန်းခဲ့သည်။

ဗုဒ္ဓသည် အလင်းရပြီး သာသနာသစ် တခု, ဘာသာသစ် တခုကို ဟောပြော နေသည်၊ အောင်မြင် နေသည် ဟူသော သတင်းသည် အိန္ဒိယပြည် အနှံ့အပြားသို့ ကျော်ကြား လာ လေသည်။ သူ၏ဇာတိဖြစ်သော ကပ္ပိလဝတ်ပြည်သို့လည်း သတင်း ပျံ့လွင့်လာသဖြင့်၊ သူ၏ ဖခင် သုဒ္ဓေါဒနက သားဖြစ်သူအား

ဇာတိသို့ ပြန်၍ ဟောပြော သင်ပြရန် တမန်များ စေလွှတ်၍ ပင့်လေသည်။

မူလကလည်း သူ၏ ဇာတိ ဒေသသို့ပါ ပြန်၍ သာသနာ ပြုရန် ရည်ရွယ်ချက် ရှိသဖြင့်၊ ဗုဒ္ဓသည် ကပိလဝတ်မြို့သို့ ခရီး ထွက်ခဲ့သည်။ သူ၏တပည့်ရဟန်း သံဃာ အမြောက်အများလည်း လိုက်ပါ သွားကြသည်။

မြို့သို့ရောက်ရှိပြီး၊ ဗုဒ္ဓသည် သူ၏ ဖခင်၏ နန်းတော် ထဲသို့ ဝင်ခဲ့လေသည်။

သုဒ္ဓေါဒနနှင့်တကွ မိဖုရားတော် ဂေါတမီ၊ ညီ-နန္ဒမင်းသား စသည်ဖြင့် ဆွေမျိုးအားလုံးတို့သည် နန်းမဆောင် ခန်းမကြီး၌ စုဝေးလာကြသည်။

တခါက မဲနက်သော ရောင်ချောကြီးနှင့် တောက်ပြောင် သော ပိုးဖဲ ရွှေငွေတို့ကို ဝတ်ဆင်ခဲ့သော နုပျို ချောမောသည့် သိဒ္ဓတ္ထ လုလင်ပျိုအသွင်သည် ကွယ်ပျောက် ခဲ့လေပြီ။ မှိုင်းညို သော သစ်ခေါက်ဆိုး သင်္ကန်းကို ဝတ်ရုံ ထားသော ရိတ်အပ် သော ဦးပြည်းနှင့် သူ၏မူလအသွင်မှာ လုံးဝပြောင်းလဲနေလေ ပြီ။ ရင့်ကျက်သော ဉာဏ်ဖြင့် တရားအသိဉာဏ်ကြောင့်၊ ကြည် လင်ခြင်းမက ကြည်လင်သော ဗုဒ္ဓ၏ အသွင်မှာ ကြည်ညိုဘွယ် ကောင်းလှသည်။

မိခင်ဖခင်နှင့်တကွ ကြီးသူရော ငယ်သူပါ ခန်းမ ဆောင် ကြီးအတွင်း ရှိသမျှ ပုဂ္ဂိုလ် အပေါင်းတို့သည် ဗုဒ္ဓ၏ ကြည်ညို ဘွယ်အသွင်ကို ဖူးမြင်ကြရသောအခါ၊ မိမိတို့က အသက်ကြီးရုံ

မက, တူ-သား စသည်ဖြင့် ဝါငယ်သည်ဟူသောအဖြစ်ကို မေ့လျော့ကာ အားလုံး ရှိခိုးမိကြတော့သည်။

တွေ့ဆုံ နှုတ်ဆက် ကန်တော့ကြသော ဆွေမျိုးအပေါင်းတို့တွင်၊ ယသော်ဓရာ တယောက်တော့မူ မပါခဲ့ပေ။

ယသော်သည် သူ့အား ကျောခိုင်းကာ ထွက်သွား သောသူ၏ ချစ်လင်၏ သတင်းကို အမြဲနားစွင့်ခဲ့သည်။ သိဒ္ဓတ္တ မင်းသား ပန်းနံ့သာကို ပယ်သည်ဟု သတင်းရစဉ်က သူလည်း ပန်းနံ့သာကို ပယ်သည်။ မင်းသားက တထပ်သော အစာကိုသာ စားသည်၊ နေ့လွဲညစာ မစားဟု သတင်း ရစဉ်က သူလည်း ညစ္စာရှောင်ခဲ့သည်။ မင်းသားသည် သလွန် ညောင်စောင်း စသော အိပ်ရာကို ပယ်သည်ဟု သတင်း ကြားရ သဖြင့်၊ သူလည်း ကြမ်းပြင်၌ အိပ်စက်ခဲ့သည်။ မင်းသားသည် ဖန်ရည်ဆိုးသော အဝတ်များသာ ဝတ်သည်ဟု သတင်း ရစဉ်က သူလည်း ဖန်ရည်ဆိုးသော အဝတ်သာ ဝတ်ကာ ပိုးဖဲကတ္တီပါကို ပယ်ခဲ့သည်။ သူသည် ခင်ပွန်းသည်အား လွမ်းသည့်စိတ်ကို ခင်ပွန်းကဲ့သို့ ကျင့်သုံးခြင်းဖြင့် ဖြေခဲ့သည်။

ဗုဒ္ဓလောင်းလျာပုဂ္ဂိုလ်မျိုးနှင့်သာ ထိုက်တန် သော ကမ္ဘာပေါ်တွင် သစ္စာအရှိဆုံး မယားကောင်း မယားမြတ်ဖြစ်တော့သည်။

ခင်ပွန်းသည်၏ သတင်းကို အမြဲနားစွင့်နေသော ယသော်ဓရာ သည် ခင်ပွန်းရောက်မည့်နေ့ကို သိသည်။ ခင်ပွန်းသည် နန်းမဆောင်ကြီးထဲကို ရောက်နေပြီကိုလည်း သူသိသည်။ သို့သော် ထွက်၍ ဖူးမြော်ခြင်းမပြု။

"သခင်မရဲ့ကျေးဇူး သူ့အပေါ်မှာ ရှိတယ်ဆိုလျှင် သူသိမှာပါဘဲ၊ သူသိရင် သခင်မရဲ့ အဆောင်ထဲ ဝင်လာပါလိမ့်မယ်"

ဗုဒ္ဓကို လာရောက် ဖူးမြင်ရန် ခေါ် သူ ရှံရွေ တဦးအား ယသော်က ပြောလိုက်သည်။

သူမသည် မယားကောင်းတဦး အဖြစ်သာမက၊ သိဒ္ဓတ္ထဘဝ တောထွက်သည့်နေ့က မိန်းမတို့ မာယာဖြင့်၎င်း၊ မိမိ၏အလှ ဖြင့်၎င်း၊ မိမိ၏ အတွေ့ဖြင့်၎င်း၊ တားဆီးခြင်း မပြုခဲ့ဘဲ၊ မိမိ အနစ်နာခံကာ ပါရမီကို ကူညီဖြည့်ခဲ့သည် မဟုတ်လော။

ယသော်ဓရာ တွက်သည့်အတိုင်းပင်၊ ဗုဒ္ဓသည် သူ၏ အား ထုတ်မှု၌ တားဆီးခြင်း မပြုဘဲ အားပေးခြင်း အထောက်အကူ ကိုပြုသူ သူ၏ ဇနီး၏ ကျေးဇူးကို သိသည်။ ဆွေမျိုး များ၏ ကန်တော့ခြင်းကို ခံယူပြီးနောက်၊ နှုတ်ဆက်စကား ပြောကြား ပြီးလျှင်၊ ယသော်၏ အဆောင် တွင်းသို့ ဝင်ခဲ့သည်။ ကာမ ဂုဏ်ကို ကျောခိုင်းပြီးသည့်နောက်၊ နှောင်အိမ်ဟောင်းသို့ ပဌမ ဆုံး ပြန်လည် ရောက်ရှိခြင်း ဖြစ်သည်။ (ထောင်လွတ်သူ တဦး ထောင်အချုပ်ခန်း ပြန်၍ ကြည့်သကဲ့ ရှိချေမည်။)

ဗုဒ္ဓသည် သူ၏ ဝဲ-ယာရံ ရဟန္တာကြီး နှစ်ပါးကိုပါ အတူ ခေါ်ဆောင် သွားသည်။ ယသော်က မည်သို့ပင် ပြုစေကာမူ တားမြစ်ခြင်း မပြုနှင့်ဟုလည်း ကြိုတင်မှာကြား ထားသည်။

အဆောင်တွင်းသို့ ဗုဒ္ဓ ရောက်လျှင်ရောက်ခြင်း လွန်ခဲ့သော ၇-နှစ် ကာလ ခွဲကြရစဉ်က မျက်ရည်တပေါက်မှ မကျခဲ့သော ယသော်သည် ဗုဒ္ဓ၏ ခြေဖမိုးကို သူမ၏ ဦးခေါင်းဖြင့်၎င်း၊ ဆံ ပင်တို့ဖြင့်၎င်း၊ နဖူးဖြင့်၎င်း၊ ပါးဖြင့်၎င်း၊ ပွတ်တိုက်သည်။

ဤတွင်မှ မျက်ရည်မိုးကြီး ဝေဖြိုးပြင်းထန်စွာ သွန်းချရွာသွန်းတော့သည်။ မိုးကြီးတင်ငိုကြွေးတော့သည်။ ၇ နှစ်တာမျှ ခွဲခွါရသည့် လွမ်းသရွေ့ကို မျက်ရည်ချောင်းစီး ဧကော အလွမ်းဖြေတော့သည်။

တသက်တကြိမ်သာ နှလုံးသည်းပွတ်မှ ထွက်လာသော မျက်ရည်တို့ဖြင့် သည်းထန်စွာ ငိုကြွေးပြီး၊ အားရမှသာ ဗုဒ္ဓအား တောင်းပန်ကာ ရှိခိုးတော့သည်။

ဗုဒ္ဓအလောင်းအလျာ၏ ဇနီးပြီပြီ၊ ဉာဏ်ပညာအရာ၌ အအတန်း မြင့်သော ယသော်ဓရာသည် နောင်ခါတွင် ဗုဒ္ဓကအမျိုးသမီးတို့အား ရဟန်းမအဖြစ် လက်ခံသောအခါ၌၊ ဦးစွာပါဝင်သော ရဟန်းတဦး ဖြစ်ခဲ့သည်။ ဆင်းရဲခြင်း လွတ်မြောက်ရာ ကျွတ်လွတ်မှုကို ရရှိသွားခဲ့၏။

ဗုဒ္ဓသည် သူ၏ဇာတိ၌လည်း လူအမြောက်အများကို သာသနာပြုပြီးနောက်၊ အိန္ဒိယပြည် အရှေ့မြောက်ပိုင်းဒေသ အနှံ့အပြားသို့ လှည့်လည်၍ သာသနာပြုလေသည်။

ဘုရင်တို့သည်၎င်း၊ စော်ဘွားတို့သည်၎င်း၊ ဗုဒ္ဓ၏ သတင်းကို ကြားသိသဖြင့် ပင့်ဖိတ်ကြသည်။ သူဌေး သူကြွယ်တို့က ကျောင်းများ ဆောက်လုပ်ကြကာ လှူဒါန်းကြသည်။ သာသနာ့ဝန်ထမ်း ရဟန်းများလည်း အမြောက်အများ ပေါ်ထွန်းတော့သည်။

သို့ သာသနာပြုရာ၌၊ ရံဖန် ရံခါ အတိုက်အခံ ပြုမှုများကို တွေ့ရလေ့ရှိသည်။ သို့သော် မှန်ကန်ခြင်း သစ္စာတရားကို လက်

ကိုင်ထားသော ဗုဒ္ဓသည်သာ အနိုင်ရသည်။ သူ၏ အောင်နိုင်ခြင်းမှာ အတိုက်အခံပြုသူကို ရှုံးနိမ့် စေသော အောင်နိုင်ခြင်း မဟုတ်။ အတိုက်အခံပြုသူကို အမှန်ပြကာ သိမ်းသွင်း ခြင်းဖြင့် အကျိုးတရားကို ရရှိစေသော အောင်နိုင်ခြင်း ဖြစ်သည်။

ဗုဒ္ဓအား အတိုက် အခံ ပြုသူတို့တွင် ဂိုဏ်းခွဲ ထောင်သော ဒေဝဒတ်သည် ဗုဒ္ဓအား သတ်ဖြတ်ရန် ဆယ်ကြိမ် တိုင်တိုင် လုပ်ကြံခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပေ။ ဗုဒ္ဓ၏ မှန်ကန်မှုကသာ အနိုင်ရခဲ့၏။

ဗုဒ္ဓသည် သူ၏ဇာတိဖြစ်သော ကပိလဝတ်မြို့မှ ပြန်လာသော အခါ၊ အနုပိယမည်သော ရွာတွင် သာကီ အမျိုးအနွယ် (ဗုဒ္ဓနှင့်သွေးမျိုး) မင်းသား ၆-ဦးနှင့် ဆတ္တာသည် တဦးတို့သည် ဗုဒ္ဓထံ ရဟန်းပြုကြသည်။

ထိုရဟန်း ၇-ဦးတို့တွင် နှစ်ဦးမှာ ဗုဒ္ဓသာသနာ၌ အရေးပါသော ရဟန်းများ ဖြစ်ကြသည်။။ တဦးမှာ ဒေဝဒတ် ဖြစ်သည်။ ဂိုဏ်းခွဲထောင်ကာ ဗုဒ္ဓအား ရန်ပြုခဲ့သူ ဖြစ်၏။

ကျန်တဦးမှာ ရှင်အာနန္ဒာ ဖြစ်သည်။ ရှင်အာနန္ဒာ သည် ဉာဏ်ပညာ ထက်မြက်သူ ဖြစ်သော်လည်း တရား အားထုတ်မှု ဝိရိယ၌ အင်အားပြေ့သည်။ သို့ကြောင့် သူသည် ဗုဒ္ဓ၏အလုပ်အကျွေးအဖြစ်၊ အပါးတော်မြဲ အဖြစ် နှစ်အတန်ကြာ အမြဲ အတူ လက်ပွန်းတတီး နေထိုင် ရသော်လည်း သူသည် ရဟန္တာ အဖြစ် ကျွတ်လွတ်မှုကို မရခဲ့ပေ။[၁]

---

၁ ဗုဒ္ဓကွယ်လွန်ပြီးနောက် ပဌမ သံဂါယနာ တင်အံ့ဆဲဆဲ မှသာ ရဟန္တာဖြစ် ရသည်။

သို့သော် သူသည်*မှတ်ဉာဏ်အရာ၌ များစွာ ကောင်းမွန်လှသော ရဟန်းဖြစ်သည်။ ဗုဒ္ဓဟောကြားသမျှ တရားအားလုံးကို မှတ်သားမိသည်။ အဖြစ်အပျက် အားလုံးကိုလည်း မှတ်သားမိသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုပြီးနောက်၊ သူ၏ မှတ်သားချက် များကို မှတ်တမ်း တင်ခြင်း၊ သံဂါယနာ တင်ခြင်းဖြင့် ဗုဒ္ဓသာသနာကြီး အဓွန့်တည်ခဲ့လေရာ၊ သူ၏ မှတ်သားချက်တို့သည်ငင်း၊ သူသည်ငင်း အထူး အရေးကြီးသော ကမ္ဘာကြီး တရပ်ပင် ဖြစ်တော့သည်။

ဗုဒ္ဓသည် ၄၅–နှစ်တိုင်မျှ အရပ်ရပ်သို့ လှည့်လည် သာသနာပြုပြီးနောက်၊ အသက် ၈၀–တွင် ပရိနိဗ္ဗာန် ပြုခဲ့သည်။[၂]

ဗုဒ္ဓသည် ကွယ်လွန်အံ့ဆဲဆဲ ဝေဒနာ ခံစားနေရစဉ်ပင်၊ သူ၏ တပည့်သား ရဟန်း သံဃာတို့အား မေးမြန်း သေးသည်။

"ငါ၏ တရားများမှ မရှင်းသော အချက်များ ရှိသလော၊ တရားကို ယုံမှားချက်များ ရှိသလော" ဟု မေးတော်မူ၏။

အကယ်၍ မရှင်းသည့် အချက်များ ရှိပါက ရှင်းလင်း ဟောကြားဦးမည် ဖြစ်၏။

ရဟန်း အားလုံး တို့က ·မရှင်းလင်းသော အချက်၊ ယုံမှားသောအချက် မရှိကြ၍ မဖြေကြားဘဲ ဆိတ်ဆိတ်နေကြလေရာ

---

၂ မဟာသက္ကရာဇ် ၆၈-ခု ကဆုန် လပြည့် သောကြာနေ့ ဖွါး၍၊ ၁၀၃-ခု ကဆုန်လပြည့်နေ့ ဘုရားဖြစ်၏။ ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါ နေ့တွင် ကွယ်လွန်၏ဟု မှတ်တမ်းတို့က ဆို၏။ သာသနာ သက္ကရာဇ်မှာ ဗုဒ္ဓပရိနိဗ္ဗာန် စံပြီးမှ စတင် ရေတွက်သော နှစ်များ ဖြစ်၏။

သုံးကြိမ်းတိုင် ဗုဒ္ဓကမေး၏။ မည်သူမှ မဖြေသဖြင့် ရှင်အာနန္ဒာကပင် "မရှိပါ ဘုရား-အားလုံး ရှင်းကြပါသည်၊ အားလုံးနားလည်ကြပါသည် ဘုရား" ဟု လျှောက်ထား လေသည်။

ဗုဒ္ဓသည် သူ၏တရားများနှင့် ပတ်သက်၍ စေဒက မရှိတော့ပြီဟု သိသောအခါ၊ လူ့လောကကြီးနှင့်တကွ ရဟန်းတို့အား နောက်ဆုံးစကား မှာကြားကာ လူလောကကြီးကို စွန့်ခွါသွားတော့သည်။

စွန့်ခွါရာ၌ အဆင့်ဆင့်သော ဈာန်သမာပတ်တို့ကို ဝင်စားကျင့်ဆောင်ရင်းနှင့် နောင်ထပ်၍ ဘဝသစ် မနေဘဲ ချုပ်ငြိမ်းခြင်းနိဗ္ဗာန်သို့ ဝင်လေသည်။

ဗုဒ္ဓက နောက်ဆုံး မှာကြားသွားသော မှာတမ်းမှာ....

**"ရဟန်းတို့ အကျဉ်းအားဖြင့် ငါမှာကြားခဲ့အံ့၊ဖြစ်ခြင်းသဘောတရား မှန်သမျှတို့သည် ပျက်ခြင်းသို့ ဦးတည် ရွေ့လျောနေသော သဘော ရှိသည်။ ဖြစ်မှု ပျက်မှု မှန်သမျှ သင်တို့သည် မမေ့မလျော့ကြ ကုန်လင့်"** ဟူ၏။

( ဗုဒ္ဓဖြစ်စဉ် ပြီး၏။ )

# ဗုဒ္ဓ၏ တပည့်သား သံဃာ

ကျမ်း၏ အစီအစဉ်အတိုင်း ဆိုလျှင် ဗုဒ္ဓ၏ အကြောင်း ပြီးလျှင် ဗုဒ္ဓဟောကြားသော တရားကို ရေးသားရမည်ဖြစ် သော်လည်း၊ ဗုဒ္ဓ ဟော ကြား သော တရားဓမ္မကို အကျယ် တဝင့် အသေးစိတ် ရေးသားရန် လိုအပ်သည်။ သံဃာ တော် များ ကဏ္ဍကိုမူ အကျဉ်းမျှသာ ရေးရန် ရည် ရွယ် သဖြင့်၊ သံဃာ တော်များ ကဏ္ဍကို တရားကဏ္ဍ၏ ရှေ့မှ စ၍ ရေးသားပါ၏။

ဗုဒ္ဓသည် သူ၏ တရားများအား ဉာဏ်အသိ ရှိသူတို့အား ဖြန့်ဖြူးပေးမည်၊ ချတ်မည်ဟု ဆုံးဖြတ်ကာ စတင် ဟောပြော ချိန်မှ စ၍ သံဃာ တည်းဟူသော ရတနာသည် ပေါ်ထွန်းခဲ့ လေသည်။

ဗုဒ္ဓက ပဌမဆုံး တရားဟောသော တပည့် ရသေ့ငါးဦးတွင်၊ ရှင်ကောဏ္ဍညသည် ပဌမဦးစွာ တရားပေါက်ကာ ရဟန်း

ဘဝသို့ ရောက်သူဖြစ်သည်။ သူသည် ကမ္ဘာ၏ ပဌမဆုံးသော သံဃာ ရတနာဖြစ်သည်။ ကျန် ရသေ့ ၄ ဦး သည်လည်း အစဉ် အလိုက် ရဟန်းဖြစ်ကြသည်။ ထို့နောက် ယသအမည်ရှိ သူဌေး သား ရဟန်းပြုသည်။ ဆက်လက်၍ ယသ၏ သူငယ်ချင်း လေး ယောက်တို့သည်၎င်း၊ ယသ၏ အခြားသော သူငယ်ချင်း ငါး ကျိပ်တို့သည်၎င်း၊ ရဟန်းပြုကြပြန်သည်။

ဆက်လက်၍ ဘဒ္ဒဝဂ္ဂီနှင့် သူငယ်ချင်း သုံးကျိပ်တို့သည်၎င်း၊ ဉရုဝေလကဿပ ရသေ့ကြီးနှင့် ရသေ့ ငါးရာ တို့သည်၎င်း၊ သူ၏ညီ နဒီကဿပနှင့် ရသေ့ ငါးရာတို့သည်၎င်း၊ ရဟန်းပြုကြ လေရာ၊ ဗုဒ္ဓ၏ သံဃာအဖွဲ့သည် တဖြည်းဖြည်း ကြီးထွားလာ၏။

အမြို့မြို့ အနယ်နယ်မှ သာသနာ့ ဘောင်တွင်းသို့ ဝင် ရောက်လိုသူတို့သည် ဗုဒ္ဓနှင့် အဖွဲ့ရှိရာသို့ လာကာ ရဟန်းအဖြစ် ခံယူကြသည်။

ရဟန်းတို့-ဆိတ်ငြိမ်ရာသို့ ကပ်၍ တပါးတည်း ကိန်း အောင်းတော်မူသော ငါဘုရားအား ယခုအခါ ရဟန်းတို့ သည် အထူးထူးသောအရပ်၊ အထူးထူးသော ဇနပုဒ်တို့မှ ရှင်လောင်း ပဉ္စင်းလောင်း တို့ကို မြတ်စွာဘုရားသည် ရှင်၊ ရဟန်း ပြုပေးလတ္တံ့ဟု ခေါ်ဆောင် လာကြရာ၊ ရဟန်းတို့ သည်၎င်း၊ ရှင်လောင်း၊ ပဉ္စင်းလောင်း တို့သည်၎င်း၊ ပင်ပန်း ကုန်၏။ အကယ်၍ ငါဘုရားသည် ရဟန်းတို့ သင်တို့ ကိုယ် တိုင်သာလျှင် ထိုထိုဇနပုဒ်တို့၌ ရှင်၊ရဟန်း ပြုပေးကုန်လော့ ဟု ရဟန်းတို့အား ခွင့်ပြုရမူ ကောင်းပေစွဟု အကြံ ဖြစ် ပေါ်တော်မူ၏ဟု မိန့်တော်မူ၏။

ရဟန်းတို့ ယခုအခါ သင်တို့ ကိုယ်တိုင်သာလျှင် ထိုထို အရပ်၊ ထိုထို ဇနပုဒ်တို့၌ ရှင်,ရဟန်း ပြုပေးကုန်လော့ ဟု ခွင့်ပြုတော်မူ၏။ (မဟာဝဂ်၊ မဟာခန္ဓက ၉)

ရဟန်းတို့မှ တဆင့် ရဟန်းပြုခွင့်ကို ဗုဒ္ဓက ခွင့်ပြုလိုက်သည်။ ထိုခွင့်ပြုချက်နှင့် တကွ ရဟန်းများ ကိုလည်း သူ၏ ထံ၌သာ ကပ်၍မနေကြဘဲ၊ သင့်တင့်ရာ ဒေသသို့ သွားရောက် သာသနာ ပြုရန် စေလွှတ် လိုက်လေသည်။

သို့သော် ထိုရဟန်း ပြုခွင့်အမိန့်ကို ဆယ်ဝါရှိပြီး ရဟန်းကသာ ပြုခွင့်ရှိသည်။ ရဟန်းတို့၏ ကျင့်ဝတ်ကို ကျွမ်းကျင်လိမ္မာသော ရဟန်းကသာ ပြုခွင့်ရှိသည် - စသည်ဖြင့် ဗုဒ္ဓသည် စည်းကမ်း ကြပ်မတ်သည်။ သူသတ်မှတ်သော ဥပဒေ စည်းကမ်းတို့ကို သူကပင် ကြုံတွေ့သော အခြေအနေပေါ် မှီ၍ ပြုပြင် ပေးလေသည်။

ထို့အတူ အခြားအခြားသော ရဟန်းတို့၏ ကျင့်အပ်သော အကျင့်များ၊ ရှောင်မည့် ဥပဒေများ¹ကို သူ၏ တပည့် သားရဟန်းများအဖွဲ့တွင် ကြုံတွေ့လာသော ကျူးလွန်မှုနှင့် အခြေအနေ အပေါ်တွင်တည်ကာ သုံးသပ် ချမှတ်၍ ဥပဒေပြုလေ့ရှိသည်။ ခွင့်ပြုချက်တို့ကိုလည်း ပေးသည်။

ရာဇဂြိုဟ်ပြည် ထန်းတော ဥယျာဉ်၌ သီတင်း သုံးနေစဉ်၊ ဗိမ္ဗိသာရမင်းက ဆွမ်းပင့်၍ကျွေးသည်။ ဆွမ်းကပ်ပြီးတွင် ဗိမ္ဗိသာရမင်းက ဝေဠုဝန်ဥယျာဉ်ကို (ဥယျာဉ်တွင်းရှိ မင်းတံပါ)

---

၁ ဝိနည်း။ ၂ ဝိနည်းသိက္ခာပုဒ်။

ဗုဒ္ဓနှင့် တကွ သံဃာတော်များ သီတင်းသုံးရန် လှူဒါန်းသည်။ ဗုဒ္ဓကလက်ခံ၏၊ လက်ခံရုံသာမက "ရဟန်းတို့အား ရဟန်းတို့ အရံ (ကျောင်း)ကို အလှူခံစိမ့် သောငှါ ခွင့်ပြု၏။ ဤနည်းဖြင့် ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး တည်းဟူသော ရဟန်းတို့ မှီဝဲအပ်သော ပစ္စည်း လေးပါး တို့ကို မှီဝဲခွင့် ရှိကြောင်းနှင့် အကြောင်းဆိုက်သည့် အဖြစ်အပျက် ကြုံတွေ့သည့်အခါတို့၌ ခွင့်ပြုလေသည်။

ရဟန်းတို့ ရှောင်ရမည့် တရား များနှင့် စပ်လျဉ်း၍လည်း ဥပဒေပုဒ်မများကို တခုပြီးတခု ကြုံတွေ့ရသော အခြေအနေအရ မူတည်၍ သတ်မှတ်ခဲ့လေသည်။

ရံဖန် ရံခါ ချမှတ်သော ဥပဒေသည် ပြင်းလွန်းလျှင်၎င်း၊ လက်တွေ့နှင့် မလျော်ညီလျှင်၎င်း၊ ပြန်လည်ပြင်ဆင်မှုကို ပြုလေ့ ရှိသည်။

ရဟန်းတို့၏ ကျင့်သုံး ထိန်းသိမ်းရမည့် စည်းကမ်းမှာ မွန်မြတ်သော ကျင့်စဉ်ကို အခြေအနေ အပေါ် ကြည့်ကာ ပြုပြင် သွားသည် ဆိုသော်လည်း၊ တိကျ ခိုင်မာသော စည်းကမ်းကိုမူ ထားရှိသည်။

ရဟန်းကျင့်ဝတ်တို့၌ မည်သည့် နည်းနှင့်မှ လက်မခံသော ပြုခွင့်မရှိသော တရားလေးပါးရှိ၏။ ထိုပြစ်မှု လေးမျိုး အနက် တမျိုးမျိုးကို ရဟန်းအဖြစ်နှင့် ကျူးလွန် မိပါက ရဟန်းဘဝမှ နှုတ်ပယ်ရုံမျှမက ထိုသူအဖို့ ဤဘဝ သက်တန်း၌ နောက်ထပ် ရဟန်းဖြစ်ခွင့် မရှိတော့ပြီ။ ရာသက်ပန် ရဟန်းဘဝက ပယ်လိုက်

သည့်တိုင်၊ ပြင်းထန်သောပြစ်ဒဏ်ကို ပေးလေသည်။မြတ်သော အကျင့်ကို ကျင့်ပါမည်ဟု ဝန်ခံကာ၊ ရဟန်းအဖြစ် ရောက်ပြီးမှ ထိုပြစ်မှုများကို ရဟန်းအဖြစ်နှင့် ကျူးလွန်ခြင်းကို သာသနာ တော်က ပြင်းထန်စွာ အရေးယူသည်။

ဋ္ဌင်းပြစ်မှုကြီး လေးရပ်မှာ - ၁) ရဟန်းအဖြစ်နှင့် မေထုန် မှီဝဲခြင်း။ ၂) ရဟန်းအဖြစ်နှင့်ခိုးခြင်း။ ၃) ရဟန်းအဖြစ်နှင့် လူ့အသက်သတ်ခြင်း နှင့် ၄) ရဟန်းအဖြစ်နှင့် မဂ် ·ဖိုလ် ·ဈာန် ရသည်၊ (ထွက်ရပ်ပေါက်သည် စသည်ဖြင့်) ပြောဟော ခြင်း၊ အမှုကြီး လေးရပ် ဖြစ်သည်။ ပြစ်မှုလေးရပ်၏ ပြစ်မှု အင်္ဂါ မြောက်ပုံ သတ်မှတ်ရာ၌လည်း တိရစ္ဆာန်ကို ဖြစ်စေ မေထုန် မှီဝဲခြင်း မပြုရ။ ရွှေစင်တမတ် ငွေငါးကျပ် တန်ဘိုး အထက် မခိုးရ။ လူကိုမသတ်ရ၊ ကိုယ်ဝန်ဖျက်မချရ "ကျုပ်က ဆိပ်ငြိမ် ရာမှာဘဲ ပျော်တယ် ဒါယကာကြီးရဲ့" ဟုပင် မပြောရဟု ကြီး မား ပြင်းထန်သော စည်းကမ်းများကို အသေးစိတ် ချမှတ်ခဲ့ လေသည်။

ဋ္ဌပင်း ဖြစ်ပြီးသော ရဟန်းသည် အယုတ်ဆုံး အားဖြင့် တိရစ္ဆာန်မ၌ သော်လည်း မေထုန် အကျင့်ကို မမှီဝဲအပ်။ ဥပမာအားဖြင့် ဦးခေါင်း ပြတ်ပြီးသော ယောကျ်ားသည် ဦးခေါင်းနှင့် ကိုယ်ကို ပြန်၍စပ်သဖြင့် အသက် ရှင်ခြင်းငှါ မထိုက် သကဲ့သို့တည်း။ ဤအတူ သာလျှင် ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲသည်ရှိသော် ရဟန်းမဟုတ်၊ ဘုရား အနွယ်တော်မဟုတ်၊ သင်သည် ထိုမေထုန် အကျင့်ကို အ

သက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌ တည်ရှိ နေသမျှ ကာလပတ်လုံး) မပြုကျင့်အပ်။

ပဉ္စင်းဖြစ်ပြီးသော ရဟန်းသည် မပေးသော ဥစ္စာကို ခိုးလိုသော စိတ်အဘို့ဖြင့် မခိုးယူအပ်။ အယုတ်ဆုံးအားဖြင့် မြက်,ဝါးခြမ်းစိတ်ကို အစပြု၍ မခိုးယူအပ်။ဥပမာအားဖြင့် အညှာမှ ကြွေကျသော ဖက်ရွက်လျော်သည် တဖန် ပြန်၍ စိမ်းစိုခြင်း "စိမ်းရှင်ခြင်း"ငှါ မထိုက်သကဲ့သို့၊ ဤအတူ သာလျှင် ရဟန်းသည် တမတ်တန် ဥစ္စာကိုဖြစ်စေ၊ တမတ် ထက် ပိုလွန်သော ဥစ္စာကိုဖြစ်စေ မပေးဘဲ ခိုးလိုသော စိတ် အဘို့ဖြင့် ခိုးယူသည် ရှိသော် ရဟန်းမဟုတ်၊ ဘုရားအ နွယ် တော်မဟုတ်။ သင်သည် ထိုခိုးခြင်းအမှုကို အသက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး) မပြု ကျင့်အပ်။

ပဉ္စင်းဖြစ်ပြီးသော ရဟန်းသည် သေစေလိုသော စေတ နာဖြင့်၊ စေတနာ ရှိသည် ဖြစ်၍ သတ္တဝါကို အသက်မှ မသတ်အပ်။ အယုတ်ဆုံးအားဖြင့် ပိုးရွ ခြပုံးကို အစပြု၍ အသက်မသတ်အပ်။ အကြင် ရဟန်းသည် သေစေ လိုသော စေတနာရှိသည်ဖြစ်၍ လူဇာတ်ဖြစ်သောသူကို အယုတ်ဆုံး အားဖြင့် ကိုယ်ဝန် ကျဆေးကို အစပြု၍ အသက်သတ်၏။ (သတ်ငြားအံ့) ထိုရဟန်းသည် ရဟန်းမဟုတ်၊ ဘုရား အ နွယ်တော် မဟုတ်။

ဥပမာအားဖြင့် နှစ်ခြမ်းကွဲလေ ပြီးသော ကျောက်ဖျာ ကြီးသည်၊ တဖန်ပြန်၍ စပ်ခြင်းငှါ မဖြစ်သကဲ့သို့၊ ဤအတူ

သာလျှင် ရဟန်းသည် သေဇေ လိုသော စေတနာ ရှိသည် ဖြစ်၍ လူဇာတ်ဖြစ်သောသူကို အသက်မှသတ်သည် ရှိသော် ရဟန်းမဟုတ်၊ ဘုရား အနွယ်တော် မဟုတ်။ သင်သည် ထိုအသက် သတ်ခြင်းကို အသက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး) မပြုကျင့်အပ်။

ပဋ္ဌင်းဖြစ်ပြီးသော ရဟန်းသည် လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော(ဈာန်-မဂ်-ဖိုလ်) တရားကို မပြောဟောအပ်။ အယုတ်ဆုံးအားဖြင့် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်၏'' ဟု မပြောအပ်၊ အကြင် ရဟန်းသည် ယုတ်မာသော အလိုဆိုး ရှိသည် ဖြစ်၍၊ အလိုဆိုးသည် နှိပ်စက်အပ်သည် ဖြစ်၍ ထင်ရှား မရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်တရားကိုငင်း၊ ကျွတ်လွတ်ခြင်း နိဗ္ဗာန်တရားကိုငင်း၊ တည်ငြိမ်မှုကိုငင်း၊ ပေါက်ရောက် ခြင်းကိုငင်း၊ မဂ်ကိုငင်း၊ ဖိုလ်ကိုငင်း(ငါရ၏ ငါသိ၏ဟု) ပြောဆိုအံ့။ ထိုရဟန်းသည် ရဟန်းမဟုတ်၊ ဘုရားအနွယ်တော် မဟုတ်။

ဥပမာအားဖြင့် လည်ဆစ်ပြတ်ပြီးသော ထန်းပင်သည် တဖန်ပြန်၍စည်ပင်ကြီးပွားခြင်းငှါမထိုက်သကဲ့သို့၊ ဤအတူ သာလျှင် ရဟန်းသည် ယုတ်မာသော အလိုဆိုးရှိသည် ဖြစ်၍၊ အလိုဆိုးသည် နှိပ်စက် အပ်သည် ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော (ဈာန်-မဂ်-ဖိုလ်)တရားကို

ပြောဆိုသည် ရှိသော် ရဟန်းမဟုတ်၊ ဘုရား အနွယ်တော် မဟုတ်။ သင်သည် ထို(ဈာန်-မဂ်-ဖိုလ်) တရားကို ပြောဆိုခြင်းကို အသက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး)မပြုကျင့်အပ်။ (မဟာဝဂ်၊မဟာခန္ဓက ၅)

ကာမဂုဏ် မေထုန်မှိုဝဲမှုနှင့် ပတ်သက်၍၊ သို့ ကျပ်တည်းစွာ ပညတ် ထားရုံမျှ မကသေး၊ မေထုန် ကိစ္စနှင့် ဆက်စပ် စပ်ဆိုင်သော သာယာမှုကိုပင် ဗုဒ္ဓက ခွင့်မပြုခဲ့ပေ။

ရဟန်းအဖြစ်နှင့် အမျိုးသမီးနှင့်၎င်း၊တိရစ္ဆာန်နှင့်၎င်း၊ မေထုန် မှိုဝဲမိပါက ရာသက်ပန် ရဟန်းဘဝက ပျက်စေ၊ ရာသက်ပန် ရဟန်းဖြစ်ခွင့်မရှိတော့ဟု ပြင်းထန်သောဥပဒေကိုပြုထားသည်။

ထိုမျှမက ထိုပြစ်မှုကြီးသို့ မရောက် စေကာမူ အနည်းငယ်သော မေထုန်ကိစ္စ သာယာမှုကိုပင် ပယ်လေသည်၊ ပြစ်တင်လေသည်၊ ကဲ့ရဲ့ရှုတ်ချလေသည်၊ ရှောင်ကြဉ်ရမည် ဟုလည်း ပညတ်လေသည်။ ၎င်းကို မေထုန်ငယ် ၇-ပါးဟု ခေါ်၏။ ပြစ်ဒဏ်မှာ မူလမေထုန် ပြုမှုကြီးလောက် မပြင်းထန် သော်လည်း အပြစ်ကား ရှိ၏။ ထိုအပြစ်၏ ထိုက်သင့်သော ဒဏ်ကိုမူ ခံရသည်။

## မေထုန်ငယ်

ဇာဏုဿောဏိ ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ "မြတ်သောဒကျင့်၏ ကျိုးမှု၊ ပေါက်မှု၊ ပြောက်မှု၊ ကျားမှုသည် အဘယ်

ပါနည်း''ဟု မေးလျှောက်သဖြင့် ဗုဒ္ဓက ဤသို့ဖြေသည်၊ မေထုန်ငယ် ၇ ပါးကို ရှင်း၍ ဟောပြသည်။

ပုဏ္ဏား-လောက၌ အချို့သော ရဟန်းသည် မြတ်သော အကျင့်ကို ကောင်းစွာကျင့်၏ဟု ဝန်ခံပါလျက်၊ မာတုဂါမနှင့် အတူ နှစ်ယောက်နှစ်ယောက်သော သူတို့ ပြုကျင့်အပ်သော မေထုန်အကျင့်ကို မကျင့်စေကာမူ မာတုဂါမ၏ နံ့သာ စသည်ဖြင့် ပွတ်သပ်မှု၊ ဆီဖြင့် ဆုတ်နယ်မှု၊ ရေချိုးပေးမှု၊ သုံးသပ်မှုကို သာယာ၏၊ အလိုရှိ၏၊ နှစ်သက်၏။

သို့ သာယာခြင်းသည် မြတ်သော အကျင့်၏ ကျိုးမှု, ပေါက်မှု, ပြောက်မှု, ကျားမှုတည်း။ ဒုက္ခမှ မလွတ်သူဟု ငါဆိုသည်။

ပုဏ္ဏား -သို့ မသာယာလျှင်လည်း မာတုဂါမနှင့် အတူ စကားပြော၏။ ပြက်ရယ်ပြု၏။ ပြင်းစွာရယ်၏။ ထိုအမှုကို သာယာ၏၊ အလိုရှိ၏၊ နှစ်သက်၏။

ပုဏ္ဏား -သို့ မသာယာလျှင်လည်း မာတုဂါမ၏ မျက်စိကို မိမိမျက်စိဖြင့် တစိမ့်စိမ့်ကြည့်၏။ ရှု၏။ ထိုအမှုကို သာယာ၏၊ အလိုရှိ၏၊ နှစ်သက်၏။

ပုဏ္ဏား-သို့ မသာယာလျှင်လည်း နံရံတဖက်၌ ဖြစ်စေ၊ တံတိုင်းတဖက်၌ ဖြစ်စေ၊ ခြားလျက်ရှိသော မာတုဂါမ၏ ရယ်ရွှင်သံ၊ စကားပြောသံ၊ သီချင်းဆိုသံ၊ ငိုကြွေးသံကို နားထောင်၏၊ သာယာ၏၊ အလိုရှိ၏၊ နှစ်သက်၏၊

ပုဂ္ဂိုလ်သွားသို့ မသွားယာလျှင်လည်း ရှေးက မာတုကာမနှင့် အတူ၊ ရယ်ရှင်ခဲ့၊ စကားပြောခဲ့၊ မြူးထူးခဲ့သည်တို့ကို အဖန်ဖန် အောက်မေ့၏။ သွားယာ၏၊ အလိုရှိ၏၊ နှစ်သက်၏။

ပုဂ္ဂိုလ်သွားသို့ မသွားယာလျှင်လည်း၊ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲပြည့်စုံ ခံ့စံ ပျော်ပါးနေသော မောင်နှံကို မြင်ကြည့်၏။ သွားယာ၏၊ အလိုရှိ၏၊ နှစ်သက်၏။

ပုဂ္ဂိုလ်သွားသို့ မသွားယာ လျှင်လည်း "ငါသည် ဤသီလ ဆောက်တည်မှုဖြင့်ရင်း၊ ကျင့်ဝတ်ဖြင့်ရင်း၊ မြုံးခြံမှုဖြင့်ရင်း၊ မြတ်သောအကျင့်ဖြင့်ရင်း၊ နတ်မင်းမှုလည်းဖြစ်ရလို၏၊ နတ်သားမှုလည်း ဖြစ်ရလို၏ဟု တပါးပါးသော နတ်အဖြစ်ကို တောင့်တ၍ မြတ်သော အကျင့်ကိုကျင့်၏ (မမြင်ရသော) နတ်ဘဝကို(အတွေးနှင့် သွားယာ၏) အလိုရှိ၏၊ နှစ်သက်၏။

သို့ သွားယာခြင်းသည် မြတ်သော အကျင့်၏ ကျိုးမှု၊ ပေါက်မှု၊ ပြောက်မှု၊ ကျားမှုတည်း။ ဒုက္ခမိးတို့မှ မလွတ်သူဟု ငါဆိုသည်။ (အင်္ဂုတ္တရ နိကာယ်-ပဟာယညဝဂ်၊ မေထုနသုတ်)

ဗုဒ္ဓက ဤသို့ဖြင့် မေထုန်ငယ် ၇ ပါးကိုပင် ပြင်းထန်စွာ ရှုတ်ချခဲ့သည်၊ အပြစ်တင်ခဲ့သည်။ ရဟန်းတို့သည် ဤပြစ်မှု ၇ ရပ်အနက် တရပ်ရပ်ကို ကျူးလွန်မိသည်ရှိသော် သံဃာ အချင်းချင်း အစည်းအဝေး၌ တင်ပြ၍ အပြစ်ကို ဖြေရလေသည်။

## ဖိနပ်စီးခွင့်

ဗုဒ္ဓသည် ရဟန်းတို့ ရှောင်ရမည့် ဆောင်ရမည့် စည်းကမ်းများကို ပြုရပုံမှာ သံဃာလောကမှ အဖြစ်အပျက် အတွေ့အကြုံကလေးများနှင့် များစွာ စိတ်ဝင်စားဘွယ် ကောင်းသည်။

ဥပမာ ဖိနပ်စီးခွင့်နှင့် စပ်လျဉ်း၍၊ အဆင့်ဆင့် ဖြစ်ပေါ်လာပုံမှာ

မူလက သံဃာတို့အား ဗုဒ္ဓက ဖိနပ်စီးနင်းခွင့်ကို မပြုခဲ့ပေ။

အသျှင်သောဏ မည်သော ရဟန်းသည် များစွာ ကြွယ်ဝသော သူကြွယ်အဖြစ်မှ စည်းစိမ်တို့ကိုစွန့်ကာ ဗုဒ္ဓထံ ရဟန်းပြုသည်။ သူသည် လှည်းအစီး ၈၀ တိုက်မျှသော ရွှေငွေ ရတနာတို့နှင့် ဆင် ၇၉-ကောင်ကို စွန့်လွှတ်ကာ ရဟန်းဘောင်သို့ ဝင်ခဲ့လေသည်။

အသျှင် သောဏသည် တရားတော်ကို ယုံကြည် လှသဖြင့်၊ စင်္ကြံလျှောက်ကာ တရားကို ပြင်းထန်စွာ အားထုတ် ကျင့်ဆောင်လေသည်။ သူဌေးဘဝက နူးနယ်စွာနေခဲ့သော သောဏရဟန်းသည် လမ်းလျှောက်မှုကြောင့် ခြေဖဝါးများ ကွဲအက်ကာ သွေးများယိုစီးသော်လည်း ဆက်လက် အားထုတ်ခဲ့သည်။ သူစင်္ကြံလျှောက်ရာ လမ်းငယ်ကလေးမှာ နွားသတ်ရာ အရပ်ကဲ့သို့ သွေးများဖြင့် နီရဲနေသည့်တိုင် ဇွဲကြီးစွာဖြင့် ပြင်းထန်စွာ အားထုတ်ခဲ့သည်။ သို့သော် ပေါက်ရောက်မှုမရခဲ့ပေ။ နောက်ဆုံး၌ ဗုဒ္ဓက "သင်သည် လူ့ဘဝက စောင်းတီး ကောင်းသည်

မဟုတ်လော မလျှော့မတင်း ေ ာင်းကြိုး ညှင်းသကဲ့သို့ ကျင့်လော့'' ဟု ဟောပြောမှ အလယ်အလတ် ကျင့်စဉ်ဖြင့် လွတ်မြောက်မှု ရခဲ့လေသည်၊ ရဟန္တာ ဖြစ်ခဲ့လေသည်။

ဗုဒ္ဓသည် နုနယ်သော အသ ုင်သောဏာ၏ ကွဲအက်သော ခြေဘဝါးတို့ကို ငုံ့ညှာကာ ''လှာဖိနပ်ကို စီးနင်းခွင့်ပေးလေသည်။ ''အသျှင်သောဏာက မိမိသည် စည်းစိမ် မှန်သမျှ စွန့်လာပြီးမှ ရဟန်းတို့အလယ်၌ ဖိနပ်စီးနင်းပါလျှင် ဖိနပ်မက်သူ ငြိတွယ်သူ ဖြစ်နေပါမည်ဟု လျှောက်၏။ ဤတွင်မှ ရဟန်းတို့ အားလုံးအား ှာချင်းဖိနပ်ကို စီးရန်ခွင့်ပြု၏။ အလှာများသော ဖိနပ်များကိုမူ မစီးရဟု ကန့်သတ်လေသည်။

ထိုအခါ ရဟန်း တို့သည် အညို၊ အဝါ၊ အနီ၊ အနက်စသည်ဖြင့် အရောင်မျိုး စုံညီသော ဖိနပ်တို့ကို စီးနင်းကြလေရာ၊ ''ဘုန်းကြီးတွေကလဲ လူတွေနဲ့အတူပါဘဲ ..ဟု လူ့လောကမှ ဝေဘန်ကဲ့ရဲ့သံများ ထွက်လာသည်။ ဗုဒ္ဓက ''အလုံးစုံအရောင်ရှိသော ဖိနပ်ကို မစီးရ'' ဟု ထပ်၍ ကန့်သတ်ရပြန်သည်။

ဆက်လက်၍ ရဟန်းတို့က သဲကြိုးရောင်စုံတတ်သော ဖိနပ်များကို စီးကြပြန်၍ ကန့်သတ်ရပြန်သည်။

တဖန်-ဖနှောင့် ဖုံးသော ဖိနပ်များကို စီးနင်းကြ၍၊ ကန့်သတ်ရပြန်သည်။

ခြေသလုံး ဖုံးသော ဖိနပ်။

ဖမိုး ဖနှောင့် ဖုံးသော ဖိနပ်။

လဲမွှို့ သွတ်သော ဖိနပ်။

ခါတောင်ကဲ့သို့ ပြောက်ကျားသော သဲကြိုး တပ်သော ဖိနပ်။

ဆိတ်ဦးချိုကဲ့သို့ သဲကြိုးတပ်သော ဖိနပ်။

ကင်းမြီးကောက် လက်မကဲ့သို့ သဲကြိုးတပ်သော ဖိနပ်။

ဥဒေါင်း မွေးရင်းတို့နှင့် ချုပ်သော ဖိနပ်။

ခြင်္သေ့ရေနှင့် ချုပ်သော ဖိနပ်။

ကျားရေနှင့် ချုပ်သော ဖိနပ်။

သစ်ရေ၊ မျှရေ၊ ကြောင်ရေ တို့နှင့် ချုပ်သော ဖိနပ်။

ရှဉ့်နက်ရေ၊ ရှူးရေတို့နှင့် ချုပ်သော ဖိနပ်။

စသည်တို့ကို စီးနင်းသဖြင့် လူတို့စီးနင်းသော ဖိနပ်ကို စီးနင်းခြင်းမပြုရန် ကန့်သတ်ရပြန်သည်။

ရဟန်းတပါး ဆွမ်းခံသွားစဉ် ခြေနာ၍ ကွတတ သွားသည်ကိုမြင်၍၊ လူတဦးက အလွှာများသော ဖိနပ်ဟောင်းကိုလှူရာ၊ ထိုရဟန်းက ဗုဒ္ဓ၏မူလ ပညတ်ချက်အရ ပယ်၏။ ဗုဒ္ဓက လက်ခံခွင့် ပြုပြီး ရဟန်း အားလုံးအား "အလွှာ များသော ဖိနပ်ဟောင်းကို ခွင့်ပြုရပြန်သည်" ၎င်းပြင် ခုံဖိနပ်၊ သစ်သားဖိနပ်စီးသဖြင့် အသံမြည်၍ ပယ်ရပြန်သည်။

ထန်းလျှော် ဖိနပ်ကို စီးနင်းကြပြန်ရာ ရဟန်းတို့က လူတို့၏ ထန်းပင်ငယ် တို့ကို ဖြတ်ကြသဖြင့်၊ လူတို့က တိုင်ကြား ကြရာ ထန်းဖတ်ခြေနင်းကို မစီးရဟု ဗုဒ္ဓက သန့်သတ်ရပြန်သည်။ သို့

ပယ်စဉ်က ဗုဒ္ဓက "လူတို့သည်-သစ်ပင်၌ အသက်ရှိသည်ဟု ယူဆကြသည်"ဟု မိန့်ကြားကာ ထန်းဖတ်ဖိနပ်ကို ပယ်လေသည်။

မှတ်ချက်။ ။သို့ ပယ်စဉ်က သစ်ပင်၌ အသက် ရှိသည်ဟု ကိုးကွယ်သည့် ဘာသာ အယူအဆ လွှမ်းနေသည်ကို အတည်လည်း မပြု၊ ဆန့်ကျင်ခြင်းလည်း မပြုဘဲ လူအချို့တို့၏ ယုံကြည်မှုကို လျစ်လျူ ရှုခဲ့သည်။ ထို ယုံကြည်မှုကြောင့် ဗုဒ္ဓဘာသာ ယုံကြည်မှုကို မသိပါသဖြင့်၊ အတိ အကျ ဆုံးဖြတ်ချက် မပေးဘဲ ထားခဲ့ဟန် တူ၏။

ဝါးပပ် ခြေနင်းကိုလည်း ထို့အတူ ပယ်၏။

တဖန် ခြေထောက်ကို လှပစေရန် စီးနင်းသော မြက်ခြေနင်း၊ ဖူးသံမြက်ခြေနင်း၊ ပြိတ်မြက် ခြေနင်း၊ သင်ပေါင်းရွက်ခြေနင်း၊ ကမလမြက်ခြေနင်း၊ သားမွေးခြေနင်း၊ ရွှေခြေနင်း၊ ငွေခြေနင်း၊ ပတ္တမြားစီ ခြေနင်း၊ ကျောက်စီ ခြေနင်း၊ ဖလ်ခြေနင်း၊ ကြေးဖြူခြေနင်း၊ စဉ့်ခြေနင်း၊ ခဲမဖြူခြေနင်း၊ ခဲပုတ်ခြေနင်း တို့ကိုလည်း ပယ်ခဲ့ရလေသည်။

ဖိနပ်စီးနင်းခွင့် စီးနင်းနည်းကိုလည်း မိမိထက် ဝါကြီးသူ-သို့မဟုတ် ဆရာက မစီးနင်းလျှင် ငယ်သူက မစီးနင်းရဟု ကန့်သတ်သေး၏။ ဤသို့ဖြင့် ဖိနပ်စီးခွင့်ကို အဆင့်ဆင့် တည်းဖြတ်ရသည်။

မြက်ဝင်းခတ်တန်၊ နွားနှပ်တန်တို့ကို ခွင့်ပြုစဉ်ကလည်း ငွေ-ရွှေ ဝသည်တို့ကို သုံးလာကြသဖြင့်၊ တားမြစ်ကာ ရိုးသားသည့်

အရိုးဖြင့် လုပ်သော အတန်များကို သုံးရမည်ဟု ကန့်သတ်ခဲ့ရ လေ၏။

ဤသို့ဖြင့် ဗုဒ္ဓသည် အစစ အရာရာတို့ကို အဖြစ် အပျက် အပေါ်၌တည်၍ အသေးစိတ် လေ့လာပြီးမှ ခွင့်ပြုခြင်း၊ တား မြစ်ခြင်းကို ပြုလေ့ရှိသည်။

တရံရောအခါတွင်၊ အဆီ အဆိမ့်ကို စားကာ သတိ ကင်း လွတ်စွာ အိပ်သော ရဟန်း တပါးက အိပ်မက်ဖြင့် သုတ်လွှတ် သဖြင့် ပေကျံသည်ကို ဗုဒ္ဓတွေ့ရရာမှ "သတိ ကင်းလွတ်လျက် အိပ်သော ရဟန်းသည် ဆင်းရဲစွာ အိပ်ရ၏၊ ဆင်းရဲစွာ နိုးရ ၏၊ မကောင်းသော အိပ်မက် မြင်မက်၏၊ သုတ်လွှတ်၏။ ထို့ ကြောင့် သတိဖြင့် အိပ်ကြရမည်" ဟု မိန့်ကြားကာ အိပ်ရာဖုံ ကိုသုံးရန် ခွင့်ပြုလေသည်။

ဗုဒ္ဓသည် သူ၏တပည့်၊ တပည့်နှင့် ဆရာမှ သံဃာ တို့အား ကျင့်ဝတ်ကို သင်ပြရာ၌၊ သက်နှ်းခေါက်နည်း၊ အမှိုက် လှည်း နည်းမှ စကာ အသေးစိတ် သင်ပြသော့ ရှိသည်ကို အောက် ပါ ဆရာကျင့်ဝတ်နှင့် တပည့်ကျင့်ဝတ်တို့ကို လေ့လာခြင်းဖြင့် သိနိုင်၏။

အတူနေတပည့်သည် နံက်စောစောထ၍ ဖိနပ်ချွတ်ပြီး လျှင်၊ လက်ဝဲတဖက် ပခုံး၌ ကိုယ်ဝတ်ကို စမွှါယ်တင်၍ ဒန်ပူကပ်ရမည်၊ မျက်နှာသစ်ရေ ကပ်ရမည်၊ နေရာခင်းရ မည်၊ ယာဂုရှိခဲ့လျှင် ခွက်ကိုဆေး၍ ယာဂုဆက်ကပ်ရမည်။

---

၁ နိဿိဒိုင်။

ယာဂုသောက်ပြီးနောက်၊ ဆရာအားရေပေး၍ ခွက်ကိုလှမ်းယူပြီးနောက်၊ ရှိသေကောင်းမွန်စွာ မထိခိုက်မိစေဘဲ ဆေးကြောပြီးလျှင်၊ သိမ်းဆည်းထားရမည်။

ဆရာသည် ရွာသို့ ဝင်လိုငြားအံ့၊ ရွာဝတ် သင်းပိုင်ကို ပေးရမည်။ (ဆရာက လဲပြီးလျှင်)ကျောင်းဝတ်သင်းပိုင်ကို ယူရမည်။ ခါးပန်းကြိုးကို ပေးရမည်။ ကိုယ်ဝတ် သင်္ကန်း[၂] ကို ပေးရမည်။ ဆေးကြော၍ ရေနှင့် တကွသော သပိတ်ကို ပေးရမည်။

အကယ်၍ ဆရာသည် နောက်လိုက် ရဟန်းကို အလိုရှိအံ့၊ အဝန်း သုံးပါး[၃] ကို ဖုံးလွှမ်းသဖြင့် အဝန်းညီညွတ်စွာ (သင်းပိုင်) ကိုဝတ်၊ ခါးပန်းကြိုးကိုဖွဲ့ချည်၊ ဝတ်ပြီးသော ကိုယ်ဝတ်သင်္ကန်း[၄] တို့ကို ရုံ၊ ကမ္ဗတ်သီးကိုတပ်၊ သပိတ်ကို ဆေးကြောယူငင်၍ ဆရာ၏ နောက်လိုက်ရဟန်း ဖြစ်ရမည်။ ဝေးလွန်းစွာ မလိုက်ရ၊ နီးကပ်စွာလည်း မလိုက်ရ၊ သပိတ်လဲလှယ်ခြင်းကို ခံယူရမည်။ ဆရာ စကား ပြောဆိုနေစဉ် အကြား ဝင်၍မပြောရ။ ဆရာသည် အာပတ်နှင့် နီးစပ်သည်ကို ပြောဆိုခဲ့သော် တားမြစ်ရမည်။

ဆွမ်းခံရာမှ ပြန်လာခဲ့သော်၊ ရှေ့ဦးစွာလာ၍ နေရာကို ခင်းထားရမည်။ ခြေဆေးရေ,ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်။ ခရီးဦး ကြိုဆို၍ သပိတ်

၂ ဒုကုဋ် - နှစ်လွှာ နှစ်ထပ်ရှိသော သင်္ကန်း။
၃ ပုဆစ်၊ ဒူးဝန်း နှစ်ဘက်နှင့် ချက်ကို အဝန်းသုံးပါးဟု ခေါ်၏။
၄ အပေါ်ရုံ သင်္ကန်း။

သင်္ကန်းကို ယူရမည်။ ကျောင်းဝတ်သင်းပိုင်ကို ပေးရမည်။ ရွာဝတ်သင်းပိုင်ကို လှမ်းယူရမည်။ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်။ သို့သော် ကြာမြင့်စွာ မထားရ။ သင်္ကန်းကို ခေါက်ရမည်။ သင်္ကန်းကို ခေါက်သည်ရှိသော် "အလယ်၌ မကျိုးပျက်၊ ခေါက်ရိုး မဖြစ်စေလင့်"ဟု နှလုံးသွင်းလျက် လက်လေးသစ် အနားကို လျှော့၍ သင်္ကန်းကို ခေါက်ရမည်။ သင်္ကန်းခေါက်အတွင်း ၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိ၍ ဆရာလည်း စားလိုသည်ဖြစ်အံ့၊ သုံးရေကို ပေး၍ ဆွမ်းကိုဆက်ကပ်ရမည်။ ဆရာကို သောက်ရေဖြင့် (အလိုရှိပါသလော)ဟု မေးလျှောက်ရမည်၊ ဆွမ်းစားပြီး သော ဆရာအား ပေကိုပေး၍ သပိတ်ကို လှန်းယူပြီးလျှင် ရိုသေကောင်းမွန်စွာ မသိမခိုက်မိစေဘဲ ဆေးကြော သုတ် သင်လျက် ရေစင်အောင်ပြု၍ တခဏမျှ နေပူ၌ လှမ်းထား ရမည်(သို့သော်) ကြာမြင့်စွာ မထားရ။ သပိတ် သင်္ကန်းကို ထားရမည်။ သပိတ်ထားလိုသော် လက်တဖက်ဖြင့် သပိတ် ကို ကိုင်၍ ညောင်စောင်း အောက်ကိုသော်၎င်း၊ အင်းပျဉ် အောက်ကို သော်၎င်း၊ စမ်းသပ်၍ထားရမည်။ အခင်းမရှိ သော မြေ၌ သပိတ်ကိုမထားရ။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တဖက်ဖြင့် သင်္ကန်း တန်း သင်္ကန်းကြိုးကို ပွတ်သပ်၍၊ ထိုမှာဘက်၌ အစွန်း ဤမှာဘက်၌ အခွေ အခေါက်ပြုလျက် သင်္ကန်းကို ထား ရမည်။

ဆရာ (နေရာမှ) ထသည်ရှိသော် နေရာကို ရွှေ့ပြောင်း ထားမည်။ ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ် အိုးခြမ်းကို သိုမှီး သိမ်းဆည်း ရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။ ဆရာသည် ရေချိုးလိုသည် ဖြစ်အံ့၊ ချိုးရေကိုစီရင်ရမည်။ ရေအေး အလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်။ ရေပူအလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

ဆရာသည် ဇရုံးအိမ်သို့ ဝင်လိုသည်ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့် လုံးရမည်၊ မြေညက်ကို ရေဖြင့်ဆွတ်ရမည်။ ဇရုံးအိမ် အင်းပျဉ်ကိုယူ၍ ဆရာ၏ နောက်မှ လိုက်လျက် ဇရုံးအိမ် အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူကာ သင့်ရာ အရပ်၌ ထားရမည်။ ကသယ်မှုန့်ကိုပေးရမည်၊ မြေညက်ကို ပေးရမည်၊ စွမ်းနိုင်လျှင် ဇရုံးအိမ်သို့ ဝင်ရမည်။ ဇရုံးအိမ်သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှရင်း၊ နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်းကာ ဇရုံးအိမ်သို့ ဝင်ရမည်။ သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မထိုင်ရ။ သီတင်းငယ်ဖြစ်သော ရဟန်းတို့ကိုလည်း နေရာ၌ နေခြင်းကို မတားမြစ်ရ။ ဇရုံးအိမ်၌ ဆရာအတွက် (မီးညှိခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်။ ဇရုံးအိမ်မှ ထွက်သော ရဟန်းသည် ဇရုံးအိမ် အင်းပျဉ်ကိုယူ၍ ရှေ့မှရင်း၊ နောက်မှရင်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်းလျက် ဇရုံးအိမ်မှ ထွက်ရမည်။

ဆရာနေသော ကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင် ရှင်းလင်းရမည်။ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေ့ဦးစွာ သပိတ်သက်နန်းကို ဆောင်၍သင့်ရာ အရပ်၌ ထားရမည်။ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်။ ဘုံလျှိုခေါင်း အုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ ညောင်စောင်းကို ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးဘောင်ကို မထိခိုက်စေဘဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ အင်းပျဉ်ကို ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးဘောင်ကို မထိခိုက်စေဘဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်။ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်။ မှီရာဘံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်။ မြေ အခင်းကို ခင်းမြဲ နေရာကို မှတ်လျက် ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်။ အကာယ်၍ ကျောင်း၌ ပိုးအိမ်၊ ပင့်ကူမျှင် ရှိအံ့၊ ဥဒါတ်ကျက်နှာကြက်မှ ရှေ့ဦးစွာ ဖယ်ရှားရမည်။ လေသွန်တံခါး နှင့် ထောင့်တို့ကို ပွတ်တိုက်ရမည်။

ဝှေ့နီဖြင့် အပြေအပြစ်ပြုထားသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ မည်းသောအဆင်းဖြင့် အပြေအပြစ် ပြုထားသောမြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ အပြေ အပြစ် မပြုသော မြေဖြစ်အံ့။ ရေဖျန်း၍

''ကျောင်းကို မြူမတက်စေလင့်''ဟု (နှလုံးထား၍)တံမြက် လှည်းရမည်။ ဘုံမြက်ချေးကို စုပုံ၍ သင့်ရာ အရပ်၌ စွန့် ပစ်ရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ခင်းထား မြဲအတိုင်း ပြန်၍ခင်းထားရမည်။ ညောင်စောင်းခြေ တို့ကို နေလှန်း သုတ်သင် ပြီးလျှင် ထားမြဲတိုင်း နေရာ၌ ပြန်၍ ထားရမည်။ ညောင်စောင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါး ဘောင်ကို မထိခိုက်စေဘဲ ခင်းထားမြဲအတိုင်း ပြန်၍ ခင်း ထားရမည်။ အင်းပျဉ်ကို နေပူလှန်း သုတ်သင်ပြီးလျှင် ခါ ၍ ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးဘောင် ကို မထိခိုက်စေဘဲ ခင်းထားမြဲ အတိုင်း ပြန်၍ ခင်းထား ရမည်။ ဘုံလျှိုခေါင်းအုံးကို နေလှန်း သုတ်သင် ပြီးလျှင် ခါ၍ ခင်း ထား မြဲ အ တိုင်း ပြန်၍ ခင်း ထား ရ မည်။ ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ ပြန်၍ ထားရမည်။ မှီရာဘုံကပ်ပျဉ်ကို နေလှန်း ပွတ်တိုက်၍ ထား မြဲတိုင်းနေရာ၌ ပြန်၍ထားရမည်။ သပိတ်သက်န်းကို ထား ရမည်။ ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ် ကိုကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်း အောက်ကိုသော် ၎င်း၊ အင်းပျဉ်အောက်ကိုသော်၎င်း သုံးသပ်၍ထားရမည်။ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကိုထား လိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက် ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှဘက်၌

အစွန်း-ဤမှာဘက်၌ အခွေ "အခေါက်" ပြုလျက် သက်နုန်း ကို ထားရမည်။

အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန် တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက် မျက်နှာမှ လေသွန် တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန် တံခါး တို့ကို ပိတ်ရ မည်။ တောင်အရပ်မှ မြူနှင့် တကွသော လေတို့သည် လာကုန်အံ့၊ တောင်မျက်နှာမှ လေသွန် တံခါးတို့ကို ပိတ်ရမည်။ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်။ ညဉ့်အခါ၌ ပိတ်ထားရမည်။ ပူအိုက်သောအခါ ဖြစ်မူ နေ့အခါ၌ လေသွန် တံခါးတို့ကို ပိတ်ထားရမည်။ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ကျောင်းဝင်းသည် အမှိုက်ရှိသည် ဖြစ်အံ့၊ ကျောင်းဝင်းကို တံမြက် လှည်း ရမည်။ ရေချိုးအုံသည် အမှိုက် ရှိသည် ဖြစ်အံ့၊ ရေချိုးအုံကို တံမြက် လှည်း ရမည်။ စည်းဝေးရာစရပ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ စည်းဝေးရာ စရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုတ်သည် အမှိုက် ရှိသည် ဖြစ်အံ့၊ မီးတင်းကုတ်ကို တံမြက် လှည်းရမည်။ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီး အိမ်ကို တံမြက် လှည်းရမည်။ သောက်ရေ မရှိအံ့၊ သောက်ရေကို တည်ထား

ရမည်။ သုံးရေ မရှိအံ့၊ သုံးရေကို ထည့်ထားရမည်။ သန့်သက်ရေအိုးတို့၌ ရေပရှိသည် ဖြစ်အံ့၊ ရေလောင်း ထည့်ရမည်။

ဆရာ မမွေ့လျော်ခြင်း ဖြစ်ငြားအံ့၊ အတူနေ တပည့်သည် (ကိုယ်တိုင်) အရပ်တပါးသို့ ခေါ်ဆောင်သွားရမည်။ (သူတပါးကို သော်လည်း) ခေါ်ဆောင် သွားစေ ရမည်။ ထိုဆရာအား တရားစကားကို မူလည်း ဟောပြော ရမည်။ တွေးတောမှု မဝေ့ခွဲနိုင်မှုဖြစ်အံ့၊ အတူနေတပည့်သည် ပယ်ဖျောက် ရမည်။ (သူတပါးကို သော်လည်း) ပယ်ဖျောက်စေရမည်။ ထိုဆရာအား တရားစကားကို မူလည်း ဟောပြောရမည်။ မှားသောအယူ ယူငြားအံ့၊ အတူနေတပည့်သည် ဖြေရှင်းရမည်။ (သူတပါးကိုသော်လည်း) ဖြေရှင်းစေရမည်။ ထိုဆရာအား တရားစကားကို မူလည်း ဟောပြောရမည်။ ဆရာသည် လေးသောပြစ်မှုသို့ ရောက်သည်ဖြစ်၍၊ သံဃာများထံ အပြစ်ဖြေခြင်းငှါ ထိုက်ငြားအံ့၊ အတူနေသည့် တပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဆရာအား အပြစ် ဖြေပေးရာအံ့နည်း" ဟု ကြောင့်ကြ စိုက်ရမည်။ ဆရာသည် အရင်းသို့ပြန်၍ ငင်ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဆရာကို အရင်းသို့ ပြန်၍ငင်ပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။

ဆရာသည် အခြားအခြားသော ပြစ်မှုကျူးမိက အပြစ် ပြေကြောင်း တပည့်က အားထုတ် ရမည်။ ဆရာ၏ သင်္ကန်းကို လျှော်ဖွပ်ရေး၊ ချုပ်ရေး၊ ဆေးဆိုးရေး တို့ကို

လည်း အမြဲကြောင့်ကြ ပူပန် လုပ်ဆောင် ရမည်။ သင်္ကန်း ဆိုးသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန် ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားရ။

ဆရာကိုမပန်ကြားဘဲ အချို့သူအား သပိတ် မပေးရ၊ အချို့သူ၏ သပိတ်ကိုလည်း မယူရ။ အချို့သူအား သင်္ကန်းကိုမပေးရ၊ အချို့သူ၏သင်္ကန်းကိုလည်း မယူရ။ အချို့သူအား ပရိက္ခရာ "အသုံးအဆောင်" ကို မပေးရ၊ အချို့သူ၏ ပရိက္ခရာ "အသုံးအဆောင်" ကိုလည်း မယူရ။ အချို့သူ၏ ဆံပင်တို့ကို မရိတ်ဖြတ်ရ၊ အချို့သူအား မိမိဆံပင်တို့ကို မရိတ်ဖြတ်စေရ။ အချို့သူ၏ အမှုခပ်သိမ်းကို မပြုရ၊ အချို့သူအား (ချေးတွန်းခြင်း စသော) အမှုခပ်သိမ်းကို မပြုစေရ။ အချို့သူ၏ အမှုကြီးငယ်ကို မပြုရ၊ အချို့သူအား အမှုကြီးငယ်ကို မပြုစေရ။ အချို့သူ၏ နောက်လိုက် ရဟန်း မဖြစ်စေရ၊ အချို့သူကို နောက်လိုက်ရဟန်း မပြုရ။ အချို့သူ၏ ဆွမ်းကို မဆောင် ရ၊ အချို့သူအား မိမိ ဆွမ်း ကို မဆောင်စေရ။ ဆရာကိုမပန်ကြားဘဲ ရွာတွင်းသို့ မဝင်ရ၊ သုသာန်သို့ မသွားရ၊ အရပ် တပါးသို့ ဖဲမသွားရ။ ဆရာသည် နာဖျားသည်ဖြစ်အံ့၊ သက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးရမည်။ ထိုဆရာအနာ ပျောက်သည် တိုင်အောင် ဆိုင်းငံ့ ရမည်။ ( မဟာဝဂ်၊ မဟာခန္ဓက ၁၅ )

တပည့်ဖြစ်သူက ဆရာအား ထိုမျှကျိုးနွံရမည်ဟု အသေး စိတ်သင်ပြရာ၌၊ တဖက်သတ် ဆရာကသာ မှန်သည် ဟူသော

အယူအဆမျိုး မပါသည်ကို-ဆရာမှားလျှင် ပြင်ရမည် ဟူသော အပိုဒ်က ထင်ထင်ရှားရှားကြီး ပါရှိသည်။

ဆရာကို ပြုစုရာ၌လည်း တပည့်ကသာ ဆရာကို ပြုစုရသည် မဟုတ်၊ ဆရာကလည်း ထိုသဘောမျိုး အတိုင်းပင် ပြုစုရမည်ဟု အတူနေ တပည့် ပြုရမည့်ဝတ်၌ အသေးစိတ် သွန်သင်ပြန်လေသည်။ ဆရာအပေါ် တပည့်ပြုစုခြင်း၊ သက်န်းခေါက်ပေးခြင်း၊ ချုပ်လျှော်ပေးခြင်း၊ အမှုကိလဲ့ခြင်း ပြုစေသည့် နည်းမျိုးများအတိုင်း တပည့်အပေါ်လည်း ဆရာက အပြန်အလှန် ပြုစုပြန်သည်။

ထို့ကြောင့် ဗုဒ္ဓ သွန်သင်သော ကျင့်ဝတ်တို့မှာ ဆရာနှင့် တပည့် လွတ်လပ်စွာ တဦးကိုတဦး အမှီအပဲ့ပြုကာ ပြုစုစောင့်ရှောက်သည့် နည်းများဖြစ်သည်။ ဆရာ၏ လွတ်လပ်မှု-တပည့်၏လွတ်လပ်မှုကို များစွာ အသား ပေးလေ့ ရှိသည်။ဗုဒ္ဓ ချမှတ်သော စည်းကမ်း မှန်သမျှ တို့သည် လွတ်လပ်ရေးကို ဦးတည်လေ့ရှိသည်။ ကျင့်သုံးသူ၏ လွတ်လပ်ရေးနှင့် အခြားသူ တို့၏ လွတ်လပ်ရေး၊ လွတ်လပ်မှုခြင်း မထိခိုက် စေသော ကိုယ်ကျင့်တရား လွတ်လပ်ရေးမျိုး ဖြစ်၏။

ဗုဒ္ဓသည် ရဟန်းတို့အပေါ် တင်းကြပ်သော စည်းကမ်းကို ချမှတ်စေကာမူ၊ အလျဉ်းသင့်သလို အခြေအနေအရ သင့်တင့်သော လွတ်လပ်ခွင့်ကို ပေးလေ့ရှိသည်။

ဥပမာ -ဗုဒ္ဓသည် သေရည်အရက် သောက်ခြင်းကို လုံးဝမပြုရဟု တားမြစ် ထားသော်လည်း၊ အသျှင်ပိလိန္ဒဝစ္ဆ အမည်ရှိ ရဟန်း တပါးသည် လေနာ စွဲကပ် သဖြင့် ဆေးသမား တို့၏

ဆီကျက်ကို သောက်ရမည်။ ထိုဆီကျက်၌ သေအရက်ကို ထည့်သင့်၏ ဟု ဆိုသဖြင့် "ရဟန်းတို့ ဆီကျက်ကို ခွင့်ပြု၏။ဆီကျက်၌ သေအရက်ကို ထည့်ခြင်းငှါ ခွင့်ပြု၏" ဟု ခွင့်ပြုတော် မူလေသည်။

လူသားတို့ သဘာဝအတိုင်း တားမြစ်ထားသော ဥပဒေက ယိုပေါက်ရှိလျှင် ထိုယိုပေါက်ကလေးကို လိုက်လေ့ ရှိကြသည်။

ဗုဒ္ဓက ဆီကျက်၌ သေအရက်ထည့်၍ သောက်ခွင့် ပြုသောအခါ၊ အချို့သောရဟန်းတို့သည် ဆီကျက် အနည်းငယ် နှင့် သေအရက် အများအပြား ထည့်ကာ သောက်သုံးကြ လေသည်။ အရက်မူး၍ ရမ်းသောသံဃာတို့ အမှုများ ကြုံတွေ့ရပြန် လေသည်။

"ရဟန်းတို့ အလွန်များသော သေအရက် ထည့်သော ဆီကို မသောက်အပ်၊ သောက်သော ရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ် ရမည်။ ရဟန်းတို့ သေအရက်၏ အဆင်း၊ အနံ့၊ အရသာ မထင်ရှားသောဆီကျက်ကိုသောက်ရန် ခွင့်ပြု၏"ဟု ထပ်မံ၍ပညတ်ရပြန်လေသည်။ (မဟာဝဂ်၊ ဘေသဇ္ဇ ခန္ဓက )

ဗုဒ္ဓသည် သူ၏သာသနာတွင်း ဝင်ရောက်ပြီး ရဟန်း တို့ကို ဤသို့ဖြစ်ပေါ်လာသော ဖြစ်ရပ်အပေါ်၌ ဆုံးမရသည့်နည်းတူ ဝင်လာသူ ရဟန်းတို့ကိုလည်း တဖက်က ကန့်သတ်ရပြန်သည်။

သာသနာ ကြီးထွားလာ၍၊ သာသနာ့ အရိပ်အာဝါသ ကြီးမားလာသောအခါ၊ သာသနာကို အကာအကွယ်ယူရန် သာသနာတွင်း ဝင်လာသူများကို ကြုံတွေ့ရရာမှ ထိုသူများကို တား

သီးမှုပြုရသေးသည်။ မင်းပြစ် မင်းဒဏ် သင့်သူ-နူနာရှိသူ-အမိ အဖသတ်သူ ဘိက္ခုနီမ ဖျက်ဆီးသူ စသည်ဖြင့် ရဟန်းအဖြစ် လက်မခံနိုင်သူတို့ကိုလည်း ကန့်သတ်ရသည်။

ဗုဒ္ဓသည် ရဟန်းတို့ ကိုယ်၊စိတ်၊နှုတ် တို့၏ ကျင့်ဝတ် အဖြစ် တားမြစ်ထားသော အမှုများ၊ ပြုခွင့်ပြုသောအမှုများ စသည်ဖြင့် သိက္ခာပုဒ်ပေါင်းများစွာကို ပြုစုသွန်သင်ခဲ့လေသည်။ ဗုဒ္ဓက ချမှတ်ခဲ့သော သိက္ခာပုဒ်ပေါင်း ၉၁၈၀၅၀၃၆၀၀၀-ကုဋေ ကိုးထောင်တရာ ရှစ်ဆယ့်ငါးသန်း သုံးသောင်းခြောက်ထောင် ပင်ရှိသည်ဟု ဝိသုဒ္ဓိမဂ်ကျမ်း သီလနိဒ္ဒေသပိုင်း၌ ဆရာရှင် ဗုဒ္ဓဃောသက ဆို၏။ တူသော အချက်များကို ညှိခြင်း၊ မြှုပ်ခြင်း၊ ပေါင်းခြင်း၊ နုတ်ခြင်းတို့ကို သံဂါယနာတင် ဆရာများက ပြုခဲ့သည်ဟု ဆိုလေသည်။

အကျဉ်း အားဖြင့် ရဟန်းတို့ ကျင့်ဝတ်မှာ ၂၂၇-ပါးသာ ရှိလေသည်။

မည်သည့်အခါမှ မပြုရ၊ ပြုလျှင် ရဟန်းဘဝမှ ဆုံးရှုံးရမည်။ ရဟန်းကောင်း တို့နှင့် ပေါင်းဖော် ခြင်းငှါ မထိုက်တော့ပြီ။ နောင်လည်း တဖန်ပြန်၍ သံဃာဖြစ်ခွင့်မရှိ-ဟူသော ရဟန်းအဖြစ်နှင့် ၁) မေထုန်မှီဝဲခြင်း၊ ၂) ခိုးယူခြင်း၊ ၃) လူ့အသက် သတ်ခြင်း နှင့်[1] ၄)မိမိတရားမတွေ့ဘဲ တွေ့သည်ဟု ကြွားဝါခြင်း တို့ဖြစ်သည်။

ဒုတိယ ကြီးလေးသော ပြစ်မှုဟု တားမြစ်သည့် အချက် ၁၃-ချက်ရှိ၏။ ၎င်းတို့မှာ - ၁) မိမိဘာသာ သုတ်လွှတ်ခြင်း၊[2]

၁ ပါရာဇိက လေးပါးဟု ခေါ်သည်။

၂ အိပ်မက်၌ လွှတ်မိလျှင် အပြစ်မရှိ။

၂) မာတုဂါမနှင့် သာယာသော စိတ်နှင့် ထိတွေ့ခြင်း၊ ၃)မာတုဂါမကို ရှိ့ရင်းကြမ်းတမ်းစွာ မေထုန်နှင့်စပ်သော စကားဖြင့် ပြက်ရယ် ပြောဆိုခြင်း၊ ၄) ရဟန်းက မာတုဂါမအား ကာမဖြင့် လုပ်ကျွေးခြင်း ကျေးဇူးကို ပြောဆိုခြင်း၊ ၅) မိန်းမ နှင့် ယောကျ်ား အကြားၔ အောင်သွယ်ခြင်း၊ ၆) ဒါယကာ မရှိဘဲ ကျောင်းဆောက်ရာၔ ပညတ်အတိုင်း လိုက်နာ ရခြင်း၊ ၇)ဒါယကာရှိ၍ ကြီးမားသော ကျောင်းဆောက်ရာၔပညတ်အတိုင်း လိုက်နာရခြင်း၊ ၈) သံဃာတပါးကတပါးအား မမှန်ဘဲ ရဟန်းဘဝမှ ရွေ့လျော သွားအောင် မတရားစွပ်စွဲခြင်း၊ ၉)အခြားနည်းဖြင့်လည်း ဤသို့စွပ်စွဲမှုမပြုရ၊ ၁၀) ညီညွတ်သောရဟန်းချင်း ကွဲပြားအောင်ကို သုံးကြိမ်ဆုံးမပါလျက် သွေးခွဲမှုပြုခြင်း၊ ၁၁)သွေးခွဲမှုပြုသော ရဟန်းအား ထောက်ခံခြင်း၊ ၁၂)သင်ငါ့ကို ဝေဘန်မှုမပြုနှင့် သင့်ကိုလည်း မဝေဘန်ပါ ဟု အချင်းချင်း အပေး အယူ ပြုခြင်းနှင့် ၁၃) သံဃာဂုဏ် ပျက်အောင် ပြုခြင်းတို့ဖြစ်သည်။ ထိုပြစ်မှုတို့ကို သံဃာ အစ–သံဃာ အဆုံး လိုအပ်သော ပြစ်မှုဖြစ်၏။ သံဃာ အစည်းဝေးမှ သင့်တင့်သော ဒဏ်ခတ်သည်ကို ပြုကျင့်ခံယူပြီးမှ သံဃာတို့ထံ ချဉ်းကပ်စေခြင်းဖြင့် ပြေပျောက်[၃] စေနိုင် သော်လည်း ကြီးသော ပြစ်မှု ဟု သတ်မှတ်၏။[၄] (၄+၁၃=၁၇ ·ပါး။)

နှင်ထုတ်ခြင်း၊ သံဃာအဖြစ်မှ ပျက်ပြယ် စေသော ပြစ်မှု နှစ်ရပ်မှာ[၅] ၁)သံဃာသည် မာတုဂါမနှင့် ဆိတ်ကွယ်ရာၔ အတူ မနေရခြင်းနှင့် ၂)သံဃာက မာတုဂါမအား နှစ်ယောက်တည်း

---

၃ သံဃာဒိသိသ် ၁၃-ပါး။ ၄ ဂရုက အာပတ်။

၅ အနိယတ သိက္ခာပုဒ်၊ ပြစ်ချက်တခုဟု စွဲမြဲ၍ မဆိုနိုင်သော ကျင့်ဝတ်။

အတူနေ၍ ဆွဲဆောင်စကား ပြောခြင်းတို့ ဖြစ်သည်။ ထိုပြစ်မှုမျိုး ကျူးလွန်ပါက သံဃာ့အစည်းအဝေးသို့ ယုံကြည်ရသော အမျိုးသမီးကြီးတဦးကိုပါ ခေါ်ယူကာ အမှုကို စစ်ရမည်။ သက်သေ ထွက်ချက် အမှုသွား အမှုလာကို လေ့လာ စီရင်ရသည်။ အထူးသဖြင့် လွန်ကျူးသည် အထိ ရောက် မရောက်[၁] စီစစ်ရသည်။

အထက်ပါ ပြစ်မှု ၁၇ - ပါး အပြင်၊ ပေါ့သော ပြစ်မှုများ အဖြစ် အောက်ပါအတိုင်း အစီအစဉ်အရ သတ်မှတ်ထားသည်။

| | |
|---|---|
| အထက် ပြစ်မှုကြီး | ၁၇ -ပါး |
| အနိယတ သိက္ခာပုဒ် | ၂ -ပါး |
| နိဿဂ္ဂိ အာပတ် | ၃၀ -ပါး |
| ပါစိတ် အာပတ် | ၉၂ -ပါး |
| ပါဋိဒေသနီအာပတ် | ၄ -ပါး |
| သေခိယ | ၇၅ -ပါး |
| အဓိကရဏ | ၇ -ပါး |
| ပေါင်း | ၂၂၇ -ပါး |

သံဃာ တို့သည် ထို ၂၂၇-ပါးသော ကျင့်ဝတ် တို့ကို ထိန်းသိမ်းရာ၌ အချင်းချင်း စုပေါင်း ထိန်းသိမ်းရလေသည်။

သံဃာ တို့သည် လပြည့်၊ လကွယ် ဥပုသ် နေ့ တိုင်း မိ မိ တို့ ကျောင်း၌ စည်းဝေးကြရသည်။ ၄ ပါးထက် မနည်းလျှင် ထိုအစည်းဝေး၌ သံဃာတို့ ရှောင်ကြရမည့် ဥပဒေ[၂] ကို ရွတ်ဖတ်ကြရ

၁ ပါရာဇိကံ ပြောက်မပြောက်။ ၂ ပါတိမောက်။

သည်။ သို့ဖတ်ကြားစဉ်၌ အစည်းအဝေးတွင် အပြစ် ကျူး လွန်မိသူ သံဃာရှိမရှိ မေးပြီးမှ ဖတ်ကြားရ၏။ အပြစ်ပြုမိ သောသံဃာရှိပါက မိမိအပြစ်ကို တင်ပြကာ သင့်လျော်သော အပြစ်ဖြေမှုကို ပြုပြီးမှသာလျှင်၊ ဥပဒေကို ဖတ်ကြားရ လေ သည်။

သံဃာတို့သည်-သံဃာ၏ ကျင့်ဝတ်ကို သံဃာချင်း ထိန်း သိမ်းသော နည်းဖြင့် ထိန်းသိမ်း ကျင့်ဆောင်မှုပင် ဖြစ်တော့ သည်။

ဤကား ဗုဒ္ဓ၏ တပည့်သား သံဃာတော်များ တည်းဟူ သော ရတနာ၏ ကဏ္ဍတည်း။

မြတ်စွာ ဘုရား၏ တပည့်သား သံဃာ တော် သည် ကောင်းသော အကျင့် ရှိတော် မူပါပေသည်။ ဖြောင့်မတ် သော အကျင့် ရှိတော် မူပါပေသည်။ မှန်သောအကျင့် ရှိ တော်မူပါပေသည်။ လျော်ကန်သောအကျင့် ရှိတော် မူပါ ပေသည်။ ရှစ်ပါးသော သံဃာသည် အဝေးမှ ဆောင်ယူ လာသော ပစ္စည်းကို အလှူခံထိုက်ပေသည်။ ဧည့်သည် အ တွက် ရည်ရွယ်သော ပစ္စည်းကို အလှူခံထိုက် ပါပေသည်။ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံယူထိုက်ပါ သည်။ ရှိခိုးခြင်းကို ခံယူထိုက်ပါသည်။သတ္တဝါတို့ ကောင်း မှုပြုရန် အမြတ်ဆုံး လယ်ယာ ဖြစ်ပါပေသည်။ (မူလပဏ္ဏာသ မူလပရိယာယဝဂ်-ဝတ္ထသုတ်)

No, 13

## အပျိုးသမီး ရဟန်းများ

သံဃာတော်များ ကဏ္ဍ၏ နောက်ဆက်တွဲ အဖြစ်၊ ရဟန်း မိန်းမတို့၏ အခန်းကိုလည်း အနည်းငယ် ဖေါ်ပြရဦးမည်။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီး၊ တိုင်းပြည်အသီးသီး သို့ လှည့်လည်၍ သာသနာပြုရာ၊ ငါးနှစ်မြောက်ဝါကို ဝေသာ လီပြို့ အမနာက်ဘက် လိစ္ဆဝိ မင်းတို့ ဆောက်လုပ် လှူဒါန်း သော ကျောင်းသခ်မ်း၌ ဝါကပ်ဆိုလေသည်။

သို့ ကျောင်းထိုင်နေစဉ် ကပိလဝတ်မြို့၌၊ဖခင်ဖြစ်သူ သုဒ္ဓေါ ဒနသည် နာမကျန်းဖြစ်ပွားသဖြင့် ဗုဒ္ဓထံသို့ တမန်တော်များ စေလွှတ်ကာ ပင့်လေသည်။ ဗုဒ္ဓသည် သူ၏ကျေးဇူးရှင်ဖြစ်သော ဖခင်ထံသို့ မသေမီ တရားပြလိုသဖြင့် ကပိလဝတ်မြို့သို့ သံဃာ အချို့နှင့် ကြွသွားခဲ့လေသည်။

ဝေဒနာ ခံစားနေသော ဖခင်ဖြစ်သူ၏ ထံသို့ ရောက်သော အခါ ဗုဒ္ဓသည် ဖခင်ဖြစ်သူအား သခ်ါရသဘောတရားကို ရှင်း လင်း ဟောကြားလေရာ၊ သုဒ္ဓေါဒနသည် နားလည် သိရှိကာ၊ ကိလေသာ ကုန်ခမ်းသူအဖြစ် ပေါက်သွားခဲ့လေသည်။ နောင် တဘဝ မနေသော နိဗ္ဗာန်ဝင်သည့် ချုပ်ငြိမ်းခြင်းဖြင့်ချုပ်ငြိမ်း ခဲ့လေသည်။

ထိုအချိန်၌ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သူ ၏ ခင်ပွန်းဖြစ်သူ၏ထံပါး၌ရှိသည်။ ခင်ပွန်းဖြစ်သူအား ပြုစုနေ

---

၁ အရဟတ္တဖိုလ်။

သည်ဖြစ်ရာ၊ သားဖြစ်သူ ဗုဒ္ဓက ဟောကြားသော တရားများကို လုံးစေ့ပတ်စေ့ နာယူရသည်၊ သဘောပေါက်သည်။

ထို့ကြောင့် သုဒ္ဓေါဒနမှ၏ ဈာပန ပြီးလျှင်ပြီးခြင်း ဗုဒ္ဓထံသို့ ချဉ်းကပ်သည်။ သူ့အား ဗုဒ္ဓ၏ သာသနာ့ ဘောင်သို့ ဝင်ခွင့်ပြုပါဟု ပန်ကြားသည်။

"အကျွန်ုပ် မာတုဂါမ သည် အိမ် ရာ ထောင် သော လူ့ဘောင်မှ ခွါရှောင်ပယ်သန်း၍ ရဟန်းအဖြစ်ကို ရလိုပါ၏" ဟု လျှောက်ထားရင်း မိမိသာမက မိမိကဲ့သို့သော အမျိုးသမီးများသည် ရဟန်းပြုလိုကြပါသည်။ အမျိုးသမီးများ ရဟန်း ပြုခွင့်ပေးပါ" ဟု အမျိုးသမီးတို့၏ ကိုယ်စားတောင်းပန်လေသည်။

"မယ်တော်....ငါဘုရား၏ သာသနာ၌ မာတုဂါမ တို့ကို ရဟန်းပြုခြင်းငှါမသင့်၊ မာတုဂါမတို့ကို ရဟန်းပြုသဖြင့်လည်း ရှည်မြင့်စွာ မစင်ကြယ်ရာ တို့ကြောင့် ရဟန်းအဖြစ်ကို မနှစ်သက်လင့်" ဟု ဗုဒ္ဓက သုံးကြိမ်သုံးခါ ငြင်းပယ်လေသည်။

ရှင်အာနန္ဒာက ဝင်ရောက် တောင်းပန်ငြား သော်လည်း သုံးကြိမ်သုံးခါပင် ငြင်းလေသည်။

ဗုဒ္ဓ၏ တရားတို့တွင် မိန်းမ–ယောကျ်ား ခွဲခြားမှု ပြုသည့် အချက် နည်းပါသည်။ ယောကျ်ားသည်ငှင်း၊ မိန်းမသည်ငှင်း၊ အခွင့်အရေး တူညီသည်။ အသိဉာဏ် တူညီသည်ဟု ယူဆ ရသည့် ဗုဒ္ဓ၏ ဟောပြောချက် အများအပြားရှိသည်။ အမျိုးသမီးတို့သည်လည်း ကြိုးစားက ယောကျ်ားများ ကဲ့သို့ ထွက်ရပ်ပေါက်တရားရနိုင်သည်။ နိဗ္ဗာန် ရောက်နိုင်သည် ဟု ဗုဒ္ဓကပင် ဟောခဲ့သည်။ သို့ဖြစ်ပါလျက် အမျိုးသမီးများ ရဟန်းဘောင်

ဝင်ရေးကို ဗုဒ္ဓသည်ခွင့်ပြုရန် ဖင့်လေးခဲ့သည်။ ထိုခေတ် ထိုအခါက မိန်းမသည် ယောကျ်ားထက် ယုတ်နိမ့်သည်ဟု ယူဆသူများပြားခြင်း၊ အမျိုးသမီးရဟန်းရော အမျိုးသား ရဟန်းပါ စင်ပြိုင်သာသနာပြုက ရှုတ်ထွေးနိုင်ခြင်း၊ (တကယ်လည်းရှုတ်ခဲ့၍ စည်းကမ်းချက်များ သတ်မှတ်ရ လေသည်) ဧသော အကြောင်း တို့ကြောင့် ခွင့်ပြုရန် ဖင့်နှေးကောင်း ဖင့်နှေးခြင်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ဗုဒ္ဓက အမျိုးသမီးများ ရဟန်း ပြုခွင့်ကို မိထွေးတော် ဂေါတမီမှ စ၍ ခွင့်ပြုခဲ့လေသည်။ မိထွေးတော် ဂေါတမီနှင့်အတူ အမျိုးသမီးငါးရာ ရဟန်းပြုကြသည်ဟု အဆိုရှိသည်။

မိထွေးတော် ဂေါတမီကို ရဟန်းပြုရန် ခွင့်ပေးစဉ်က စည်းကမ်းချက်ကြီး ရှစ်ရပ်[၁] ကို ချမှတ်ခဲ့ လေသည်။ ၎င်းတို့မှာ -

၁) ဘိက္ခုနီမသည် ရဟန်းအဖြစ် ဝါပေါင်း တရာ ရစေကာမူ၊ ဝါအငယ်ဆုံးဖြစ်သော ယနေ့မှ ရဟန်းပြုသော ရဟန်းကို ညွတ်တွား ရိုသေရမည်။ ရှိခိုးရမည်။

၂) ဘိက္ခုနီမသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါကပ်ဆိုခြင်း မပြုရ။

၃) လခွဲတကြိမ် ရဟန်းယောကျ်ားတို့ထံ ဥပုသ် ပြုရမည်၊ ဩဝါဒခံရမည်။

၄) ဝါကျွတ်သောအခါ နှစ်ဘက်သော သံဃာတို့ထံ ပဝါရဏာ ပြုရမည်။

---

၁ ဂရုဓမ္မ ရှစ်ပါး။

၅) အစမှ အဆုံးထိ သံဃာတို့ အထံ၌ အပြစ်ဖြေရမည်။ ပြစ်မှု[၂] ကျူးလွန်မိပါက နှစ်ဘက် သံဃာတို့ထံ အပြစ်ဖြေရမည်။

၆) ကျင့်သုံးရမည့် ဥပဒေ ၁၀၆ ပါးရှိသော သီလရှင်ငယ်[၃] အဖြစ် ၂-နှစ် နေပြီးမှ သာမဏေပြုရမည်။ ထိုမှတဆင့် ပဉ္စင်းခံရမည်။[၄] ပဉ္စင်းခံရာ၌ နှစ်ဘက်သော သံဃာထံ နှစ်ဆင့် တက်ရမည်။

၇) ရဟန်းယောကျ်ားတို့အား ပရိယာယ်စကားမျှဖြင့် ဆဲရေးခြင်း မပြုရ။ မပြည်တမ်းရ။

၈) ရဟန်းယောကျ်ား ဟောကြား ဆုံးမသည်တို့ကို လိုက်နာရမည်....တို့ဖြစ်၏။

ထိုစည်းကမ်းကြီး ရှစ်ချက်ကို မပေးမီ ရှင်အာနန္ဒာ အား အမျိုးသမီးတို့ ရဟန်းပြု၍ တရား၌ကျင့်ဆောင်ကြလျှင် ကျွတ်တန်း ဝင်နိုင်သည်မှာ မှန်သည်။ သို့သော် လယ်ခင်း များတွင် နှံ့ဖြတ်ပိုးဝင်က ပျက်နိုင်သကဲ့သို့၊ ပျက်စီးနိုင်သော အချက်များကို ကာကွယ်ပေးရန် လိုအပ်သည်ဟု ဗုဒ္ဓက မိန့်ကြား ခဲ့လေသည်။

စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း ဗုဒ္ဓက မိန့်ကြားသေး၏။

---

၂ သံဃာ ဒိသိသ် အာပတ်။

၃ သိက္ခမာန်။

၄ ဥပသမ္ပဒကံဆောင်ရခြင်း။

"အာနန္ဒာ -ရေကန်ကြီး၏ ကန်ဘောင်ရိုးကို ရေမကျော်လွန် နိုင်လောက်အောင် စောစောက ကြိုတင်၍ ကန်သင်းဖွဲ့သကဲ့သို့၊ ဤအတူပင် ငါသည် ဘိက္ခုနီ မတို့အတွက် အသက်ထက်ဆုံး မလွန်ကျူးအပ်ရန်သော တားမြစ်မှု တရားရှစ်ပါးကို ပညတ်ပြီးခဲ့ပြီ" (အင်္ဂုတ္တရနိကာယ်၊ ဒုတိယ ပဏ္ဏာသ-ဂေါတမီဝဂ်)

ထိုအချက်များကို မိထွေးတော် ဂေါတမီက လက်ခံပါမည်၊ လိုက်နာပါမည်ဟု ကတိပေးကာ ရဟန်းပြုခဲ့ရာမှ တရား ပေါက်ရောက်ခဲ့သည်။

ဘိက္ခုနီသာသနာ ကြီးထွားလာသည်။ ဗုဒ္ဓ၏ဇနီးဟောင်း ယသော်ဓရာမှ စ၍ အမျိုးသမီးကောင်း အမြောက် အများတို့ ရဟန်းဘောင်ဝင်ကြသည်။တရားကျင့်၍ တရားတွေ့ကာ ပေါက်ရောက်သူ အမြောက် အများ ရှိကြသည်။

အမျိုးသမီး ရဟန်းတို့ ပေါများကြီးထွား လာသောအခါ မိထွေးတော် ဂေါတမီက -ရှင်အာနန္ဒာမှတဆင့် စောဒက တက်သေး၏။

"ရဟန်း လောက၌ ဝါကြီးသူကို ဝါငယ်သူက ရိုသေရမြဲ ဖြစ်သော်လည်း၊ ဘိက္ခုနီမတို့မှာမူ -ဝါတရာပင် ရှိစေကာမူ၊ ယခု ရဟန်းဝတ်သော ရဟန်းငယ်များကို ကန်တော့ ရသည်မှာ အဆင့်အတန်း ခြားနားလွန်းသည်ဟု ထင်မြင် ပါသည်။ ဝါကြီးသောရဟန်းမကို ဝါငယ်သော ရဟန်းယောကျ်ားက ဝါစဥ်အရ ရှိခိုးသင့်ပါသည်"ဟု စောဒက တက်သည်။

စေ့ဒကတက်မှုကို ဗုဒ္ဓကြားသိသောအခါ၊ ဗုဒ္ဓက တိတ္ထိတို့၏ သာသနာ၌ပင် ယောကျ်ားတိတ္ထိ ရဟန်းက မိန်းမ တိတ္ထိ ရဟန်းကို ရှိခိုးခြင်း မပြုဟု မိန့်ကြားကာ ရဟန်း မိန်းမကို ယောကျ်ားရဟန်းက ရှိခိုးခြင်းမပြုရဟု မိန့်ကြားခဲ့သည်။

သို့ မိန့်ကြားမှု ဥပဒေသည် မိန်းမနှင့်ယောကျ်ား မိန်းမက အဆင့်နိမ့်သည် ဟူသော အယူအဆကြောင့် မဟုတ်ဘဲ၊ ပတ်ဝန်းကျင် လူမှုဆက်ဆံရေး အခြေအနေကို လိုက်လျော၍၊ လူတို့၏ စွဲလမ်းယုံကြည်မှုကို ဖြစ်နိုင်လျှင်၊ မလိုအပ်လျှင် ဆန့်ကျင်မှု မပြုဘဲ ဆုံးဖြတ်ခြင်း ဖြစ်ဟန်တူ၏။

ဘိက္ခုနီမ ရဟန်းတို့သည် ရဟန်း ယောကျ်ားများ စောင့်ထိန်းရသော ကျင့်ဝတ်များ သာမက ယောကျ်ား ရဟန်းများ၏ ဆုံးမမှုကို ခံယူရမည်။ တဦးတည်း ခရီးမထွက်ရ၊ တဦးတည်း မနေရခြင်း၊ မိမိကိုယ်ကို ထု၍ ငိုကြွေးမှုမပြုရခြင်း စသည်တို့မှစ၍ ရေချိုးသည့်မှ စကာ တိကျ တင်းကြပ်သော စည်းကမ်း ဥပဒေများကို လိုက်နာရမည်ဟု ဗုဒ္ဓက ပြဋ္ဌာန်းလေသည်။ သို့ တင်းကြပ်မှု ရှိခြင်းမှာ မိန်းမတို့အဖို့ ရဟန်း ယောကျ်ားတို့က ဖျက်ဆီးမှု ပြုနိုင်သည့် ယိုပေါက်များကို ကာကွယ် ပေး သည့် သဘောသာဖြစ်သည်။ သူတို့၏ လုံခြုံမှု အတွက်သာဖြစ်သည်။ ကျန် ကျင့်စဉ်များမှာ ရဟန်းတို့ ကဲ့သို့ပင် ဖြစ်သည်။

(ဤကား ဘိက္ခုနီ သံဃာအကြောင်း အကျဉ်းတည်း။)

# ဗုဒ္ဓ၏ ဟောကြားသော တရား

မြတ်စွာဘုရား ကောင်းစွာ ဟော ထား သော တရားတော်သည်၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း။ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း။ လာလှည့် ရှုလှည့်ဟု ပြဆိုထိုက်သော တရားတော်ပါပေတည်း။ မိမိကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူ ထိုက်သော တရားတော်ပါပေတည်း။ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှသိနိုင် ခံစားနိုင်သော တရားတော် ပါပေတည်း။ (မူလပဏ္ဏာသ၊ မူလပရိယာယဝဂ်၊ ဝတ္ထသုတ်။ တရားဂုဏ်တော် ၆-ပါး)

ဗုဒ္ဓ ဟောကြားသော တရားတော်တို့မှာ သူကိုယ်တိုင်သိ၍ ဟောကြားသော တရားများ ဖြစ်သည်။ အခါမလင့် အကျိုးပေးနိုင်သည် ဟူသော တရားဂုဏ်တော်ဂုဏ်ပုဒ်သည်၊ ဗုဒ္ဓ၏ဝါဒ

ဗုဒ္ဓ၏တရား ဗုဒ္ဓဘာသာသည် လက်ငင်း လက်တွေ့ ဖြစ်သည်ကို ခိုင်မာစွာ ထုတ်ဖော်ပြသည်။

ဗုဒ္ဓ၏ တရားတို့သည် နောင်တမလွန်ဘဝသို့ရောက်မှ အကျိုး ရှိမည့် လမ်းစဉ်မဟုတ်၊ ယခု လက်ငင်း လက်တွေ့ အကျိုးရှိသည့် လမ်းစဉ်ဖြစ်သည်။ အနိမ့်ဆုံးသော ကျင့်ဝတ်မှ အမြင့်ဆုံးသော ထွက်ရပ်ပေါက်လမ်းအထိ၊ ရေ့ပတ္တမြား ရေ့နဂါး, တခုလဲ လျှင် တခုရသည်။ ယခုလုပ် ယခုကျင့်လျှင် နောင်ဘဝ မဆိုထား ဘိ၊ နက်ဖန် သဘက်ပင် မဆိုင်းဘဲ ယခုအကျိုးရှိသော တရား များဖြစ်သည်။ လက်ငင်းတရား ဖြစ်သည်။ လက်တွေ့ ချက်ချင်း အကျိုးကို ရနိုင်သည်။

သို့သော် ထိုတရားကို ကျင့်ရမည့် သူမှာ အကျိုး လိုသူသာ ကျင့်ရမည်ဖြစ်သည်။ အခြားသူတဦးက ကိုယ်စား ကျင့်၍ မရ ပေ။ လိုလားချက်ကို ကျင့်မှသာ ရနိုင်သည်။

> တပည့်သည် အသက်ရှည်ခြင်းကို အလိုရှိသည် ဖြစ်၍ အသက်ရှည်ခြင်းကို (နှုတ်ဖြင့်) တောင့်တခြင်းငှါ၎င်း၊စိတ် ဖြင့် နှစ်သက်ခြင်းငှါ၎င်း မထိုက်၊ အသက် ရှည်လို သော တပည့်သည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သည့် အကျင့် ကို ကျင့်ရမည်။ ထိုသူသည် အသက်ရှည်ခြင်းကို ရနိုင်၏။
> (အင်္ဂုတ္တရ နိကာယ်၊ ရာဇဝဂ်)

ထို့အတူ မကောင်းမှုကို ပြုကျင့်လျှင်လည်း ယခု ချက်ချင်း လက်ငင်းပင် မကောင်းကျိုးကို ရသည်၊ လက်တွေ့ မကောင်း ကျိုးရသည်။ မကောင်းမှု ရှောင်လျှင် မကောင်းကျိုးကို မရ၊ မကောင်းမှုမှ မရှောင်သူသာ မကောင်းကျိုးကို ရ၏။

ရဟန်းတို့ သူ့အသက် သတ်ခြင်းမှ ပယ်သူအား သူ့အသက် မသတ်သဖြင့်၊ မင်းပြစ်မင်းဒဏ် သင့်သည်ကို ငါတို့ မမြင်ဘူး၊ မကြားဘူးပေ။ ယောကျ်ားကိုဝင်း, မိန်းမကိုဝင်း သတ်သော သူသာ သူ၏ မကောင်းမှုကံ အကျိုးကြောင့် ယိုသူအား မင်းတို့က ဖမ်းဆီးကြသည်၊ ထိုသူအား သတ်ဖြတ်ကြသည်၊ ချုပ်ချယ်ကြသည်၊ ပြည်မှ နှင်ထုတ်ကြသည်၊ အလိုရှိတိုင်း ပြုကြကုန်၏။ (အင်္ဂုတ္တရနိကာယ်၊ စတုတ္ထ ပဏ္ဏာသက ရာဇသုတ်)

ဗုဒ္ဓ၏ တရားတို့မှာ လက်တွေ့ ကျင့်စဉ် များသာ ဖြစ်သည်။ ထိုတရားတို့မှာ ရွတ်ဘတ်ရန် မဟုတ်ပေ။ တတ်သိ နားလည်ပြီး ကျင့်ဆောင်ရမည်သာ ဖြစ်သည်။

''ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီး တိုင်းသော တရားကို အကျယ် အားဖြင့် ရွတ်အံ့၊ (သရဇ္ဈာယ်) ခြင်းကို ပြု၏၊ ထိုထက်ပိုလွန်၍ကား ထိုတရား၏ အနက်ကို ပညာ ဖြင့် မသိ''

''ရဟန်း ထိုတရားကို ရွတ်အံ့၊(သရဇ္ဈာယ်) ခြင်း များသူ ဟူ၍သာ ဆိုအပ်၏၊ တရားနှင့် နေလေ့ ရှိသူ ဟူ၍ကား မဆိုအပ်'' (အင်္ဂုတ္တရ နိကာယ်၊ ဒုတိယ ပဏ္ဏာသက-ဒုတိယ ဓမ္မဝိဟာရိသုတ်)

ဗုဒ္ဓ၏ တရားတို့မှာ ရွတ်ဖတ်ရန်မဟုတ်၊ ကိုယ်တိုင် သိရန်နှင့် ကျင့်ရန်သာ ဖြစ်သည်ဟု ဆိုသော်လည်း၊ စီစစ်ဝေဘန်ပြီးမှ ကျင့်ဆောင်ကြရမည်။ ကောင်းသည်ဟု ယုံကြည်သောအရာကို

ကျင့်ဆောင်ပြီး၊ မကောင်းဟု ယူဆသော အရာကို ပယ်ရမည် ဖြစ်သည်။

ကာလာမမင်းတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့် (ဟုတ်ပြီမှန်ပြီ)ဟု အတည်မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားများဖြင့်လည်း မယူကုန်လင့်ဦး၊ဤသို့ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာ ပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆ တွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံ စည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့်တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူ ထိုက်သော သဘော မျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့လေးစားသော ရဟန်း၏စကားဟူ၍ လည်း မယူကုန်လင့်ဦး။ ကာလာမမင်းတို့ ဤတရားတို့ကား မကောင်းမှု တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိ သော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့ အပ်သော တရားတို့တည်း။ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည် ရှိသော် အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏”ဟု သင်တို့သည် မိမိတို့ကိုယ်တိုင် ပင် သိသောအခါ၌မှု ပယ်စွန့်ကုန်ရာ၏။ (အင်္ဂုတ္တရ နိကာယ် တိကနိပါတ်-ကေသမုတ္တိသုတ်)

ဤသို့ ဝေဘန် စိစစ်မှုကို ခံနိုင်ရည်ရှိသော, ဤသို့ လက်ငင်း လက်တွေ့ အကျိုးရှိစေသော ဗုဒ္ဓ၏တရားတော်တို့ကား အဘယ် နည်း။

ဗုဒ္ဓသည် ဘုရားအဖြစ် ပွင့်တော်မူပြီးနောက်၊ ပွင့်တော်မူရာ ထိုကောအုပ်ချပင် ၄၉ ရက်ကြာ သီတင်းသုံးတော်မူခဲ့လေသည်။ ညောင်ပင်အောက်၌ ၇ ရက်ကြာ၊ ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ၇ ရက်၊ ကျည်းပင်ရင်း၌ ၇ ရက်ကြာ သီတင်းသုံးပြီးနောက်၊ စတုတ္ထအကြိမ်မြောက် ရက်သတ္တပတ်တွင် ပဌမဆုံးသော လူသားတဖွဲ့၏ ဖူးမြော်ခြင်းကို ခံယူတော်မူသည်။ ယင်းသူတို့မှာ မြန်မာပြည် ဘက်မှ ရွှေတိဂုံစေတီတော်ကြီး၏ ပဌမဆုံး ဒါယကာအဖြစ် ကျော်ကြားကြမည့် တဖုဿနှင့်ဘလ္လိက ကုန်သည် ညီနောင်တို့၏ အဖွဲ့ဖြစ်သည်။

တဖုဿနှင့်ဘလ္လိက ကုန်သည် ညီနောင်တို့သည် လင်းလွန်းပင်ရင်း၌ တင်ပလ္လင်ခွေလျက် မျက်လွှာချကာ ထိုင်၍ သီတင်းသုံးနေသော ဗုဒ္ဓကို တွေ့ရာမှ တရားတွေ့စ ဗုဒ္ဓ၏ ကြည်ညိုဘွယ် အသွင်ကို မြင်တွေ့ကာ ရိုသေစွာ ရှိခိုးကြလေသည်။

ဗုဒ္ဓအား သူတို့တင်ပါသော ပုံ့ကျွတ်ကျစ်၊ ပျား မုံ့ဆုပ် စသည်တို့ဖြင့် လှူဒါန်း ပူဇော် ကြလေသည်။ ဗုဒ္ဓက သူတို့လှူသည်ကို လက်ခံ ပြီးနောက်၊ သင့်တင့်သော ကိုယ်ကျင့် တရားဆောက်တည်မှုနှင့် စပ်ဆိုင်သည့် ဩဝါဒကို ပေး၏။ ဗုဒ္ဓသည် သူပေါက်ရောက်သော သူသိရှိသော သစ္စာတရားကို ဟောရန် သင့်မသင့် ဆုံးဖြတ်ခြင်း ပြုရသေး သော်လည်း၊ တဖုဿနှင့် ဘလ္လိက ညီနောင်တို့အား နှစ်ချုပ်သော ကိုးကွယ်မှု ကိုဆောက်တည်ကြလော့ဟု ဩဝါဒ ပေးလေသည်။

---

၁ ဒွေဝါစိက သရဏဂုံ။

တပည့်တော်တို့သည် ဘုရားအား ကိုးကွယ်ပါ၏၊ တရားအား ကိုးကွယ်ပါ၏ဟု ဆည်းကပ်အပ်သော အချက်နှစ်ရပ်နှင့် တည်သည့် ပဌမဆုံးသော ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ ရောက်ရှိသွားလေသည်။

နောင် ကာလအနည်းငယ် ကြာသောအခါ၊ ဗုဒ္ဓသည် တရားဟောရန် ဆုံးဖြတ်ပြီး ဟောကြားသဖြင့်၊ သူ၏သာသနာ၌ မူလတပည့်ရဟန်း ငါးဦး ပါဝင် လာသည်။ ထိုနောက် ဗာရာဏသီပြည်သား ယသ, မည်သော သူဌေးသားသည် လောကီရေးကို ငြီးငွေ့သဖြင့် တောထွက်ရာမှ ဗုဒ္ဓနှင့် တွေ့ကာ ၆-ဦးမြောက်ရဟန္တာ ဖြစ်ခဲ့လေသည်။

ထိုအခါ ယသ၏ ဖခင် သူဌေးကြီးသည် သားဖြစ်သူကို လိုက်လံ ရှာဖွေရာမှ ဗုဒ္ဓ၏ထံပါးသို့ ရောက်ရှိလာသည်။ ဗုဒ္ဓက သူ့အား ဖြစ်ခြင်း သဘောတို့သည် ပျက်တတ်သည် ဟူသော တရား၊ လောကကြီးသည် ဆင်းရဲ ဒုက္ခမီးနှင့် အတိဖြစ်သည်။ ထိုလောကမှ လွတ်ရာ တရားသည် ဤသို့ ဖြစ်သည်ဟု ဟောကြား၏။ သူဌေးကြီးသည် လူ့အဖြစ်နှင့်ပင် တရားပေါက်သွားသည်။ ကိလေသာ မှုန်အညစ်အကြေးမှ ကင်းရသော တရားမျက်စိ[၁] ကို ရရှိသွားလေသည်။

သူဌေးကြီးအား ဗုဒ္ဓက သုံးပါးသော ကိုးကွယ်မှု ကို ကိုးကွယ်လော့ဟု သြဝါဒပေးသည်။ သူဌေး ကြီး သည် ရတနာ သုံးပါး ဆည်းကပ်ခြင်းဖြင့် ဒုတိယ အကြိမ်မြောက် ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်အဖြစ် ရရှိသွားသည်။[၂]

---

၁ သောတာပတ္တိမဂ်ဉာဏ်။

၂ တေဝါစိက သရဏဂုံ - သရဏဂုံသုံးပါး။

ဗုဒ္ဓ ဘာသာဝင်တို့ အနိမ့်ဆုံး ကိုးကွယ် ဆည်းကပ် ရမည့် အရာကား ထိုရတနာသုံးပါးသာဖြစ်သည်။ဘုရားကိုးကွယ်ခြင်း၊ တရားကိုးကွယ်ခြင်း၊ သံဃာကိုးကွယ်ခြင်းဖြင့် ဘုရား၏ ဆုံးမမှု၊ တရား၏ ဆုံးမမှု၊ သံဃာ၏ ဆုံးမကို ခံယူပြီးနောက်၊ ရသက်ပန် ကျင့်သုံးရမည့် ကျင့်ဝတ်မှာ—

၁) သူ့အသက် သတ်ခြင်း (ပိုးမွှားမှ ကိုယ်ဝန် ဖျက်သည် အထိ) ရှောင်ကြဉ်ခြင်း။
၂) သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။
၃) မဟုတ် မမှန် ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။
၄) အုပ်ထိန်းမှုမှ မလွတ်သောသူနှင့် မှားယွင်းသော ကာမဂုဏ် ပြုမှုကို ရှောင်ကြဉ်ခြင်းနှင့်-
၅) မကောင်းမှုတို့ကို ကျူးလွန်မိစေသော သေရည် သေရက် တို့ကို သောက်သုံးခြင်းမှ ရှောင်ကြဉ် ခြင်းတို့ ဖြစ်၏။

ထိုအမှုများကို ကျူးလွန်မိလျှင် အသို့နည်း။ အချို့သော ဘာသာဝင်တို့ အဖို့ ဖန်တီးသူ ထာဝရ ဘုရား တို့က ကောင်းကင်ဘုံမှ စောင့်ကြည့်ပြီး အပြစ်ရှိသူကို အပြစ်ပေးမည်၊ တရားစီရင်မှုကို ခံရမည်ဟု ဆိုကြသည်၊ ယူဆကြသည်။ ဗုဒ္ဓ၏ ဆုံးမမှုမှာ ဤသို့သော ဆုံးမချက်ကို ဖေါက်ဖျက်ကျူးလွန်သူသည် ချက်ချင်း လက်ငင်း-လက်တွေ့ပင် ထို ကျူးလွန်မှု၏ မကောင်း (ဆိုးပြစ်) ဒဏ်ကို ခံရမည် ဖြစ်၏။

အာနန္ဒာ-အကြောင် ကာယဒုစရိုက်ကိုပြုသည်ရှိသော် ဤ အပြစ်ကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။ မိမိကိုယ်ကို

မိမိစွပ်စွဲ၏။ ပညာရှိတို့ သိမြင်လတ်သော် ကဲ့ရဲ့ကုန်၏။
မကောင်းသော ကျော်စော ခြင်းသည် ပျံ့နှံ့၍ ထွက်၏။
တွေဝေ၍ သေရ၏။ (အင်္ဂုတ္တရ ဒုကနိပါတ်၊ အဓိကရဏဝဂ်)

လူ၏ကျင့်ဝတ် ဖေါက်မှုသည် လူတို့၏ စည်းကမ်း နည်းလမ်းများဖြင့် အရေးယူခြင်းကို ခံရမည့်ပြင်၊ ငါသည် အပြစ်ကို ကျူးလွန်မိ၍ ပြစ်ဒဏ် လာမည် ဖြစ်ပါတကား ဟူသော အစွဲကြီးသည် ကျူးလွန်သူအား အမြဲခြိမ်းခြောက်နေမည် ဖြစ်လေသည်။ သို့ဖြစ်လျှင် ပြစ်မှုကျူးလွန်မိသူမှန်သမျှတို့၌ အပြစ်ဖြေမှုဆေး မရှိတော့ပြီလော။

ရောဂါဝေဒနာတို့တွင် ပျောက်ကင်းစေသော ဆေးရှိသကဲ့သို့ပင်၊ ပြစ်မှုအသီးသီးတို့၌လည်း ပျောက်ကင်းစေသော အပြစ်ဖြေဆေးများ ရှိပေသည်။ ထိုဆေးကား လွယ်ကူ ရှင်းလင်းလှသည်။ အပြစ်ပြုမိက အပြစ်ဟုသိကာ အပြစ်ဟု ဝန်ခံပြီး ၊နောင်ကိုမလုပ်တော့ဘဲ ရှောင်ကြဉ်ခြင်းပင် ဖြစ်သည်။

တခါက ကဿပဂေါတ္တအမည်ရှိသော ရဟန်းကြီး တပါးသည် ဗုဒ္ဓ၏ ချိုးခြံစွာ ကျင့်ရမည်ဟူသော ဆုံးမမှုကို လက်မခံနိုင်ဘဲ ဗုဒ္ဓအပေါ်၌ နှလုံးမသာ ညိုညင်မှု ဖြစ်ပေါ် လေသည်။ "ရဟန်းကြီးဂေါတမသည် အလွန်ခေါင်းပါး စေလို ယောင်တကား" ဟု မနှစ်မြို့မှု ဖြစ်ခဲ့ လေသည်။ နောင်တွင်မှ သူမှားသည်ကိုပင် ပြန်၍သိသည်၊ သတိတရားရသည်။ ရဟန်းကဿပဂေါတ္တသည် ဗုဒ္ဓအား သူ့အမှားကို လျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓက "ကဿပ သင်သည် အပြစ်ကို အပြစ်ဟုမြင်ကာ အပြစ်အားလျော်စွာ ကုစားခြင်းကြောင့် သင်၏ အပြစ်ကို အပြစ်ဟု

ငါတို့လက်ခံကုန်၏။ ကာလပ အပြစ်ကို အပြစ်ဟု မြင်လျက် ကု စားလျက် နောင်အခါ စောင့်စည်း၏။ ထိုစောင့်စည်း ခြင်းပင် သူတော်ကောင်းတို့၏ ကျင့်ဝတ် အဆုံးအမ၌ ကြီးပွားခြင်းပင် တည်း''ဟု မိန့်ကြား လက်ခံလေသည်။

ဤပြစ်မှုမှာ ဗုဒ္ဓအပေါ် စိတ်အားဖြင့် အထင်အမြင်လွဲမှား မှုသာ ဖြစ်သဖြင့်၊ သေးငယ်သော ပြစ်မှုဟု ဆိုနိုင်သည်။ ကြီး မားသော ပြစ်မှုကြီးများသည်လည်း အပြစ်ကိုသိကာ ဝန်ခံပြီး နောင်အခါ ရှောင်ကြဉ်ပါက အပြစ်ပြေသည်ဟု ယူဆ နိုင်သည်။ သို့သော် အလွန့်အလွန် ကြီးမားသော ပြစ်မှုကြီး တို့ကို ကျူး လွန်မိသူတို့သည် အပြစ်ကို ဝန်ခံပြီး ရှောင်ကြဉ်ပါက သူတော် ကောင်းတို့၏ ဆုံးမမှုအောက်ဝယ် ကြီးပွားခြင်းကို ရနိုင်သော် လည်း ဒဏ်ဂယက်မှာ ကျန်ရစ်တတ်သေးသည်။

အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာအား သတ်ခြင်း၊ ဘုရားအား သွေးလွှတ်သံယိုဖြစ်စေခြင်းနှင့် သံဃာချင်း ဂိုဏ်းခွဲ မှုတည်းဟူသော အဆုံးစွန်သော ကြီးလေးဆုံးသော ပြစ်မှုကြီး ငါးရပ်ကိုမူ အပြစ်ဟု ဝန်ခံလျက် ရှောင်စေကာမူလည်း မပြီး ပြတ်၊ ကြီးကျယ်သော ဒဏ်ဂယက်ကား ကျန်ခဲ့သည်။

အဇာတသတ်မင်းသည် သူ၏ဖခင် ဗိမ္ဗိသာရမင်းအား ရက် စက်စွာ ညှဉ်းဆဲသတ်ဖြတ်ပြီး နန်းကိုလုခဲ့လေသည်။ တနေ့တွင် အဇာတသတ်မင်းသည် ဗုဒ္ဓ၏တရားကို လာရောက် နာယူသည်။ ဗုဒ္ဓ၏ ကျင့်စဉ်၊ ရဟန်းတို့ကျင့်စဉ် (သာမညဖလသုတ်)ကို ဟော ပြောသည်။ အဇာတသတ်က ''အမြင်မှန် ရပါပြီဘုရား၊ သို့သော်

တပည့်တော်သည် မလိမ္မာ မိုက်မဲ တွေဝေ မိသည့် အလျောက် အပြစ်ကို ပြုခဲ့ဘူးပါသည်။ တရားစောင့်သော မင်းဖြစ်သည့် ခမည်းတော် ဗိမ္ဗိသာရမင်းအား မင်းစည်းစိမ်ကို တပ်မက်မိ၍ သတ်ခဲ့မိပါ၏''ဟု လျှောက်ထား၏။

ဗုဒ္ဓက အပြစ်ကို အပြစ်ဟုသိကာ နောင်ရှောင်ကြဉ်မှုသည် မှန်ကန်သောတရား ဖြစ်သည်ဟု မိန့်ကြားကာ ခွင့်လွှတ် လျက် အဇာတသတ်မင်းအား ရတနာသုံးပါး ကိုးကွယ်ခွင့် ပေးကာ ငါးပါးသီလကို စောင့်ထိန်းစေလေသည်။

သို့သော် အဇာတ သတ်မင်း ပြန် သွား သော အခါ တွင် ဗုဒ္ဓက-

> ''ရဟန်းတို့ ဤမင်းသည် (မိမိတည်ရာကို မိမိ)တူးဖို့ခဲ့၏။ ရဟန်းတို့ ဤမင်းသည် (မိမိကိုယ်ကိုမိမိ)ဖျက်ဆီးခဲ့၏။ ရဟန်းတို့ ဤမင်းသည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မသတ်မိပါမူ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာမြူ အညစ် အကြေး ကင်းသော တရားမျက်စိသည် ဖြစ်ပေါ် ရာ၏''ဟု မိန့်တော်မူ၏။
> **(သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ်)**

ဤနေရာ၌ စဉ်းစားရန်မှာ အပြစ်အကြီးဆုံး ကံငါးပါးကို ကျူးလွန်မှုတို့အတွက်၊ လူ့လောက လူ့အဖွဲ့အစည်းမှ စည်းကမ်းများ ချထားပြီးဖြစ်၏။ သတ်မှု-ခိုးမှု၊ မှားသော ကာမမှု ကိုကျူးလွန်က မင်းပြစ်မင်းဒဏ်သင့်သည်ဟု အပြစ်အလျောက် ဆုံးဖြတ်ပြီးရှိသည်။ လိမ်ပြောသူကို ရှောင်ကြသည်၊ ယုံကြည်မှု

မရှိစသည်ဖြင့် အသီးသီးသော အပြစ်ဒဏ် ရှိလေသည်။ အဇာတသတ်မင်းသည် ဖခင်ကိုသတ်၍ မင်းပြုခဲ့သည်။ မင်းအဖြစ်ရပြီဖြစ်သဖြင့်၊ သူ့တွင် လက်တွေ့အားဖြင့်၊ လက်ငင်း အားဖြင့် လူသတ်မှုအတွက် မင်းပြစ်မင်းဒဏ် မသင့်နိုင်ပေ။ သို့သော် ထိုသတ်မှုကြီး၏ လောင်းရိပ်သည် သူ၏ ဘဝတလျှောက် လုံး၌ ဖုံးလွှမ်းနေသည်။ ထို့ကြောင့် သူသည် ဗုဒ္ဓထံတင်ပြပြီး အပြစ်မှ လွှတ်ရန် ပန်ကြား၏။ ဗုဒ္ဓကလည်း နောင်၌ ရှောင်ကြဉ်လျှင် အပြစ်လွှတ်နိုင်သည်ဟု မိန့်ကြားသည်။ ထိုပြစ်မှု၏ လောင်းရိပ်ကြီးကား ကင်းလွတ်သွား၏။ သို့သော် ပြစ်မှုကြီးမှာ အဖကိုသတ်ခြင်းတည်းဟူသော အကြီးဆုံး ကျေးဇူးရှင်ကို သတ်ဖြတ်မှုဖြစ်သဖြင့်၊ သူ့ အဖို့ ဒဏ်ပိကျန်ရစ်သည်။ အဇာတသတ် အဖို့ သူ၏သက်တန်းတွင် လောကဒုက္ခမ်းတို့မှ လွတ်မြောက်ကြောင်း တရားလမ်း မပေါက်ရောက်နိုင်တော့ပြီ၊ ဤရွေ့ဤမျှကြီးသော အပြစ်ကျူးလွန်သူသည် သာသနာ့ ဝန်ထမ်း ရဟန်း ဘဝသို့ပင် မရောက်နိုင်တော့ပြီ။ ဒဏ်ဂယက်ကား ကျန်ရစ်ခဲ့သည်။ ဤကား ကိုယ့်ကိုယ်ကို ဆုံးမနည်း၊ သတိတရားရှာနည်း၊ အမှားတွေ့က အမှန်ပြင်နည်း ဖြစ်သည်။

ရတနာသုံးပါး ကိုးကွယ်ကာ ကာငါးပါးကို ထိန်းသိမ်း မှုတို့မှာ ဗုဒ္ဓဝါင်တို့အတွက် အနိမ့်ဆုံး စောင့်ထိန်းရမည့် ကျင့်ဝတ်များဖြစ်သည်။ ထိုကျင့်ဝတ်တို့အပြင် လူသားအဖြစ် လူ၏အဖွဲ့အစည်းအတွင်း သင့်မြတ်စွာနေထိုင်ရေး၊ လူတော်လူကောင်းဖြစ်ရေးအတွက် ဗုဒ္ဓသည် အမျိုးမျိုးသော ဩဝါဒကိုတို့ကိုပေးသည်။

ဗုဒ္ဓဝါဒတို့တွင် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ကို ကျင့်ဆောင်ခြင်းသည်ပင် အခြေခံသော လူ့လောက ဒုက္ခတွင်းမှ ထွက်ရပ်ပေါက် လမ်းစဉ်ကို လိုက်နိုင်သည့် လမ်းစကို တွေ့ခြင်း ဖြစ်သည်။

လူမိုက်ရှောင်၍ ပညာရှိဆည်းကပ်ခြင်း၊ နာယူခြင်း၊ ဆွေမျိုးမိဘ သားမယားတို့ကို ထောက်ပံ့ခြင်း၊ ကျေးဇူး သိခြင်း၊ သည်းခံခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ မကောင်းမှုကို ရှောင်ခြင်း၊ မြတ်သော အကျင့်ကို ရှာဖွေကာ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်း စသည့် မင်္ဂလာတရား အချက်အလက်တို့သည် လူဝတ်ကြောင်တို့အတွက် ထွက်ရပ်ပေါက် လမ်းစ လမ်းနမျှား ဖြစ်ကြသည်။

လောကီ သားတို့ သားမယား စောင့်ရှောက်နည်း၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ မင်းကျင့်ဝတ်၊ ပြည်သားကောင်းကျင့်ဝတ် စသည်ဖြင့် ကျင့်ဝတ်များကိုလည်း ဗုဒ္ဓသည် ကြုံတိုင်းကြုံတိုင်း ဟောပြောလေ့ ရှိ၏။

အိမ်ရှင်မတို့သည် ထမင်းချက် နောက်မကျ သင့်ကြောင်း၊ နောက်ကျလျှင် အပြစ် ငါးမျိုး ညီသည်၊ (အင်္ဂုတ္တရနိကယ်-ပဉ္စမပဏ္ဏာသ ဥဿုရသတ္တာသုတ်) ဟူသော ဆုံးမခြင်း မျိုးများ၊ စင်္ကြံလျှောက်ခြင်းဖြင့် အကျိုးငါးပါး ရရှိသည်ဟူသော ပြုကျင့်မှုမျိုး၊ ဒေါသပယ်နည်း၊ ရာဂပယ်နည်း စသော ညွှန်ကြားမှု မျိုးတို့ကို ဗုဒ္ဓသည် အလျဉ်းသင့်တိုင်း ဟောကြား လေသည်။

ဤသည်တို့မှာ အနိမ့်ဆုံးသော လူ့ကျင့်ဝတ်များသာ ဖြစ်ကြသည်။ အနိမ့်ဆုံးသော ဗုဒ္ဓ ဘာသာဝင်၏ ကျင့်ဝတ် ဖြစ်

သည်။ ဤအနိမ့်ဆုံးသော ကျင့်ဝတ်များဖြင့် ယဉ်ပါး ပြီးသော ပုဂ္ဂိုလ်သည် လူယဉ်ကျေး သူတော်ကောင်း ဘဝသို့ ရောက်ရှိလာပြီဖြစ်ကာ၊ ထိုမှတဆင့် ထွက်ရပ်ပေါက် တရားကို တဆင့် တက်ကြရမည် ဖြစ်လေသည်။

စင်စစ်အားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်ကို ဝင်ရမည်။ ရဟန်း ဘောင်မှ ရဟန္တာဘဝ ကျွတ်တန်း ဝင်သူ၏ အဖြစ်သို့ ရောက်အောင် ကျင့်ကြံရမည်ဖြစ်သည်။ သို့သော် သာမန်လူတို့မှာ ထိုအကျင့်များကို မကျင့်နိုင်မီ ရှစ်ပါးသီလ၊ ကိုးပါး သီလ ဆယ်ပါးသီလ - စသည်ဖြင့် တနေ့ သို့မဟုတ် တပတ်, တလ စသော ကာလ အပိုင်း အခြားနှင့် အဓိဋ္ဌာန်ကာ ဆောက် တည်ခြင်း ဖြစ်လေသည်။

ဥပုသ် ဆောက်တည်သောအခါ၌ ကျင့်နေကြ၊ ရှောင်ကြဉ်နေကြ မကောင်းမှုကံ ငါးပါးအပြင်၊ မေထုန်အမှုကို မိမိ သားမယားနှင့် ဆက်ဆံခြင်း မပြုဘဲ ရှောင်ရသည်။ နေ့လွဲ ညစာ ရှောင်ခြင်း၊ ပန်းနံ့သာနှင့် ကခုန်မှု ရှောင်ခြင်း၊ ငြိမ်းစိမ့်ရှိစေသော အိပ်ရာထိုင်ခင်း ရှောင်ခြင်း တည်းဟူသော ရှစ်ပါးသော ရှောင်ကြဉ်မှုကို ပြုရ၏။[၁]

---

၁ မေတ္တာပွားခြင်းပေါင်းကာ ကိုးပါးသီလ စောင့်နိုင်၏။ ရွှေငွေ ပယ်ခြင်း ထပ်ပေါင်းပြီး ပန်းနံ့သာနှင့် ကခုန်မှုတို့ကို ပုဒ်ခြင်း ခွဲကာ ဆယ်ပါးသီလဟုလည်း စောင့်ထိန်းနိုင်သည်။ (ဆယ်ပါးသီလ၌ မေတ္တာပွားမှု မပါ)

သို-ဥပုသ်ဆောက်တည်မှု၏ ရည်ရွယ်ချက်မှာ ဤသို့ဖြစ်၏။

ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီး ဖြစ်ကုန်၏၊ ရှက်တတ်ကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေကုန်၏။ ငါသည်လည်း ဤတည့်နှင့် တနေ့ပတ်လုံး အသက် သတ်ခြင်းကို ပယ်၍ အသက် သတ်ခြင်းမှ ရှောင်ကြဉ်လျက် တုတ် ကို ချထားသူ၊ လက်နက်ကို ချထားသူ၊ ရှက်ခြင်းရှိသူ၊ သနားခြင်းသို့ ရောက်သူ၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီး အပွားကို လိုလားသူဖြစ်၍ နေပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်။ (အင်္ဂုတ္တရ နိကာယ် ဥပေါသထဝဂ်၊ ဝိတ္ထတူ ပေါသထသုတ်)

ရဟန္တာတို့ တသက်ပတ်လုံး ကျင့်ဆောင်မှုကို အချိန်အပိုင်း အခြားနှင့် ကျင့်သုံး၍ အလေ့အထ ရသော ဗုဒ္ဓဝါဒီ တို့သည် ထိုဥပုသ် ဆောက်တည်မှုမှတဆင့်၊ သီလဖြင့် မိမိတို့ အညစ် အကြေးများ၊ စရိုက်ဆိုးများ၊ မကောင်းသော ကိုယ်စိတ်နှုတ် အပြုများကို ဆေးကြောရမည်၊ ထိုမှတဆင့် ဘာဝနာ လွတ်မြောက်ရေးကို တဆင့်တက်ရသည်။

သီလဆောက်တည်ရာ၌ မှုအားဖြင့် ဗုဒ္ဓက တားသည့် အမှုများကို ရှောင်ခြင်းနှင့် ဗုဒ္ဓကညွှန်သည့် အမှုများကို ပြုခြင်းဖြစ်သည်၊ သို့ ရှောင်ရာ ပြုရာ၌ နတ်ဘဝသို့ရောက်ရန် စသော ရည်

ရှင်ချက်မျိုး ရှိက ထိုသိလသည်ပင် စွဲလမ်း ခြင်းကို မှီသဖြင့် သန့်ရှင်း သင့်သလောက် သန့်ရှင်းမှု မရဟု ဆိုနိုင်သည်။ သီလ ဆောက်တည်ရာ၌ ဤအမှုကို မပြုသင့်၍ ငါမပြု၊ ဤအမှုကို ပြုသင့်၍ ငါပြုသည်ဟုလော အသိနှင့် ဆောက်တည်သော သီလသာ ကိုယ်ရောစိတ်ပါ ချမ်းသာသည်။ ကိုယ်နှင့် စိတ်၏ ချမ်းသာမှုမှ ဝမ်းမြောက်ခြင်း နှစ်သိမ့်ခြင်း တို့ကို ရစေကာ တည်ငြိမ်မှုကိုပါရ၏။ သို့မှသာ အဆင့်ဆင့် ပေါက်ရောက် နိုင်သည်။

ဒုက္ခမှ လွတ်မြောက်ရေး ကျင့်စဉ်ကို လူ့ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းခြင်း၊ ရဟန်းဘဝ၌လည်း ၂၂၇-ပါးသော သိက္ခာပုဒ်များ ကျင့်သုံးခြင်းမှ တဆင့်တက်သော ဓုတင်ကျင့်စဉ်များ ကိုကျင့်ကာ လိုချင်မက်မောမှုစိတ်များကို ပယ်ဖြတ်ရမည် ဖြစ်လေသည်။ဓုတင်ကျင့်စဉ်များမှတဆင့် တရားထိုင်ကာ ပေါက်ရောက်အောင် ရှာဖွေကျင့်ဆောင်ရမည်။

ဓုတင်ကျင့်စဉ်မှာ ၁၃-မျိုး ရှိသည်။

၁ လူတို့လှူသော သင်္ကန်းကိုပယ်ကာ၊ ပိုင်ရှင်မဲ့ မြေပေါ်၌ တွေ့ရသော သင်္ကန်းကိုသာ သုံးခြင်း။

၂ သင်္ကန်းသုံးခု ထက် ပိုမထားခြင်း။

၃ လောင်းဆွမ်းကိုသာ စားခြင်း။

၁ တဏှာ နိဿိတသီလ။
၂ ပုံသုက္က။
၃ ဒုက္ခ - ကိုယ်ဝတ်သင်းပိုင်နှင့် ကိုယ်ရုံ ကေသီသာ။

၄ ရွာစဉ်လှည့်၍ ဆွမ်းခံ၍သာ စားခြင်း။

၅ တထိုင်တည်းသာ ရှိရာအာဟာရကို စားသုံးခြင်း။

၆ တခုတည်းသော သပိတ်၊ သို့မဟုတ် ခွက်ထဲ၌ ရသမျှအစာများ ရောနှော၍ စားသုံးခြင်း။

၇ ပင့်ဖိတ်ပြီးနောက် ပိုသောဆွမ်း ပယ်ခြင်း။

၈ အုတ်အစရှိသော ငါးမျိုးသော အမိုးအရိပ်ကို ရှောင်၍ နေထိုင် ကျင့်သုံးခြင်း။

၉ ရွာကျောင်းပယ်၍ တောမှ အကျင့် ကျင့်ခြင်း။

၁၀ အမိုးကို၎င်း၊ သစ်ပင်ရင်း(ရိပ်)ကို၎င်း ပယ်၍ လွင်တီးခေါင်၌ ကျင့်ခြင်း။

၁၁ သုသာန်၌ နေထိုင်၍ ကျင့်ခြင်း။

၁၂ ညွှန်ရာကျောင်း၌ ညွှန်ရာအိပ်ရာ၌သာ သီတင်းသုံးခြင်း (တခြား ရဟန်း မဖယ်စေရ)

၁၃ ခေါင်းချ၍ အိပ်ခြင်းကို ပယ်ကာ တရားထိုင် ခြင်းတို့ ဖြစ်၏။

ကျင့်စဉ်တို့မှာ အဆင့်ဆင့် ပြင်းထန်လှသည်။

ကျင့်ဆောင်ရန် ခက်ခဲကျဉ်းမြောင်း လှသော ရဟန်းဘဝ ဝက် တဆင့်တက်၍၊ ဓုတင်ကျင့်ရန် မဆိုထားဘိ၊ ရဟန်းပင်

---

၁ အလှူရှင်တို့အပေါ် စေတနာပိုသည့် သဘောဖြစ်သည်။ (လှူသူ၏ အိမ်ပေါက်ဝသို့ အရောက်သွား၍ အလှူခံရသည်။ ဓုတင်ဆောက် သောပုဂ္ဂိုလ်အား လမ်း၌လှူခြင်း၊ ဆွမ်းခံအိမ်ဝ လွန်မှ လှူခြင်း၊ ဆွမ်းဇရပ်သို့လာ၍ လောင်းလှူခြင်းကို လက်မခံရပေ။)

မဝတ်နိုင်သူတို့ အဖို့ ထွက်ရပ်လမ်းသည် ဝေးလှပါသလောဟု မေးဘူးယ်ရှိ၏။

ထိုမေးခွန်းမျိုးကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတိုက်၌ ဗုဒ္ဓ သီတင်းသုံးစဉ်က ဝစ္ဆအနွယ်ရှိ ရသေ့တပါးက မေးဘူး၏။ ဗုဒ္ဓက ဝတ်ကြောင်ကို ဝတ်ဆင်လျက် ကာမဂုဏ်ကို ခံစားပါလျက် ဗုဒ္ဓ၏ အဆုံးအမကို ခံယူပြီး ကျွတ်သူများမှာ ရာထောင်မက များပြားလှသည်...''ဟု ဖြေခဲ့ဘူးသည်။

ဗုဒ္ဓဝါဒီတို့သည် ထွက်ရပ်ပေါက် ကျင့်စဉ်ကို မိမိတို့ ရောက်ရှိရာ အဆင့်အတန်းမှ ကျင့်ရန်သာ အရေးကြီးသည်။ သို့သော် လူဝတ်ကြောင်ပီပီ မိမိကိုယ်ကို မိမိအထင်ကြီးသော ကြောင်ကွက် ကလေးများကိုမူ စွန့်ရမည်။

တခါတွင် ဗုဒ္ဓသည် မဟီမြစ်၏ မြောက်ဖက်၊ အင်္ဂတိုင်း အာပဏာနိဂုံး တောအုပ်၌ သီတင်းသုံးနေ၏။ ထိုစဉ်တွင် ပေါတလိယ အမည်ရှိသော သူဌေးသည် တောက်ပြောင် လှပသော ဝတ်စုံကို ဝတ်ဆင် လျက် ထီးကို ဆောင်း၍ ဖိနပ်ကိုစီးကာ လမ်းလျှောက်လာရာမှ ဗုဒ္ဓနှင့် ဆုံမိလေသည်။

ဗုဒ္ဓက ''သူဌေးကြီးထိုင်ပါ''ဟု ဖိတ်ခေါ်သောအခါ၊ ပေါတလိယသည် စိတ်ထဲတွင် မကျေမနပ် ဖြစ်သဖြင့်၊ အဖြေမပေးဘဲ သင့်ရာ၌ထိုင်၏။ ဗုဒ္ဓကလည်း သူဌေးကြီး အမူအရာကို သိသည်၊ ''သူဌေးကြီး ထိုင်ပါ''ဟု သုံးကြိမ်သုံးခါ ဆို၏။

သူဌေးကြီးက နောက်ဆုံး၌ မခံ မရပ်နိုင် သဖြင့် ''အရှင်ဘုရား....တပည့်တော်အား သူဌေးဟု မခေါ် သင့်ပါ၊ ရှိသမျှ

စည်းစိမ်ကို သားသမီးတို့အား လွှဲအပ်ပြီးပါပြီ၊ လူ့အသုံးအနှုန်းကို ဖြတ်ပြီးပါပြီ”ဟု လျှောက်၏။

ဤတွင် ဗုဒ္ဓက-လူ့ အသုံး အနှုန်းကို ဖြတ်သည်ဟူသည်မှာ အဆင့်ဆင့် ကျင့်ဆောင်မှုများ ဖြစ်သည်ဟု ညွှန်ပြ ဟောကြား ရဘူးလေသည်။ (မဇ္ဈိမ ပဏ္ဏာသ-ဂဟပတိဝဂ်၊ ပေါတလိယသုတ်)

ရဟန်းတို့သည် အဆင့်ဆင့် ကျင့်မှသာ လွတ်မြောက်ရေးကို ရောက်နိုင် သကဲ့သို့ လူတို့သည်လည်း အဆင့်ဆင့် ကျင့်ကြရမည် ဖြစ်သည်။

အဆင့်ဆင့် ကျင့်ကြရမည့် ထွက်ရပ်ပေါက်တရား၊ ဒုက္ခမီးငြိမ်း တရားကား အဘယ်နည်း၊ ဒုက္ခမီးတို့ကား အသို့လောင်နေသနည်း ဟူသော တရားအစကို လိုက်လံ ရှာဖွေကြပါစို့။

လွတ်မြောက်ရေး တရားအစကို လိုက်ပါလျှင်၊ လွတ်မြောက်ရေး ဟူသည်မှာ ယခု ဘဝတွင်ပင် လွတ်မြောက် နိုင်သလော၊ နောင်ဘဝကျမှ လွတ်မြောက်မည်လား ဟူသော ဘဝပြဿနာ၊ ကောင်းမှု ပြုလုပ်သူတို့ ရောက်မည်ဟု အဆိုရှိသော နတ်ပြည် ပြဿနာ၊ မကောင်းမှု ပြုကျင့်သူတို့ ခံရမည်ဟု အဆိုရှိသော ငရဲ ပြဿနာတို့သည် မေးခွန်းများအဖြစ် ပေါ်ထွက်လာ၏။ ခေတ်လူတို့အဖို့ ခေတ်အမြင်နှင့် ထိုပြဿနာများကို လေ့လာ သုံးသပ် လိုကြသည်။

ပဌမ ငရဲခန်းကို သုံးသပ်လျှင်၊ ပိဋကတ်တော်၌ မကောင်းမှု ပြုကျင့်လျှင် ငရဲသို့လားမည် ဟူသော အသုံးအနှုန်း များကို

အကြောင်းအများ တွေ့ရသည်။ သို့သော် ကျင့်စဉ်နှင့် တွေးခေါ် မြော်မြင်ရေး သဘောတရားနှင့် မညီသော ငရဲခန်းကို ပြန်လည် သုံးသပ်သင့်သည်။

ငရဲပြည်သည် စကြာဝဠာကြီး၌ အဘယ်နေရာမှာနည်း။ငရဲ မင်းကြီးသည် မည်သူနည်း။ အမြဲတမ်း အသက်ရှင် နေသလော၊ လူ့ဘဝမှ လူသား၏ ကောင်းမှု မကောင်းမှုများကို မည်သို့ သော နည်းဖြင့် သိနိုင်သနည်း။ သူ၏ ငရဲပြည်မှ ညှဉ်းဆဲရေး တာဝန်ခံတို့ တုတ်၊ ဓါး၊ လှံ လက်နက်တို့သည် မည်သည့် အလုပ် ရုံမှ လုပ်သနည်း။ မည်သူက အကျိုးအပဲ့များ ပြင်ပေးသနည်း။ ငရဲအိုးနှင့် ထင်းမီးတို့ ဘယ်က ရမည်နည်း။ ငရဲပုလိပ် တို့အား မည်သူက ကျွေးထားသနည်း။ လူသား ကဲ့သို့ပ င်ရုပ်ရှိသော သူ များဖြစ်က သူတို့၏ စားရေး၊ သောက်ရေး နေရေး၊ ထိုင်ရေး ပြဿနာများ ရှိရမည်။ ကမ္ဘာ့နိယာမ တိုးပွားမှု ဖြစ်သော ဖို၊မ ရှိရ မည်လော။ သူတို့၌ ကြင်နာစိတ် ဟူ၍ မရှိဘဲ ညှဉ်းဆဲမှုသာ ပြုနေက၊ သူတို့သည်လည်း "ခံရသူ အဟောင်း ပြုသူ အသစ်" ဆောင်ပုဒ် အရ ဖြစ်မှုများ ကျူးလွန်ရာ မရောက် ပါလော ဟူသော မေးခွန်းများ ပေါ်ပေါက် လာသည်။

ငရဲခန်းတွင်လည်း မိမိတို့ဒေသအလျောက် မိမိတို့ ကြောက် ရွံ့သည့်ဒဏ်ကို ချဲ့ထွင်ရေးကြလေ့ရှိကြသည်။ အိန္ဒိယ ပြည်တွင် ပြုသော ဗုဒ္ဓဘာသာသာကျမ်း အချို့တို့၌ ငရဲခန်းသည် ပူလှ၏ ဟု ရေးကြ၏။ သူတို့သည် အပူကြောက်သဖြင့် ပူလှ၏ဟု ဆိုကြ သည်။ရေခဲဖုံးသော တိဘက်မှ ဗုဒ္ဓဝါဒီတို့၏ငရဲခန်းမှာ ကြောက် မက်ဘွယ် ကောင်းအောင် အေးသည်ဟု ဆို၏။ သူတို့က အေး

ချမ်းမှုကို ကြောက်သဖြင့် ခို့ထွင်ရေးခြင်း ဖြစ်သည်ဟု ခေတ်အမြင်နှင့် ရှုသော သုတေသီတို့က သုတေသန ပြုကြသည်။

ပိဋကတ်တော်၌ အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ် ဒေဝ ဒူတ သုတ်၌၊ ငရဲခန်းကို အသေးစိတ် ဖော်ပြ ထားသည်။ လေးဒေါင့်ရှိကာ သံတံတိုင်းကာ၍ သံပြား မိုးထားသော အလျှံတပြောင်ပြောင် ပူလောင်သော သံမြေပြင်နှင့်ပြီးသော အဝီစိငရဲအကြောင်းကို ဖော်ပြထားသည်။ သို့ဖော်ပြရာ၌ မကောင်းမှုပြုကျင့်သူ ငရဲဘုံသို့ ရောက်သွားသော အခါ၊ ငရဲထိန်း တို့က လက်မောင်းဆွဲကာ ယမမင်းထံခေါ်သွားကြောင်း။ ယမမင်းက စစ်ဆေးစဉ် သင်သည် အိုခြင်း, နာခြင်း, သေခြင်း၌ဘေးကို မမြင်ခဲ့ဘူးပါသလော၊ သတိမရဘဲ ဤသို့အပြစ် ကျူးလွန်ရသလောဟု ကရုဏာဒေါသောနှင့် မေးမြန်းပြီးမှ သင်ကျူးလွန်က သင်ခံလော့ဟု ငရဲထိန်းတို့လက်သို့ အပ်လိုက်ကြောင်းနှင့်ဖော်ပြထားသည်။ ထိုသုတ်ပါ ငရဲခန်းသည်ရင်း၊ အမှု စစ်ပုံသည်ရင်း၊ ထိုးဇာတ်ဆန်ဆန် ဇာတ်ကွက် ဝင်လှသည်ကို သတိပြုမိ၏။

ထို့ကြောင့် ပိဋကတ်တော်မှ ငရဲခန်း တို့မှာ သံဂါယနာ ဆရာတို့က နောက်မှ ထပ်မံတည့်သွင်း ကြသော အခန်းများ ဖြစ်သည်ဟု သုတေသီအချို့က ယူဆကြသည်။

နောင်ဘဝတွင် ရှိသော ငရဲဟူသည်မှာ ထိုခေတ် ထိုအခါက မကောင်းပြုသူတို့ ခံကြရသည့် မင်းပြစ် မင်းဒဏ်နှင့် များစွာ မကွာခြားလှသည်ကို တွေ့ရသည်။

ဗုဒ္ဓခေတ်က လူတို့သည် ယဉ်ကျေးလာကြပြီ ဖြစ်သော်လည်း ပြစ်မှုရှိသူတို့ကို ဆုံးမနည်းမှာ ရက်စက် ကြမ်းကြုတ် လှသည်။

"အကြင်သို့ သဘောရှိ ကုန်သော မကောင်းမှုကံ တို့၏ အကြောင်းကြောင့် မကောင်းမှုကို ပြုကျင့်သော ခိုးသူကို ပင်းတို့သည် ဖမ်းဆီး၍ အမျိုးမျိုးသော နှိပ်စက် ညှဉ်းပန်း ခြင်းတို့ကို ပြုစေကုန်၏။

နှင်တံတို့ဖြင့်,တုတ်တို တို့ဖြင့်, ကြိမ်လုံးတို့ဖြင့် ရိုက်နှက် စေကုန်၏။ လက်ခြေ တို့ကိုလည်း ဖြတ်စေကုန်၏။ နား,နှာ ခေါင်းတို့ကိုလည်း ဖြတ်စေကုန်၏။

ဦးဆိပ်ကို ဖေါက်ခွဲပြီးလျှင် ရဲရဲတောက်ပူသော သံတွေ့ ခဲကို ညှပ်ဖြင့်ယူ၍ ဦးခေါင်းထဲသို့ထည့်လျက် ဦးနှောက်ကို ပအုန်းရည် ကဲ့သို့ ကျိုက်ကျိုက် ဆူအောင် နှိပ်စက် ညှဉ်း ပန်းခြင်းကိုလည်း ပြုစေကုန်၏။ အထက်နှုတ်ခမ်း နားရင်း နှစ်ဖက်နှင့် လည်ပင်းတိုင်အောင် အရေကို လှီးဖြတ် ထား ပြီးလျှင် ဆံပင်ကို တပေါင်းတည်း တုတ်ဖြင့် ရစ်ပတ်၍ ဆံပင်နှင့် တကွ ဦးရေကို ဆွဲဆောင် ဆုတ်ခွါ၍ ကျောက် စရစ်ခဲများဖြင့် ပွတ်တိုက် ဆေးကြောကာ ဦးပြည်း ခေါင်း ကို ခရုသင်းအဆင်းကဲ့သို့ ဖြစ်အောင် ပြုလုပ်လျက် နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။

ပါးစပ်ကို သံချွန်ဖြင့် ဖွင့်ထောက်၍ အတွင်း၌ မီးထွန်း လျက် နေ့လကို ငုံထားသော ရာဟုခံတွင်းကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းလည်း ပြုစေကုန်၏။

တကိုယ်လုံး အဝတ်ပတ်လျက် ဆီလောင်း၍ မီးရှို့ပြီး မီးပန်းကုံးကဲ့သို့ ပြုလျက် နှိပ်စက် ညှဉ်းပန်းခြင်း ကိုလည်း

ပြုစေကုန်၏။ လက်တို့ကို အဝတ်ပတ်ပြီးလျှင် ဆီလောင်း၍ မီးရှို့လျက် လက်ဆီမီးတိုင်ကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။

လည်ပင်းမှစ၍ အရေကို ခွါပြီးလျှင် ခါးပေါ်၌ ထား၍ရင်း၊ ခါးမှစ၍ အရေကို ခွါပြီးလျှင် ခြေကျင်းဝတ် ခြေမျက်စိပေါ်၌ ထား၍ရင်း၊ အထက်ပိုင်းရေဖြင့် အောက်ပိုင်းကိုယ်ကို လျှော်တေ အဝတ် ဝတ်သကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက် ညှဉ်းပန်းခြင်း ကိုလည်း ပြုစေ ကုန်၏။

လည်ပင်းမှစ၍ အရေကို ခွါပြီးလျှင် ခြေကျင်းဝတ် ခြေမျက်စိပေါ်၌ အရေကို ပုံထားလျက်၊ လူကို လွန်ကြိုးနှင့် ဆွဲသဖြင့်၊ မိမိအရေကိုမိမိနင်းမိတိုင်း လဲ၍လဲ၍ သွားအောင် နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။

တတောင်နှစ်ဖက် ဒူးနှစ်ဖက်တို့၌ သံထိတ် သံထူး ခတ်၍ သံချွန်လေးခုစိုက်လျက် မြေ၌တည်စေပြီးလျှင် သားကောင်ကို ဖုတ်ကင်သကဲ့သို့ ထက်ဝန်းကျင်မှ မီးဖြင့်ရှို့မြိုက်ကာ နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။

နှစ်ဖက် အသွားရှိသော သံချိတ်တို့ဖြင့် အရေအကြော အသားတို့ကို ခြစ်ခွါလျက် နှိပ်စက်ညှဉ်းပန်းခြင်း ကိုလည်း ပြုစေကုန်၏။

ကျပ်ပြား ·ကျပ်ပြားမျှ အရေ,အကြော, အသားများ အတုံး အတစ် ပြတ်ကျအောင် ခါးမှစ၍ တကိုယ်လုံးကို ထက်စွာသော ပဲခွပ်တို့ဖြင့် ခုတ်ရွေလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။

ကိုယ်ကို ဘုတ်လက်နက်ဖြင့် ရိုက်နှက် ပုတ်ခတ် ပြီးလျှင် သေဆပ်ပျောရည်ပက်ကာ ဆတ်သွားသီးဖြင့် ပွတ်တိုက်၍ အရေ၊ အကြော၊ အသား တို့ကို အရည်ပျော်ကျစေလျက် အရိုးချည်းသာ ကျန်သည်တိုင်အောင် ပြုလျက် နှိပ်စက် ညှဥ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။

ကျိုက်ကျိုက် ဆူသော ဆီပူဖြင့်လည်း သွန်းလောင်း စေကုန်၏၊

နှစ်ရက်သုံးရက် အစာငတ်ထား၍ အလွန် ဆာလောင် မွတ်သိပ်နေသော ခွေးတို့ကိုလည်း ကိုက်စားစေကုန်၏၊

အရှင်လတ်လတ် သံတံကျင်လည်း လျှို စေကုန်၏။

သံလျက်တို့ဖြင့်လည်း ဦးခေါင်းကို ဖြတ်စေကုန်၏။

ငါသည်လည်း ဤသို့ သဘောရှိသော မကောင်းမှုကို ပြုငြားအံ့၊ ငါ့ကိုလည်း မင်းတို့သည် ဖမ်းဆီး၍ ဤသို့သဘောရှိသော အမျိုးမျိုးသော နှိပ်စက် ညှဥ်းပန်းခြင်း တို့ကို ပြုစေကုန်ရာ၏။ နှင်တံတို့ဖြင့်လည်း ရိုက်နှက်စေကုန်ရာ၏၊ သံလျက်တို့ဖြင့်လည်း ဦးခေါင်းကို ဖြတ်စေ ကုန်ရာ၏'' ဟု ဗုဒ္ဓက ဆင်ခြင်ရန် ဟောခဲ့ဘူး၏။ (အင်္ဂုတ္တရ ဒုကနိပါတ်-ကမ္မကရဏဝဂ်-ဝဇ္ဇသုတ်)

ဤညှဥ်းဆဲနည်းတို့မှာ–ထိုခေတ်က ခိုးမှု စသော ရာဇဝတ်မှု ကျူးလွန်သူတို့အား ညှဥ်းဆဲသည့် ပင်းပြစ်မင်းဒဏ် ဖြစ်သည်။ ဗုဒ္ဓ၏ နှုတ်ပတ်တော်တခုပင် ဖြစ်သော ဤညှဥ်းဆဲမှုမျိုးသည်

ငရဲခန်းနှင့် များစွာခြားနားမှု မရှိလှပေ။ ဤရွှေ့ဤမျှ ဤဘဝ၌ ညှဉ်းဆဲခံရမှုမှာ ဤဘဝ၌ပင် ကြောက်မက်ဘွယ် ကောင်းလှပြီ ဖြစ်သည်။

နောင်ဘဝ ရှိသည် ဖြစ်စေ မရှိသည် ဖြစ်စေ၊ ဤ လက်ငင်း ငရဲမခံရအောင် မကောင်းမှုကို ရှောင်သင့်သည်။

ဤနေရာ၌ အဇာတသတ်မင်းက သူ၏ဖခင်ကို သတ်ဖြတ်မှုကြီးအား ပြန်၍သုံးသပ်သင့်သည်။ အဇာတသတ် ကျူးလွန်သော ဖြစ်မှုသည် သေးဖွဲသော အမှုမဟုတ်၊ သာမာန်လူသတ်မှုမဟုတ်၊ ကျေးဇူးရှင် မွေးသဖခင်ကို သတ်မှုဖြစ်သည်။ သူ့အဖို့ ရှင်ဘုရင် ရာထူးရသဖြင့် လက်ငင်း လောက၌ မင်းဖြစ် မင်းဒဏ် မသင့်သော်လည်း နောင်ဘဝ၌ ငရဲသို့လားနိုင်သည့် ဖြစ်မှုမဟုတ်ပါလော၊ ဗုဒ္ဓသည် ထိုမျှကြီးလေးသောဖြစ်မှုကျူးလွန်သူ အဇာတသတ်အား ယခုဘဝ၌ သံဃာ မဖြစ်နိုင်သူ၊ ထွက်ရပ်လမ်း မပေါက်နိုင်သူ အဖြစ်သို့ ဆုံးရှုံး ယုတ်နိမ့် သွားသည် ဟူသော ဒဏ်မှတပါး၊ ငရဲ၌ခံရမည်ဟု မဆိုခဲ့ပေ။ အပြစ်ကို အပြစ်ဟုသိ၍ နောင်၌ ရှောင်လျှင် အပြစ် လွတ်သည်ဟု ဆိုခဲ့သည်။ ဤအဖြစ်အပျက်ကလေးက ငရဲဟူ၍ မရှိ၍သာ ငရဲလားမည်ဟု မဆိုခဲ့ကြောင်းနှင့် ယူဆနိုင်ပြန်သည်။

ဝင်းပြင် မဇ္ဈိမပဏ္ဏာသလာ-အင်္ဂုလိမာလသုတ်တွင်၊ အင်္ဂုလိမာလ ခိုးသူကြီးသည် လူအများတို့ကို သေစေ လိုသော စေတနာနှင့် သတ်ဖြတ်ခဲ့သည်။ သို့သော်လည်း ဗုဒ္ဓထံသို့ ရဟန်းပြုကာ "ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ မမေ့ မလျော့ ပြင်းထန်စွာ

နိဗ္ဗာန်ကိစ္စကို အားထုတ်ရာ၊ မကြာမြင့်မီ အတုမဲ့ ဖြစ်သော အကျင့်၏ ဆုံးခန်းတိုင်မှုကို ယခုဘဝ၌ပင် ရခဲ့သည်။ ဥာဏ်အသိပြည့်စုံကာ ပဋိသန္ဓေနေမှု ကုန်ခဲ့ပြီ၊ ပြုဘွယ် မဂ်ကိစ္စ မှန်သမျှ ပြီးခဲ့သည်'' ဟုဆိုသည်။ လူအများကို သတ်သော အမှုအတွက် သူ့ အဘို့ ငရဲမရှိပြီ၊ အမှားမြင်ခြင်း, သိလျှင်ဝန်ခံခြင်း, အမှန်ပြင်၍ ကျင့်ခြင်း စံနစ်ဖြင့် သူသည် လွတ်မြောက်ရေးကို ရသွားခဲ့သည်။ လူသတ်သမားကြီး အင်္ဂုလိမာလ ငရဲသို့ လားသည်ဟု မဆိုခဲ့သည်ကို သတိပြုရမည်။

ဗုဒ္ဓ၏ ဝါဒအရ ရုပ်သည်၎င်း၊ နာမ်သည်၎င်း ငါမဟုတ် ဟူသော အတ္တစွဲကိုပယ်ရလေရာ၊ ငရဲ၌ ခံရသူသည် အဘယ်သူနည်း ဟူသော မေးခွန်းပေါ်လာသည်။ အရပ်စကားပုံ တခုက ဆိုသကဲ့သို့ ''ဤဘဝ ဤကိုယ်စံ ဟိုဘဝဟိုကိုယ်ခံလိမ့်မည်'' ဟူသော တရားစီရင်မှုသည် တရားမျှတ ပါ၏လော။ ဥပမာ ယခုဘဝ၌ မကောင်းသော ကာမမှုကို ကျူးလွန်သူအဖို့၊ ဤဘဝက ဤအသိစိတ်ဖြင့် ဤခန္ဓာကြီးက မတရားသော ကိုယ်အတွေ့ အရသာစံစားရပြီး၊ နောင်ဘဝတွင် နောင်တဖန် ဖြစ်သော ကိုယ်နှင့် စိတ်တို့က ငရဲဒဏ်ကို ခံရပါက တရား မျှတ ပါ၏လော စသည်ဖြင့်၊ သို့လော သို့လော လက်တွေ့ မေးခွန်း များလည်း ပေါ်လာသည်။

နတ်ပြည် နတ်ဘုံသို့ နောင်ဘဝ၌ စံစားခြင်း ကိစ္စ၌လည်း ဤသို့အလားတူ မေးခွန်းများ ပေါ်လာသည်။ ယခုဘဝ ယခုကိုယ်ကြီးက ခြိုးခြံစွာ ကျင့်သုံးခဲ့သူ, ကာမအမှုတို့မှ ရှောင်သူ

သည် နေ့ဝင်ဘဝ နေ့ဝင်တကိုယ်က စည်းစိမ် ခံစားရသည်ဆို ခြင်းသည် မျှတပါ၏လော။

နတ်ပြည် နတ်ဘုံ မည်သူ ဆောက် သနည်း။ သဘာဝ အ လျောက်ဖြစ်သည် ဆိုကလည်း၊ နတ်သားတို့သည် သဘာဝလော ကသားဖြစ်သဖြင့်၊ သဘာဝ သဘောတရားအရ ဖြစ်မှု ပျက်မှုကို သူတို့က ပြန်၍ အုပ်ချုပ်နိုင်ပါ မည်လော။

နတ်သားတဦးတွင် နတ်သမီး အများတို့နှင့် စံစားရလျှင်၊ အမျိုးသမီး နတ်တို့သည် ပျော်နိုင်ပါမည်လော။

"မိန်းမတို့သည် ယောကျ်ားကို အလို ရှိကုန်၏၊ တန်ဆာ ဆင်ခြင်းငှါ လေ့လာကုန်၏။ သား၌သာလျှင် တည်ရာ ရှိ၏။ လင်တူမယား မရှိမှုကို နှလုံးသွင်း ကုန်၏" ဟူသော အင်္ဂုတ္တရ နိကာယ် ပဉ္စမပဏ္ဏာသ ဓမ္မိကဝဂ်ပါ ဗုဒ္ဓက မိန့်ကြားသော တလင် တမယားသာ ရှိလိုကြသော မိန်းမတို့၏ ဆန္ဒနှင့် ဖြောင့် ဖြောင့်ကြီး ဆန့်ကျင် မနေ ပါလော ဟူသော မေးခွန်း များ လည်း ပေါ်ပေါက်လာသည်။

ထို့ပြင် ရဟန်းတို့ မကျူးလွန်အပ်သောမေထုန်ငယ်၇-ပါး ၌၊ နတ်ပြည်မှ နတ်စည်းစိမ်ကို ရည်ရွယ်ကာ ကုသိုလ်ကောင်း မှုဆောက်တည်ခြင်း၊ ကျင့်ဆောင်ခြင်းသည်ပင် ရည်ရွယ်ချက် မသန့်သဖြင့်၊ မေထုန်အမှု ကျူးလွန်ရာ ရောက်ကြောင်း ဗုဒ္ဓက တားမြစ်ခဲ့သည်ကို သံယုတ္တ ကျင့်ဝတ်၌ ဖေါ်ပြခဲ့၏။ ထိုအချက် သည်လည်း နတ်ပြည် နတ်စည်းစိမ် ရှိမရှိနှင့် ပတ်သက်၍ ထည့် သွင်း စဉ်းစားရန် အချက်တချက် ဖြစ်သည်။

No. 17

နတ်ပြည်ရောက်ရန် ရည်ရွယ်ချက်နှင့် ပြုသည့် အမှုမှန်သမျှသည် ကောင်းမှု ကုသိုလ်ပင် ဖြစ်ငြား သော်လည်း သင့်တင့်သော အကျိုးကိုသာ ရနိုင်သည်။ ဒုက္ခမီး ဆင်းရဲတို့မှ လွတ်မြောက်ကြောင်းတရား မဟုတ်သည်မှာ ထင်ရှားသည်။ နတ်ပြည် နတ်စည်းစိမ် တောင့်တမှု သည်ပင်၊ ကာမဂုဏ် နှောင်ကြိုးတွင်းသို့ ဆင်းလို ပါသည်ဟု တမ်းတမိခြင်း၊ ဝင်မိခြင်း ဖြစ်လေသည်။

ဒသနိကာယ် -တေဝိဇ္ဇသုတ်၌၊ ဗြဟ္မာ့ဘုံအကြောင်း သိလိုပါ သိသည်ဟု လျှောက်သော ဝါသေဋ္ဌ လုင်အား ဗုဒ္ဓက "ဗြဟ္မာကို တွေ့မြင်ဘူးသူ မရှိပါဘဲလျက်၊ ဗြဟ္မာ့ဘုံ သွားရာလမ်းကို ငါသည်ဟု ဟောခြင်း, ကျင့်ခြင်းသည်၊ မရှိသော မိန်းမလှကို စိတ်ကူးနှင့် ကြိုက်ခြင်း၊ မရှိမသိသော ပြဿာဒ်ကို လှေခါးတပ်ခြင်း၊ အကန်းတို့က အကန်း အချင်းချင်း လက်ဆွဲ လမ်းပြခြင်းနှင့်တူသည်" ဟု မိန့်ကြားခဲ့သည်။ ဗြဟ္မာ့ဘုံ, နတ်ဘုံ လားရာ အကျင့်ဟု ဟောပြောမှုနှင့် ကျင့်မှုကို ပယ်ခဲ့သည်။

ငရဲနှင့် နတ်ပြည်၏ ပြဿနာကို အဖြေရှာရာမှ တမလွန်ဘဝ ရှိသလော၊ လူသေလျှင် လူဖြစ် သလော၊ ငရဲ, တိရစ္ဆာန်ဘုံ၊ နတ်ဘုံ စသည်တို့သို့ လားသလော ဟူသော မေးခွန်း ပေါ်လာ ပြန်သည်။

ဤနေရာ၌ လူတို့၏ ပြုမှုချက် ကံကြမ္မာနှင့် စပ်လျဉ်းသော အယူအဆများကို ပဌမ သုံးသပ်ရမည်။ ကံ အကျိုးပေးမှုနှင့် စပ်လျဉ်း၍ · ၁) လေးသောကံ၊ ၂) မပြတ်ပြုကျင့်သောကံ၊

၃) သေချိန်နီး အောက်မေ့သောကံ နှင့် ၄) ပြုရုံသာ ပြုသည် အမှတ်မထင်သော အသေးအဖွဲ ပြုမူချက်ကံ ဟူ၍ ကံ ၄ ပါး ရှိသည်။[၁]

အကျိုးပေး ကာလ အပိုင်းအခြား အားဖြင့် ကံ ၄ ပါးကို ခွဲပြန်ပါလျှင်– ၁) မျက်မှောက် ဘဝ၌ ချက်ချင်း အကျိုးပေး သောကံ၊ ၂) သေပြီးနောက် အခြားမဲ့၌ အကျိုးပေးသောကံ၊ ၃) နောင်ဘဝတို့မှ အကျိုးပေးသောကံနှင့် ၄) အကျိုးရှိသည် မဟုတ်၊မရှိသည် မဟုတ်သော အသေးအဖွဲပြုမူချက် ကံဟုလည်း ခွဲပြန်၏။[၂]

အချုပ်အားဖြင့် ရှင်းရလျှင်၊ လူသည် သူ့ဘဝတလျှောက်၌ ပြုသမျှ ပြုမူချက်တို့တွင် အချို့သော ပြုမူချက်က ကောင်းမှု ပြုလျှင် ကောင်းကျိုးရသည် ဟူသော ချက်ချင်း အကျိုးပေး သည်။ အချို့ပြုမူချက်မှာ သေးဖွဲ့သဖြင့် ကောင်းကျိုး ဆိုးကျိုး ပင်မရှိ။ အချို့သော ပြုမူ ချက်တို့မှာ ကောင်းမှု ဆိုကလည်း ကြီးသော ကောင်းမှုဖြစ်က နောင်ဘဝသို့ ဆက်၍ အကျိုးပေး မည်။ မကောင်းမှု ဖြစ်ကလည်း နောင်ဘဝ၌ မကောင်းကျိုး ဆက်၍ ပေးမည်ဖြစ်၏၊

လူသည် သေခါနီးဆဲဆဲ၌ သေးဖွဲ့သော ပြုမူမှု ကံများကို ၎င်း၊ စောစောက အကျိုးကို လက်ငင်း ခံစားပြီးသော

၁ ဂရုကကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ နှင့် ကဋတ္တာကံ။

၂ ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဥပပဇ္ဇ ဝေဒနီယကံ၊ အပရာပရိယ ဝေဒနီယ ကံ၊ အဟောသိကံ။

(အလယ်အလတ်သော)ကံပြုမှုချက်သည်ရင်း၊ သတိမရဟု ဆို၏။ နေ့ခင်ဘဝ ပါမည့် ကံကြမ္မာနှင့်ဆိုင်သော ကောင်းမှုကြီးများ မကောင်းမှုကြီးများကိုမူ သေအံ့ဆဲဆဲ၌ ပြန်ပြောင်း၍ အနည်းငယ်မျှသော ခဏတာ အချိန်ကလေးဖြစ်ဖြစ် သတိရသည်ဆို၏။ ကောင်းမှု မကောင်းမှုကြီးတို့သည် သေအံ့မူးမူး လူ၏စိတ်တို့ကို လွှမ်းမိုးလာသည်၊ ထင်မြင်လာသည်ဟု ဆို၏။ ထိုထင်မြင် လာသော ဇောစိတ်နှင့်ပင် အသက်ကုန်ပြီး၊ အသက် ကုန်သည်နှင့် တပြိုင်နက်၊တနေရာ၌ အသက်သစ်သည်ဖြစ်လာသည်။စောစော က သေချိန် ဇောစိတ်နှင့်ပင် ပဋိသန္ဓေစိတ် ဖြစ် သွား သည်။ သေစိတ်နှင့် ရှင်စိတ် တဆက်တည်း ဖြစ်လာသည်။(ထိုဇောစိတ် နှင့်ပင် နတ်ပြည်သွားသည်၊ တိရစ္ဆာန်ဘုံ ရောက်သည်၊ လူပြန် ဖြစ်ကလည်း လူမွဲ၊ လူချမ်းသာ၊ လူပညာရှိ စသည့် မူလပြုချက် နှင့် လျော်ညီ ဇောအရ သင့်ရာဝမ်း၌ သန္ဓေတည်သည်)ဟူသော အယူအဆသည် ရှိ၏။

ထိုအယူအဆတို့မှာ ဗုဒ္ဓ၏ အဘိဓမ္မာ တွေးခေါ် မြော်မြင် ရေး တရားများကို လေ့လာပြီး အင်ပွါယ် ကောက်-အင်ပွါယ် ဖွင့် ကျမ်းများ ပြုကြသော ကမ္ဘာကျော် အဘိဓမ္မာဆရာ ရှင် အနုရုဒ္ဓါနှင့် ဝိသုဒ္ဓိမဂ်ကျမ်းဆရာ ရှင်ဗုဒ္ဓဃောသ စသည်တို့၏ ဖွင့်ဆိုချက်များ ဖြစ်ကြသည်။

သေဆုံးခြင်းနှင့် စပ်လျဉ်း၍ သေအံ့ဆဲဆဲအချိန်၌ စွဲလမ်းမှု တွယ်တာမှု မရှိသင့်သည်ကား မှန်၏။ တခါက ဗုဒ္ဓသည် ဘဂ္ဂတိုင်း သုမာရဂိရမြို့အနီးရှိ တောအုပ်၌ သီတင်းသုံးနေ၏။ ထို အခါ နကုလပိတာ အမည်ရှိသော သူကြွယ်သည် နာမကျန်း

ဖြစ်ကာ သေအံ့မူးမူးအချိန်၌၊နကုလမာတာ သူကြွယ်မက "ရှင် သေလျှင် ကျွန်မအသက်မွေးနိုင်ပါသည်၊ ရှင့်မှာ ပူပြီးကောင်း မှုရှိပါသည်။ ကျွန်မသည် ရှင်သေက ဘုရား တရားနှင့် နေပါ မည်၊ သို့အတွက် အစွဲအလမ်း တွယ်တာမှုနှင့် မသေပါနှင့်၊ သို့ သေခြင်းသည် ဆင်းရဲပါသည်။ ထိုသေနည်းကို ဗုဒ္ဓက ကဲ့ရဲ့ပါ သည်-ဟု ခင်ပွန်းဖြစ်သူအား နှစ်သိမ့် တရား ချလေသည်။ ထို တရားကြောင့် စိတ်အားတက်ကြွမှု ရှိသည်တကြောင်း၊ ရောဂါ အင်အားသေးသည် တကြောင်းကြောင့် သူကြွယ်သည် မသေဘဲ ကျန်းမာလာ၏။ နလံထစ တောင်ဝှေး ထောက်ကာ ဗုဒ္ဓအား လျှောက်ကြားရာ၊ ဗုဒ္ဓက "သူကြွယ်-သင်သည် မယားကောင်း အရတော်လေစွ" ဟု ချီးကျူး၏။ (အင်္ဂုတ္တရနိကာယ်၊ ပဉ္စမ ပဏ္ဏာသ နကုလပိတုသုတ်)

အကြောင်းကို ဖေါ်ပြရာ၌ သေချိန်၌ စွဲလမ်း မှုကြောင့် ဆင်းရဲသည်ဟူသော ဆို၏။ ဘဝတပါးပြောင်းမှု၌ ထိခိုက် သည် ဟုမဆိုချေ၊ စွဲလမ်းမှုကြောင့် ဘဝကူး မကောင်း ဟုပင် မဆို ချေ။

အနာထပိဏ်သူဌေးသည် နာမကျန်းဖြစ်၍ သေအံ့ဆဲဆဲ ၌ အရှင်သာရိပုတ္တရာက "သူဌေးကြီး ငါသည် ငါ၏ အ သက်ဝိညာဉ်သည် ဤလူ့ဘုံလောကကိုရင်း၊ တပါးတခြား သော လောကကိုရင်း ကူးပြောင်းအံ့ ဟူသော အစွဲအလမ်း များကို နှလုံးမသွင်းသင့်" ဟု ဆုံးမကြောင်း-မဇ္ဈိမနိကာယ် အနာထပိဏ်ကောဝါဒသုတ်၌ ပါရှိ၏။

တိဘက်တို့၏ ဗုဒ္ဓဘာသာ၌မူ လူသည် သေပြီးနောက် ၄၉ ရက်တိုင် ကြားကာလအဖြစ် ဘဝသစ်မမှီသေးဘဲနေပြီးနောက် ၄၉ ရက်လွန်မှ နောက်ဘဝသစ် ဖြစ်သည်ဟု ဆိုပြန်သည်။

ဗမာ ဗုဒ္ဓဘာသာဝင် အချို့တို့သည်လည်း လူသေပြီးနောက် ၇ ရက် မလည်မီ မူလ နေအိမ်၌ ဝိဉာဉ်သည် တွယ်ကပ် နေသည်ဟူသော အယူအဆ တရပ်လည်း ရှိ၏။

၎င်းတို့ပြင် ရဟန်းတို့ အလှူခံပိုင်ခွင့်၌ တမလွန် ဘဝ အတွက် ရည်ရွယ်၍ လှူဒါန်းအပ်သော လှူဘွယ်ဝတ္ထုကို လက်ခံနိုင်သည်ဟု ဗုဒ္ဓက ခွင့်ပြုထားပြန်သဖြင့် တမလွန်ဘဝ ကောင်းစားရေးကိစ္စသည် အကယ်ပြုသင့်သော ကိစ္စဖြစ်သည်ဟု တဖက်က ယူဆနိုင်ပြန်၏။ ခေတ်အမြင် သုတေသီတို့ အယူအဆမှာ ဗုဒ္ဓခေတ်အခါက တမလွန်ဘဝ ရှိသည်ဟု တမလွန် ဘဝကို မျှော်သော အယူအဆသည် ပြင်းထန်ကြီးမားသဖြင့်၊ ထိုအယူအဆကို ဆန့်ကျင်သမှုပြုခြင်းဖြင့် အကျိုးမများ သောကြောင့်၊ ဗုဒ္ဓက ပြင်းထန်စွာ ဆန့်ကျင် ဟောကြားခြင်း မပြုခဲ့ဟု ယူဆကြသည်။

ကောင်းမှုပြုသူသည် ယခုဘဝ၌ ကောင်းကျိုးရသည်၊ နောင်ဘဝကို မျှော်ကိုး၍ ရည်ရွယ်ချက်ဖြင့် ကောင်းမှုကို မပြုသင့်ဟုလည်း ဗုဒ္ဓဩဝါဒများလည်း ရှိသည်။

တခါ၌ ဗုဒ္ဓသည် ကောသလတိုင်းသို့ ခရီးထွက်စဉ် ကောသမုတ္တနိဂုံး၌ ကာလာမမင်းတို့က ကောင်းမှုပြုသူတို့ ရရှိသော အကျိုးကို သိပါရစေဟု လျှောက်ရာ၊ ဗုဒ္ဓက မိန့်ကြားသည်မှာ-

"တမလွန်ဘဝသည် အကယ်၍ရှိအံ့၊ ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ အကျိုးဆက် အကျိုး ရင်းသည် အကယ်၍ ရှိအံ့၊ ငါသည် သေပြီးနောက် ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ရောက်မည်ဟု ယုံကြည်ကာ သက်သာရာ ဆောက်တည်ရာရသည်"

"အကယ်၍ တမလွန်လောကသည် အကယ်မရှိအံ့၊ ငါသည် ယခု ဘဝ၌ပင် ကောင်းမှုပြုသူ ဖြစ်သဖြင့်၊ ရန်မရှိ ကြောင့်ကြမရှိ၊ ဆင်းရဲမရှိ၊ ချမ်းသာခြင်းကို ရသည်ဟု ယုံကြည်ကာ သက်သာရာ ဆောက်တည်ရာ ရသည်" ဟူ၏။

ဗုဒ္ဓသည် ကုသိုလ်ကောင်းမှုများနှင့် စပ်လျဉ်း၍ တမလွန်လောကရှိသည် ယုံလျှင်လည်း ယုံကြည်ချက်၏ နှစ်သိမ့်မှုအကျိုးရှိသည် ဟူသော အသုံးအနှုန်း သုံးသည်ကို ပိဋကတ်၌ မကြာခဏ တွေ့ရရာ၊ တမလွန်ကိုယုံလျှင် ယုံသူ၏ စိတ်ထဲမှ ကျေနပ်မှုကို လက်ငင်းရစေသည် ဟူ၍သာ ဆိုလိုသည်ကို တွေ့ရသည်။

ကံ အကြောင်းတရား တည်းဟူသော ပြုမှုချက်တို့ကို လေးနက်စွာ ဟောကြားသော တရားတို့၌ အဖြူပြုလျှင် အဖြူကို လက်ငင်း လက်တွေ့ ရမည်။ အမဲပြုလျှင် အမဲကို လက်ငင်း-လက်တွေ့ ရမည်ဟုသာ ဟောလေ့ရှိသည်ကို တွေ့ရပြန်သည်။

ကံ ဖြစ်ကြောင်းတရားသည် လောဘ, ဒေါသ, မောဟကို အခြေခံသည်။ ထိုအကြောင်းတရား သုံးရပ် တရပ်ရပ် လွန်ကဲလျှင် သတ်မှု,ခိုးမှု,စသော မကောင်းမှု ကံကို ကျူးလွန်မိသည်။ ထိုအရာများ ကင်းရှင်းလျှင်၊ ပေးလှူခြင်း,သီလ ဆောက်တည်

ခြင်း စသည်တို့ကို ပြုမိသည်။ ကောင်းမှုကံကို ဖြစ်ပေါ်စေသည် ဟူသော လက်တွေ့ - လက်ငင်း အကျိုး ခံစားရသည့် ကံ တရားအကြောင်း ဟောပြောချက်များကို ပိဋကတ်တော် အနှံ့အပြား၌ မြောက်များစွာ တွေ့ရသည်။

ဗုဒ္ဓက ရဟန်း တို့အား တမလွန် လောကကို ရည်မြော်၍ လှူလျှင်လည်း လက်ခံဟု ခွင့်ပြုခြင်းနှင့် တမလွန်ရှိသည်ဟု ယူဆသူသည်၊ ထိုယူဆချက်၏ အကျိုးကိုရနိုင်သည် ဟူ၍ ဟောကြားချက်များသည် တမလွန်လောက ရှိသည် ဟူသော အယူအဆကို ပြင်းထန်စွာ ဆန့်ကျင်မှုမပြုဘဲ ''တမလွန် ဘဝကို မင်းတို့ ယုံချင်လဲ ယုံကြလေ-မင်းတို့ ယုံတဲ့နည်းနှင့်ဘဲ ကောင်းမှုကို လုပ်ကြပါ....''ဟု အသိဉာဏ်နုသော လူဒါယကာ လူတန်းစားတို့ကိုသာ ဟောကြားလေ့ရှိသည်။

ရင့်သော ပရိသတ်ဖြစ်သည့် ရသေ့များ, ရဟန်း များကို ဟောကြားရာ၌ တမလွန်လောကနှင့် စပ်လျဉ်း၍ တိကျခိုင်မာသော ညွှန်ကြားချက်ကို ပြုသည်၊ တားမြစ်မှုကို ပြုသည်။

တမလွန်ဘဝနှင့် စပ်လျဉ်း၍ တွေးတောယူဆ ကြံဆခြင်း ပင်လျှင် မှားသောအယူ, မှားသောအမြင် ဖြစ်သည်ဟု တိကျစွာ ဆိုခဲ့သည်။

တရံရောအခါ ဗုဒ္ဓသည် သံဃာငါးရာ အခြံအရံနှင့် ရာဇဂြိုဟ်နှင့် နဠန္ဒာမြို့ အကြား၌ ခရီးရှည် ကြွတော်မူရာ၊ ဗုဒ္ဓတို့ အဖွဲ့၏ နောက်မှ လိုက်လာသော သုပ္ပိယ ရသေ့နှင့် တပည့် ဗြဟ္မဒတ် လုလင်တို့သည် ဗုဒ္ဓနှင့် ရဟန်းတို့၏ အကြောင်းကို ဆွေးနွေး ကြသည်။ ဆရာက ဗုဒ္ဓနှင့် ရဟန်းတို့ မကောင်းဟု

ချို့ယွင်းချက် ရှိသည်ဆိုကာ ဝေဖန်သည်။ တပည့်က ကောင်း ကြောင်း ပြောကာ ခုခံသည်။ ထိုငြင်းခုံချက်အရ ဗုဒ္ဓက ရဟန်း တို့၏ ကျင့်စဉ်ကို ပြသည့် ဗြဟ္မဇာလ သုတ်ကို ဟောကြား လေသည်။ (သီလက္ခန္ဓဝဂ်) ကျင့်စဉ်ကို ပြသော ထိုတရားတွင် အယူအဆ လွဲမှားခြင်း ၆၂-မျိုးရှိသည်ဟု ပြတ်ပြတ် သားသား ဟောကြားခဲ့သည်။

တပါးသော လောကသည်ရှိ၏၊ တပါးသော လောကသည် မရှိ။ တပါးသော လောကသည် ရှိသည်လည်း ဟုတ်၏၊ မရှိ သည်လည်း ဟုတ်၏။

သေ၍ တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိ၏၊ မရှိ၊ ရှိလည်း ရှိ၏၊ မရှိလည်း မရှိ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးသည်(နောင်ဘဝ၌) ရှိ၏၊ မရှိ၊ ရှိလည်း ရှိ၏၊ မရှိလည်း မရှိ။

သတ္တဝါသည် သေပြီးနောက်မှရှိ၏၊ မရှိ၊ ရှိလည်းရှိ၏၊ မရှိ လည်း မရှိ။

ငါသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ အသိ သညာရှိ၏။

ငါသည် ရုပ်မရှိ၊ သေပြီးနောက် မပျက်စီး၊ အသိ သညာ ရှိ၏။

ငါသည် ရုပ်ရှိလည်း ငါရှိ၏၊ ရုပ်မရှိလဲ ငါရှိ၏။

အချို့က ရှေးဘဝကံကို အားကိုးသည်။ အချို့က နောင်ဘဝအတွက် မြော်ရည်ကာ ကံကို ကြပ်ပြု သည်။ အတိတ်ကံ- အနာဂတ်ကံ စသည်ဖြင့် မြော်မှန်းကြသည်။

စသော-စသော အယူအဆတို့သည် မှားသောအယူ၊ မှားသောအမြင်ဖြစ်သည်။ ပယ်ရမည်ဟု ဗုဒ္ဓက တိတိကျကျ တားမြစ်ခဲ့ လေသည်။

ဗုဒ္ဓက အချုပ်အားဖြင့် အရေးကြီးသည်မှာ တွေ့ထိခံစားမှုတို့မှ စွဲလမ်းမှု၊ စွဲလမ်းမှုမှ ဘဝ၊ ဘဝမှ ဇာတိ၊ ဇာတိမှ အိုခြင်း, နာခြင်း, သေခြင်း, ပူဆွေးခြင်းတို့ အဆင့်ဆင့် ဖြစ်ကြသည်။ လက်တွေ့တရား လွတ်မြောက် မှုသာ အရေးကြီးသည်။ လက်ငင်းဖြစ်ပေါ် မှုသာ အရေးကြီးသည်။နောင်ဘဝနှင့် ရှေးကဘဝကံသည် အရေးမဟုတ်ဟု တိတိကျကျ ဟောကြား ခဲ့သည်။

နောင်ဘဝက ပါလာသောကံ၊ ရှေ့ဘဝသို့ ပါသွားမည့်ကံ၊ နတ်ပြည်သို့ သွားရေး၊ ငရဲပြည်သို့ သွားလာရေး စသော ဘဝသံသရာကို စဉ်းစား နေရန်မလို။ လက်ငင်း လက်တွေ့ ဒုက္ခမီးငြိမ်းမှုသည် အရေးကြီး၏။ထိုကိစ္စကိုသာ စဉ်းစား ကျင့်ဆောင်ကြရမည်ဟု ဗုဒ္ဓက မကြာခဏ ဆိုခဲ့သည်။

ဘဝသံသရာ တွေးတောမှု မပြုရန် အပြတ်သားဆုံး ဟောကြားမှုကို မဇ္ဈိမပဏ္ဏာသ ဘိက္ခုဝဂ်၊ စူဠမာလုကျ သုတ်၌ တွေ့ရ၏။

တရံရောအခါ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်း သုံးနေ၏။ ထိုစဉ်တွင် အသျှင် မာလုကျ ပုတ္တ မထေရ်မည်သော ရဟန်းသည် ဘဝသံသရာကိစ္စနှင့် ပတ်သက်၍ တွေးတောမရနိုင်သဖြင့် ဗုဒ္ဓထံသို့ မေးမြန်းသည်။

လောက မြဲသလော-မမြဲ သလော၊ အဆုံး ရှိသလော မရှိ သလော။

အသက်သည် ကိုယ်လော၊ ကိုယ် တခြား,အသက် တခြား လော။

သက်ရှိ သတ္တဝါသည် သေသည်၏ နောက်၌ ဖြစ်သလော၊ မဖြစ်သလော။

"အရှင်ဘုရား ဤမေးခွန်းများကို ယခင်ကမဖြေခဲ့ပါ၊ယခု ဖြေကြားပါ။ မဖြေလျှင် တပည့်တော်သည် အယူအဆ၌ မရှင်း၍ လူထွက်ပါမည်။ မသိက မသိဟု ဖြေပါ"ဟုပင် လေးနက်စွာ ပန်ကြားကာ လျှောက်ထား မေးမြန်း၏။

ဗုဒ္ဓ၏ အဖြေမှာ – "မာလုကျပုတ္တ ဥပမာ-ယောကျ်ား တယောက်သည် ထုထဲစွာ လိမ်းကျံ ထားသော ဆိပ်လူး မြှားဖြင့် အပစ်ခံရအံ့၊ သူ၏ သားချင်းတို့က ဆေးဆရာကို ခေါ်အံ့။

မြှားပစ် ခံရသူက -မြှားပစ် သူသည် မင်းလော-ပုဏ္ဏား လော၊ သူဆင်းရဲလော၊ မည်သည့်မြို့ မည်သည့် ရွာသား နည်း၊ ငါမသိက ထိုမြှားကို မနှုပ်အံ့ဟု ဆို၏။

မြှားပစ်သူသည် မည်သည့် အမျိုးအနွယ်နည်း၊ မြင့်သူ နိမ့်သူ,ငယ်သူ,ကြီးသူ မည်သို့အသွင် ရှိသူနည်း၊ မည်သည့် အသားရောင် ရှိသနည်း၊အသားမဲလော၊ အသားဖြူလော၊ အသားဝါလောဟု မသိက ထိုမြှားကို ငါမနှုပ်အံ့ဟု ဆို၏။

မြှားသည် မည်သို့သော မြှားနည်း၊ မည်သို့သော လေး နည်း၊ မည်သို့ ညှို့နည်း၊ မည်သို့ မြှားတောင် နည်း ဟူ၍ ငါမသိက မြှားကို မနှုပ်ဟု ဆိုအံ့။

ထိုမြွားမှန် ခံရသော ယောကျ်ားသည် သူ သိလိုသော အချက်များကို ရှာဖွေရင်း မေးမြန်းရင်းနှင့်ပင် သေဘွယ် ရှိသည်။

"ထို့အတူ လောက၏ တမလွန်ကိစ္စကို မေးမြန်း စုံစမ်း နေပါက လက်ငင်း တောက်လောင် သော ဒုက္ခမီး နှင့်ပင် သေဘွယ်ရှိသည် -မာလုကျပုတ္တ"

ဗုဒ္ဓသည် ဤသို့တမလွန်လောက ကိစ္စကို စဉ်းစားရန် မလို ကြောင်းကို စိတ်ဝင်စားဘွယ်ကောင်းပြီး အဓိပ္ပါယ်လေးလေးကျကျ ကိုက်ညီသည့် ဥပမာနှင့် ဟောကြားကာ တမလွန်ဘဝ ကိစ္စ တို့ကို ‌ငြင်းစားမှု မပြုသင့်ဟု ခိုင်မာစွာ ညွှန်ခဲ့သည်။

မာလုကျပုတ္တ မှတ်သားလော့။ လောက မြဲမမြဲ၊ အသက် တခြား ကိုယ်တခြား ဟုတ်မဟုတ်၊ သတ္တဝါသည် သေပြီး နောက်ထပ် ဖြစ်မဖြစ်....စသည် တမလွန်လောက ကိစ္စများ ကို ငါမဟောကြား၊ ထိုအကြောင်းသည် အကျိုးမရှိ၊ သာ သနာနှင့်မဆိုင်၊ ဒုက္ခမီး ငြိမ်းမှုကို မရနိုင်၍ငါမဟောကြား။ ငါသည် (လက်ငင်းလက်တွေ့ ကြုံနေကြရသည့်)ဆင်းရဲဒုက္ခ အကြောင်းကိုညွှန်ကာ လွတ်မြောက် ရာကိုသာ ဟော၏။

ဆက်လက်၍ ဟောကြားမှု-အသျှင် မာလုကျ ပုတ္တ သည် တရားတော်ကို လက်ခံသည်၊ ဘဝသံသရာ အစွဲပြတ်သွားသည်၊ ရဟန်းဘောင်၌ ဆက်လက်ကျင့်သုံးသည်ဟု ထိုသုတ်ကဆိုသည်။

ဤဟောပြောချက်သည် ဘဝသံသရာ အစွဲရှိသူတို့ အတွက် ဗုဒ္ဓ၏ အပြတ်သားဆုံး အဖြေပင် ဖြစ်သည်။

ဘဝသံသရာဆိုသည့် နောက်ဘဝသည်ဇင်း၊ ငရဲဘုံနှင့် နတ်ပြည်သည်ဇင်း ရှိချင်ရှိမည်။ မရှိချင်လည်း မရှိ ပေမည်။ ကျွန်ုပ်လူသားတို့အဘို့ လက်ငင်းလက်တွေ့ မျက်မှောက် ဘဝနှင့်မဆိုင်၊ လက်ငင်းလက်တွေ့ မျက်မှောက်ဘဝတွင် အိုခြင်း၊ နာခြင်း၊သေခြင်းမှ စသည့် ဒုက္ခမီးအမျိုးမျိုးတို့ကို ရင်ဆိုင်နေရသည်။ ထိုမီးများ ငြိမ်းသတ်ရေးသည် လက်ငင်း ကိစ္စဖြစ်သည်။ နောင်ဘဝ ငြိမ်းမှုမငြိမ်းမှုကို စဉ်းစားခြင်း၊ ဆုံးဖြတ်ချခြင်း၊ ဆွေးနွေးခြင်း ငြင်းခုံခြင်းတို့ ပြုလုပ်ခြင်းမပြုကြဘဲ လျစ်လျူ ရှုကာ လက်ငင်းမီးကို လက်တွေ့ငြိမ်းသတ်ရေး ဗုဒ္ဓ၏ တရားကိုသာ ရှုကြပါစို့။

## ရုပ်တို့၏ သဘော

လက်ငင်း လက်တွေ့ ဒုက္ခမီးများ လောင်နေသည်ဟု အဆိုပြုချက်အရ၊ ဒုက္ခမီးသည် မည်သို့လောင်သနည်း၊ မည်သည်ကစ၍ လောင်သနည်းဟု အစရှာလျှင်၊ မွေးဖွား သည်မှ သေဆုံးသည်ထိ ဖရောင်းတိုင်ကဲ့သို့ မီးတောက်ဖြင့်ပြီးသော လူသား၏ ကိုယ်ခန္ဓာကြီးကို မီးတို့၏ လောင်စာ ထင်းတုံးကြီးအဖြစ် တွေ့ရပေမည်။

ဒုက္ခမီး တောက်လောင်နေသော လောင်စာ ထင်းတုံးမှာ ဤကိုယ်ခန္ဓာ ရုပ်ကောင်ကြီး ဖြစ်သည်။

ဤကိုယ်ခန္ဓာရုပ်ကောင်ကြီးသည် ဘာတွေနှင့် ပြီးသနည်း၊ ဘယ်သို့လောင်နေသနည်း၊ ဓါတ်ခွဲရှုကြပါစို့။

လူ၏ရုပ်ကိုခေါ်ခဲ့လိုပါက သူနေထိုင်ရာ ကမ္ဘာ မြေကြီးကို၎င်း၊ မြေကြီးပေါ်ရှိ ရုပ်ဝတ္ထုအစုစုကို၎င်း၊ ထိုမြေကြီးတည်ရာ စကြဝဠာကြီးကို၎င်း အဆင့်ဆင့် ရှုရပေမည်။

စကြဝဠာကြီး၏ အတိုင်းအတာနှင့် စပ်လျဉ်း၍၊ သိပ္ပံပညာ ကျော်တစ်ဦးက တိုင်းထွာရာတွင် အလင်းရောင်၏ အရှိန် အဟုန်သည် တစက္ကန့်ကို ၇ စိတ် စိတ်ပြီး တစိတ်မျှသော တိုတောင်းသောအချိန် ၇/၁ စက္ကန့်တွင် ကမ္ဘာမြေကြီးကိုတပတ်ပတ်မိသည်။ ထိုအလင်းရောင်သည် စကြဝဠာဇာခုလုံး ပတ်မိရန် နှစ်ပေါင်း တသန်း တသိန်း ကြာသည့်တိုင် ကျယ်ပန်းသည်ဟုဆို၏။တနည်း အားဖြင့်ဆိုရလျှင် အလင်းရောင်သည် တစက္ကန့်လျှင် ၁၈၆၂၃၄ မိုင်သွားသည်၊ တနှစ်လျှင် မိုင်ပေါင်း ၅၈၆၅၆၉၆၀၀၀၀၀၀ မိုင် (မိုင်ကုဋေ ၆ သိန်းခန့်) သွား၏။ သို့များပြားသောမိုင်တို့ကို နှစ်ပေါင်း တသန်း တသိန်းနှင့် ထပ်၍ မြှောက်ရမည် ဖြစ်သည်။

ထိုအပြော ကျယ်လှသော စကြဝဠာကြီးတွင် ကျွန်ုပ်တို့ ကမ္ဘာမြေ အပါအဝင်၊ နေ လ ကြယ်တာရာ နက္ခတ် ပေါင်း များရေမှာလည်း မရေမတွက်နိုင်အောင် များပြားလှသည်။ ၎င်းတို့ဦးရေမှာ သန်းတထောင်ကို နှစ်သန်းနှင့် မြှောက်ရသော လဒ်ကို သန်းတထောင်နှင့် ထပ်၍ မြှောက်ရမည်။

အပြောကျယ်သော စကြဝဠာကြီး အတွင်းမှ ထိုမျှများပြားလှသော ကြယ်တာရာ နက္ခတ် ဂြိုဟ် ကမ္ဘာ နေ စသည်တို့သည် ပည်သို့တည်ရှိခဲ့သနည်း၊ မည်နှယ် ဇခဲ့သနည်း၊ မည်ပုံ ဆက်၍ တည်နေသနည်းဟူသော မေးခွန်းမှာ ကျယ်ဝန်းလှ၏။

အချို့သော သိပ္ပံပညာရှင်တို့၏ အယူအဆမှာ စကြဝဠာသည် အစအဆုံးမရှိသော လဟာပြင်ကြီးဖြစ်သည်။ ထိုလဟာပြင်ကြီးအတွင်း၌ သဘာဝ အလျောက် ပုံအမျိုးမျိုး အရွယ်အစားစားက ကြယ်စုကြီးများ ဖြစ်ပေါ်ပြီး အဆုံးအစ မရှိရာသို့ ပျံ့ထွက် ပြေးသွား နေကြသည် ဟူ၏။

အချို့ကမူ လွန်ခဲ့သော နှစ် ကုဋေ တသန်းခန့်က အစိုင်အခဲကြီးတခု ပေါက်ကွဲရာမှ စကြဝဠာ တွင်း၌ ကြယ်စု ကြီးများ ပျံ့ကြဲသွားသည်။ တနေ့တွင် သွားလာ ပြေးလွှားသော ကြယ်စုကြီးချင်း တိုက်ကာ ပေါက်ကွဲပြီး စကြဝဠာကြီး ပျက်စီး ကျေပြုန်းရမည်ဟု ယူဆ၏။

အချို့သိပ္ပံပညာရှင်တို့က လွန်ခဲ့သောနှစ် ကုဋေ တထောင်ခန့်က ပေါက်ကွဲမှုကြီးတခု ကြယ်စုကြီးများ ပျံ့ကြဲထွက်ခဲ့သည်ကို လက်ခံသည်။ ကြယ်စုကြီး တို့သည် တခုမှ တခုသို့ ဖဲ့ခွါ၍ သွားလာနေရာမှ နောက်ထပ် နှစ်ပေါင်း ကုဋေ သုံးထောင်တိုင် ဆက်၍ ပျံ့လွင့်ဦးမည်၊ နှစ် ကုဋေသုံးထောင်ကျော်က ကြယ်စုသည် ဗဟိုချက်မသို့ ပြန်စုမည်။ နှစ်ပေါင်း ကုဋေ လေးထောင်တွင် စုရာက ပြန်၍ခွဲကာ ယခုလွင့်နည်းအတိုင်း ပြန်လွင့်ကြမည်။ နောင်နှစ်ပေါင်း ကုဋေ ရှစ်ထောင်တွင် ပြန်လာကာ တပတ်ကျော့စုမိကြဦးမည်။ စုပြီးက ပြန်ခွဲကြမည်။ ဤသို့ဖြင့် ကြယ်စုကြီးသည် စုလိုက်ခွဲလိုက်နှင့်ပင် အမြဲတည်ရှိနေမည်ဟု ဆိုသည်။

လက်ရှိ စကြဝဠာ၏ သက်တန်းမှာ နှစ်ပေါင်း သန်း၄၅၀၀ ခန့်ရှိပြီဟု ခန့်မှန်းကြသည်။

သေချာသည်မှာ ထိုစကြာဝဠာ အတွင်း၌ ဂြိုဟ်စု ကလေးများသည် သူ့အစုနှင့်သူ ချာလည် ချာလည်ဖြင့် ပတ်လည်လည်၍ တည်ရှိနေကြသည်။ အချိန်မှန်မှန် အရှိန်မှန်မှန် လည်ခြင်းဖြင့် ဂြိုဟ်တခုက ဂြိုဟ်တခုကို ဆွဲငင်ကာ ထိန်းသွားရင်း တည်ရှိနေကြသည်။

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ စကြာဝဠာတွင် နေမီးလုံး ကြီးကို ကမ္ဘာမြေ၊ လ၊ သောကြာဂြိုဟ် အင်္ဂါဂြိုဟ် စသည် တို့က အချိန်မှန်မှန် နှင့် အရှိန်မှန်မှန် ဝိုင်း၍ လည်ပတ်ကာ တည်ရှိနေကြသည်။

ထို့အတူ ညဥ့်အခါ၌ ကျွန်ုပ်တို့မြင်ကြရသည့် ဝေးလှသောဒေသမှ တောက်ပြောင်သော ကြယ်ကလေးများ ကိုလည်း (ကျွန်ုပ်တို့၏ နေမင်းကို ကျွန်ုပ်တို့၏ လမင်း နှင့် ဂြိုဟ်ငယ်များ ကျွန်ုပ် တို့က မ္ဘာ စ သည် တို့ က ဝိုင်း၍ လည် ပတ် သည့် နည်းအတိုင်း)အသီးသီး အခြံအရံဂြိုဟ်များ, ကမ္ဘာလုံးများ ဝိုင်းနေကြ ပေမည်။

သို့သော် ကြယ်ဟု ကျွန်ုပ်တို့ မြင်အပ်သော ထိုထို တောက်ပြောင်သော အလုံးအခဲကြီးများနှင့် သူတို့၏ ပတ်ဝန်းကျင် အခြံအရံအစိုင်အခဲတို့ လည်ပတ်ပုံကိုငှင်း၊ ထိုအစိုင်အခဲတို့၌ သက်ရှိသတ္တဝါ ရှိမရှိ၊ရှိနိုင် မရှိနိုင်ကိုငှင်း၊ကျမ်းလေးမည်ဖြစ်၍ မဆွေးနွေးတော့ပြီ။ (စကြာဝဠာမှဂြိုဟ် ၁၀-ကုဋေတွင် မြက်သစ်ပင်နှင့် လူများ ရှိနိုင်သည်ဟု ယူဆရသည်။)

ကျွန်ုပ်တို့ လက်လှမ်းမှီ၍ မှန်းဆ သိရှိနိုင်သော ကျွန်ုပ်တို့၏ နေမင်းကို ကျွန်ုပ်တို့ ကမ္ဘာနှင့် လတို့က ဝိုင်းရံသည့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် စကြာဝဠာကို လေ့လာရ ပေမည်။

ကျွန်ုပ်တို့ ကမ္ဘာကြီးသည် အချင်း (အီကွေတာတွင်) ၇၉၁၇-မိုင်၊ ပတ်လည်အနား ၃၄၉၀၂-မိုင်၊ ဒုထယ် ကုဗမိုင် ၂၆၀,၀၀၀,၀၀၀,၀၀၀-မိုင် ရှိသည်။ ၂၃.၅ ဒီဂရီ ခတ်စောင်း စောင်းဖြင့် ဝင်ရိုးပေါ်တွင် ၂၄ နာရီလျှင် တပတ်လည်သည်။ သို့လည်ပတ်ရင်း နေကို ဗဟိုပြု၍၊ ဘဲဥပုံ လမ်းကြောင်းဖြင့် တနာရီ ၆၆၀၀၀ မိုင်နှုန်းနှင့် လည်ပတ်သည်။ ၃၆၅ ၁/၄ ရက်ကြာမှ နေကို တပတ်ပတ်မိသည်။ နေကိုလှည့်ပတ်ရာတွင် ဘဲဥပုံ လမ်းကြောင်းမှ ပတ်သည်။ နေနှင့် အကွာ အဝေးမှာ ဖျမ်းမျှခြင်း ၉၂.၉ သန်းမိုင် ဝေးသည်။ ထို့အတူ လမင်း, အင်္ဂါဂြိုဟ်, သောကြာဂြိုဟ် တို့လည်း ကမ္ဘာလုံးကဲ့သို့ နေကိုပတ်နေ၏။ လမှာ ကမ္ဘာကို ပတ်ရင်း နေကိုပတ်မိသည်။ ကမ္ဘာမြေ၏ အရံဂြိုဟ် ဖြစ်သည်။

ကမ္ဘာမြေ လုံးကြီး အတွင်း၌ ဗဟိုချက်မက အရည်လော အခဲလောကို မှန်းဆ၍ သိရသည်မှာ၊ မြေပြင်မှ ၆၆-မိုင် ကွာဝေး နက်သော အနက်တွင် ကျောက်လွှာနှင့် မြေလွှာ အထပ် သုံးထပ် ခံနေသည်။ ထိုအလွှာ အထပ်လေးထပ်၏ အထုမှာ မိုင် ၁၈၀၀-ခန့်ရှိသည်။ ထိုအတွင်း၌ အရည်ပျော်နေသော သံနှစ်ကဲလ်နှင့် ကိုးဘောလ်ထ် သတ္တုများကို ထိန်းချုပ်ထားသည်ဟု ခန့်မှန်းနိုင်သည်။ မြေတုံးကြီး၏ အများစုမှာ အရည်များဖြစ်၍ ထိုအရည် သတ္တုတို့ ကမ္ဘာကြီး အတွင်း လှုပ်ရှား သွားလာနေသောကြောင့် လျှပ်စစ်ဓါတ်နှင့် သံလိုက်ဓါတ်များ ရှိနေကာ ကမ္ဘာကြီးသည် သူ၏ အပေါ်ရှိ လူတို့ အပါအဝင် အရာဝတ္ထု အစစကို ဆွဲဆောင်နိုင်သည်။

သံလိုက် ဆွဲငင်ခါတ်က လေတို့ကို ဆွဲနိုင်၍၊ ကမ္ဘာလုံးသည် ၅၇၁၀,၀၀၀,၀၀၀,၀၀၀,၀၀၀ တန်လေးသော လေထုကိုရသည်။ ယိုလေထုသည် ကမ္ဘာပတ်ဝန်းကျင် အထက် မိုင် ၂၅၀၀ အထိ ဟိုက်ဒရိုဂျင် ဓါတ်ငွေ့များနှင့်ရှိသည်။ သံလိုက်က ဆွဲ၍ရသော လေက နေအပူကို ကာကွယ် ပေးသည်။ လေထဲ၌ အသက်ရှိ သတ္တဝါ တို့အတွက် အောက်စီဂျင်ဓါတ် ပေးသည်မို့ သက်ရှိ သတ္တဝါများ ကမ္ဘာပေါ်တွင် ပေါ်ရသည်ဟု ခန့်မှန်းကြသည်။ သက်ရှိသတ္တဝါသည် ထိုဓါတ်ရှိမှ တည်နေနိုင်သည်။

ဤနေရာ၌ ကမ္ဘာ့ ဆွဲအားနှင့် သတ္တဝါတို့ အသက်ဖြစ်ပုံကို ခေတ္တရပ်ကာ (စိတ်ပိုင်း အသက်ပိုင်းကဏ္ဍတွင်မှ ဆက်၍ တင် ပြပါမည်) ကမ္ဘာကြီး၏ ရုပ်ပိုင်း သဘောကို ဆက်၍ လေ့ လာကြပါစို့။

ကမ္ဘာကြီးတွင် အောက်ဆီဂျင်၊ ကာဘွန်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စဖိုရပ်စ်၊ ဆာလ်ဖါ၊ ကာလ်ဆီယံ၊ ကလိုရိုင်း၊ ဆီလီကွန်၊ ဆိုဒီယံ၊ မင်းဂနီးစ်၊ သံ၊ မဂ္ဂနီဇီယံ၊ ဖလိုရိုင်၊ အိုင်အို ဒင်း စသော-စသော ဓါတ်များရှိကြသည်။ ဓါတ်ပေါင်းများ စွာတို့ ရေငွေ့ဓါတ်ဖြင့် ဖွဲ့စည်းထားရာမှ ကမ္ဘာလုံးကြီး ဖြစ် လာသည်။

မည်သို့ ဖွဲ့စည်းပါသနည်း၊ သံမှုန့် တမှုန့်နှင့်တမှုန့် အမှုန့်များ ကပ်ရာမှ သံလုံး၊ သံလုံး တလုံးနှင့်တလုံး အလုံးများ ပေါင်းစပ် ရာမှ သံတုံး ဖြစ်လာသည်၊ ထို့အတူ သံမှုန့် တမှုန့်နှင့် တမှုန့် အမှုန့်ချင်း ပေါင်းစပ်မှ သံလုံးငယ်၊ သံလုံးငယ် တလုံးနှင့်တလုံး သံလုံးငယ်ချင်း ပေါင်းစပ်ရာမှ သံတုံးကြီး ဖြစ်လာ ခဲ့သည်။

အရာဝတ္ထု မှန်သမျှသည် သေးငယ်သော အမှုန့်ကလေးပေါင်း များစွာ ပေါင်းစပ်ရာမှ အတုံးအခဲကြီးများ ဖြစ်လာကြသည်။ အရောင် အသွေး အသွင် အထုအထယ်၊ တန်ခိုး ခွန်အားနှင့် ဂုဏ်ခြင်း ကွာကောင်း ကွာနိုင်ကြသည်။ အားလုံးသော ဓါတ် အပေါင်း တို့သည် အမှုန့်ငယ်များမှ အလုံးငယ်၊ အလုံးငယ် များမှ အထုအထယ်အတုံးအခဲ ဖြစ်လာကြလည်။ ကမ္ဘာကြီး လည်း ထို့အတူပင် သံမှုန့်များ သဲမှုန့်များ မြေမှုန့်များ ကျောက် မှုန့်များတို့ ပေါင်းစပ်ရာမှ အမှုန့်တို့မှ အတုံး၊ အတုံးတို့မှ အခဲ စသည်ဖြင့် အထုအထယ် ကြီးထွားလာကာ ဒုထယ် ကုဗမိုင် ၂၆,၀၀၀,၀၀၀,၀၀၀ မိုင်ရှိသော ကမ္ဘာလုံးကြီး ဖြစ်လာရသည်။

သဲမှုန့်မှ သဲလုံး၊ သဲလုံးမှ သဲတုံး၊ သဲတုံးမှ ကမ္ဘာလုံး အထိ အချင်းချင်း ပေါင်းစပ်တည်ရှိ လာခဲ့သည် ဆိုရာ၌၊ သဲမှုန့်သည် လည်း မည်သို့ ဖြစ်ပေါ်သနည်း၊ သဲမှုန့်သည် မည်သည့်နည်းနှင့် တည်ရှိသနည်းဟု ထပ်မံ၍ ရှာမှသာ အရင်းအမြစ်ကို သိရပေ မည်။ ကျွန်ုပ်တို့ မြင်တွေ့ရသမျှသော ရုပ်ဝတ္ထု မှန်သမျှတို့သည် မည်မျှ ထုထယ်ကြီးမားသည် ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ မာ ကျောသည် ဖြစ်စေ၊ ပျော့သည် ဖြစ်စေ၊ မည်သို့သော အသွင် သဏ္ဌာန် ရှိသည်ဖြစ်စေ၊ ဓာတ်မူလအားဖြင့် တမျိုးတည်းသာ ရှိသည်။

ယခု ကျွန်ုပ်ရေးနေသော စာရွက်ကို ချေမှုန့်ဆုတ်ပါက အလွန်သေးငယ်သော မှုန်မှုန့် ကလေးများ အထိ ကျေမွသွား နိုင်သည်၊ တဖန် မာကျောလှသည် ဆိုသော ပြူတင်းပေါက်မှ သံမဏိချောင်း သံတိုင်ကို သံစားဘီဥနှင့် တိုက်ကြည့်ပါက သံမှုန့်များပင် ထွက်လာပြီး ကြေမွသွားသည် မဟုတ်ပါလော။

 သံတိုင်သည်ရင်း၊ စက္ကူသည်ရင်း၊ မျက်စေ့အမြင်၌ တလုံးတစည်း တထုတထယ်တည်း တွေ့ရသော်လည်း၊စင်စစ်အားဖြင့် အဏုမြူမှုန် ကလေးများကို စုပေါင်း ထားခြင်းသာ ဖြစ်သည်။

ကျွန်ုပ်တို့သည် တောင်ပေါ်မှရင်း၊ လေယာဉ်ပျံ ပေါ်မှရင်း သဲသောင်ပြင်ကို ကြည့်ပါက ဖွေးဝါသော မြေပြင်ကြီးတခုကို ထုထယ်လိုက် တွေ့ရ၏။ ထိုသောင်ပြင်သည် သဲမှုန် ကလေးများဖြင့်သာ ပြီးသည်ကို မသိရသကဲ့သို့ပင်၊ အရာဝတ္ထု မှန်သမျှကို အသေးစိတ် လေ့လာပါက အဏုမြူကလာပ်စည်းများစွာတို့ ပေါင်းစပ်ထားသည်ကို တွေ့နိုင်၏၊ သိနိုင်၏။

အဏုမြူမှုန် ကလေးများ ပေါင်းစပ် ထားသည်ဟု ဆိုရာ၌ ထိုအဏုမြူ မှုန်ကလေးများ၏ အတိုင်း အတာကို ရှာလျှင် အံ့ဩလောက်အောင် သေးငယ်သည်ကို တွေ့ရသည်။

မျက်စိနှင့်မြင်လောက်သော သဲမှုန်ကလေး တမှုန်ဖြစ်အောင် ကုဋေကုဋာနှင့်ချီ၍ မရေမတွက်နိုင် လောက်အောင် များပြားသော အဏုမြူမှုန်များ စုစည်း ပေါင်းရုံး ထားရသည်။

• ထိုသို့အားဖြင့် အရာရာသော ရုပ်ဝတ္ထု ပစ္စည်းမှန်သမျှ မူလဗီဇဓာတ်ဖြစ်သော အဏုမြူမှုန် ကလေးများကို ရှာကြည့်ကြစို့။

သန်းဥကျောင်းမှ စ၍ခွဲလျှင် သန်း ၇-ခေါင်းကို ၇ စိတ်စိတ်ပါက တစိတ်ကို လိက္ခာမြူ (ပေစာ ရေးရာမှ ကျသော ကညစ်မှုန့်)ရင်းကို ၃၆ စိတ်စိတ်၊ တစိတ်ကို ရထရေဏုမြူ (လှည်းလမ်းမှ ဖုံအရွယ်)ရင်းကို ၁၆ စိတ်စိတ်၊ တစိတ်ကို တဋ္ဋာရီဏုမြူ။ (ကောင်းကင် လွင့်သောမြူ) ရင်းကို ၃၆ စိတ်စိတ်ပါက အဏု

မြူ။ (နံ့ပေါက်နေရောင်၌ မြင်ရသောမြူ) ၎င်းကို ၃၆ စိတ် စိတ်က ပရမာဏုမြူ (သာမာန် မျက်စေ့မမြင်နိုင်)ဟု ခွဲနိုင်၏။

ခေါင်းကိုက်ဆေးပြား ၂ ခဲစာခန့်ရှိ တဂရမ်မျှ လေးသော ဟိုက်ဒရိုဂျင် ဓါတ်စု ကလေး အတွင်း၌ အဏုမြူမှုန့် ကလေး ပေါင်း ၆ နောက်မှ သုည ၂၄ လုံးပါရှိ၏။ အဏုမြူသည် ဤမျှ သေးငယ်သည်။

ဥပမာ ရေတခွက်သည် စည်းဘဲ့သော ရေထုငယ်တခုဟု ပမာ ဏအားဖြင့် အထုလိုက် အထယ်လိုက် ရှိသည်။

ထိုရေကို ကုန်ခမ်း ခြောက်သွေ့သည် အထိ ကျိုချက် ပါက ရေသည်ပျောက်သွား၏။ ပျောက်ကွယ်သွားရာ၌ ရေခိုးရေငွေ့ မြူမှုန့်ကလေးများအဖြစ် ပျံ့လွင့်ပျောက်ကွယ် သွားခြင်းဖြစ်၏။ ထို့ကြောင့် ရေသည် သမုဒ္ဒရာမျှ များပြားသည်။ ၎င်း တဖလ် ခွက်ခန့်သည်၎င်း၊တစက်သည်၎င်း များစွာသေးငယ်သောရေခိုး ရေငွေ့ မြူကလေးများ၏ ပေါင်းစုစည်းရုံး ထားသည့် အရေ ကလာပ် တခုသည် ဖြစ်၏။

ထိုသေးငယ်လှသော ရေမှုံကလေးကို ဓါတ်ခွဲပါက ထိုရေ မှုံအသေးဆုံး တခုတခုတိုင်း၌ ကလာပ်စည်းသုံးခုရှိသည်ကို တွေ့ ရပြန်၏၊ ၎င်းတို့မှာ ဟိုက်ဒရိုဂျင် ဓါတ်နှစ်ခုနှင့် အောက်စီဂျင် ဓါတ်တခုတို့ ပေါင်းစပ်ထားသည်ကို တွေ့ရသည်။

ဤတွင် ရေဟူသည်မှာ ဟိုက်ဒရိုဂျင်ဓါတ်နှင့် အောက်စီဂျင် ဓါတ်တခုတို့ ပေါင်းစပ် ထားသည်ကို တွေ့ရ လေသည်။ ထို့ ကြောင့် မူလ ပညတ် ဖြစ်သော ရေဟူသော အခေါ် အဝေါ် သည်၎င်း၊ ရေဟူသော အရေ ကလာပ်သည်၎င်း မရှိ တော့ဘဲ၊ ရေ၏ဗီဇ ဇာတိဓါတ် နှစ်ခုကိုသာ တွေ့ရသည်။

ခုတင်ဟူသော ရုပ်ပစ္စည်းကို ဖျက်ကြည့်ပါက သစ်သားနှင့် သံသာ မူလဖြစ်ပြီး ခုတင်၏ ရုပ်ဘဝပျောက်သွားသကဲ့သို့၊ ဥပမာ ယူရပေမည်။

ရေဟူသော ကလပ်စည်းမှ ဓါတ်ခွဲ လိုက်ရာတွင် ရေပျောက် သွားပြီး ဇီဇဓါတ်ဖြစ်သည့် ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင် တို့ ကိုသာ တွေ့ရပေမည်။ တွေ့ရသည်ကို ဆက်၍ဓါတ်ခွဲ ကြည့်ပြန် ပါက ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင်ဓါတ်တို့သည်လည်း အဏု မြူမှုန့် ကလေးများ ပေါင်းစပ် ထားသည်ကို တွေ့ရ ပြန်သည်။

ရေသည်၎င်း၊ ရေ၏ မူလဇာတိ ဖြစ်သော ဟိုက်ဒရိုဂျင် နှင့် အောက်စီဂျင် ဓါတ်တို့သည်၎င်း အခြားအခြားသော ဓါတ်မှန် သမျှတို့သည်၎င်း၊အဏုမြူ ကလာပ်စည်း ကသေးများက အစပြု သည်ကို တွေ့ရသည်။

ထို့အတူ အဏုမြူကလာပ်စည်း ကလေးများကို ထပ်၍ ဓါတ် ခွဲကြပါဦးစို့။

ဟိုက်ဒရိုဂျင် ဓါတ်ပင် ဖြစ်စေ၊ အောက်စီဂျင် ဓါတ်ပင် ဖြစ် စေ၊ ရွှေပင်ဖြစ်စေ၊ သံများ,ကြေးများ,ပြဒါးများပင် ဖြစ်စေ မူလ ဇာတိ ဇီဇ အဏုမြူတွင် ဓါတ်နှစ်မျိုးသာ ရှိသည်ကို တွေ့ရ သည်။ ၎င်းတို့မှာ ဓါတ်ဖို့,ဓါတ်မ,သာ ဖြစ်သည်။

အဏုမြူ မှုန့်ကလေးတခု အတွင်း၏ အလယ်ဗဟို၌ ဖိုဓါတ် နှင့် ကြားဓါတ်ကရှိပြီး၊ ၎င်းဖိုဓါတ်နှင့် ကြားဓါတ်ကို ပ႑ိတုန် နှင့် ညူထရွန်ဟု ခေါ်၏။ ၎င်းနှစ်ရပ်ကို စုလျက် ဗဟိုချက်စု (ညူးကလီးလပ်စ်)ကလေးကို မ,ဓါတ် ဖြစ်သော ဒီလက်ထရွန် ဓါတ်က အချိန်မှန်မှန်နှင့် အရှိန်မှန်မှန် ဝိုင်းရံ လည်ပတ် နေ၏။

ကျွန်ုပ်တို့ ကမ္ဘာကြီးသည် နေလုံးကြီးကို ဗဟိုပြု၍ အချိန်မှန်မှန်နှင့် အရှိန်မှန်မှန် လည်သကဲ့သို့ပင်၊ ဤကမ္ဘာကြီးနှင့် တကွ ကြွယ်တာရာ နက္ခတ်တို့ကို ဖွဲ့စည်းထားသော ဓါတ်မှုန်သမျှတို့၏ အဏုမြူ မှုန့်ကလေးများ အတွင်း၌ ဖိုဓါတ်ကို မဓါတ်က အချိန်မှန်မှန်နှင့် အရှိန်မှန်မှန် လည်ကြလေသည်။

အဏုမြူ မှုန့်ကလေးအတွင်း ဖိုဓါတ်ကို မဓါတ်က လည်ရာ၌ တလက်မ၏ အပုံတသန်းပုံ တပုံကို ထပ်၍ အပုံ ၅၀၀ ပုံ တပုံ။

၁၀၀ ပုံ တပုံ $\frac{၁}{၅၀၀} \times \frac{၁}{၁၀၀၀၀၀၀}$ လက်မအကွာအဝေး

မှလည်သည်။ လည်နှုန်းမှာ တစက္ကန့်လျှင် အကြိမ်ပေါင်း ၉၁၉၂၆၃၁၇၇၀ အကြိမ် အတိအကျ လည်ပတ်လှုပ်ရှား၏။

အကယ်၍ ဓါတ်ဖို နှင့် ဓါတ်မကို ခွဲလိုက်ပါက အဏုမြူမှုန့် ပျောက်ကွယ် ကြေပြုန်းသည်။ အဏုမြူဗုံး တို့မှာ ထိုသဘော အတိုင်း ဖေါ်စပ်ကာ အဏုမြူမှုန့်အတွင်းမှ ဓါတ်ဖိုနှင့် ဓါတ်မ ကို ပေါင်းစပ် ခြင်းဖြင့်၎င်း၊ ခွဲထုတ်ခြင်းဖြင့်၎င်း၊ ကြေပျက် စေသည့် စွမ်းအားကို ရစေသည်။

ဤကဲ့သို့ အဏုမြူမှုန့် ကလေး အတွင်း ဓါတ်ဖိုနှင့် ဓါတ်မ လည်ပတ် နေကြ သဖြင့်သာ အဏုမြူမှုန့် တည်၏။ အဏုမြူမှုန့် တည်သဖြင့်သာ အဏုမြူမှုန့်ကလေးများ ပေါင်းစပ်ထားသော သဲလုံး သစ်သားလုံးတို့ ရှိကြရသည်။ သဲလုံးတို့သည်၎င်း၊ ခဲလုံး တို့သည်၎င်း၊ ရွှေလုံးတို့သည်၎င်း၊ အဏုမြူအထိ ဓါတ်ခွဲသော အခါ၊ မူလမြင်ရသော ဓါတ်တို့ပျောက်ပြီး အဏုမြူ ဓါတ်ဖိုနှင့် ဓါတ်မ နှစ်ခုသာ တွေ့ရသည်။

ရုပ်ဝတ္ထုမှန်သမျှ၏ အဏုမြူမှုန်ကလေး များသည် ဓါတ်ဖို နှင့် ဓါတ်မသာ ရှိသည် ဆိုသော်လည်း ဓါတ်ဖို ဓါတ်မ အချိုး အစား ကွာခြားသည်။ လောကဓါတ် ဆရာတို့က ဓါတ်တို့၏ အမည်ကို အဏုမြူ အတွင်း၌ ဓါတ်ဖို ဓါတ်မ အချိုး အစား အလိုက် ခေါ်ဝေါ် သတ်မှတ် ကြသည်။

ယနေ့အထိ လောကဓါတ် ဆရာတို့သည် ရုပ်ဝတ္ထုအသီးသီး ၏ ဗီဇအဏုမြူ ၁၀၃–မျိုးကို ရှာဖွေ ခွဲခြား၍ တွေ့ကြပြီ ဖြစ် သည်။ မာကျောသော သံမဏိမှ ပြောင်ပြောင်းသော ငှက်မွေး များ,ဂွမ်းများ, ကျွဲချိုသော ဆီဦးထောပတ် စသည်ဖြင့် ရှိရှိသမျှ အရာတို့ကို ဓါတ်ခွဲကြည့်သည်။ ရှိရှိသမျှ ရုပ်ဝတ္ထုတို့၏ မူလဗီဇ အဏုမြူဓါတ် ၁၀၃–မျိုးတွေ့ပြီ ဖြစ်၏။ နောက်ထပ်လည်း တွေ့ ဦးမည်ပင်၊ သို့သော်ရုပ်ဝတ္ထုတို့၏ မူလဇာတိသည် မများလှဟု ယူဆရသဖြင့်၊ နောက်ထပ် မြောက်များစွာတော့ ရှိမည် မထင်။

တွေ့ပြီးသမျှ ရုပ်ဝတ္ထု၏ မူလဇာတိ အဏုမြူများကို ဓါတ်ဖို ဓါတ်မ အမျိုးအစား နံပါတ်နှင့် ခွဲခြား ထားသည်။ နံပါတ် ၈-မှာ အောက်စီဂျင်၊ နံပါတ် ၂၆-မှာ သံဓါတ်၊ ၇၉-မှာ ရွှေ ဓါတ်၊ နံပါတ် ၈၀-မှာ ပြဒါးစသည်ဖြင့်ပင်။

အဏုမြူ နံပါတ် ၁ ဖြစ်သော ဟိုက်ဒရိုဂျင် ဓါတ်တွင် အဏု မြူ မှုန့်ကလေး အတွင်း၌ လျှပ်စစ် ဖိုဓါတ် တခုအား မဂါတ် တခုက ဝိုင်းရံသည်။

အဏုမြူနံပါတ် ၈-ဖြစ်သော အောက်စီဂျင်ဓါတ်၌ လျှပ်စစ် မဓါတ် ၈-ခုက လျှပ်စစ် ဖိုဓါတ်ကို ဝိုင်းရံထား၏။ ထိုဖိုဓါတ် တခုကို မဓါတ်ရှစ်ခုက ဝိုင်းရံ ပေါင်းစပ်မှုဖြင့်သာ ထိုအဏုမြူ

နံပါတ် ဂ သည် တည်ရှိရ၏။ ထိုအဏုမြူ နံပါတ် ဂ ကလေး များ ပြောက်များစွာ ပေါင်းမှ သာလျှင် အောက်စီဂျင်ဓါတ် အစုကို ရမည်ဖြစ်၏။

ဆန်းကြယ်သည်မှာ အဏုမြူမှုန့်ကလေးအတွင်း၌ ဓါတ်မကဓါတ်ဖိုကို အချိန်မှန်မှန်နှင့် အရှိန်မှန်မှန် လည်ပတ်မှုနှင့် တခုက တခုကို ဆွဲဆောင်၍ တည်ရှိကြသည့် အလားတူပင်၊ ကျွန်ုပ်တို့၏ ကမ္ဘာလုံးကြီးနှင့် အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ် စသည်တို့က နေမင်းကြီးကို အချိန်မှန်မှန် အရှိန်မှန်မှန်လည်ပတ်ကာ တခုကတခုကို မှီခို ရန်းကန် ဆွဲဆောင်လျက် ကျွန်ုပ်တို့ စကြာဝဠာ သည် တည်ရှိ၏။ ထို့အတူပင် အထောင်,အသောင်း,အသန်း,အသိန်း သော နေကဲ့သို့သော အလင်းလုံးကြီး များသည် ရှိကြသည်။ ထိုအလင်းလုံးကြီးများသည်လည်း ကျွန်ုပ်တို့နေမင်း၌ ကျွန်ုပ်တို့၏ ကမ္ဘာကြီးနှင့် အခြား နက္ခတ်များ ခြံရံလျက် တည်ရှိသည့် အတိုင်းပင် သူတို့၏ အခြံအရံ ကမ္ဘာများနှင့် တည်ရှိ ကြသည်။

အချုပ်မှာ အဏုမြူမှုန့်ကလေး တခုတွင် ဓါတ် နှစ်ရပ်တို့ လည်ပတ်မှုနှင့် တည်သကဲ့သို့၊ ကျွန်ုပ်တို့စကြာဝဠာ သည်လည်း တည်ရှိနေသည်။

ဤကား ကျမ်းပြုသူ၏ ကိုယ်ခန္ဓာကြီးနှင့်တကွ၊ သူကိုင်သော ကလောင်၊ သူရေးနေသော စက္ကူ၊ သူထိုင်သော ကုလားထိုင်၊ သူနေသောတိုက်၊ သူမှီတင်းနေသော တိုင်းပြည်၊ သူ၏ ကမ္ဘာ စသည့် အားလုံးသော ရုပ်ဝတ္ထု မှန်သမျှကို အလွန် သေးငယ် သော အဏုမြူမှုန့်ကလေးများသာ ရှိကြသည်။ ထိုအဏုမြူမှုန့်

ကလေးများကို ခါတ်ခွဲပါက ခါတ်ဖိုခါတ်မသာရှိသည်၊အခြား မည်သည့်အရာမှ မရှိဟူ၏။

ဤ နှယ် အားလုံးသော ရုပ်ဝတ္ထု တို့ကို ဓါတ်ခွဲ ကြည့်ပြီး ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကြီးကို ဓါတ်ခွဲကြည့်ကြ ပါဦးစို့။ဓါတ်ခွဲ ရာ၌ နောက်ဆုံး အဏုမြူအဆင့် အရောက် အထိ မခွဲ သေးဘဲ၊ ပဌမအဆင့်ဓါတ် အမျိုးမျိုးကိုသာ ခွဲကြည့်ပေအံ့။

လူတဦး၏ ကိုယ်ခန္ဓာကြီး၌၊ ဓါတုဗေဒသဘောအရ ဓါတ် ချက်၍ ကြည့်ပါက -အောက်စီဂျင်၊ ကာဗွန် ဟိုက်ထရိုဂျင်၊ နိုက် ထရိုဂျင်၊ ကယ်လ်ဆီယံ၊ ဖေါစဖါရပ်၊ ပိုတက်စီယံ၊ ဆာလ်ဖါ (ကန့်)၊ ဆိုဒီယံ၊ ခလောရင်း၊ မဂ္ဂနီဆီယံ၊ သံ၊ မင်းဂနီးစ်၊ အိုင်အိုဒင် စသော ဓါတ်များ အပြင်၊ ဆီလီကွန်၊ ဖလူအိုရင်၊ ကြေး၊ သွပ် စသည်တို့ကိုလည်း တွေ့ရသည်။ ထိုဓါတ်များသည် လူ၏ကိုယ်၌သာ ရှိသည်မဟုတ်၊ ကမ္ဘာမြေကြီး၌လည်း ရှိ၏။

ဓါတ်သဘော ခွဲထားသည်ကို အရပ်သဘောအရ နားလည် အောင် ထပ်မံ၍ ဓါတ်ခွဲလိုပါသေးက....

၁၉ ပိဿာခန့်ရှိသော သာမန် လူတယောက် အဖို့၊ သူ၏ ကိုယ်ခန္ဓာကြီးကို ဓါတ်ခွဲ၍ ထုတ်ယူပါလျှင်၊ သာမန် အိမ်သုံး ဆပ်ပြာ ၇-တုံး ချက်နိုင်လောက်သော အဆီဓါတ်၊ ရေခါတ်က သံစည်ပုံး နှစ်ပုံးခွဲခန့်၊ ရှစ်လက်မ သံရှစ်ချောင်းနှင့် ညီမျှသော သံဓါတ်၊ခဲတန်အချောင်း ၉၀၀၀ အထိ ပြုလုပ်နိုင်သည့် ကာဗွန် ဓါတ်နှင့်၊[၁]ဆားခါးတဇွန်းစာမျှရှိသော မဂ္ဂနီစီယံဓါတ်များ ပါ ဝင်သည်ကို တွေ့ရလေသည်။

---

၁ စာပေဗိမာန် မဇ္ဂင်း အတွဲ(၂) အမှတ်(၅)မှ။

ဓါတ်သဘော ဓါတ်ခွဲသည်ကိုမှ မရှင်းသေးဘဲ၊ ထပ်၍မျက်မြင်သဘောအရ ဓါတ်ခွဲနိုင်ပြန်သည်။

လူ၏ကိုယ်ခန္ဓာ ကြီးသည် ၃၂ ပါးသော ရုပ်ဝတ္ထု ပစ္စည်းများနှင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ....ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်း ခြင်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သာ ဖြစ်သည်။

## ဓါတ်လေးပါး

ထို ၃၂-ပါးသော အရာတို့ကို လေးမျိုးသော ဓါတ်အပြားဖြင့် ခွဲခြားနိုင်သေးသည်။ မြေဓါတ် - ရေဓါတ် - လေဓါတ် - မီးဓါတ် ဟူ၏။

မာကြောခြင်း၊ ပြေ့ပြောင်းခြင်း ရှိသော အရာ မှန်သမျှသည် မြေဓါတ်သာဖြစ်သည်။ (ဥပမာ ·အရိုးအရေ) မြေဓါတ် ပျက်လျှင် လူ၏ကိုယ်ခန္ဓာသည် တောင့်တင်း ခက်ထန်၏။

ယိုစီးသော အရာ မှန်သမျှ ရေဓါတ်သာ ဖြစ်သည်။(ဥပမာ သွေးနှင့်ကျင်ငယ်) ထိုရေဓါတ် ပျက်လျှင် လူ၏ ခန္ဓာကိုယ်သည် ပုတ်ရိညှီစော်ပေသည်။

ထို ါတ်နှစ်ပါးတို့ဖြင့် လူ၏ကိုယ်ခန္ဓာ ကြီးကို ဖွဲ့စည်းရာ၌ မွေးညှင်းပေါက် များမှ စ၍ ဝင်ပေါက် ထွက်ပေါက် များနှင့် ဝမ်းတွင်း၌ပါ သင့်လျော်သော လဟာပြင် ဟင်း လင်း များ ရှိသည်။ ထိုဟင်းလင်း ပြင်များ၌ လေဓါတ်သည် အမြဲစိုလျက် ရှိသည်။အရိုး အဆစ် အချက် အချာ ကျသော နေရာတို့ ၌လည်း လေဓါတ်ရှိသည်။ လေဒါတ်၏ အစွမ်းဖြင့် လူတို့သည် လှုပ်ရှား သွားလာမှုကို ပြုနိုင်၏။

မီးဒါတ်မှာ ပူလောင်ခြင်းနှင့် အေးမြခြင်းကို ဖြစ်စေသည်။ လူ၏ခန္ဓာ ကိုယ်သည် အပူဓါတ်ကိုလည်း ထုတ်လုပ်သည်။ အပူ ဓါတ် ကိုလည်း သုံးစွဲသည်။ အပူဓါတ် ရှိမှသာ လူသည် တည် နေနိုင်သည်။

ရုပ်မှုန့်ဓါတ်ခွဲပုံနှင့် ပတ်သက်၍ ညောင်လေးပင်ဆရာတော် ဦးအရိယက ဝိသုဒ္ဓိမဂ် အရသာ ကျမ်း၌ အောက်ပါအတိုင်းခွဲ သွား၏။

၁ ဤကိုယ်၌ ပရမာဏုမြူ အနေ သိမ်မွေ့သောပထဝီ မှုန့် သည်အစိပ်သားခန့်၊ အာပေါမှုန့်သည် နှစ်ပြည် သား ခန့်ရှိ၏။ (တေဇော ဝါယော မှုန့်ကား လဟုက ဖြစ်၍ ပမာဏ မခန့်မှန်းနိုင်)

၂ ပထဝီမှုန့် တစိပ်သားသည် အာပေါမှုန့် ပေါင်းစုပေး ခြင်း၊ တေဇောမှုန့် စောင့်ရှောက် ပေးခြင်း၊ ဝါယော မှုန့် ထောက်ပံ့ ပေးခြင်းဖြင့် အကူအညီရ၍ မလှင့်ဘဲ ယောကျာ်း မိန်းမဟု ကြံ စည် စ ရာ နု ကြမ်း ရှည် တို ပုံဟန်ကိုပြ၏။

၃ ပျံ့ကျဲတတ်သော အာပေါမှုန့် နှစ်ပြည်သားသည် ပထဝီ၌ တည်၍ တေဇော စောင့်ရှောက် ခြင်း ဝါယော ထောက်ပံ့ခြင်း အကူအညီရ၍ မယိုကျဘဲ ပြည့်ဖြိုးခြင်း ပွါးစည်းခြင်းကိုပြ၏။

၄ ခိုးရှိန် ပူအေး တေဇောမှုန့်သည် ဓါတ်သုံးပါး အကူအညီ ရသဖြင့်၊ ဤကိုယ်ကို ရင့်စေ၏။ အရွယ် အဆင်းကို ဆောင်၏၊ မပုတ်မသိုးခြင်းကိုပြ၏။

၅ လှုပ်ရှားသော ဝါယော မှုန့်သည် ဓါတ်သုံးပါး အကူအညီသဖြင့်၊ ဤကိုယ်ကို တောင့်တင်းစေ၏။ မပြိုမကျ ဖြောင့်စွာတည့်စေ၏။ ဝါယောမှုန့် အဆက်ဆက် ဖြင့် ဣရိယာပုတ်ဝိညတ်ကိုပြ၏။

၆ ရုပ်ဓါတ်မှုန့် အပေါင်းသည် ရုပ်မှုန့်ချည်းသာဖြစ်လျက်၊ ယောကျ်ားအသွင် မိန်းမအသွင်ဖြင့် လူပြိန်းကို လှည့်စား၏၊ ထို့ကြောင့် ပုဂ္ဂိုလ်,သတ္တဝါ ထင်စရာမရှိ၊ဓါတ်အစု၊ ဓါတ်အစု။

## အသက် အဘယ်မှာနည်း

ကျွန်ုပ်တို့သည် ရုပ်လောကအကြောင်း သိသင့်သိထိုက်သော အခြေခံအချက်များကို သင့်တင့်စွာ သိကြပြီဖြစ်သည်။ တွေ့မြင်ကိုင်တွယ်စမ်းသပ်နိုင်သော ရုပ်လောကအကြောင်းကို ရုပ်လောက ကဏ္ဍ၌ အသေးစိတ် စိတ်ခွဲနည်း အမျိုးမျိုးနှင့် ခွဲခြမ်း စိတ်ဖြာ၍ ကြည့်ခဲ့ ပြီးကြပြီ။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၊ တိရစ္ဆာန်များ၏ ခန္ဓာကိုယ်၊ ကမ္ဘာမြေကြီးနှင့် ထက္ကူ တောတောင်ရေမြေ သစ်ပင် ကျောက်တုံး ဓါတ်သတ္တုစသည့် ရုပ်ဝတ္ထုမှန်သမျှသည် ဓါတ်ဖိုနှင့် ဓါတ်မတို့ အရှိန်မှန်မှန်နှင့် အချိန်မှန်မှန် မြူးတူးလည်ပတ်နေသောအဏုမြူမှုန့်ကလေးများကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

သို့ဖြစ်ရာ၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရုပ်၏ အကြောင်းကို သိပြီးနောက်၊ ကျွန်ုပ်တို့၏ အသက် အကြောင်းကို ဆက်၍လေ့လာရပေမည်။

ကျွန်ုပ်တို့၏ အသက်ဟူသည်မှာ အသိစိတ်ပင် ဖြစ်သည်။

အသက်သည် လူ့သို့မဟုတ် တိရစ္ဆာန်တို့၏ကိုယ်၌ မည်သည့်နေရာ၌ တည်သနည်း၊ အချို့ယူဆကြသကဲ့သို့ လိပ်ပြာကလေးသည်ရှိသလော၊ အငွေ့ကလေးပင်လော ...စသည်ဖြင့် အသက်နှင့်ပတ်သက်၍ သို့လော သို့လော တွေးတော၍ မကုန်နိုင်အောင် မေးခွန်းများ ရှိကြသည်။

လူသား၏အသက်ကို ရှာကြပါစို့။

လူသားအဖို့ အသက် ရှိမှသာ အသိ ရှိ၏။ အသက် မရှိက အသိစိတ်ပါ ပျောက်ရတော့၏။

လူသား၏ အသက်သည် နှလုံးအိမ်၌ တည်ရှိသော အပူငွေ့ကလေးပင် ဖြစ်သည်ဟု အဆိုရှိ၏။ တိတိကျကျမူ ဆုပ်ကိုင်၍ မပြနိုင်။

အဆုတ်မှတဆင့် ရှူရှိုက်သော လေသစ်တို့နှင့် အဆက်မပြတ် ထိတွေ့ခြင်းဖြင့် ထို အပူငွေ့သည် တည်၏။ တစုံ တခုသော

အကြောင်းကြောင့် အသက်ရှူ ရပ်ဆိုင်းလျှင် ထိုအပူငွေ့ ကလေး အေးငြိမ်း ချုပ်ငြိမ်း သွားသည်။ ထိုအပူငွေ့ မရှိပါက နှလုံးသားသည် သွေးတို့ကိုပို့ဆောင်ပေးခြင်း သယ်ယူခြင်းကို မပြုတော့သဖြင့်၊ သွေးလျှောက်လည်း လျော့သွား တော့သည်။ ဤတွင် လူသားသည် ဆေးသဘောအရ ပဌမအဆင့်အသက်သေသည်။ ၁ ထပ်မံ၍ အသက်ရှူစေခြင်း၊ သွေးလည်ပတ် စေခြင်း မပြုနိုင်ပါက လူသား၏အသက်သည် လုံးဝ သေဆုံး ၂ ရတော့သည်။သို့ကြောင့် အသက်သည် ထိုအပူငွေ့ကလေး၌ တည်သည်ဟု အချို့က ယူဆသည်။

မည်သို့ဖြစ်စေ၊အသက်ရှူသည်ဟူခြင်းမှာ အသက်၏ တည်ရှိမှုအတွက် အဓိက ဖြစ်သည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ် အတွင်း၌ သွေးတို့သည် မြောက်များစွာသော သွေးအိမ်၊ သွေးပြွန်၊ သွေးကြောများမှတဆင့် သွားလာကြသည်။ လူ၏တကိုယ် အတွင်းရှိ သွေးအိမ် သွေးကြောတို့ကို ဆက်ပါလျှင် မိုင်တသိန်းခန့်ရှည်ပြီး သွေးပြွန်ဝကလေးအား ပေါင်းစပ်ပါက တဧကခန့် ကျယ်ဝန်းသည့်တိုင် များပြားလှသော ထိုသွေးကြောများမှတဆင့် သွေးတို့သည် သွားလာနေကြသည်။

သို့သွားလာရင်း သွေးတို့သည် ဆိုင်ရာ ကိုယ်ခန္ဓာမှ နှလုံးအိမ်ဆီသို့ ပြန်လာသော အခါ မသန့်တော့ပြီ။ ထိုမသန့် တော့သော သွေးညစ်တို့ကို အဆုတ်နှင့် နှလုံးသားတို့က ပြင်ပလေကို ရှူရှိုက်ပြီး သန့်ရှင်းပေးလေသည်။ အဆုတ်မှ ရသော လေဖြင့်

၁ Clinical Death.

၂ Biological Death.

သန့်ရှင်းပြီးမှသာ နှလုံးသားက တကိုယ်လုံးသို့ သန့်ပြီးသွေးသန့်တို့ကို ဖြန့်ပေးသည်။ ညစ်သော သွေးညစ်တို့ကို ပြန်စုသည်။

လေထဲ၌သွေးများကို သန့်စင်ပေးသော အောက်စီဂျင်ဓါတ် ၂၀ ရာခိုင်နှုန်းနှင့် ထိုအောက်စီဂျင်ဓါတ်၏ ပြင်းပျမှုကို ပြေလျော့စေသော နိုက်ထရိုဂျင်ဓါတ် ၈၀ ရာခိုင်နှုန်းပါသည်။ လေထဲ၌ ပါသော အောက်စီဂျင် ဓါတ် ၂၀ ရာခိုင်နှုန်း တို့သည် ကျွန်ုပ်တို့ အသက်ရှူသောအခါ သွေးကိုသန့်စင် ပေးလေသည်။

ကျွန်ုပ်တို့သည် အသက်ရှူခြင်းဖြင့် အောက်စီဂျင် ဓါတ်ကို သွေးနီဥထဲသို့ ပို့ပေးကာ လူ၏ခန္ဓာကိုယ်သို့ လှည့်ပတ်စေသည်။ လှည့်ပတ်ရင်း သွေးညစ်သွေးဟောင်းတို့သည် ကာဗွန် ဓါတ်များပါလာ၍ ၎င်းတို့ကို ရှူရှိုက်သော လေနှင့် သန့်စင်ကာ လေဟောင်းအဖြစ် ထုတ်ပစ်သည်။

လေရှူ၍ သန့်စင်ပြီးသော သွေးသစ်ပို့ခြင်း သွေးဟောင်းသယ်၍ သန့်စင်ပေးခြင်း လုပ်ငန်း လုပ်ရန်အတွက် ကျွန်ုပ်တို့ နှလုံးသားသည် တနေ့တွင် အကြိမ်ပေါင်း တသိန်းရှစ်ရာ ခုန်သည်။ တမိနစ်လျှင် ရေနံဆီပုလင်း တပုလင်းခန့်ကို စုတ်ခြင်း ပို့ခြင်း ပြုသည်။

သို့ဖြင့် လူတို့ အသက်ရှင်ရေး အတွက် လေသည် အဓိက ဖြစ်သကဲ့သို့၊ သွေးလည်းအဓိက အရေးပါသည်။ ၎င်းပြင် အပူဓါတ်သည်လည်း အရေးပါသည်။

လူတို့ အသက်ရှင်ရေး အတွက် လေသည် လိုအပ် သကဲ့သို့၊ သွေးနှင့် အပူငွေ့ရရန် အစာရေစာသည် လိုအပ်သည်။

သွေးနှင့် အပူငွေ့ရရှိရန် လူတို့ လိုအပ်သည်တို့မှာ ·

၁) သကြားဓါတ်၊ ၂) ပရိုတိန်းဓါတ်၊ ၃) အဆီ၊ ၄) ဗီတာမင်များ၊ ၅) လေမှ အောက်စီဂျင်ဓါတ်၊ ၆)ဆားဓါတ် ၇) ဟော်မုန်းဓါတ်နှင့် ၈) ရေတို့ လိုအပ်လေသည်။ လူသည် ၎င်းတို့ကို စားသုံးခြင်းဖြင့် သွေးနှင့်အပူငွေ့ကိုရယူကာ အသက်ဆက်နေကြသည်။

လူတို့စားလုံးသော အစာရေစာ တို့တွင် ထိုဓါတ်များ ပါဝင်ကြသည်။ လူ၏ဝမ်းထဲ အစာအိမ် ထဲသို့ ထိုဓါတ်များ ရောက်ရှိသောအခါ သွေးဖြစ်နိုင်သော အရာများက သွေးအဖြစ်ပြောင်းလဲသည်။ အပူငွေ့မီး အတွက် ထင်းလောင်စာ ဖြစ်နိုင် သော အစာ ရေစာ တို့က ထင်းလောင်စာ အဖြစ် လောင်ကျွမ်းကာ သွေးချက်ခြင်း,သွေးလျှောက်ခြင်းစသော ကိုယ်ခန္ဓာ၏လှုပ်ရှားမှုများကို လုပ်ဆောင်နိုင်ရန် အပူငွေ့ကို ပေးလေသည်။

လူ၏ခန္ဓာကိုယ်သည် အပူငွေ့ကိုလည်း ထုတ်လုပ်သည်၊ သုံးလည်း သုံးစွဲသည်။ သို့အတွက် လူတဦးအပူရှိန်မှာ မနည်းလှချေ။ သို့သော် ဦးနှောက်ရှိ အာရုံကြော ကလာပ်စည်း တခုက မျှတအောင် ထိန်းချုပ်ပေးသဖြင့်၊ အပူအအေးမျှတနေသည်။တခုခုချို့ယွင်းမှသာ အပူရှိန် တက်လာခြင်း၊ တကိုယ်လုံး အေးစက်သွားခြင်းကို တွေ့နိုင်၏။

သာမန်လူသည် တနေ့၌ အပူငွေ့ ကလိုရီ ၃၀၀၀ ခန့် ရမှသာ သွေးထုတ်လုပ်ခြင်း,သယ်ယူပို့ဆောင်ခြင်း, အစာကိုကြေချက်ခြင်း စသော အလုပ်မျိုးစုံကို လုပ်နိုင် လေသည်။ အပူငွေ့

ကို တကိုယ်လုံးရှိ ကြွက်သားများ(ထိုအထဲ၌ နှလုံးလည်း ပါ)က ထုတ်ပေးရသည်။ သို့ထုတ်ရန် သွေးက လျှောက် ပေးရ သည်။ သွေးရရန် အပူငွေ့က အစာကို ချက်ပေးရသည်။ သို့ဖြင့် လူ၏ ခန္ဓာကိုယ်၌ သွေးလေတို့သည် လုံးလည်လိုက်ကာ ဂျာအေးသူ့ အမေရိုက် သီချင်းကဲ့သို့ ဝိုင်းကြီးပတ်ပတ် သွားလာနေကြတော့ သည်။

အကယ်၍ လူတယောက်ကို ပြင်ပကရော ကိုယ်တွင်းရှိအစိတ် အပိုင်းအားလုံးတို့ကပါ အပူရှိန် ဖါရင်းဟိုက် ဒီဂရီ ၉၄° ထက် လျော့ပါက လူ၏ မျက်စေ့ အမြင်ဓါတ်နှင့် နားအကြားဓါတ် ချုပ်ငြိမ်း၏။ အပြင်ရော အတွင်းပါ အေးလွန်းလျှင် သူသည် အမြဲအကြား ရပ်သွားသည်။ ထိုထက်လျော့၍ ၈၅° ဒီဂရီအထိ အေးလာလျှင် ကိုယ်တွင်းမှ အပူရှိန် မျှတအောင် လုပ်ဆောင် သော အစိတ် အပိုင်း များ ရပ် သွား မည်။ ကိုယ် ငွေ့ လည်းပျောက်မည်။ ၈၀° အထိအေးပါက အသက်ရှူ ရပ်သွား သည်။ (ခွဲစိပ်မှုကို ၇၇°-ဒီဂရီ အအေးဓါတ်ပေးကာ လုပ်လေ့ ရှိသည်။ အသက် မရှူနိုင်တော့၍ အဆုတ်တွင်းသို့ဥလေသွင်း ပေးကာ ခွဲရ၏) ဒီဂရီ ၈၀° ကျော်မှ အသက်ပြန်ရှူသည်။ ဒီဂရီ ၈၆° အထိ သွေးကြောများ ပြန်လျှောက်ပြီး သွေးတိုးသည်။ ဒီဂရီ ၉၀° ကျော်မှ ကိုယ်ငွေ့ရသည်။၉၄° ဒီဂရီထက် ပူရှိန်ရှိမှသာ မြင်နိုင် ကြားနိုင်ပြီး သာမန်လူ ဖြစ်လာတော့သည်။

ကလာပ်စည်းကလေး တခုတိုင်း တခုတိုင်း တို့တွင် လုပ် ငန်းကြီး ဆယ်ရပ်ကို လုပ်ဆောင်ကြသည်။

ကလာပ်စည်း၏ လုပ်ဆောင်ချက်များမှာ –

၁) အာဟာရ ဖြစ်အောင် ပြုခြင်း၊ ၂) အစာ ချေခြင်း၊ ၃) အစာမှ စုတ်ထုတ် ယူခြင်း၊ ၄) အသက် ရှူခြင်း၊ ၅) စုဆောင်းခြင်း၊ ၆) အညစ်အကြေး စွန့်ခြင်း၊ ၇) လှုပ်ရှားခြင်း၊ ၈) ထုတ် လုပ် ခြင်း၊ ၉) သိခြင်းနှင့် ၁၀) မျိုးဆက်ပွားခြင်းတို့ ဖြစ်သည်။

## သက်ရှိ ကလာပ်စည်းမှုန့်

ပြင်သစ်နှင့် ဂျာမန် သိပ္ပံပညာရှင် တို့က-လူသည်၎င်း၊ နွားသည်၎င်း၊ သရက်ပင်သည်၎င်း၊ အလွန်သေးငယ်သော ကလာပ်စည်းမှုန့် ကလေးများနှင့် ဖွဲ့စည်း ထားသည်။ ထိုကလာပ်စည်းတိုင်း အသက်ရှိကြသည်ဟု ရှာဖွေသိရှိ လာကြသည်။

ကလာပ်စည်း တခုခုတွင် အပိုင်းသုံးပိုင်း ရှိ၏။ ၎င်းတို့မှာ-ကလာပ်စည်းနံရံ၊ ပရိုတိုပလာဇမ်နှင့် အိမ်ဟူ၍ သုံးပိုင်းရှိသည်။ အိမ်အတွင်း၌ အစာနှင့် သက်မဲ့ အခြားအရာများ ပါ၏။

ကလာပ်စည်းအတွင်းရှိ ပရိုတိုပလာဇမ်ကို၊ မူလဩဇာဓါတ်ဟုအဓိပ္ပါယ်ဖွင့်သည်။ကလာပ်စည်းသည် မူလသက်ရှိရုပ်၏ ကောမူဟူ၍ ခေါ်၏။ ကလာပ်စည်းသည် သက်ရှိရုပ်၏ အစဆုံးသော သက်ရှိ ရုပ်သေးကလေးဖြစ်ရာ၊ ထိုသက်ရှိရုပ် ကလာပ်စည်းကို ဖွဲ့စည်းသည့် ပရိုတိုပလာဇမ်ကို ထပ်၍ ဓါတ်ခွဲကြည့်ရပေမည်။ပရိုတိုပလာဇမ်မှာ သက်ရှိအရာ၏ အမျိုးအစား အလိုက် အဆစ်-အပိုင်းအလိုက် (ဥပမာ-လူရိုး+သစ်ပင်ရိုးနှင့် ငှက်တောင်ပန်)

အမျိုးမျိုးအစားစား ရှိသည်။ ပါဝင်သော အရာမှ အမျိုးမျိုး သောဓါတ်များကို အချိုးအဆ ရွတ်ထွေးစွာ ပေါင်းစပ်ထား သည်။ အရည်မဟုတ် အဖတ်မဟုတ်သော ကျောက်ကျောက်ကဲ့သို့ အရာကလေးဖြစ်သည်။ ထိုပရိုတိုပလာဇမ်သည် အသက်ရှိသည့် ကလာပ်စည်းကို အုပ်ချုပ်သည်။ ပရိုတိုပလာဇမ်က ကလာပ် စည်းကို အုပ်ချုပ်သည်ဆိုရာ၌၊ အပိုင်းနှစ်ပိုင်းမှ အလုပ်လုပ်ရင်း အုပ်ချုပ်၏။ ပရိုတိုပလာဇမ်၌၊ အကာနှင့် အနှစ်ဟု အပိုင်းနှစ် ပိုင်းရှိ၏။ အကာမှာ သွေးကဲ့သို့ လည်ပတ်ပြီး အနှစ်မှာ နှလုံး သား ခုတ်မောင်း သကဲ့သို့ ခုတ်မောင်းသည်။ သို့ ခုတ်မောင်း သဖြင့်သော ကလာပ်စည်းသည် ဖြစ်ပေါ်မွေးဖွါးခြင်း၊ တည်မြဲ မှုကို လုပ်ဆောင်ပြီး ကြီးထွားမှု၊ မျိုးပွားမှုကို အားထုတ်ခြင်း၊ အချိန်ကျက ချုပ်ငြိမ်းခြင်းစသော သက်ရှိ ရုပ်တို့၏ လုပ်ငန်းကို လုပ်ဆောင်ပေသည်။

ကလာပ်စည်းသည် ၁ အစာနှင့် အစာအိမ်၊ ၂ အလုပ် လုပ်သော အကာနှင့် အနှစ်တို့မှ ဖွဲ့ထားသည့် ပရိုတိုပလာဇမ် နှင့် ၃ ကလာပ်စည်းနံရံတို့ စုပေါင်းပြီး တည်ရှိရာမှ ကလာပ် စည်းခြင်း ထပ်၍ စုပေါင်းကာ သက်ဆိုင်ရာ တာဝန်ကို ထမ်းရ သည်။

သွေးကလာပ်စည်းသည် အစာနှင့် အောက်စီဂျင်ဓါတ်တို့ကို သယ်ယူကာ တကိုယ်လုံး နေရာအနှံ့ အပြားသို့ ပို့ပြီး အခြား ကလာပ် စည်းတို့ကို အစာကျွေး၏။ စားသုံးပြီး ထွက်လာသော (ချေး) အစာကြွင်းတို့ကို ပြန်သယ်သွား၏။ ကြွက်သား က လာပ်စည်းတို့သည် စုပေါင်းကာ ကြွက်သားများ၏ လှုပ်ရှား

မှုကို ဆောင်ရွက်၏။ အရိုးကလာပ်စည်းတို့သည် ခန္ဓာကိုယ်ကြီးကို ခိုင်ခန့်ရေး၌ အားထုတ်၏။

ဤသို့ဖြင့် လူတကိုယ်လုံးရှိ ကလာပ်စည်းတို့သည် ဆိုင်ရာတာဝန်ကို ယူနေကြလေသဖြင့်သာ လူ၏ကိုယ်ခန္ဓာကြီး ရှင်သန်နေသောကြောင့်၊ အသက်သည် ထိုထိုသော သိန်းသန်း ကဋေကုဋ္ဌာသော ကလာပ်စည်း ကလေးများက စ၍ တည်ရှိသည်ဟုလည်း ဆိုနိုင်ပြန်၏။

အသက်သည် သဘာဝ နည်းဖြင့်သာ ဖြစ်ထွန်းသည်၊ လုပ်ယူ၍ မရနိုင်။ အသက်သည် လူကောင်ကြီး တခုလုံးအဖို့ ဆံပင်များ၊ လက်သဲ ခြေသဲများမှ စ၍ အစိတ် အပိုင်း မှန်သမျှ၏ ကလာပ်စည်း မှန်သမျှ၌ စ၍ ရှိနေသည်ဟု ဆိုနိုင်၏။

အသက်သေဆုံးမှုနှင့် စပ်လျဉ်း၍ များသောအားဖြင့် နှလုံးမခုန်တော့လျှင်၊ အသက် မရှူတော့လျှင် သေပြီဟု မှတ်ခဲ့ကြသည်။

ယခုခေတ် ဆေးပညာတိုးတက်မှုကြောင့် နှလုံးမခုန် အသက်မရှူနိုင်သူကို စက်ဖြင့် နှလုံးခုန်စေခြင်း၊ အဆုတ် တွင်းသို့ လေသွင်းပေးခြင်းဖြင့် ဆက်လက်ကုသနိုင်သေးပေရာ၊ ထိုသတ်မှတ်ချက်သည် မှန်ပါ့မှန်ပါမည်လားဟုပင် တွေးရပြန်၏။

အမေရိကန်မှ–ဘောစတွန်မြို့၊ ဦးဏှောက် ရောဂါ ခွဲစိတ်မှုပါရဂူ ဆရာဝန်ကြီး ဒေါက်တာ ဟန်နီဘော်လ် ဟမ္မလင်း က နှလုံး သည်သာ အသက် တည် ၏။ နှ လုံး မှ သွေး ထုတ် မှု သာ အသက်ဟု ဆိုးဖြတ်ခဲ့ကြသော်လည်း၊လူတို့၏အသက်သည် နှလုံးသား၌ မတည်ဘဲ၊ ဦးဏှောက်တွင် အခြေပြုကာ ရပ်တည်သည်ဟု ဆို၏။

အိပ်ဆေးလွန်ကာ အဆိပ်သင့်၍ သေသူများ၊ အအေးလွန်ကာ သွေးခဲပြီး သေသူများ အဖို့ အသက်ရှူ ရပ်ကာ နှလုံးမှ သွေးမထုတ်စေကာမူ၊ ဦးနှောက် အာရုံကြောမှ အလုပ်လုပ်မှု မရပ်သဖြင့်၊ ထိုသူတို့ကို အသက် ရှူစေသော နှလုံးခုန် စေသော စက်ကရိယာဖြင့် အသက်ဆက်၍ ကုသနိုင်သေးသည်။

နှလုံးသွေး ရပ်ကာ သေဆုံးပြီး ဖြစ်သော လူ အ ချို့ တွင် ဦးနှောက် အာရုံကြော များက မသေသေးလျှင်၊ (ဦးနှောက် အာရုံကြော၌ တည်ရှိသော အသက်သည် မသေ သေးလျှင်) မပုပ်မသိုး ရှိတတ်သည်။ ပုပ်သိုးသင့်ချိန်တွင် မပုပ်မသိုး ခြင်းသည်၊ လူတကိုယ်လုံးရှိ ကလာပ်စည်းများ ယိုယွင်းမှုမရှိသေး၍ ဆန်းနေ၏။ထိုအချိန်၌ အသက်ရှူစေသောစက်၊ နှလုံး ခုန်စေသောစက်ဖြင့် အသက်ရှူ စေကာ ပြန်၍ ကုသနိုင်၏။ ဒဏ်ရာမပြင်းက ရောဂါမပြင်းက ပြန်၍ရှင်နိုင်၏။ ဦးနှောက် အာရုံကြော၏ အစွမ်းဖြင့် ကလာပ်စည်းများ မပုပ်မသိုးဘဲ ရှင်နေမှုကို ခဏခေတ္တမျှသာ ထိန်းထားနိုင်သည်။ ကာလ အတန်ကြာ ထိန်းထားပါလျက်၊ အသက်ရှူခြင်း၊ နှလုံးမှ သွေးလှုတ်ခြင်း မပြုက ဦးနှောက် အာရုံကြောပါ သေပြီး ပုပ်သိုး ရမည်သာ။

ဤသည်ကိုထောက်၍ အသက်ကို ဦးနှောက် အာရုံကြောက ထိန်းသိမ်းသည်ဟု သူကဆို၏။

အသက်သည် တကိုယ်လုံး၌ ကလာပ်စည်း မှုန်မွှားမွှားတို့ မှန်သမျှ၌ တည်ရှိသည်။ ဆက်သွယ်နေသည်သာ ဖြစ်၏။ လောက၌ အဆန်းကြယ် ဆုံးသော အရာမှာ လူသတ္တဝါတို့ ဖြစ်ကြသည်။ လူသားသည် ရေ-မြေ-လေ-မီး ဓါတ်တို့ဖြင့် ဖွဲ့စည်း

ထားရာ၌၊ လက်ဝါးပြင်မှ ကလာပ်စည်း မှုန့်မွှား ကလေးက စကာ-ကုဋေကုဋာ ကလာပ်စည်းတိုင်း ကလာပ်စည်းတိုင်း တို့သည် အသက်ရှိပြီး တခုနှင့်တခု အထောက် အကူ ပြုကြခြင်းဖြင့်၊ လူကောင်ကြီး ဖြစ်ရသည်။

နဂိုက ဆန်းကြယ်သော ကလာပ်စည်း အမျိုးမျိုး၊ ကိုယ်အင်္ဂါအမျိုးမျိုး တို့နှင့် ဖွဲ့စည်း ထားသော လူကောင်ကြီးတွင် ထိုထက်ပို၍ ဆန်းကြယ်သော (အကောင် အထည် တည်နေရာပင် ရှာ၍မရသော) စိတ်ကလည်း ရှိပေသေးသည်။

အသက် ရှုမှိုက်မှုကို အာရုံပြုသော တရားထိုင်နည်း အစရှိသည့် တရားထိုင်များကို ကျင့်ထိုင်မှုဖြင့်၊ ရုပ်တို့ဖွဲ့ပုံနှင့် စိတ်တို့ဖြစ်ပုံကို ရှင်းလင်းစွာ သိသော အသိဉာဏ်ရချိန်၌၊ ထိုသူ့အဖို့ အခြား အခြားသော လောကကြီး ရှိသမျှ အရာများ၊ အကြောင်းများသည် တစ်နှင့်တစ် ပေါင်းထားသည်ကို မြင်သိသကဲ့သို့ ရှင်းလင်းစွာ မြင်သိတော့သည်။ ယမ်းငွေ့ ပါရဂူ ဗုံး, သေနပ်, ကျည်ဆံ ပြုလုပ်သူအဖို့၊ မီးခြစ်ဆံ လုပ်နည်းကို လွယ်ကူ ရှင်းလင်းစွာ သိသကဲ့ပင် သိရှိမည် ဖြစ်သည်။

ဤသည် တို့ကား လူသားတို့၏ အသက်သဘောနှင့် အသက်ရှင်ရေး အတွက် လိုအပ်ချက်တို့ ဖြစ်ကြသည်။

တိရစ္ဆာန်တို့ သည်လည်း လူသားကဲ့သို့ပင် လေ-ရေ-အစာဖြင့် အသက် ဆက်နေကြသည်။ သူတို့သည်လည်း အသက်ရှိကြသည်၊ အသိ ရှိကြသည်။ လူတို့ ကဲ့သို့ ရင့်သန့်သော ဉာဏ်မရှိသည်မှ လွဲ၍ တိရစ္ဆာန်တို့ သည်လည်း အသိရှိကြသဖြင့် သူတို့လည်း အသက်ရှိကြသည်။

## စိတ်၏ တည်ရာ

ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးမှစ၍ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ အထိ ရုပ်ဝတ္ထုမှန်သမျှ၏ သဘောကို လေ့လာပြီးပြီ။ အသက်ရှိ သူတို့ အသက်တည်ပုံ တို့ကိုလည်း အကြမ်းပြင်း လေ့လာပြီးပြီ။

ကျွန်ုပ်တို့၏ ရုပ်ခန္ဓာကြီး၌ ကျွန်ုပ်တို့၏အသက် ရောက်လာ ခဲ့ပြီးနောက်၊ ကျွန်ုပ်တို့၏ အသိ စိတ်သည် မည်သို့ မည်ပုံ ဖြစ် ပေါ်သနည်း၊ မည်နှယ်စခဲ့သနည်း၊ အဘယ်၌ တည်သနည်း။

''ထိုနှလုံးသားသည် အဆင်းအရောင် အားဖြင့် နီ၏။ ပဒုမ္မာ ကြာပွင့်ချပ်၏ ကျောဘက်အဆင်းနှင့်တူ၏။ အသွင်မှာ ပဒုမ္မာ ကြာ အငုံ အသွင်ရှိ၏။ အပ၌ပြေပြစ်၏၊ အတွင်း၌ သပွတ်ခါး သီး၏ အတွင်းသားနှင့်တူ၏။ ပညာရှိသော သူတို့မှာ အနည်း ငယ်ပွင့်၏။ ပညာနုံသော သူတို့မှာ အငုံသာဖြစ်၏။ ထိုနှလုံး သား၏ အတွင်း၌ ပုန်းညက်စေ့မျှ လောက်သော သွေးသည် တည်၏။ ထိုသွေးကိုအမှီပြု၍ အသိစိတ်ဓါတ် တို့သည် ဖြစ်ကုန် ၏။ ထို နှလုံးသွေး သည် ရာဂစရိုက် ပြောသော သူအား နီ၏။ ဒေါသစရိုက် ပြောသောသူအား မည်းနက်၏။ မောဟ စရိုက် ပြောသောသူအား သားဆေးသော ရေနှင့်တူ၏။ဝိတက်[၁] စရိုက် ပြောသောသူအား ကုလားပဲ ပြုတ်သော ရေနှင့်တူ၏။ သဒ္ဓါ စရိုက် ပြောသောသူအား မဟာလှေကား ပန်းပွင့် သို့မဟုတ် ပွတ်သစ်သော ပုလဲနှင့် တူ၏။ ပညာစရိုက် ရှိသော သူအား ကြည်ကြည် လင်လင် မနောက်မကျု စင်ကြယ်၍ကောင်းစွာ သွေးအပ်သော ပတ္တမြားစစ်ကဲ့သို့ ထင်ထင်ရှားရှား အရောင်

၁ ဝိတက် - စီးဖြန်းသော အရာ အပေါ်၌ စိတ်ကို ကျင့်သုံးပေးမှု။

တောက်၏’’ဟု ရှင်ဗုဒ္ဓ ဃောသက ·ဝိသုဒ္ဓိမဂ်ကျမ်း အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသပိုင်း၌ ရေးသားခဲ့သည်။

ဆရာတော်၏ အယူအဆမှာ နှလုံးသွေး၏ အရောင်သည် ဒေါသဖြစ်စဉ်တမျိုး၊ ပညာဉာဏ်ကို သုံးနေစဉ်တမျိုး စသည်ဖြင့် ပြောင်းလဲနေသည်။ ထိုအရောင်အသွေးပေါ်၌ စိတ်သည် တည်၏ ဟူ၏။

ဗုဒ္ဓ၏ တွေးခေါ် မြော်မြင်မှုဆိုင်ရာ တရားများကို စုပေါင်း၍ အဖွင့်ကျမ်း ပြုသူ အဘိဓမ္မတ္ထ သင်္ဂဟ ·သင်္ဂြိုဟ် ကျမ်းဆရာ အရှင် အနုရုဒ္ဓါက.လည်း သူ၏ ကျမ်း၌ ထိုသို့ပင် ဖေါ်ပြခဲ့သည်။ လူ၏စိတ်သည် နှလုံးသွေး၌ တည်သည်ဟူသော အယူအဆသည် ဗုဒ္ဓမပေါ်မီကရှိခဲ့သည်။ ဗုဒ္ဓက ဆန့်ကျင်၍ ဟောပြောဆိုခြင်း မရှိခဲ့စေကာမူ ဗုဒ္ဓ၏နှုတ်မှ ထိုအယူအဆကို ဟောကြားခြင်းမပြု ဟု ပါဠိပညာရှင် ဦးရွှေဇံအောင်က လက်မခံဘဲ ငြင်းဆိုခဲ့သည်။

ယခုခေတ် ဆေးပညာရှင် တို့က လူတို့၏ အသိ စိတ်သည် ဦးနှောက်၌ တည်သည်ဟု ဆိုပြန်သည်။ တကိုယ်လုံးမှ တွေ့သိသမျှတို့ကို အာရုံကြောများက ဦးနှောက်သို့ ပို့ကာ အသိစိတ်ကို ဖြစ်ပေါ်စေသည်ဟု ဆိုကြသည်။

၁၉၆၅-ခုနှစ် ဩဂုတ်လ အတွင်းက၊ ရုရှပြည် မော်စကိုမြို့၌ ကမ္ဘာလုံးဆိုင်ရာ စိတ်ပညာဆိုင်ရာ ပညာရှင်များ ညီလာခံကို ကျင်းပခဲ့ရာ၊ ကမ္ဘာ အရပ်ရပ်မှ ပါရဂူ ၂၀၀-ကျော် တက်ခဲ့ကြသည်။

ထို ညီလာခံ၌ အမေရိကန်ပြည် နဲဘာရာစကာ ဆေးတက္ကသိုလ်မှ ဒေါက်တာ အဒွန်စမစ်က ရုပ်ရှင်ကားတခုကို တင်

ပြကာ သူ၏ သုတေသနပြုချက်ကို စစ်တန်းတင်လေသည်။ သူ၏ သုတေသန စာတန်းမှာ "လူသည် ဦးနှောက်တဝက် မရှိသော်လည်း ဘာမျှမဖြစ်နိုင်ပါ။ အသက် ၄၇-နှစ်ရှိသူ၊ လူနာတဦးအား အနာတခုကိုခွဲစိတ်ကုသရာ၌ လက်ဝဲဘက်ပိုင်းမှဦးနှောက်တဝက်ကို ခွဲထုတ်ခဲ့ရပါသည်။ ယခင်က လူတို့အဖို့ ဦးနှောက်လက်ဝဲဘက်ပိုင်းသည် စကားပြောမှု၊ စာရေးမှု၊ တွေးတောမှုစသော စိတ်နှင့်ဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင် သည်ဟု ယူဆခဲ့ပါသည်။ ယခုမူ လူတို့တွင် အဆုတ်သည်၎င်း၊ ကျောက်ကပ်သည်၎င်း၊နှစ်ပိုင်းနှစ်ခုစီပါရှိကာ တခုချို့ယွင်းလျှင် တခုက အစားထိုးလုပ်ဆောင်နိုင် သကဲ့သို့ ဦးနှောက်၌လည်း၊ လက်ဝဲဘက်မှ ချို့ယွင်းလျှင် ‑မရှိလျှင် လက်ျာဘက်က အစားထိုး လုပ်ဆောင်နိုင်ပါသည်" ဆိုလေသည်။ (မေ်စကို ဩဂုတ်လ ၁၀-ရက်၊ ရိုက်တာသတင်း)

ထိုညီလာခံကြီး၌ သူ့ထက်ထူးခြားသော သုတေသန စာတန်းတခုကို အမေရိကန် သိပ္ပံပညာရှင် ပါမောက္ခ ရိုဆင်ဝစ်ဂ်နှင့် ဒေါက်တာ ဂျက်ကော့ဆွန် တို့က တင်ပြသေးသည်။ သူတို့နှစ်ဦး၏ သုတေသန စာတန်းမှာ အသိစိတ် အသိဉာဏ်သည် ဦးနှောက်၌ စွဲကပ်လျက် ရှိသည်။

ထိုအသိစိတ် အသိဉာဏ်ကို အခြားသူ၏ ဦးနှောက်သို့ ခွဲဝေပြောင်းရွှေ့ ပေးနိုင်သည် ဟူ၏။ နည်းမှာ ဦးနှောက် အတွင်းရှိ အသိဉာဏ် သိလှောင်ရာ ဖြစ်သော ဓါတ်ကို[၁] အခြား သူ၏ ဦးနှောက် တွင်းသို့ ပြောင်းလဲ သွင်းပေးရန် ဖြစ်လေသည်။

---

၁ Ribonucleic Acid.

သူတို့၏နည်းမှာ စိတ်ကူးယဉ်လည်း မဟုတ်၊ လက်တွေ့နည်း ဖြစ်သည်။ လက်တွေ့ သုတေသန ပြုးကြပြီး ဖြစ်သည်။

သူတို့ သုတေသနပြုပုံမှာ ပူးကလေးများ ကြွက်ကလေးများ အား ဦးနှောက်မှ ဓါတ်ရည်ကို ပြောင်းပြီး စမ်းကြည့် ခဲ့သည်။ ပဌမ အစမ်းသပ် ခံစေမည့် ပူးတစုံ၊ သို့မဟုတ် ကြွက်တစုံကို တခြားစီ ခွဲ၍ ထားသည်။ ကြွက်တကောင်ကို အလင်းရောင် အမျိုးမျိုးပြခြင်း၊ အသံအမျိုးမျိုး ပေးခြင်းဖြင့် အသိ တမျိုးကို ပေးသည်။(ဥပမာ-မီးနီပြပြီးလျှင် ရိုက်သည်၊မီးစိမ်းပြပြီး အစာ ကျွေးသည်၊ ခြူသံပေးလျှင် ရေတိုက်သည်၊ လက်ဖျစ်တီးလျှင် ဆိတ်သည်။ ဤသို့ ပြုဖန်များသော် ကြွက်သည် သိသွားသည်၊ လက်ဖျစ်တီးလျှင် ရှောင်သည်။ ကြွက်၏ အသိတွင် လက်ဖျစ် တီးသံနှင့် မီးနီသည် လိုလားအပ်သော အရာမဟုတ်ဟု သိလာ ပြီး၊ ခြူသံနှင့် မီးစိမ်းရောင်သည် အကျိုးရှိသော အချက်များဟု အသိတရား ရလာသည်။)

သို့ အသိပေးပြီး ကြွက်၏ ဦးနှောက်မှ ထိုအသိ ဓါတ်ကို ထုတ်ကာ တခါမှအသိမပေးရသေးသော ကြွက်၏ ဦးနှောက် တွင်းသို့သွင်းပေးသည်။ ထိုမသိကြွက်သည် သိကြွက် ကဲ့သို့ပင် သိသွား သည်၊ အသိစိတ်ကို ရသွားသည်။ တခါမှ မီးစိမ်းကို မမြင်ဘူး ပါဘဲလျက် မီးစိမ်းမြင်လျှင် ဟပ်သည်၊ခြူသံ ကြားက လာသည်၊ မီးနီမြင်က ပြေးသည်၊ လက်ဖျစ် တီးသံ ကြားက ရှောင်သည်။

ဤသို့ ဦးနှောက်ဓါတ် ပြောင်းပေးကာ အသိကိုခွဲဝေ ပေး သည်။ သုတေသန ပြုမှုမှာ အစရှိသေးသည်။ ဆက်၍ ကြိုးစား လျှင် လူသားတို့သည်လည်း အချင်းချင်း ဦးနှောက် အသိကို

တဦးနှင့်တဦး ဖလှယ်ပြောင်းပေး နိုင်သော ခေတ်သို့ ရောက်နိုင်သည်။ (မော်စကိုမြို့-ဩဂုတ်လ ၈ ရက်နေ့စွဲ၊ တပ် စ် သတင်း)

အခြား အမေရိကန် ဆရာဝန် တဦးကမူ လူ၏ အသိသည် ဦးနှောက်တွင် တည်ရာ၌ အသိ များသည်နှင့် အမျှ ဦးနှောက်သည် ကြီးထွားလာသည်။ ပညာရှင်တို့ ဦးနှောက်သည် ပညာနည်းသူတို့၏ ဦးနှောက်ထက် ကြီးသည်။ ပညာနည်းသူသည် ပညာရအောင် ကြိုးစားခြင်းဖြင့် ဦးနှောက် ကြီးထွားလာနိုင်လေသည်ဟုဆိုကာ အနုအရင့် အဆင့်ဆင့် သော ကြွက်တို့၏ ဦးနှောက်ကို သုတေသနပြုကာ စစ်တန်းထုတ်လေသည်။

## စိတ် ၏ ဖြစ် ပေါ် မှု

ကျွန်ုပ်သည် စိတ်၏တည်ရာနှင့် စပ်လျဉ်း၍ အထူးထူးသော အယူအဆတို့ကို လေ့လာရာ၌ စိတ်တည်ရှိမည် ထင်သော ဒေသကို ခပ်ရေးရေး ခန့်မှန်းနိုင်သည်။

စင်စစ်အားဖြင့် စိတ်၏တည်နေရာသည် အဓိက အရေးကြီးလှသည်မဟုတ်။ စိတ်သည် နှလုံးသား သို့မဟုတ် ဦးနှောက် တနေရာရာ၊ သို့မဟုတ် အားလုံးသော နေရာတို့၌ ပျံ့နှံ့ စပ်ယှက် တည်ကောင်း တည်နေပေမည်။

အရေး ကြီးသည်မှာ စိတ် ၏ ဖြစ်ပေါ်မှု ပေါက်ပွား မှုကို ရှာမှသာ စိတ်၏ ငြိမ်းအေးမှုကို ရနိုင်ပေမည်။

စိတ်၏ ဖြစ်ပေါ်မှုသည် အဘယ်မှာနည်းဟူလျှင်၊ မျက်စေ့ နှာခေါင်း,နား,ပါးစပ်, ကိုယ်တည်းဟူသော ရုပ်ပစ္စည်း ငါး ရပ်မှ ရုပ်ပစ္စည်းချင်း တွေ့ထိ သည်ကို သိခြင်း သဘောသာ ဖြစ်သည်။ စိတ်တွေ့သော အာရုံ အပေါ်၌သာ ဖြစ်ပေါ်သည်။

တနည်းအားဖြင့် အာရုံကိုခံစားသူ သိရှိသူသည် သူ၏ ကိုယ်မှ ရုပ်ဝတ္ထု ဖြစ်သော မျက်စေ့,နှာခေါင်း,နား,ပါးစပ်,ကိုယ်တို့ ဖြင့်၊ တဖက်မှ အမြင်ခံမည့် ရှုခင်း၊ အနံ့ ပေးမည့် အငွေ့၊ အကြား ပေးမည့် အသံ၊ ထိတွေ့မှုကို ပေးမည့် ပြော့သော မာသော အတုံး,အစိုင်အခဲ,တို့ တွေ့ကြရာမှ ထိုအတွေ့အပေါ်၌ စိတ်က သိသည်သာဖြစ်၏။

ဥပမာ - မျက်စေ့က လှပသော ပန်းပွင့်ကလေးကို မြင်နေချိန် အခိုက်၌ စိတ်သည် လှပသောပန်းကို သိသောစိတ်အပေါ်၌ တည်သည်။ ပန်း၏ ရနံ့ကို ရှူရှိုက်သော ခဏ၌ စိတ်သည် နှာခေါင်း အသိဖြစ်သော ရနံ့ အပေါ်၌သာ သိသည်။ (ထိုသို့ ရနံ့ကို သိခိုက်၌ ပန်းအလှကိုပင် သတိမပြုမိ၊ မသိလိုက်) တဖန် ပန်းကလေးကို ဆွတ်လိုက်၍ ဆူးစူး သဖြင့် လက်ထိပ်နာသော အခါ၊ စိတ်သည် နာကျင်သော လက်ထိပ်ဆီသို့ ရောက်သွားပြန်သည်။ စောစောက ပန်း၏ အလှနှင့် ပန်း၏အနံ့ မှာ ရှိမြဲရှိကြသော်လည်း စိတ်သည် ဆူး စူးပေါက်ဆီသို့ ရောက်နေသဖြင့်၊ ပန်းအလှနှင့် ရနံ့ကို အခိုက် အတန့် မေ့နေသည်။ တဖန် ထိုပန်းကို လျှာပေါ် တင်လိုက်၍ ပန်းဝတ်ရည်က ချိုမြနေပါလျှင် စိတ်သည် လျှာအရသာ ဆီသို့ လိုက်သွားပြန်သည်။ ထိုအချိန်၌ ပန်း၏ အဆင်း အနံ့နှင့် ဆူး၏ အတွေ့ တို့ကို သတိ

မပုံမိဘဲ ရှိပြန်သည်။ ထိုအခိုက် ဝုံးကနဲ သစ်သီးကြွေသံ ကြားပါက စိတ်သည် နားဆီသို့ ရောက်သွား ပြန်တော့သည်။ ထိုအချိန်၌ စောစောက အာရုံများ ပျောက်သွားရ ပြန်သည်။

ဤအဖြစ် အပျက်စဉ် (ပန်းကိုမြင်၊ ပန်းနံ့ကိုရှူ၊ ဆူးစူး၊ လျှာပေါ် တင်၊ သစ်သီးကြွေ) တို့ကို လူသည် တခုပြီးတခု ဆက်တိုက် ဖြစ်သဖြင့်၊ အာရုံအား ငါးခုစလုံး တပြိုင်တည်း ခံစား နေသည်ဟု ထင်လေ့ ရှိသည်။ အနည်းဆုံး ပန်းကိုမြင် ကြည့်ရင်း ရနံ့ရှူရာ၌ စိတ်သည် မြင်သည် ကိုလည်း သိသည်၊ ရနံ့ နံ့သည် ကိုလည်း သိသည်၊ တကြိမ်ထဲ နှစ်မျိုး သိသည်ဟု ယူဆ ရသည်။ စင်စစ်အားဖြင့် စိတ်သည် တကြိမ်၌ တမျိုးသာ သိသည်။ ပန်းပွင့် အဆင်း မြင်တွေ့မှု အာရုံ နှင့် ပန်းရနံ့ကို ရှူရှိုက်မှုအာရုံ နှစ်ခုကြား၌ စိတ်သည် အရှိန်လျှင်မြန်စွာ လူးလာခတ် ပြေးနေသဖြင့်သာ တကြိမ်ထဲ အာရုံ နှစ်ခုကို တပြိုင်နက် ခံစားသည်ဟု ထင်၏။

မျက်စေ့က ပန်းပွင့်ကိုမြင်၊ နှာခေါင်းက ပန်းနံ့ကိုရှူ၊ လက်ကို ပန်းဆူးကစူး၊ လျှာပေါ်၌ ပန်းဖတ်ကချို၊ နားက သစ်သီး ကြွေသံကြားနေရစဉ်၌ စိတ်က "ဤပန်းကလေးထက် မေမြို့ဘက်က ပန်းက ကောင်းမှာဘဲ" ဟု စိတ်ကူးမိလျှင် ပန်းသည်ရင်း၊ ပန်းရနံ့သည်ရင်း၊ ဆူးသည်ရင်း၊ လျှာပေါ်မှ ပန်းဖတ်သည်ရင်း၊ သစ်သီးကြွေသံသည်ရင်း၊ သူ၏စိတ်မှ ပျောက်သွားတော့သည်။ သူ၏ စိတ်ထဲ၌ တခါက မြင်ဘူးသောပန်း၊ တခါက မွှေးဘူးသောပန်းရနံ့၊ တခါက စူးဘူးသောဆူး၊ တခါက စားဘူးသော ပန်းဖတ်၊ တခါက ကြားဘူးသော ပန်းသတင်းဆီသို့ စိတ်ရောက်သွားတော့သည်။

စိတ်သည် မြင်မှု,နံမှု,တွေ့ထိမှု,ကြားမှု, ပွင့်လှာ အရသာခံမှု တခုခုဆီ၌သာ ရှိသည်။ အတွေ့အရသာ တခုမှ တခုသို့ ခုန်ပျံ ပြောင်းလဲရာ၌ မြန်လွန်း သဖြင့်၊စိတ်သည် အစဉ်အဆက်ဖြစ်နေ သည်ဟု ယူဆကြရသည်။ ရုပ်ရှင်ကား တကွက်စီမှ ပူးပေါင်း ပြက အရုပ် လှုပ်သကဲ့သို့ပင်။

ကမ္ဘာပေါ်၌ အရှိန်အဟုန် တို့၏ အတိုင်း အတာနှင့် စပ် လျဉ်း၍ အသံသည် တစက္ကန့်လျှင် ပေတထောင်ကျော် နှုန်းမျှ ပြေးသည်။ အလင်းရောင်ကမူ တစက္ကန့်လျှင် ၁၈၆၂၃၄ - မိုင် သွားသည်။အလင်းရောင်ထက် မြန်စွာသွားသောအရာ မရှိတော့ ပေ။ စိတ်သည်မူ ထိုထက် လျင်မြန် သွားလာ လှုပ်ရှားသည်။ စိတ်၏ အဟုန်ထက် လျင်မြန်သော အရာသည် လောက၌ မရှိ တော့ပြီ။

စိတ်သည် လူ၏ ခန္ဓာကိုယ်မှ အာရုံကို တွေ့နိုင်သော မျက် စေ့,နား,နှာခေါင်း,လျှာ,ကိုယ်တို့က တွေ့သမျှကိုသိသည်၊ ထို အတွေ့ တို့ကို သိုလှောင် မှတ်သားထား နိုင်သည်။ လျင်မြန်စွာ လှုပ်ရှား နိုင်သည်။ ဤသည် တို့ကား စိတ်၏ တန်ခိုး ဖြစ်သည်။

စိတ်သည် -

၁ ရှေ့ရှုသွားခြင်း သဘော ရှိ၏။
၂ ဝေးသော အရပ်သို့လည်း သွားတတ်၏။
၃ တကြိမ်၌ စိတ်တခုသာ ဖြစ်လေ့ရှိသည်။
၄ အထည် ကိုယ်ထည် မရှိ။
၅ ရင်ချိုင့်လှိုင်ခေါင်း၌ ကိန်းသည်။
၆ အာရုံကို သိတတ်သောသဘော ရှိသည်ဟု ဓမ္မပဒ၌ပါ၏။

ထိုသဘော တရားနှင့် စပ်လျဉ်း၍ အဘိဓမ္မာဆရာတို့က စိတ်ဖြစ်စဉ်ကို ပြသော ဥပမာ ကလေးမှာ

တယောက်သော ယောကျ်ားသည် အသီးသီးသော သရက်ပင်၏ အရင်း၌ ဦးခေါင်းနှင့်တကွ ခြုံ၍ အိပ်သည် ရှိသော်၊ မိမိအ နီး ၌ ကျ သော တလုံးသော သရက် သီး၏ အသံဖြင့် နိုး၍ ဦးခေါင်းမှ အဝတ်ကိုဖယ်ပြီး မျက်စိကို ဖွင့်ကြည့်၍ မြင်သောအခါ၊ ထိုသရက်သီးကို ယူငင် ဆုပ်နယ်၍ နမ်းလျက် မှည့်သည်အဖြစ်ကိုသိ၍ စားပြီးခါ ခံတွင်း၌ရှိသော သရက်သီးကို သလိပ်နှင့် တကွ မျို၍ တဖန် ထိုသရက်ပင် ရင်း၌ အိပ်၏။

ထို ဥပမာ၌

— ယောကျ်ား၏ အိပ်သောအခါကို ဘဝင်ကျသောကာလ (ဘဝင်)ဟု မှတ်အပ်၏။
— သရက်သီး ကြွေကျသော ကာလကို အာရုံနှင့် အာရုံ တံခါးပေါက် ထိခိုက်မိသော ကာလဟု မှတ်အပ်၏။
— ထိုသရက်သီး အသံဖြင့် နိုးသောအခါ အာရုံကို ဆင်ခြင်သည့် ကာလကို မှတ်အပ်၏။ (အာဝဇ္ဇန်း)
— မျက်စိကို ဖွင့်ကြည့်သောအခါ မျက်စိမြင်သိမှု ဖြစ်သည်ဟုမှတ်။ (စက္ခုဝိညာဏ်)
— ကောက်ယူသောအခါ သရက်သီးဟု အာရုံကို လက်သင့်ခံသော စိတ် ဖြစ်သည်။ (သမ္ပဋိစ္ဆိုင်း)
— သရက်သီးကို ဆုပ်နယ်သောအခါ၊ စူးစမ်း လေ့လာသောစိတ် (သန္တီရဏ) ဖြစ်သည်။

— နမ်း သော အ ခါ၊ ဆုံးဖြတ် သတ်မှတ် စိတ် ဖြစ်သည်၊ (ဝုဋ္ဌော)
— သုံးဆောင်သောအခါ၊ အာရုံကို ခံစားသည့်အခါ ဖြစ်သည်။ (ဇော)
— ခံတွင်း၌ ရောက်၍ သရက်သီးကို သလိပ်နှင့်တကွ မျို သောအခါ၊ ဇောဖြင့် အာရုံကို ခံစားသည်ကို ထပ်၍ ခံစားမှု ဖြစ်သည်။ (တဒါရုံ)
— တဖန် ပြန်အိပ်သောအခါ ဘဝင် ကျသွား ပြန်သည်။ (ဘဝင်) (မေဓါဝီ ဆရာဆိုင် ပြန်ဆိုသော ဒီကာကျော်မှ)

လူသည် မည်သည့်အရာမဆို မျက်စေ့,နား,နှာခေါင်း,လျှာ တို့မှသိနိုင်ရန် ကြိုးစားသည်၊ သိလျှင် ထိုအသိကို လက်ခံသည်၊ လက်ခံပြီးနောက် ထိုအသိအတွက် တစုံတခုကိုပြုသည်။ (ကိုယ်နှင့် မပြုက စိတ်အသိဉာဏ်၌ ဆုံးဖြတ် မှုပြုသည်၊ မှတ်သားမှု ပြုသည်) သို့တစုံတခုကို လက်တွေ့သိကာ တစုံတရာကို ပြုလုပ်ခြင်းသည် အသက်ဝင် လှုပ်ရှားစိတ်ပင် ဖြစ်သည်။

## အာရုံ တံခါးပေါက်များ

စိတ်တို့သည် အာရုံရှိရာသို့ ပြေးနေသည်။ လူ၏ ကိုယ်ခန္ဓာမှ အာရုံကို ခံစားနိုင်သော တံခါးပေါက်များသို့ ပြေးနေပုံကိုထပ်၍ ရှင်းဦးအံ့။

No 23

မျက်စေ့ မြင်သိစိတ် ဖြစ်ပေါ်လာရန်အတွက် အချက်လေး ချက်ပြည့်စုံမှသာ မြင်သိစိတ်ကို ဖြစ်ပေါ် စေသည်။ ၁ လူ၏ ကိုယ်ခန္ဓာမှ မျက်စိအကြည်ဓါတ်သည် အကောင်း ပကတိ ရှိရ မည်။ အ ကန်း မ ဟုတ်ရ၊ မြင် နိုင် စွမ်း ရမည်။ ၂ တဖက်မှ အမြင်ခံ ရူကွင်းရူကွက် အရာတခုခုရှိရမည်။ (ဥပမာ-ယခုသင် မြင်ဖတ်နေသော စာမျက်နှာ) ၃ မျက်စေ့နှင့် ရူကွက် အကြား၌ မြင်နိုင်စွမ်း ပေးနိုင်သော အလင်းရောင် ရှိရမည်။ ၄ မြင် သည်ကို ကိုယ့်စိတ်က နှလုံးသွင်းရမည်၊ အာရုံပြုရမည်၊ အသိ ဉာဏ်ဓါတ်ကို မျက်စေ့မြင်ကွင်းအပေါ်၌ ထားရှိရမည်။ (သင် ၏စိတ်သည် ဤစာမျက်နှာကို မျက်နှာအပ်ထားပါလျက် မျက် စေ့ကို ဖွင့်ထားပါလျက် သင်၏ အသိဉာဏ်စိတ်က အခြားသို့ ပျံ့လွင့်နေလျှင် သင်သည် မြင်သိစိတ်ကို ရနိုင်တော့မည် မဟုတ်) ထိုအချက်လေးချက် ပြည့်စုံမှသာ သင်၏မျက်စေ့အမြင် အသိ စိတ်ကို ဖြစ်ပေါ်ရရှိ နိုင်ပေမည်။

ထို့အတူ နားမှ ကြားသိစိတ် ဖြစ်ပေါ်ရန်မှာ- ၁ လူ၏ ကိုယ်ခန္ဓာမှ နားအင်္ဂါ ကောင်း ရ မည်။ နားပင်း နားကန်း မဟုတ်စေရ။ ၂ အသံကို ဖြစ် ပေါ် စေ မည့် အသံလှိုင်းရှိရ မည်။ ၃ အသံလှိုင်းသည် နားကြား စည်ကို ရိုက်ခတ် နိုင်ရန် အသံလှိုင်းနှင့် နားတို့၏ကြား၌ အကာ အတား အဆီး အကွယ် မရှိရ၊ ဟင်းလင်းရှိရမည်။ ၄ အသံအပေါ်၌ နှလုံးသွင်းရမည်၊ အာရုံပြုရမည်။ (တီးဝိုင်းတခုကို နားထောင်နေသူပင် စိတ်အသိ ဉာဏ်က အခြားသို့ ပျံ့လွင့်နေလျှင် မကြားမိဘဲ ရှိတတ်သည်။ နား၇မှ ကြားသိစိတ်မရဘဲ ရှိတတ်သည်၊သို့မှသာကြားသိစိတ်ဖြစ် ပေါ်သည်။

နှာခေါင်းမှ အနံ့ကို အသိစိတ် ဖြစ်ပေါ်ရန်မှာ ၁ နှာခေါင်းကောင်းရမည်။ နှာစေးနှာပိတ် မဖြစ်စေရ။ ၂ မွှေးသော ပုပ်သော ရနံ့တခုခု ရှိရမည်။ ၃ နှာခေါင်းဆီသို့ ရနံ့ကို သယ်ယူပေးမည့် လေရှိသော လဟာပြင် ရှိရမည် နှင့် ၄ စိတ် အသိဉာဏ်က နှာခေါင်းမှလာမည့် ရနံ့ဆီသို့ စူးစိုက်ရမည်။ အာရုံပြုရမည်။သို့မှသာ နှာခေါင်းမှ နံသိစိတ်ကို ရရှိ၏။

လျှာသိစိတ် ဖြစ်ရန်မှာ- ၁ လျှာကောင်းရမည်။ ၂ ချို-ချဉ်-ငံ-စပ်-ခါး-အရသာ တခုခုရှိသောအစာ သို့မဟုတ် အရာတခုခုရှိရမည်။ ၃ သွားရည်ရှိရမည်။ ခြောက်သွေ့လျှင် လျှာက အရသာကို မသိနိုင်၊ သွားရေနှင့်လူးမှ စိုစွတ်မှသာ အရသာကိုသိသည် နှင့် ၄ စိတ်အသိဉာဏ်က လျှာပေါ်မှ အရသာဆီသို့ စူးစိုက်ရမည်၊ နှလုံးသွင်းရမည်။ သို့မှသာလျှင် အရသာကို သိသောစိတ် ဖြစ်၏။

(ဆနီးကြယ် သည်မှာ လျှာပြင်သည် အရသာ အားလုံးကို ခံစားတတ်သည်၊ သိတတ်သည်မဟုတ်။ အစိတ်အပိုင်း တခုက အရသာတခုကိုသိပြီး အခြားအစိတ်အပိုင်းကို အခြားအရသာကိုသိသည်။ အချိုအရသာကို လျှာဖျား လျှာထိပ်က ပို၍ သိ၏။ ချဉ်သော အရသာကို လျှာ၏ ဘေးပိုင်းများက ပို၍ သိသည်၊ အခါးအရသာကို လျှာရင်းကသာ သိ၏။)

ကိုယ်၏ တွေ့ထိ သည်ကို သိသောစိတ် ဖြစ်ပေါ်ရန်မှာ - ၁ တွေ့ထိမည့် ကိုယ်ခန္ဓာမှ အာရုံခံသော ကလာပ်စည်းများ ကောင်းရမည်။ လက်သှိုးထိပ်နှင့် စမ်းသပ်မည်ဆိုက လက်သှိုးထိပ်သည် ကောင်းရမည်။ ၂ တဖက်မှ ပြေ့သော မာသော

ရုပ်ဝတ္ထု တခုခုရှိရမည်။ ၃ ထိတွေ့ရမည် နှင့် ၄ စိတ်အသိဉာဏ်က ထိုထိတွေ့မှု အပေါ်၌ စူးစိုက်ရမည်။ အာရုံပြုရမည်၊ နှလုံးသွင်းရမည်။ သို့မှသာ ကိုယ်၏တွေ့ထိမှု အသိစိတ်ကို ရရှိမည်။

အာရုံ ခံစားမှုတို့တွင် ကိုယ်ကာယကြီးဖြင့် တွေ့ထိမှု အာရုံခံစားခြင်းသည် အပြင်းဆုံးဖြစ်သည်။ အရသာ တွေ့လျှင်လည်း မျက်စေ့အမြင်, နားအကြား, နှာခေါင်းအနံ့ တို့ထက် ပို၍သိ၏။ အဘယ်ကြောင့် ဟူမူ အမြင်, အကြား, အနံ့ တို့သည် တဖက်မှ အာရုံနှင့် တိုက်ရိုက် တွေ့ခြင်းမဟုတ်၊ ဓါတ်ချင်း ကူးချင်းသာ ဖြစ်သည်။ မျက်စေ့မှမြင်ခြင်းနှင့် အမြင်ခံရသော အရာသည် တိုက်ရိုက်မထိတွေ့ပေ။ ကိုယ်ဖြင့်ထိသော အာရုံသည်သာ တိုက်ရိုက် ထိတွေ့သည်။

ကိုယ်နှင့် ထိတွေ့မှု အာရုံကို အသေး အဖွဲ့ကစ၍ ခံစား နိုင်သည်။ တလက်မ၏ ရှစ်ပုံသုံးပုံ လက်မ ရှိသောလူ၏ ဆံပင်ပေါ်သို့ တကျပ်သား၏ အပုံတထောင်ပုံ တပုံ၊တကျပ်သား အလေးရှိ ဖုံမှုန့် ပိုးမွှားလာ၍ ထားလျှင်ပင် လူက သိ၏။

အာရုံ ခံစားသော လူ၏ခန္ဓာကိုယ်တွင်း လက်ဝါးသည် ပို၍ ခံစားတတ်သည်။ အတွေ့ကို သိသည်၊ အထူးသဖြင့်လက်ချောင်း ထိပ်ပိုင်း၌ တွေ့ထိမှုအာရုံ ခံစားတတ်သော ကလာပ်စည်းလေးများ အများအပြားရှိသည်။ ထိုကလာပ်စည်းများကို အပေါက်ကလေးများ သန်းနှင့်ချီ၍ ရှိသော အရေပါးက ဖုံးလွှမ်း ထား၏။ ထိုအပေါက်ငယ် ကလေးများမှတဆင့် ပူခြင်း၊ အေးခြင်း၊ မာခြင်း၊ ပျော့ခြင်း စသော ထိတွေ့မှုကို အာရုံခံ ကလာပ်စည်း တို့က သိသည်။ မျက်နှာပြင် ညီညာသော မှန်တချပ်ပေါ်တွင်

တလက်မ၏အပုံ ၂၅၀၀ ပုံတပုံ လက်မရှိ အက်ကြောင်း ကလေး ခြစ်ရာ ကလေးကိုပင် လက်ချောင်းတို့က စမ်းသပ် တွေ့ရှိသည်။

လက်ချောင်းအရေပါးကို ကျောက်နှင့် ပွတ်တိုက်ကာ ပို၍ ပါးစေပြီး အလေ့အကျင့်ပြုထားသည့် ဥာဏ်သမား ဖဲသမား တို့သည် ဖဲချပ်ပေါ်တွင် ရိုက်နှိပ်ထားသော ဖဲပွင့်ကိုပင် လက် ချောင်းနှင့် စမ်းသပ်၍ သိနိုင်သူရှိသည်။ညီညာလှသော ဖဲချပ်၏ မျက်နှာပြင်၌ ဖဲပွင့်မင်သားထုသည် လူးရုံသာ လူးထားသည်။ တော်ရုံတန်ရုံ မှန်ဘီလူးနှင့် ကြည့်လျှင်ပင် ညီနေသည်ကို တွေ့ မြင်နိုင်သည်။ အင်အားများစွာ ချဲ့ကြည့်မှသာ မင်သားကြောင့် မဆိုစလောက် ကလေး ပို၍ထူနေသည်ကို တွေ့နိုင်သည်။ လူ၏ လက်ကား ဤမျှသိမ်မွေ့သော အတွေ့ဓါတ်ကိုပင်တွေ့သိနိုင်၏။

လူ၏ ခန္ဓာတခုလုံးတွင် အာရုံကို ခံစားနိုင်သည့် ကလာပ် စည်းကလေးပေါင်း ၁၄၀၀၀,၀၀၀,၀၀၀-ရှိသည်။ ထိုကလာပ် စည်းကလေးတို့သည် ယိုယွင်းသွားခြင်း၊ ပွန်းတီး သွားခြင်း၊ ယိပါးသွားခြင်း တို့ကြောင့် လူသား တို့သည် အိုမင်း ရင့်ရော် ကြရသည်။ ထိုကလာပ်စည်း ကလေး များကို အစားထိုးနိုင် အသက်ဆက်နိုင်လျှင် မသေ,မနာ, မအို သော လူ့လောကသို့ ရောက်နိုင်မည်။ ဖြစ်နိုင်စရာလည်း ရှိသည်ဟု ရုရှသိပ္ပံပညာရှင် ဗစ်ချ်က သတင်းထောက် တဦးအား ထုတ်ဖော် ပြောသည်။ (၁၅-၈-၆၆-အင်္ဂလိပ် လုပ်သားပြည်သူ သတင်းစာမှ)

ဤသို့သော အာရုံ ခံစားမှု သဘော အာရုံကို သိမှုသဘော တို့ကို သုံးသပ် ပါက စိတ်သည် မျက်စေ့,နား,နှာခေါင်း,လျှာ

ကိုယ်စသော တံခါးငါးပေါက် အကူအညီမရဘဲ သူ့ဘာသာသူ မဖြစ်နိုင်ဘဲ ရုပ်တို့ကိုသာ အမှီပြု၍ ဖြစ်ပေါ်နိုင်သည် ကိုတွေ့ရသည်။

စိတ်အသိ ဥာဏ် မှာလည်း ယခင်က တံခါး ငါးပေါက်နှင့် ရုပ် ၀တ္ထု များ ထိတွေ့ မှုအပေါ်မှ သိထားသည်ကို သိုလှောင် သိုမှီးထားသဖြင့် မှတ်မိခြင်း ဖြစ်သည်။ လက်ငင်းစိတ်တို့သည် လက်ငင်း တံခါး ငါးပေါက်မှ လာသော ရုပ်တို့အပေါ်၌ မှီ၍ သိသည်။ စိတ်အသိ ဥာဏ်သည် ရှေးက တံခါးငါးပေါက်မှလာသည့် ရုပ်ဝတ္ထုတို့နှင့်ထိတွေ့မှုအပေါ်၌ တည်သည်။ သို့ကြောင့် စိတ်မှန်သမျှသည် ရုပ်တို့အပေါ်၌ အမှီသဟဲပြုသည်ကို တွေ့ရသည်။

သို့သော် ရုပ်တို့ သည်လည်း စိတ်ကို အမှီ ပြုရ သေးသည်။ ရုပ်ဝတ္ထုတို့ ဖြစ်ပေါ် ရေးကို စိတ်က စီ စဉ်ပြီး ရုပ်ဖြစ် သောကိုယ်ခန္ဓာ ဆောက်လုပ် ရသည်မို့ ရုပ်တို့ကိုလည်း စိတ်က စေစားသည်။(ရုပ်နှင့်စိတ် အမှီသဟဲပြုပုံအခန်းကြည့်ပါ။)

စိတ်သဘော

ဤနေရာ၌ စိတ်တို့သည် တံခါးငါး ပေါက်မှ လာသော အာရုံ များကို မှီ၍ ငါးပါးသော အသိကို ရကြပြီး နောက်၊ သိရုံတွင်ပင် ရပ်၍ နေလေ့ မရှိကြပေ။ စိတ်တို့မှ တဆင့် စိတ်တို့နှင့်အတူ စေတသိက်များ ပေါက်ပွါးကြသည်။

စေတသိက် ဟူသည်မှာ ပါဠိ စကားလုံးဖြစ်သည်။ စိတ်အချက်ဟု ဗိုလ်အေးမောင်က ဘာသာ ပြန်သည်။ စိတ်ဖြစ်အောင် စေ့ဆော်သော စိတ်ဓါတ်၏ အလျှင်များ အာရုံ ပြုမှုဟု အချို့သော အဘိဓါန် တို့က ဆိုသည်။

စေတသိက်ကို စေတနာ ဟူ၍လည်း ဆိုနိုင်၏။ သို့သော် စိတ်၏ သဘောထားဟူ၍ ဆက်၍သုံးသွားပါမည်။

စိတ်သည် တစုံတရာ ဖြစ်ပေါ်သည်နှင့် စိတ်သဘော ထားသည် စိတ်နှင့် အတူတကွတည်း ပါလေ့ရှိသည်။

ရုပ်ဝတ္ထု ဖြစ်သော မျက်စေ့က ရုပ်ဝတ္ထု ဖြစ်သော ရှုကွက်ကိုမြင်တွေ့၍ အသိဉာဏ် စိတ်က စူးစိုက်မိသော ကြောင့် မြင်သိစိတ်သည် ဖြစ်ပေါ်သည်။ မြင်သိစိတ် ဖြစ်ပေါ် လိုက်သည်နှင့် တပြိုင်နက်တည်း ထိုရှုကွင်းကို ကြိုက်သည် မကြိုက်သည်၊ ကြည့်လိုသည် မကြည့်လိုသည်၊ ထိုရှုကွင်းသည် လှပသော ပန်းကလေးဖြစ်က ပိုင်ဆိုင်လိုသည် မပိုင်ဆိုင် လိုသည်၊ သို့မဟုတ် လစ်လျူရှုလိုသည် တို့ကို စိတ်သဘောထားသည် စိတ်နှင့် အတူတပြိုင်နက် ဖြစ်လေ့ရှိသည်။ ပန်းပွင့်ခဲလုံး စသည့် အရာဝတ္ထုက သေးဖွဲလျှင် စိတ်သဘောသည် သေးဖွဲအားနည်းစွာ ဖြစ်သည်။ စိန်ကျောက် ပတ္တမြား စသည်ဖြင့် ရှုကွင်းရှုကွက်၏ အင်အားကြီးလျှင် စိတ်သဘော ပြင်းပြစွာ လိုချင် မက်မောမှု စသည့် ကြီးမားသော စိတ်သဘောကို ပေါက်ပွားစေနိုင်သည်။

တစုံတရာသော အသိစိတ်ဖြစ်တိုင်း၊ ကောင်းဆိုး ရှုခြင်း၊ စစ်ဆေးခြင်း၊ ပြဋ္ဌာန်း ခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်သားခြင်း စသည့် စိတ်သဘောထားတို့ ဖြစ်ပေါ်မြဲ ဖြစ်သည်။

အသိစိတ်တိုင်း၌ စိတ်သဘောထားတို့ကပ်၍ဖြစ်ပေါ်ရာတွင် စိတ်သဘောထားသည် မှုရင်း သိုမှီးထားသော စိတ်အသိဉာဏ် အခြေအနေအရ ပေါ်ပေါက်လေ့ ရှိသည်။ လေ့ကျက်ထားသော စိတ်အသိဉာဏ် အပေါ်၌ မှီ၍ ပေါ်ပေါက်လေ့ရှိသည်။

ဥပမာ ခဲတလုံးကို လမ်းပေါ်၌ ချထားပါက၊ ကာယဗလ လေ့ကျင့်မှု အမြဲပြုသော ကာယဗလ သမား တဦးက ထိုခဲကို မျက်စေ့နှင့် မြင်သိစိတ်ပေါ်က၊မ,ချီလိုလောစိတ်သဘောသည် တပြိုင်နက် ပေါက်ဖွါး လာနိုင်သည်။ အနုပညာကို လေ့ကျင့်ထားသူဖြစ်က ထိုခဲကို သိစိတ်နှင့် အတူ ခဲ၏ပုံပန်း အနုပညာ အချိုးကျမကျ ဝေဘန်ဆန်းစစ်သော စိတ်သဘောသည် တပြိုင်နက် ဖြစ်ပေါ်လာနိုင်သည်။ လူမိုက်တယောက်က ထိုခဲကို မြင်သိလျှင် ထိုခဲနှင့် လူကို ရိုက်သတ် လိုသော စိတ်သဘော သည် တပြိုင်နက် ပေါက်ဖွါးလာနိုင်သည်။ ဤသို့ဖြင့် လူတို့၏ စရိုက် လေ့ကျင့်သိုမှီးထားအပ်သော စိတ်အသိဉာဏ်အပေါ်၌ စိတ်သဘောထားတို့ ပေါက်ဖွါးလာလေ့ ရှိကြသည်။

ကာယဗလ ကျေ့ကျင့်မှုမရှိသူ အနုပညာဉာဏ်အသိ သိုမှီးပြီး မရှိသူနှင့် ဆိုးသွမ်းစိတ် မရှိသူတို့သည် မူလအားဖြင့် မည်သို့သော စိတ်သဘော ရှိတတ်ပါသနည်း ဟုလည်း မေးခွန်း ထုတ်နိုင်လေသည်။

လူသည် အမိဝမ်းတွင်း၌ သန္ဓေတည်စဉ်က အသက်စဝင်ချိန် အသိ စဖြစ်ချိန်၊ စိတ်အသိ စတင်ချိန်တွင် ပဌမဆုံး သိသော အသိမှာ သူ၏တည်ရှိမှု၊ သူ၏ဘဝကို ဆင်ခြင်သောစိတ် စတင်

ဖြစ်လာသည်။ ငါပါလား ဟူသော အသိစိတ် ဖြစ်လာသည်။ ထိုအသိစိတ်နှင့် အတူ ငါတည်လျှင် ကောင်းမည် ဟု ဘဝကို တပ်မက်သော လောဘစိတ် သဘောသည် တပြိုင်နက်တည်း ဖြစ်ပေါ်လာသည်။

ထို့ကြောင့် လူတို့၏ စိတ်သဘောသည် ဘဝကို တပ်မက်သော မိမိကိုယ်မိမိ တည်ရှိလိုသော လောဘစိတ်က စတင် ဖြစ်ပေါ်လာသည်။ လောဘပြီးမှ လောဘ အတိုင်း မပြည့်လျှင် ဒေါသစိတ်၊ ဒေါသစိတ် နောက်မှ လောဘနှင့် ဒေါသတို့ အဟုန်ကြောင့် တွေဝေထိုင်းမှိုင်းမှု=မောဟစိတ် စသည်ဖြင့် ဆိုးဝါးသော စိတ်သဘောတို့သည် လူ၏စိတ်အသိဉာဏ်၌ ကိန်းဝပ်နေတတ်သည်။

ထိုဆိုးဝါးသော လောဘ, ဒေါသ, မောဟ စိတ်ဆိုးစိတ်ရိုင်းတို့အား အမှန်ကိုအမှန်ဟု သိသော အသိဉာဏ် နှင့် ထိန်းချုပ်ရန်သာ အရေးကြီးလေသည်။ သို့မှသာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များ လျော့နည်းပြီး အာရုံငါးပါးကို သိစိတ်ဖြစ်ပေါ်ချိန်၌ ထိုအာရုံ၏သဘောကို ဆင်ခြင်နိုင်ကာ အာရုံ၏ဆွဲဆောင်မှုကို မလိုက်ပါဘဲ မှားသော ဆွဲဆောင်မှုကို ရှောင်ကြဉ်နိုင်ပေမည်။

အဘိဓမ္မာဆရာ-အရှင်အနုရုဒ္ဓါကစိတ်သဘော=စေတသိက် ၅၂-ပါးကို အောက်ပါအတိုင်း ခွဲပြလေသည်။

No, 24

အလုံးစုံသော စိတ်တိုင်း၌ တွေ့ရမည့် စိတ်သဘော ၇-ပါး။

၁ အာရုံတို့တွေ့ခြင်း။ (ဖဿ)
၂ အာရုံ၏ရသကို ခံစားခြင်း။ (ဝေဒနာ)
၃ အာရုံ၏သဘောကို မှတ်ခြင်း။ (သညာ)
၄ အာရုံနှင့် ယှဉ်ကာ စေ့ဆော်ခြင်း။ (စေတနာ)
၅ အာရုံတခုသာယူ၍ စူးစိုက်၍ တည်ခြင်း။ (ဧကဂ္ဂတာ)
၆ အာရုံအပေါ် စိတ်အချက် သက်တန်း။ (ဇီဝိတိန္ဒြေ)
၇ အာရုံ၌ နှလုံးသွင်းခြင်း။ (မနသိကာရ)

စိတ်အမျိုးမျိုးတို့၌ များသော အားဖြင့်
တွေ့ရသော စိတ်သဘော ၆ ပါး။

၁ တစုံတရာ အပေါ်၌ စိတ်ကျင့် သုံးမှု၊ အာရုံကို ရှေ့ရှု ထင်မြင်မှု။ (ဝိတက်)
၂ ကျင့်သုံးပြီး ထင်မြင်သောအာရုံကို မပြတ်ဆောက်တည် သုံးသပ်မှု။ (ဝိစာရ)
၃ အာရုံ အပေါ် ယုံကြည် ဆုံးဖြတ်ခြင်း လက္ခဏာ (အဓိမောက္ခ)
၄ အာရုံနှင့် ယှဉ်သည် တို့ကို ခိုင်အောင် ထောက်ပံ့ အား ထုတ် မှု။(ဝီရိယ)
၅ အာရုံအပေါ် သဘောနှစ်သက်မှု။ (ပီတိ)
၆ အာရုံကို လိုလားမှု။ (ဆန္ဒ)

## မကောင်းသော စိတ်သဘော ၁၄-ပါး။

၁ တွေဝေ ယောင် မှားမှု (မောဟ) ၂ အရှက်ကင်းမှု (အဟိရိက) ၃ အကြောက်ကင်းမှု (အနောတ္တပ္ပ) ၄ မတည်မငြိမ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ) ၅ အလိုကြီးမှု (လောဘ) ၆ အယူမှားမှု (ဒိဋ္ဌိ) ၇ အ ထင် ကြီး မှု (မာန) ၈ အမျက် ကြီး မှု (ဒေါသ) ၉ ငြူစူမှု (ဣဿာ) ၁၀ ဝန်တိုမှု (မစ္ဆရိယ) ၁၁ စိုးရိမ်ပူပန်မှု နောင်တ (ကုက္ကုစ္စ) ၁၂ ပျင်းရိမှု (ထိန) ၁၃ ထိုင်းမှိုင်းမှု (မိဒ္ဓ) ၁၄ မဆုံးဖြတ်နိုင်ဘဲ ယုံမှားရှုတ်ထွေးမှု (ဝိစိကိစ္ဆာ)။

## ကောင်းသော စိတ်သဘော ၂၅-ပါး။

၁ ယုံကြည်မှု (သဒ္ဓါ) ၂ ကောင်းသောသတိပြုမှု (သတိ) ၃ ရှက်တတ်မှု (ဟိရိ) ၄ မကောင်းမှုမှကြောက်မှု (ဩတ္တပ္ပ) ၅ အလိုကင်းမှု (အလောဘ) ၆ အမျက်ကင်းမှု (အဒေါသ) ၇ အာရုံကို လစ်လျူရှုမှု (တတြမဇ္ဈတ္တတာ) ၈ စိတ်သဘောကို ငြိမ်းအေးစေမှု (ကာယပဿဒ္ဓိ) ၉ စိတ်ကို ငြိမ်းအေး စေမှု (စိတ္တပဿဒ္ဓိ) ၁၀ စိတ်သဘော ပေါ့ပါးမှု (ကာယလဟုတာ) ၁၁ စိတ်ပေါ့ပါးမှု (စိတ္တလဟုတာ) ၁၂ စိတ်သဘော နူးညံ့မှု (ကာယမုဒုတာ) ၁၃ စိတ်နူးညံ့မှု (စိတ္တ မုဒုတာ) ၁၄ စိတ်သဘော ကြင်နာ သင့်မြတ်မှု (ကာယကမ္မညတာ) ၁၅ စိတ်ကြင်နာသင့်မြတ်မှု (စိတ္တကမ္မညတာ) ၁၆ စိတ်သဘော လေ့

လာခြင်း လက္ခဏာရှိမှု(ကာယပါဂုညတာ)၁၇ စိတ်၏လေ့လာ ခြင်းလက္ခဏာရှိမှု(စိတ္တပါဂုညတာ)၁၈စိတ်သဘောပြောင့်ခြင်း (ကာယုဇုကတာ) ၁၉ စိတ်ဖြောင့်ခြင်း (စိတ္တုဇုကတာ) ၂၀ နှုတ်မကောင်းမှုမှ ရှောင်ခြင်း (သမ္မာဝါစာ) ၂၁ ကိုယ်ဖြင့် မကောင်းမှုမှ ရှောင်ခြင်း (သမ္မာကမ္မန္တ) ၂၂ ကိုယ်နှုတ် မကောင်းမှုမှ ရှောင်ခြင်း (သမ္မာအာဇီဝ) ၂၃ မကောင်းမှုကို ကြုံတွေ့က ရှောင်ခြင်း (သမ္ပတ္တဝိရတိ) ၂၄ မကောင်းမှုမပြုဟု ကြိုတင် ကတိပြုကာ ရှောင်ခြင်း (သမာဒါနဝိရတိ) ၂၅ အသက်အသေခံ၍ မကောင်းမှုမပြုဘဲ ရှောင်ခြင်း (သမုစ္ဆေဒ ဝိရတိ)

## ရုပ်နှင့်စိတ် နှိုင်းယှဉ်ချက်

ဤနေရာ၌ ရုပ်နှင့် စိတ်တို့၏ တန်ခိုးကို နှိုင်းယှဉ် သုံးသပ်လိုသည်။

စိတ်သည် ရုပ်မရှိက စိတ် မဖြစ်နိုင်ပေ။ စောစောက အသက် ဝင်လျှင် ဝင်ခြင်း အသိဖြစ်လျှင် ဖြစ်ခြင်း၊ လောဘစိတ်က စခဲ့သည်ဟု ဆိုခဲ့သည်။ လောဘဖြင့် သူ့ကိုယ်သူ တည်မြဲအောင် သန္ဓေ သားသည် အားထုတ်ခဲ့သဖြင့်၊ ကြီးထွား လာလေရာ စိတ် တန်ခိုးသည် ကြီးမား သည်ဟု ယူဆ နိုင်သည်။

သို့သော် ထိုသန္ဓေ တည်ဖြစ်မှု၊ ကြီးထွားမှု မှန်သမျှ တို့သည် ရုပ်ပိုင်း ဆိုင်ရာ တို့၏ ပြုပြင် ပြောင်းလဲမှုဖြစ်သဖြင့်၊ရုပ်သည်လည်း အရေး ပါသည်။

သန္ဓေသား သန္ဓေတည်ရန်မှာ အမိ၌ အရွယ် ရောက်ရမည်။ သားပိုးဥဆင်းချိန်၌ အရွယ်ရောက်အဖ၏ သားပိုးဥနှင့် ကြုံတွေ့ရမည်။ သို့ရုပ်ဝတ္ထု အခြေအနေပေးမှ ရုပ်ဝတ္ထု သားပိုးဥခြင်း ကြုံတွေ့မှသာ ကလလရေကြည် မည်သော သန္ဓေ၏ အစသည် တည်၏။

ကလလ ရေကြည်၏ အရွယ်မှာ အကြိမ်တရာ စစ်အပ်သော ဆိကြည်ထက်၌....အမျိုးသမီးငယ် တဦး၏ အနူးညံ့ ဆုံးသော ဆံပင် ဆံနုကလေးကို အစိတ်တရာစိတ် တစိတ်မျှသာ ရှိသော ဆံမျှင်ကလေးနှင့်နှစ်ကာ....တင်သော ဆီပေါက်ကို အကြိမ်များစွာ ခါချပြီးမှ တည်၍ ကျန်ရစ်သော ဆီမှုန်ပေါက် ကလေး၏ အရွယ်မျှသာ ရှိလေသည်။

ထိုရွှေ့ထိုမျှ သေးငယ်သော ကလလ ရေကြည်ခေါ် အမှုန်ကလေးတွင် ဓါတ်အားဖြင့် သုံးခုပါ၏။ ၁ ယောကျ်ား သို့မဟုတ် မိန်းမဖြစ်မည်ဟု လိင်ခွဲခြားသော ဓါတ်တပါး။ ၂ ခြေ လက်ဦးခေါင်း အသည်းစသည့် ကိုယ်ခန္ဓာများဖြစ်မည့် ဓါတ်တပါးနှင့် ၃ စိတ်အသိဓါတ် တပါးတို့ ပါကြသည်။

ရုပ်ဝတ္ထုဖြစ်သော ထိုဓါတ်သုံးပါးပါသည့် သေးငယ်သော ကလလရေကြည်သည် ရုပ်ဝတ္ထုတို့ ကြီးထွားနည်း အရ ရေကြည်မှုန်မှ အမြှုပ်-အမြှုပ်မှ သားတစ်၊ သားတစ်မှအခဲ-အခဲမှ လက်ခြေစသည်ဖြင့် အဆင့်ဆင့် ကြီးထွားခဲ့သည်။ (အသက်ဝင်ချိန်-အသိစဖြစ်ချိန်ကို အတိအကျ မသိရသေးပေ။ ဆေးကျမ်းတို့အရမူ သန္ဓေသုံးလသားသည် ယောကျ်ားကြီး တဦး၏ လက်မမျှ အရွယ်သာ ရှိသော်လည်း လူသား၏ကိုယ်ခန္ဓာအစိတ်

အပိုင်းများ ပြည့်စုံသည်ဟု ဆိုသည်။ ကိုယ်ဝန်ရှစ်လရှိ သန္ဓေသားသည် မိခင်၏ဝမ်းအတွင်းမှ ပြင်ပဆီမှ လာသော အလင်းရောင်ကိုမြင်နိုင်သည်။ အသံကိုလည်း ကြားရသည်ဟု ဆို၏။)

ဤသို့ အဆင့်ဆင့် ရုပ်ဝတ္ထု အားဖြင့် ကြီးထွားလာပြီး ရုပ်ဝတ္ထုအားဖြင့် ပြည့်စုံသော ကိုယ်ခန္ဓာကို ဖြစ်ထွန်းမှသာ စိတ်သည် ရုပ်တည်နိုင်သည် ဖြစ်သဖြင့်၊ စိတ်သည် ရုပ်ကို မှီခိုနေရသည်၊ ရုပ်သည်သာ အခရာဖြစ်သည်ဟု ယူဆနိုင်ပြန်သည်။

တဖန်တုံ လူလားမြောက်လာ၍ စိတ်အသိများဖြစ်ပေါ်ရာ၌လည်း မျက်စေ့၊ နှာခေါင်း၊ နား၊ လျှာ၊ ကိုယ် စသော ရုပ်ဝတ္ထုဆိုင်ရာတံခါးတို့မှ အခြားရုပ်ဝတ္ထုတို့နှင့် ထိတွေ့မှု ကြောင့်သာ စိတ်က သိရလေသောကြောင့်၊ စိတ်သည် ရုပ်ကိုမှီ၍သာ ဖြစ်ပေါ်ရသည်။ ရုပ်သည်သာ အခရာဖြစ်သည်ဟုယူဆနိုင်ပြန်သည်။

စိတ်သည် ရုပ်၌တည်ခြင်း၊ စိတ်သည် ရုပ်တို့ကိုမှီ၍ဖြစ်ပေါ်ခြင်းတို့သည် မှန်၏။ သို့သော် စိတ်သည် ရုပ်တို့ကိုမှီခို၍ ရရှိထားသော စိတ်အသိတို့ကို သိုလှောင်ထားနိုင်သည်။ စိတ်အသိဉာဏ်မှာ ယခင်က တွေ့ဘူး ကြုံဘူးသည်တို့ကို မှတ်မိသည်၊ ရုပ်က မှတ်မိခြင်းမရှိ။ မီးတည်းဟူသော ရုပ်ပတ္ထုသည် ပူကြောင်း၊ ထိတို့ခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း၊ သရက်သီးသည်ချိုကြောင်းစားသုံးသင့်ကြောင်းစသော အသိတရားများကို စိတ်က သိုလှောင်သိရှိနိုင်သည်။ သိုလှောင်မှုမှတဆင့် ရုပ်ဝတ္ထုဖြစ်သော မီးကို စွမ်းအားအဖြစ် သုံးစွဲခြင်း၊ သရက်သီးကို ပိုချိုရန်ပြုပြင်ခြင်း၊ ကြာကြာခံရန် ယိုထိုးခြင်း စသော ရုပ်ဝတ္ထုတို့ အပေါ် တီထွင်မှု၊ ဖန်တီးမှု၊ ပြုပြင်မှုတို့ကို အသိဉာဏ်ရှိသော စိတ်ကသာ ဦးဆောင်သည်၊ လွှမ်းမိုးသည်။

မြင်သိမှု၊နံ့သိမှု၊ကြားသိမှု၊စားသိမှု တွေ့သိမှုများကို တံခါးငါးပေါက်မှတဆင့် ရရှိသောအခါ၌ စိတ်သည် သူကကြိုက်နှစ်သက်လျှင် နောက်ထပ်၍ ထိုအရသာကို ခံစားနိုင်ရန် ရုပ်ကို စေစားနိုင်သည်။ စိတ်က မကြိုက်လျှင် ရှောင်ကြဉ် ရန်လည်း ရုပ်ကို စေစားနိုင်သည်၊ ခိုင်းစေနိုင်သည်။

## စိတ်သာမူလ

အချုပ်အားဖြင့်ဆိုလျှင်၊ စိတ်သည် ရုပ်ကိုမှီ၍ ဖြစ်ရသည်။ သို့သော် သူအမှီပြုသော ရုပ်တို့ကို စိတ်က သူ့အလိုကျ ဖန်တီးပြုပြင်နိုင်သဖြင့်၊ စိတ်၏ တန်ခိုးသည်သာ ပဓါန ဖြစ်သည်။

"စိတ်သည် လောကကို ဆောင်၏၊ စိတ်သည် လောကကို ဆွဲငင်၏၊ ဖြစ်ပေါ် နေသော စိတ်၏ အလိုသို့ လောက သည် လိုက်ပါနေရ၏" (အင်္ဂုတ္တရ-စတုက္ကနိပါတ်၊ ဥမ္မဂ္ဂ သုတ်)

ဗုဒ္ဓသည် သူ၏သာသနာမှ ရဟန်းတို့ကို တရား ဟောတိုင်း "နာယူကြလော့ ·စိတ်စွဲကြလော့"[၁] ဟု စိတ်၌စွဲမြဲစွာ မှတ်သား ထားရန် ဟောလေ့ရှိ၏။

စိတ်၏ အရေးပါပုံနှင့် ဗုဒ္ဓ ဟောကြားချက် တခုကို မဇ္ဈိမ ပဏ္ဏာသ ဂဟပတိဝဂ်-ဥပါလိသုတ်၌ တွေ့ရသည်။

အခါတပါး၌ ဗုဒ္ဓသည် နာဠန္ဒမြို့၊ပါဝါရိကသူဌေး၏ သရက် ဥယျာဉ်၌ သီတင်းသုံးနေ၏။ ထိုစဉ်၌ နိဂဏ္ဌာဘာသာ (ဂျိမ်းဘာ သာ)ခေါင်းဆောင် ဒီဃတပဿီသည် ဗုဒ္ဓထံချဉ်းကပ်၍ တရား

---

၁ သုဏာထ မနသိ ကရောထ။

စကားဆွေးနွေး၏။ ၎င်းက ဗုဒ္ဓဘာသာတွင် ကာယကံ-ဝစီကံ-မနောကံ-ကံသုံးပါးတွင် တပါးပါးနှင့် အပြစ်ကိုကျူးလွန်မိကြရာ၌၊မည်သည့်ကံနှင့် ကျူးလွန်သော ပြစ်မှုသည် အပြစ် အကြီးဆုံးပါနည်းဟု လျှောက်မေး၏။

ဗုဒ္ဓက''ကာယကံ-ဝစီကံ-မနောကံ-ကံသုံးပါးတို့တွင်မနောကံသည် အပြစ်အကြီးဆုံး ဖြစ်သည်။ စိတ်နှင့် ကျူးလွန်သောပြစ်မှုသည် အပြစ်အကြီးဆုံး ဖြစ်သည်''ဟု ဖြေ၏။

ထိုအခါ ဥပါလိအား ဘာသာဝင်တို့ကိုပါစုရုံးကာ ''ကိုယ်နှင့်ပြုသော ပြစ်မှုသည်သာ ကြီးကျယ်ပါသည်၊ စိတ်နှင့်ကျူးလွန်သောပြစ်မှုမှာ တဖက်၌ထိခိုက်မှုပင်မရှိပါ''ဟုဆိုကာ ဗုဒ္ဓအား ငြင်းဆိုကြသည်။

ဗုဒ္ဓက ၁ နိဂဏ္ဌ ဘာသာတွင် ရေအေးမသုံး ရေနွေးသာသုံးလေ့ရှိသော ရောဂါသည်တဦး ရေနွေးမရသဖြင့် ရေအေးသာသုံးရသောကြောင့် သေဆုံးသော အခါ သေစဉ်က စိတ်စွဲလမ်းသောကြောင့် စိတ်စွဲသူတို့ နတ်ဘုံ၌ဖြစ်သည်ဟု အယူရှိကြသည်မဟုတ်လော၊ သေချိန်တွင် စိတ်စွဲလမ်းမှုသည် အရေးကြီးသည်ဟု သင်တို့ဘာသာက ယူဆသည်မဟုတ်လော။

၂ သီလစောင့် နိဂဏ္ဌသူတော်စဉ် တဦး သူ့အသက်သတ်မှုကို ရှောင်ကြဉ်နေပါလျက်၊ လမ်းလျှောက်ရာမှ ပိုးမွှားကို နင်းမိ၍သေဆုံးလျှင် သေလိုသော စေတနာမပါ၍ အပြစ်မရှိဟု သင်တို့ဘာသာက ဆိုသည်မဟုတ်လော။

၃ လူဦးရေထူထပ်သော နာဠန္ဒမြို့တမြို့လုံးမှ လူအားလုံးတို့အား ကိုယ်ခန္ဓာနှင့် သတ်ရန် မတတ်နိုင်၊ စိတ် နှင့်မူ လူအားလုံးအား သတ်ဖြတ်မှုကို ပြုနိုင်သည် မဟုတ်လော။

၄ ရသေ့တို့စိတ်ဆိုးသဖြင့် (သူတော်စင်တို့၏စိတ်ဖြင့် ဒဏ်ခတ်ခြင်းခံရသဖြင့်)တောအတိဖြစ်နေသော ဒဏ္ဍကီတိုင်း၊ ကာလိင်္ဂတိုင်း၊ မဇ္ဈတိုင်း၊ မာတင်္ဂတိုင်းတို့ ရှိသည်ဟု သင်တို့ဘာသာကပင် ဆိုသည်မဟုတ်လော....ဟု

ဥပမာ လေးရပ်ကို ပြကာ စိတ်နှင့် ကျူးလွန်သော ပြစ်မှုသည် ကိုယ်နှင့်ကျူးလွန်သော ပြစ်မှုထက်ပင်အရေးကြီးသည်ဟု ဟောကြားခဲ့၏။

စိတ်တို့သည် ရုပ်တို့ထက် အရေး ကြီး လေရာ စိတ် တို့၏ သန့်စင်မှုကို အားထုတ်ကြရမည်။

စိတ်ကို စောင့်ရှောက်မှသာ ကိုယ်ဖြင့် ပြုသော မကောင်းမှု၊ နှုတ်ဖြင့်ပြုသော မကောင်းမှု၊ စိတ်ဖြင့်ပြုသော မကောင်းမှုတို့ကို စောင့်ရှောက်နိုင်ပေမည်။

ရဟန်းတို့သည် ၁ ကာမဂုဏ်တို့အား စွဲမက်သော စိတ်၊ ၂ သူတထူး ပျက်စီးစေလိုသောစိတ်၊ ၃ လေးလံထိုင်းမှိုင်းသော စိတ်၊ ၄ ပျံ့လွင့်ပူပန်သောစိတ်နှင့် ၅ အမှန်ကို မဝေခွဲနိုင်သော စိတ်များ ပေါ်ပေါက်လျှင်၊ ကောင်းသော စိတ်နှလုံးကို ပွါးများ အပ်သော ရဟန်းထံ ချဉ်းကပ် ဖူးမြော်ကာ တရား ပြခိုင်းရမည်ဟု အင်္ဂုတ္တရပါဠိတော် ပဌမပဏ္ဏာသ ပဌမ သမယ သုတ်၌ ပါရှိ၏။

စိတ်ကို နိုင်နင်းအောင် ပြု၍ ကျင့်ဆောင်ခြင်းဖြင့်၊ကိုယ်ပွါးခြင်း၊ ကိုယ်ပျောက်ခြင်း၊ မြေရှိုး မိုးပျံခြင်း၊ လ,နေတို့ကို သုံးသပ်ခြင်းအထိ ရနိုင်သည်ဟုလည်း ဟောကြားခဲ့သည်။

No 25

အနည်းဆုံး စိတ်နှင့် မကောင်းမှုမပြုဘဲလေ့ကျင့်ခြင်း၊ ထိန်းသိမ်းခြင်းဖြင့် နှုတ်ဖြင့်ရင်း၊ ကိုယ်ဖြင့်ရင်း၊ မကောင်းမှု တို့ကို မပြုမိခြင်းကြောင့် ငါ၌ အပြစ်မရှိဟု ငြိမ်းချမ်းမှုကို ရသည်။

''ရဟန်းတို့-ပွါးများအပ်ပြီးသော အဖန်ဖန်အလေ့အလာ ပြုလုပ်ပြီးသော ဤစိတ်သည် ချမ်းသာသုခကို ဆောင်သကဲ့သို့ ဤအတူ ချမ်းသာသုခကိုဆောင်သော အခြားတခုသော တရားကိုမျှ ငါမမြင်'' (အင်္ဂုတ္တရနိကာယ် ဧကကနိပါတ်-အကမ္မနိယဝဂ်)

## သို့သော် ရုပ်ကိုမနိုင်

စိတ်သည် အခိကဖြစ်သည်၊ စိတ်သည် ရုပ်ကို လွှမ်းမိုးသည်၊ ပြုပြင် စီမံသည်၊ သို့သော် စိတ်သည် ရုပ်ကို ပိုင်နိုင်မှု မရှိပေ။

မူလပဏ္ဏာသ -မဟာ သမယဝဂ် စူဠသစ္စကသုတ်၌၊ ဗုဒ္ဓသည် သစ္စကအမည်ရှိသော ဂိုဏ်းဘာသာဝင် ရသေ့ခေါင်းဆောင်နှင့် စကားစစ် ထိုးကြသည်ကို ဖေါ်ပြထားသည်။

သစ္စကသည် ခေသူမဟုတ်ပေ၊ သူတို့ဘာသာ၏ တရားအရာ၌ စွန်းစွန်းတမန် ထင်ရှားသူ၊ စကားဆိုခြင်း အတတ်၌ ထင်ရှားသူဖြစ်သည်။ အလွန် ဝဖြိုး ဖေါင်းစူသော ဗိုက်ကြီးကို သံပြား ခါးပတ်ပတ်၍ ထားရသည်၊ အကယ်၍ ထိုခါးပတ်သာ မပတ်လျှင် ပညာဥာဏ်တို့သည် ဗိုက်မှ ပေါက်ထွက် လောက်အောင် ပညာပေါများသည်ဟု ချီးမွမ်းခြင်း ခံရသူဖြစ်သည်။

ထိုသစ္စကရသေ့ကြီးကလောက၌ ရုပ်သည်သာငါဖြစ်သည်၊ ရုပ်ရှိ၍ ငါခံစားနိုင်သည် ဟူသော ရုပ်ဝါဒဖြင့် ရုပ်ကိုတည်မြဲသော မဟာပထဝီမြေကြီးနှင့် နှိုင်း၍ဆို၏။

ဗုဒ္ဓက "ပသေနဒီ ကောသလမင်း, အဇာတသတ် မင်းတို့သည် ရေမြေကိုအစိုးရသည်၊ ပြည်သူတို့ကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းကို ပြုနိုင်သည်။ လူတို့၏ သက်ဦးဆံပိုင် ဖြစ်ကြသည်။ သို့သော် ထိုမင်းတို့သည် ရုပ်ဝတ္ထုဖြစ်သော သူတို့၏ ကိုယ်ခန္ဓာကြီးကိုမူ လှပစေသတည်း၊ ကျန်းမာစေသတည်းဟု ဤသို့ဖြစ်ရမည်၊ ဤနှယ် နာခံရမည်ဟု ပိုင်ဆိုင်ခြင်း မရှိကြသည် မဟုတ်လော"ဟု ဥပမာဖြင့် ရုပ်ဝတ္ထုတို့၏ ဖြစ်ပျက်ပြုပြင်မှုတို့ကို မည်သူမျှ ဖန်တီးနိုင်စွမ်းမရှိဟု ဟောခဲ့၏။

ကျွန်ုပ်တို့သည်ရုပ်ဝတ္ထုတို့၏ သဘောတရားအပိုင်း၌မြေကြီးသည်ဇင်း၊ ဖေါင်တိန်သည်ဇင်း၊ စက္ကူသည်ဇင်း၊ သံမဏိသည်ဇင်း အဏုမြူမှုန်ကလေးများ၏ ပေါင်းစပ် ထားခြင်း ဖြစ်သည်ဟု လေ့လာခဲ့သည်။ ထိုအဏုမြူမှုန်ကလေးများ တခုစီအတွင်း၌လည်း ပရိုတွန်နှင့် ညူထရွန် ဓါတ်ဖိုကို အီလက်ထရွန် ဓါတ်မက အချိန်မှန်မှန် အရှိန်မှန်မှန် လည်သည်ဟု ဖေါ်ပြခဲ့၏။ သို့မဓါတ်ကို ဖိုဓါတ်ကလည်ရာ၌ အီလက်ထရွန်ဓါတ်မသည် လမ်းကြောင်းတခု ဖြင့်သာ မလည်ဘဲ လမ်းကြောင်း တခုမှ တခုသို့ ခုန်ကူးလေ့ရှိသည်ကို ဆန်းကြယ်စွာ တွေ့ရသည်။လမ်းကြောင်း တခုမှတခုသို့ ကူးရာ၌ လမ်းကြောင်းကို ဖြတ်သန်းရာ လက္ခဏာ မပြဘဲ အီလက်ထရွန် မဓါတ်တခုသည် လမ်းကြောင်း တခု၌ ချုပ်ပျောက်ပြီး လမ်းကြောင်းတခုမှပေါ်ထွက် လာသည်ကိုသာ တွေ့ရသည်။ အီလက်ထရွန် ဓါတ်မသည် လမ်းကြောင်း တခု၌

ချုပ်ငြိမ်းပျောက်ကွယ်ပြီး လမ်းကြောင်းတခု၌ အသစ်တခု ဖြစ်ထွန်းလာဟန် ရှိသည်။ တနည်းဆိုရလျှင် တည်မြဲသော အီလက်ထရွန် ဓါတ်မသည် မရှိ၊ အီလက်ထရွန်ဓါတ်မတခုစီတခုစီ ချုပ်ငြိမ်းကာ တသီးတခြားစီ အသစ် အသစ်သော အီလက်ထရွန်ဓါတ်မများ ဖြစ်ပေါ်လာဟန်ရှိသည်။[1]

အဏုမြူမှုန့် ကလေးများ သည် တခုပြီး တခု ချုပ်ငြိမ်း၍ တခုပြီး တခု ဖြစ်ပေါ်နေခြင်းဖြင့်သာ လူသည်ရင်း၊ စက္ကူသည် ရင်း၊ကလောင်သည်ရင်း၊ရုပ်ဝတ္ထု အထုလိုက် အထယ်လိုက်ရှိနေကြသည်။ သို့သော် ထိုအထုအထယ်တို့သည် အမြဲတည်နေသော ထုထယ်များ မဟုတ်၊ တစက္ကန့် လျှင် ၉, ၁၉၂, ၆၃၂, ၇၇၀-အကြိမ်မျှ ပြောင်းလဲ နေသည်။ ဟောင်းသော အဏုမြူမှုန့်သည် ချုပ်ငြိမ်း သွားသည်၊ သစ်သော အဏုမြူ ဖြစ်လာသည်။ သစ်သော အဏုမြူမှုန့်သည် အကြာဆုံး တစက္ကန့်၏ ၉,၁၉၂,၆၃၂, ၇၇၀, အပုံ တပုံမျှသာ ရှိနိုင်သည်။ ထိုခဏမျှ သောအချိန် ကလေးအတွင်းတွင် ထိုအဏုမြူ မှုန့်သည် ချုပ်ငြိမ်း သွားပြန်သည်။ ဤသို့ဖြင့် အဏုမြူ မှုန့်တို့သည် ဖြစ်လိုက် ခဏမျှ တည်လိုက်၊ ပျက်လိုက် ဖြစ်လိုက် နှင့် လုံးလည် လိုက်နေသဖြင့် ကျွန်ုပ်တို့၏ မျက် စေ့ ရှေ့ တွင် အထု အထည်နှင့် ရှိနေသည်။ ထိုအထု အထယ် ရုပ် မှန်သမျှ တို့သည် ဖြစ်-တည်-ပျက် နေကြရာ၌ အဖြစ် အင်အား ကြီးနေချိန်၌ တစ တစ ကြီးထွား လာတတ်သည်။ လူငယ် တို့သည်ရင်း၊ သစ်ပင်ငယ် တို့သည်ရင်း တစတစ ကြီးထွား လာသည်မှာ အဖြစ်အင်အား တိုးတက် မှုကြောင့်သာ ဖြစ်သည်။ သို့သော်အဖြစ်ထိုအင်အားမှာတစုံတခုသော အတိုင်း

[1] Quantun Theory.

အထွာ အထိသာ ကြီးသည်။ ဖြစ်သမျှ ပျက်ရမည်ဟူသော အကျုံးမှု သဘော တရား အတွက် အင်အားကြီး၍ အဖြစ်ဘက်က များလာသည့် အရာမှန်သမျှ သည်လည်း ပြန်၍ အပျက်ဘက်သို့ ဦးတည်ရသည်သာ။ လူအိုဘဝ၊ သင်ပင်အို ဘဝတို့သည် အပျက်ဘက်သို့ ဦးတည်ကာ တစတစ အိုမင်းမှု ရင့်ရော်မှုမှ ချုပ်ငြိမ်းမှုဆီသို့ ဦးတည်ကာ ချုပ်ငြိမ်းကြရ သည်သာ ဖြစ်သည်။

ရုပ်သည် ဓါတ်လေးပါး စုဝေးသော အဖနှင့်အမိမှ ပေါက်ဖွားသည်။ ထိုရုပ်ကို အစာကျွေးမှ ကြီးထွားသည်။ အမြဲမတည်၊ ဖုံးလွှမ်းရသည်၊ ဆုပ်နယ်ရသည်၊ မိမိ ဘာသာနာနိုင်သည်၊ သူတပါးကြောင့်လည်း နာနိုင်သည်၊ကွဲခြင်း ပျက်စီးခြင်း သဘောရှိသည်ဟု ရုပ်တို့၏ မခိုင်မာပုံကို ဗုဒ္ဓကအကြိမ်ကြိမ် ဟောခဲ့သည်။

ရုပ်တို့သည် ဖြစ်သမျှ ပျက်ရလျှင် စိတ်တို့သည် တန်ခိုးကြီးစွာနှင့် တည်ရှိနေသလော၊ မတည်ပါ။စိတ်တို့သည်လည်း ရုပ်ကိုမှီရသဖြင့် ရုပ်ပျက်ချိန်တွင် စိတ်လည်း ပျက်ရသည်သာပင်။

အချုပ်အားဖြင့် ဆိုရလျှင် ရုပ်တို့သည် ဖြစ်ပျက် ပြုပြင်မှုသဘောအရ ဖြစ်ရင်း ပျက်နေကြသည်။စိတ်သည်လည်း ရုပ်နှင့်အတူပင် ဖြစ်ရင်း ပျက်သည်။ သို့သော် စိတ်က ရုပ်ကို လွှမ်းမိုးနိုင်သည်၊ သိနိုင်သည် ဖြစ်သဖြင့်၊ ထိုရုပ်တို့၏ ဖြစ်ပျက်မှုတို့ကို လေ့လာခြင်း သိခြင်းဖြင့် စိတ်၏ ငြိမ်းချမ်းမှုကို ရယူနိုင်သည်။

## အကျိုးနှင့် အကြောင်းတရား

စိတ်တို့သည် ရုပ်ကို မှီသည်၊ ရုပ်တို့ကို စိတ်က လွှမ်းသည်။ ရုပ်တို့သည် ဖြစ်ပျက် နေကြသည် ဟူရာ၌၊ မည်သည့် သဘော

တရားအရ မှိုကြ လှမ်းမိုးကြ ဖြစ်ပျက်ကြသနည်းဟု အကြောင်းကို လေ့လာနိုင်သည်။

ရုပ်တို့သည်၎င်း၊ စိတ်တို့သည်၎င်း၊ အကြောင်းတရား မြောက်များစွာကို အမှီသဟဲပြုပြီးမှ အကျိုးတရား တခုကို ရလေ့ရှိသည်။ ထိုအကျိုးတရားတခုစီတခုစီက တဖန်အကြောင်းတရား ဖြစ်ပြန်ကာ အခြားသော အကျိုးတရားကို ရရှိပြန်သည်။ ရုပ်ဝတ္ထုတို့သည်၎င်း၊ အဖြစ်အပျက်တို့သည်၎င်း၊ စိတ်တို့သည်၎င်း၊ အကြောင်းတရားတခုနှင့်တခု အမှီသဟဲပြုကာ အကြောင်းတရားပေါင်း မြောက်များစွာ ဖြစ်ပြီး အကျိုးတရား တခုကို ရလေ့ရှိသည်။

ခြင်ကောင်ငယ်သည်၎င်း၊ မြက်ပင်သည်၎င်း၊ အကြောင်းတရား မြောက်များစွာမှ အကျိုးတရားကို ရ၍ ပေါ်ပေါက်လာသော အရာဝတ္ထုများ ဖြစ်ကြသည်။ အကြောင်းတရား တခုတည်းကြောင့် ဖြစ်ထွန်းသော အကျိုးတရား မဟုတ်ချေ။

ခြင်ကောင်ဖြစ်ရန် ခြင်ထီးနှင့် ခြင်မ ရှိရမည်။ ခြင်ထီးနှင့် ခြင်မ ဆက်ဆံမှုရှိရမည်၊ ခြင်ဥဖြစ်ရမည်။ ဥကိုတည်နိုင်ရန် လိုလောက်သော အပူငွေ့ရှိရမည်၊ လိုအပ်သော အလင်းရောင်ရှိရမည်၊ ပူလွန်းလျှင်ပျက်သည်၊ အေးလွန်းလျှင်ပျက်သည်၊ မှောင်လွန်းလျှင်ပျက်သည်၊ လင်းလွန်းလျှင်ပျက်သည်၊ ရေသေရှိသောဒေသရှိရမည်၊ အသင့်အတင့်သောလေရှိရမည်၊ ခြင်ဥကို သန့်ရှင်းသူ မရှိစေရ၊ သတ်ဖြတ်သူမရှိစေရ စသော စသော အကြောင်းတရားပေါင်း များစွာ ညီညွတ်မှသာ အကျိုးတရား အဖြစ် ခြင်တကောင် ဖြစ်ထွန်းရသည်။

ထို့အတူ မြက်ပင်တပင် ဖြစ်ထွန်းရန်မှာလည်း မြက်မျိုးစေ့ ဥကို အခြားမြက်ပင်က ပေါက်ဖွါးပေးရမည်၊ မြေရှိရမည်၊ နုံး မြေ သဲမြေ စသည်ဖြင့် သင့်သောမြေ ဖြစ်ရမည်၊ မစိုလွန်း မခြောက်လွန်း စေရ၊ နေရောင် ရှိရမည်၊ မပူလွန်း မအေးလွန်း စေရ၊ ရေရှိရမည် စသော အကြောင်းတရားပေါင်း မြောက် များစွာမှ မြက်တပင် တည်းဟူသော အကျိုးတရားကိုရရှိသည်။

ထိုသို့အကြောင်းတရား မြောက်များစွာကို အကြောင်းပြု၍ ဖြစ်ထွန်းလာခဲ့သော မြက်ပင်နှင့်ခြင်ကောင်ငယ်တို့သည်အသက် ရှိသော အရာတို့၏ သဘာဝအတိုင်း မိမိတို့၏ ဘဝတည်မြဲမှုကို ပဌမအားထုတ်ကြသည်။ သူတို့ဘဝ တည်မြဲမှုကို ရသောအခါ မျိုးဆက် ပြန့်ပွါး ရေးကို အားထုတ် ကြသည်။ (မြက်ဥ-ခြင်ဥ ပေါက်ဖွါးမှု) ၎င်းနောက် ရင့်ရော်ချုပ်ငြိမ်း (သေဆုံး) ကြရ သည်။ထိုမြက်ပင် ခြင်ကောင်ငယ်တို့ဖြစ်ထွန်းခြင်း၊တည်မြဲမှုအား ထုတ်ခြင်း၊မျိုးဆက်ပြန့်ပွါးမှု အားထုတ်ခြင်း အကြောင်းတရား တို့ကြောင့်၊ နောက်ထပ် မြက်ပင်နှင့် နောက်ထပ်ခြင်ကောင်များ ဖြစ်ထွန်းမှု တည်းဟူသော အကျိုးတရားကိုရရှိပြန်သည်။နောက် ထပ် မြက်ပင်နှင့် နောက်ထပ် ခြင်ကောင်တို့ကို အကြောင်းပြု၍ မြက်ပင်နှင့် ခြင်ကောင် မျိုးဆက်ကြီးဆက်၍ ပေါက်ဖွါးခြင်း အကျိုးကို ရပြန်သည်။

မြက်ပင်နှင့်ခြင်ကောင်တို့သည် မိမိတို့ဘဝကို အကျိုးပြုကြရုံ မက၊ သူတို့အားအကြောင်းပြု၍ လူသားတို့အတွက် တိရစ္ဆာန် အစာဖြစ်စေခြင်း၊ ရောဂါပိုးကို ဖြန့်ချီပေးခြင်း စသော အကျိုး တရားများကို ဖြစ်စေပြန်သည်။

ဤသို့ဖြင့် အရာဝတ္ထုမှန်သမျှ အဖြစ်အပျက် မှန်သမျှတို့သည် အကြောင်းတရား များစွာကို အကြောင်းပြု၍ အကျိုးတရား ဖြစ်နေသည်။ အကျိုးတရားတို့သည်ပင် အကြောင်းတရား ထပ်၍ဖြစ်ကာ အခြားသော အကျိုးတရားကို ဖြစ်စေပြန်သည်။

ရုပ်ဝတ္ထုတို့သည် တကြောင်းကို တကြောင်း မှီခိုနေကြလျှင် စိတ်သည်လည်း ထိုနည်းတူပင် ဖြစ်ရမည်။ အားလုံးသော ရုပ်ဝတ္ထုမှန်သမျှ စိတ်ဝတ္ထုမှန်သမျှ တို့သည် တကြောင်းကို တကြောင်း မှီကာ အကျိုးသစ်များ ဖြစ်နေကြသည်၊ အကြောင်းသစ်များ ဖန်တီးနေကြသည်။

ဗုဒ္ဓက တခုနှင့်တခု စပ်ယှက်ကြသော အကျိုး အကြောင်းများနှင့် စပ်လျဉ်း၍ ၂၄ ရပ်သော စပ်ဆိုင်မှုကို အောက် ပါ အတိုင်း ခွဲခြား၍ ဟောခဲ့သည်။

၁ အရင်း အမြစ် ရှိ၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၂ အာရုံရှိ၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၃ ကြီးစိုးလွှမ်းမိုးမှု ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘောတရား။

၄ အခြားမဲ့ ဖြစ်၍ အကျိုး ကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၅ ကောင်းစွာ အခြားမဲ့ ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၆ အတူတကွ ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၇ အချင်းချင်းဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၈ မှီရာတည်ရာ ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၉ ကောင်းစွာ မှီရာတည်ရာဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်ကြသော သဘောတရား။

၁၀ ရှေ့ဦးဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၁၁ နောက်မှ ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၁၂ အဖန်တလဲလဲ မှီဝဲအပ်သည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၁၃ မျိုးစေ့ ဖြစ်၍ အကျိုး ကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၁၄ အ ကျိုး ဖြစ်၍ အ ကျိုး ကျေး ဇူး ဖြစ် တတ် ကြ သော သဘောတရား။

၁၅ ထောက်ပံ့သည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၁၆ အစိုးရသည် ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၁၇ ချီးမြှောက်အပ်သည်ဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်ကြသော သဘောတရား။

No, 26

၁၈ အကြောင်း ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၁၉ ယှဉ်ဘဲ့သည်ဖြစ်၍ အကျိုး ကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၂၀ မယှဉ်ဘဲ့သည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်ကြသော သဘောတရား။

၂၁ ရှိ သည် ဖြစ် ၍ အ ကျိုး ကျေး ဇူး ဖြစ် တတ် ကြသော သဘောတရား။

၂၂ မ ရှိ သည် ဖြစ်၍ အကျိုး ကျေး ဇူး ဖြစ် တတ် ကြ သော သဘောတရား။

၂၃ ကင်းသည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

၂၄ မကင်းသည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ် ကြသော သဘောတရား။

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။

လောကကြီးတရပ်လုံး ရှိရှိသမျှပုပုဒ္ဒဒ္ဒ သတ္တဝါတို့သည်၎င်း၊ ကောင်းကင် နေလ-နက္ခတ်-တာရာ နှင့် ကမ္ဘာ မြေသည်၎င်း၊ မြေပေါ်ရှိ သစ်ပင် သီးနှံ မှန်သမျှ မြစ်-ရေ-တောတောင်-ခဲ ကျောက် အရာဝတ္ထု မှန်သမျှ တို့သည် ဤနှစ်ဆယ့် လေးပါး သောအကြောင်းကိုမှီ၍ အကျိုးဖြစ်သည် ဟူသော အမှီသဟဲ ပြုမှု-ဆက်စပ်မှု သဘောတရားက မကင်းပေ။ ရုပ်မှန်သမျှမကင်း လျှင် စိတ်တို့သည်လည်း ဆက်စပ်လျက် မကင်းဘဲ အမှီ ပြုနေ ကြ၏။

ဤသို့ဖြင့် အရာဝတ္ထုများ၊ သတ္တဝါများ၊ အဖြစ် အပျက် များနှင့် စိတ်အာရုံများသည် တခုကိုတခု မှီခိုရင်း ဖြစ်နေကြ၏။ ခဏ တည်နေကြ၏၊ ပျက်နေကြ၏၊ ပျက်မှုမှ ဖြစ်ပြန်၏။ ခဏ တည်ပြန်၏၊ ပျက်ပြန်၏ နှင့် လုံးလည် လိုက်နေကြ လေသည်။ ထိုသဘောကို သိပြီးနောက် ဗုဒ္ဓ၏ လက်တွေ့ ငြိမ်းအေးမှု လမ်း စဉ်ကို ဆက်ကြပါစို့။

ကျွန်ုပ်တို့သည် အခြေခံ ဗုဒ္ဓသာသာ၏ ကျင့်ဝတ်ဖြစ်သော ကိုးကွယ်မှု သုံးရပ်နှင့် ငါးပါးသီလမှ စ၍ လေ့လာကြရာ၌၊လူ့ လောက သတ္တဝါလောကနှင့် သက်မဲ့လောက အပါအဝင် အား လုံးသော လောကကြီး၏ သဘော တရားကို လေ့လာခဲ့မိ လေပြီ။

၁ ရုပ်တို့သည် ဖြစ်ပျက်စီရင်မှု တရားတို့အရ ဖြစ်နေကြရင်း ပျက်နေ ကြသည်။ ၂ စိတ်တို့သည် ရုပ်တို့အား မှီ၍ ကြီးစိုး လွှမ်းမိုးရင်း အမှီသဟဲပြုရာရုပ်တို့၏ သွားရာလမ်းအတိုင်းဖြစ်နေ ကြသည် ပျက်နေကြသည်နှင့် ၃ သို့ဖြစ်ကြ,ပျက်ကြသော ရုပ်တို့

စိတ်တို့သည် တကြောင်း သို့မဟုတ် တခု သို့မဟုတ် အကြောင်းကြောင်း အခုခုကို မှီရင်း အတုံ့ အပြန် အမှီသဟဲ ပြုနေနေကြသည်။ အကြောင်းကြောင့် အကျိုး ဖြစ်သည် စသော အခြေခံ အချက်အလက်များကို လေ့လာပြီးခဲ့လေပြီ။

ဆက်လက်၍ ထိုအခြေခံများကို မူတည်ကာ ဗုဒ္ဓဟောခဲ့သော တရားတို့မှ အရေးအကြီးဆုံးသော တရားတို့ကို လေ့လာရပေဦးမည်။

## မေတ္တာ

ဗုဒ္ဓဘာသာဝင်တို့အတွက် ကိုးကွယ်မှုသုံးပါးနှင့် ငါးပါးသီလ မြဲခြင်း၊ ရှစ်ပါး ဆယ်ပါး စသော ဥပုသ် ဆောက်တည်ခြင်းတို့အပြင်၊ ကိုယ်ခံအဖြစ် ရှိရမည့် တရားတရပ်ရှိသည်။ ထိုတရားမှာ မေတ္တာတရားပင် ဖြစ်သည်။

မေတ္တာတရားသည် လက်ငင်း လက်တွေ့ ခံစားရနေသော ဒုက္ခဆင်းရဲမှ၊ ဆင်းရဲခြင်း လွတ်မြောက်ရာသို့ သွားရာ တရား မဟုတ်သော်လည်း၊ ကိုယ်ခံ စိတ်နူးညံ့မှုအတွက် မေတ္တာတရားသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ မရှိမဖြစ် ပစ္စည်းတရပ်သည်။ ရပ်တုထုမည့် ရှုံစေးကို ရေနှူး သကဲ့သို့ အခြေခံ မေတ္တာတရားနှင့် နူးညံ့ပြီးသူသာလျှင် ပေါက်ရောက်မှုသို့ ရောက်နိုင်သည်။

သာမန်လူတို့ မဆိုထားဘိ - ဗုဒ္ဓ ကိုယ်တိုင် တဖွဖွ ရှင်းလင်း ဟောကြား ဆုံးမနေသည့် ဗုဒ္ဓ ခေတ်က - သံဃာတော် များ၏

ပတ်ဝန်းကျင်၌ပင် ရန်ညိုး ထားမှု၊ မေတ္တာ ဆန့်ကျင်ရေး ဒေါသ စိတ် ဓါတ်များ ရှိကြလေသော ကြောင့်၊ ဗုဒ္ဓသည် ဒေါသ၏ အပြစ်ကို ဟောကြားပြီး မေတ္တာပွါးမှု တိုက်တွန်းခြင်းကို မကြာခဏ ပြုလုပ်လေ့ရှိသည်။

"ရဟန်းတို့ ရန်ငြိုး ဖွဲ့ကြောင်း တို့သည် ကိုးမျိုးတည်း။ ငါ့အား အကျိုးမဲ့ကို ပြုဘူးခဲ့ပြီ၊ ပြုနေပြီ၊ ပြုလိမ့်မည်ဟု ရန်ငြိုး၏။ ငါချစ်ခင်သူအား အကျိုးမဲ့ ကိုပြုဘူးခဲ့ပြီ၊ ပြုနေပြီ၊ ပြုလိမ့်ဦး မည်ဟု ရန်ငြိုးဖွဲ့၏။ ငါမချစ်ခင်သူအား အကျိုးကိုပြုဘူးခဲ့ပြီ၊ ပြုနေပြီ၊ ပြုလိမ့်ဦးမည်ဟု ရန်ငြိုးဖွဲ့၏" (အင်္ဂုတ္တရ အာဃာတ ဝတ္ထုသုတ်၊)

ဒေါသနှင့် ရန်ငြိုးသည်၊ ဤကိုးမျိုးသော အကြောင်း တို့ကြောင့် ဖြစ်ပေါ်သည်။ (ထိုကိုးမျိုးသော အကြောင်း ခံတို့အပေါ်တည်၍ ဖြစ်သောရန်ငြိုး ဒေါသအပြင်၊ မိုးရွာရမလား၊ လေတိုက် ရမလားဟု အဓိပ္ပါယ်မဲ့ ဒေါသထွက်သူတို့၏ ဒေါသ မျိုးရှိသေး၏။)

ဤသို့အားဖြင့် အကြောင်းအရာ ကိုးမျိုးအပေါ် အခြေခံသော ဒေါသ ရန်ငြိုးသည် စိတ်ခိုင်သူ စိတ်နိုင်သူတို့၌ မဖြစ်နိုင်ပေ။ စိတ်၏ အရည်အချင်း အလျောက် ခွင့်လွှတ်မှု မပြုနိုင်ကြဘဲ ရန်ငြိုးကို ဖွဲ့ကြလေ့ရှိသည်။

ဗုဒ္ဓသည် တခါက-သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးစဉ်၊ အသျှင် သာရိပုတ္တရာအား အမှုး ထား၍ သံဃာတို့အား ကိလေသာ အညစ် အကြေး ရှိသူတို့၌ အမျက်ဒေါသရှိကြောင်း၊ ဆွမ်းခံဝင်ရာ၌ ရှေ့မှသွားသောရဟန်းအား နောက်

မှ လိုက်သောရဟန်းက အမျက် ထွက်ကြောင်း၊ သို့အမျက် ထွက်ခြင်းနှင့် အညစ် အကြေး တို့ကို ပယ်သင့်ကြောင်း၊ဒေါသ တို့ကို ရှောင်သင့်ကြောင်းဖြင့် ဟောကြား ခဲ့လေသည်။ (မူလပဏ္ဏာသ-အနင်္ဂဏသုတ်)

"အမျက်ထွက်သော ရဟန်းတို့သည် ရန်သူး ဖွဲ့တတ်သည်။ အစွဲကြီးကာ အမျက်နှင့်နီးသော စကားကို ဆိုတတ်သည်။ ထို့ကြောင့် အပြော ခက်လှသည် ဟုလည်း ဗုဒ္ဓက ဟောဘူး၏" (မူလပဏ္ဏာသ-အနုမာနသုတ်)

အမျက်ထွက်ခြင်းဖြင့် တဖက်ရန်သူ အကျိုးရှိသော တရား ခုနစ်ပါးကို ရောက်စေသည်။

၁ ဒေါသ ဖြစ်သူသည် ဒေါသကြောင့် အရုပ်ဆိုးရသည်။

၂ ဆင်းရဲစွာ အိပ်ရသည်။

၃ အကျိုးစီးပွါးဟု မှတ်ယူလုပ်ဆောင်ခြင်းသည် အကျိုးမဲ့ ဖြစ်ရသည်။

၄ ဒေါသကြောင့် ပြစ်မှုကျူးလွန်မိက စည်းစိမ်ယုတ်လျော့ ပျက်စီးရသည်။

၅ ဒေါသ ကြီးသူအား မကောင်းသတင်း ကျော်စောစေသည်။

၆ ဒေါသ ကြောင့် ဆွေ မျိုး မိတ် ဆွေ များ ဖဲ ခွါ သည်၊ ဆုံးရှုံးသည်။

၇ ဒေါသကြောင့် သေ လျှင် လည်း ကိုယ်, စိတ်, နှုတ်, မကောင်း မှုများနှင့် မချမ်းမသာ သေဆုံးရသည်။

"ဒေါသကြောင့် ရရှိသော ဤအကျိုးများသည် ရန်သူ နှစ်လိုဘွယ်သာဖြစ်သည်။ ရန်သူ၏ အလိုကျသာ ဖြစ်သည်မို့ ဒေါသကို ရှောင်သင့်သည်ဟု ဗုဒ္ဓက ဟောခဲ့၏" (အင်္ဂုတ္တရ နိကယ် အဗျာတဝဂ်၊ ကောဓနသုတ်)

ဒေါသသည် ပိုင်ရှင်အား အကျိုးမဲ့သာ ဖြစ်သဖြင့် ဒေါသကို ရှောင်ကြဉ်ကြရေးအတွက် ဗုဒ္ဓက နည်းအမျိုးမျိုးနှင့် ဟောခဲ့သည်။

သင့်အား ဒေါသဖြစ်ပေါ်စေသော သင်၏ရန်သူအပေါ်၌၊ မေတ္တာစိတ်ပွါးပါ၊ ကရုဏာစိတ်ပွါးပါ၊ လစ်လျူရှုပါ၊ သတိမပြုပါနှင့်၊ သူလဲ သူပြုတဲ့ ပြုမှုချက် ကံအတိုင်း အကျိုးခံရမှာဘဲဟု သဘောထားပါ-ဟူ၍၎င်း။

တဖက်ရန်သူသည် ကိုယ်အပြုအမူ မကောင်းလျှင် နှုတ်ကကောင်းသည်၊ နှုတ် အပြုအမူ မကောင်းလျှင် ကိုယ် အပြုကကောင်းသည်ဟု ရန်သူ၏ ကောင်းချက် ကလေးကို ရှာကြည့်ပြီး မေတ္တာ ကရုဏာစိတ် စသည်တို့ ပွါးပါ-ဟူ၍၎င်း၊ ဗုဒ္ဓက ဆုံးမခဲ့သည်။

ဒေါသနှင့်တကွ မောဟနှင့် ရာဂတည်းဟူသောစိတ် ယုတ်ညံ့သောစိတ်များ ပယ်နည်း အဖြစ် ဗုဒ္ဓက ဟောရာ၌ ၁ အခြားကောင်းမှုနှင့်ယှဉ်သော အကြောင်းကို နှလုံးသွင်းပါ။ ၂ ဒေါသ-မောဟ-ရာဂစိတ် အကြံအစည်၏ အပြစ်ကို စူးစမ်း ဆင်ခြင်ပါ။ ၃ ထိုမကောင်းသော အကြံအစည်ကို နှလုံး မသွင်းပါနှင့် ၄ ထိုမကောင်းသော အကြံ အစည်း တည်ရာကို နှလုံးသွင်းပါဟု....မူလပဏ္ဏာသ-သီဟနာဒဝဂ်၊ ဝိတက္က သဏ္ဌာနသုတ်၌ ဟောသွားရာ၌ ...

"သွားတို့ဖြင့် သွားကိုကြိတ်၍၊ လျှာဖြင့် အာခေါင်ကို ထိ လျက် စိတ်ဖြင့် စိတ်ကို နှိပ်သော, ဖျစ်ညှစ်သော, ပင်ပန်း စေသော ရဟန်းအား ရာဂ ·ဒေါသ ·မောဟ စိတ်ညစ်များ ကင်း ပျောက် ကုန်ကာ တည်ငြိမ်သော စိတ်ကိုရ၏"ဟု ဆိုခဲ့၏။

ဝိသုဒ္ဓိမဂ်ဆရာ ရှင်ဗုဒ္ဓ ဃောသကမူ "ပေးကမ်း လှူဒါန်း ခြင်းသည် မယဉ်ကျေးသူကို ယဉ်ကျေး စေတတ်ကာ အလုံးစုံ သော ကျေးဇူးတို့ကို ပြီးစေသည်" ဟူသော ဗုဒ္ဓ၏ဟောကြား ချက်တခုကို ညွှန်းကာ ရန်သူအား ပေးကမ်းပါ၊ ပေးကမ်းမှုဖြင့် ရန်သူက သင့်ကို တုံ့ပြန်ချက် ရကာ ပြေငြိမ်း နိုင်သည် ဟုပင် နည်းတနည်း ညွှန်သေးသည်။

ဒေါသ ပြေငြိမ်းနည်းကို အောင်မြင်စွာ ရပါက၊ မေတ္တာ တရားသည် အလိုအလျောက် ရရှိတော့သည်။ မေတ္တာ ပွါးခြင်း ဖြင့် ဆက်၍ မိမိစိတ်ကို နူးညံ့အောင် ပြုရမည် ဖြစ်သည်။

မေတ္တာဟူသော ပါဠိစကားလုံးကို အချို့က အချစ်ဟု ဘာ သာပြန်၏။ အချစ်ဟူသော စကားလုံးထက် ကျယ်ပြန့် သဖြင့်၊ မေတ္တာ ဟူသော စကားလုံးကို မေတ္တာ ဟူ၍ပင် သုံးသင့်၏။ မေတ္တာဟူရာ၌ သုံးမျိုးခွဲနိုင်သေး၏။ လင်ချစ် မယားချစ် တပ် မက်မှုနှင့် ယှဉ်သော မေတ္တာ၊ သားချစ်, သမီးချစ်, မောင်ချစ်, နှမချစ်, တအိမ်တည်း အတူ နေမှုမှ ပေါက်ပွါးသော မေတ္တာ နှင့် တဖက်လူထံမှ မည်သည့် အကျိုးအမြတ် ကိုမျှ မမျှော်ကိုး မရလိုဘဲ တဖက် လူကောင်းမှု စံစား ခံစားရသမျှကို ကြည်နူး သော မေတ္တာဟူ၍ သုံးမျိုးကွဲ၏။ နောက်ဆုံး အမျိုးသာ အမွန် မြတ်ဆုံး မေတ္တာဖြစ်သည်။

ထိုမှန်မြတ်လှသော မေတ္တာနှင့် သတ္တဝါ အားလုံးကို ပို့သနိုင်ရမည်။

မေတ္တာပို့ရာ၌ ကြီးသောသူ၊ ငယ်သောသူ၊ ပုသောသူ၊ တွား၍သွားသူ၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ ခြေအများ၊ ရေသတ္တဝါ၊ ကုန်းသတ္တဝါ စသည်ဖြင့် သက်ရှိ သတ္တဝါ အားလုံးတို့သို့ ရည်စူး၍ပို့ရမည်။

ပညာရင့်သူ-မရင့်သူ-မိန်းမ-ယောကျ်ားစသည်ဖြင့် ပုဂ္ဂိုလ်အစားစား ခွဲ၍ ရည်စူးကာ မေတ္တာပို့ရမည်။

အရှေ့,အနောက်,တောင်,မြောက်တို့နှင့်တကွသော အရပ်ဆယ်မျက်နှာရှိ သတ္တဝါများကို ရည်စူးကာ မေတ္တာ ပို့ရ မည်ဟု သက်ရှိသတ္တဝါမှန်သမျှ အကြွင်းအကျန်မရှိ မေတ္တာစိတ် ထားရန် ညွှန်ထားသည်။

သက်ရှိသတ္တဝါအားလုံး ပျံ့နှံ့အောင် မေတ္တာပို့သရာ၌ ထိစ်ငေါ့မှုများ၊ ဘေးချော်မှုများ မရှိအောင် မေတ္တာ ပို့သနည်းမှာလည်း အဆင့်ဆင့် ရှိသေး၏။

ချစ်သူ၊ မချစ်သူ၊ အလယ်လူ၊ ရန်သူ၊ သေသူ နှင့် လိင်မတူသူတို့ကို စ၍မေတ္တာမပို့သင့်ပေ။ ချစ်သူနှင့် ရန်သူကို မေတ္တာပို့ပါက စွဲလမ်းတပ်မက်မှုဘက်သို့ ရောက်သွားတတ်သည်။ မချစ်သူ-အလယ်လူနှင့် သေသူတို့ကို မေတ္တာတရား စ၍ပို့ရန်မှာ များစွာပင်ပန်းသည်။ မချစ်သူ အပေါ် မေတ္တာစိတ် ပို့ရန်မှာ သိပ်ခက်ခဲသည်။ အထူးအားထုတ်မှ မေတ္တာဓါတ်ရ၏။

No 27

မေတ္တာပို့ရာ၌ ပဌမဆုံး မိမိကိုယ် မိမိပို့ရမည်။ မိမိ၏ ဖြစ်လိုစမြဲဆန္ဒအတိုင်း မိမိသည် ရန်မရှိသည်ဖြစ်ပါစေ။ ကြောင့်ကြ ဗျာပါဒကင်းသည် ဖြစ်ပါစေ၊ ဆင်းရဲမှုမရှိ ချမ်းသာကာ မိမိ အလိုကျ ဆောင်ရွက် နိုင်ပါစေဟု မိမိကိုယ် မိမိ စ၍ မေတ္တာ ပို့ရမည်။

ဒုတိယ မိမိကြည်ညိုသူ(ဆရာ)ကို မေတ္တာပို့ပြီးမှမေတ္တာဒါတ် စင်ကြယ်စွာ ပေါက်ဖွါးချိန်၌ ချစ်သောသူကို တတိယ၊ အလယ် လူကို စတုတ္ထ အဆင့်ဆင့်ပို့ပြီးနောက်၊ မေတ္တာဓါတ် ရင့်သန်လာ ချိန်၌ မုန်းသူ-မချစ်သူကိုပါ ပဉ္စမအကြိမ် ဆက်၍ ပို့ရမည်။

ထိုမှတဆင့် သတ္တဝါအားလုံးကို မေတ္တာပို့ရမည်။

သို့ မေတ္တာတရား ပွါးများသူအား....

၁ ချမ်းသာစွာ အိပ်ပျော်ခြင်း။

၂ ချမ်းသာစွာ အိပ်ရာမှ နိုးခြင်း။

၃ ယုတ်ညံ့သော အိပ်မက်မမြင်။

၄ လူတို့ ချစ်ခင်သည်။

၅ ထိုမေတ္တာရှင်အား အဆိပ်ဓါတ် လက်နက် စသည်တို့ မစူးယှနိုင်။

၆ စိတ်သည် လျှင်စွာတည်တန့်၏။

၇ မျက်နှာအဆင်းသည် အထူးကြည်လင်၏။

၈ မတွေဝေဘဲ သေရ၏။

စသော "လက်ငင်း လက်တွေ့ အကျိုးများကို ရနိုင်သည်ဟု ဗုဒ္ဓက ဟောခဲ့၏" (ပဋိသမ္ဘိဒါမဂ်)

မေတ္တာ၏အကျိုးသည် ဒုက္ခမီးတို့မှ မုချ လွတ်မြောက်ရေး တရား စင်စစ်ကား မဟုတ် သော်လည်း၊ ထိုလွတ်မြောက်ရေး တရားဆီသို့ ဦးတည် ချီတက်ရာ၌ မေတ္တာ စိတ်သည် အခြေခံ သန့်ရှင်းသော စိတ်ဖြစ်သည်။

မေတ္တာတရား ပွါးများချိန်တွင် ပွါးများသူ အဖို့ မုန်းတီးမှု ဒေါသ၊ ညစ်ညမ်းသောရာဂနှင့် တွေဝေသောမောဟ ကင်းကွာ နေသည်။ ထိုအချိန်၌ ရန်သူကိုပင် ကြင်နာမှုရှိ နေပြီ ဖြစ်ရာ၊ သူ့အဖို့ ရန်မရှိ တော့ပြီရန်သူ၏ ညှဉ်း ပမ်းမှု, နှောင်ဖွဲ့မှု, နှိပ် စက်မှုစသည်တို့ ခံစားနေရသူ ဖြစ်စေကာမူ- ရန်သူ့ အပေါ် မေတ္တာ ပွါးနေချိန်၌ ညှဉ်းပန်း ခံရမှု၊ နှိပ်စက် ခံရမှု၊ နှောင်ဖွဲ့ ခံရမှုတို့သည် ပြေပျောက် သွားသည်။ သူ့ အဖို့ ငြိမ်းချမ်းရေးကို လက်တွေ့ လက်ငင်း ရနေလေတော့သည်။

မေတ္တာ ပွါးချိန်၌ ရန်သူ၏ ရန်ပြုမှုပင် မပေါက်ရောက်ခြင်း သည် လက်ငင်း လက်တွေ့ အကျိုးပင် ဖြစ်သည်။ သား သမီး ငယ်ကို မေတ္တာ တစိမ့်စိမ့်ယိုစီးကာ မေတ္တာ ပွါးရင်း နို့ချိုတိုက် ကျွေးနေသော မိခင်, နွားမကြီးအား တုတ် စသည် လက်နက် တို့နှင့်နာကျင်အောင်မပြုနိုင်၊ ပြုရက်မည်မဟုတ်ပေ။ ပြုလျှင်လည်း လက်နက် မစူးဟု အဆိုရှိသည်။

အဖန် တလဲလဲ မေတ္တာ ပွါးများ ပြီးသူ၊ မေတ္တာ၌ အထုံ ပါ ပြီး မေတ္တာဓါတ် ရင့်သန်သူ၏ စိတ်ဓါတ်သည် ဘုရား,ရဟန္တာ တို့၏ စိတ်ဓါတ် ကဲ့သို့သော ရင့်သန်မှုကို ရသည်။

ဗုဒ္ဓသည် သူ့အား သေကြောင်း ကြံသူ - ဒေဝဒတ် အပေါ် ၌ရင်း၊ သူ၏သား ရာဟုလာ အပေါ်၌ရင်း၊ တူညီသော စိတ်

သဘော ရှိသည်၊ တူညီသော မေတ္တာ မွန်ကို ထားသည် ဟု ဆို၏။

မေတ္တာ ဓါတ် ရင့်သန်သူသည် ချစ်သူ- မချစ်သူ- အလယ် လူတည်းဟူသော အဖေါ် သုံးဦးနှင့် လှေလမ်းခရီး သွားအံ့၊ လမ်း၌ လှေနစ်လုလုဖြစ်၍ လှေပေါ်ရှိ လူလေးဦးအနက်တဦးကို ရေ၌ ကျခဲ့ရမည် ဆိုပါက၊ မည်သူ့ကို ကျမည်နည်း၊ ငါပင် ရေ၌ ခုန်ချအံ့ဟု အနစ်နာခံမည် ဟူသောဆုံးဖြတ် ချက်သည် သူမြတ် တို့၏ လမ်းစဉ်ဖြစ်သည်ဟု သာမန်အားဖြင့် ယူဆဘွယ်ဖြစ်၏။ အကယ်၍ မေတ္တာ ဓါတ်မရင့်ကျက်သည် ဖြစ်အံ့၊ ပဌမ ရန်သူ ကို သေစေမည်၊ ဒုတိယ အလယ် လူကို သေစေမည်၊ တတိယ ချစ်ခင် သူကို သေစေမည်၊ စတုတ္ထမှ မိမိ အသက်ဟု အဆင့်ဆင့် ဆုံးဖြတ် ပေမည်။

မေတ္တာဓါတ် ပေါက်ရောက်ပြီး သော သူအဖို့မူ- မိမိသည် ၎င်း၊-'ချစ်ခင်သူသည်၎င်း၊အလယ်လူသည်၎င်း၊ စိတ်စေတနာ၌ အတူတူသာ ဖြစ်သည်။ မည်သူ့အပေါ်မှ မဲတင်း၍မရဘဲရှိမည်။ မည်သူ့ကို၍ သေစေရန် သူကရွေးချယ်မှု မပြုနိုင်ပေ၊ မိမိကိုယ် နှင့်ရန်သူပင် ခွဲခြားခြင်းမပြုတော့သည့် မေတ္တာမွန်သို့ စင်ကြယ် စွာရောက်နိုင်ရန် အားထုတ်ရမည်ဖြစ်၏။

သို့မှသာ အဆင့် ဆင့် တက်ရမည်ဖြစ်သော ပေါက်ရောက် မှုလမ်းစဉ်ကို ကျင့်သုံးနိုင်ပေမည်။

မေတ္တာ ဓါတ်ခံ ရင့်သန်ပြီး သိမ်မွေ့ နူးညံ့သော ဗုဒ္ဓဝါဒီ သည် အဆင့် ဆင့်သော လမ်းစဉ်တို့ကို ကျင့်ဆောင် ခြင်းဖြင့် ဒုက္ခမီးတို့ကို ငြိမ်းသတ် နိုင်သည်။

အဆင့်ဆင့်သော ကျင့်စဉ် တို့ကို ဆက်၍ လေ့လာ ကြ ပါစို့....

## အကြောင်း အကျိုး၊ အပြန်အလှန်

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက်၊ ၄၉ ရက်ပတ်လုံးမိမိသိရှိသောအသိဉာဏ်၏ အပေါ်တွင် ပီတိဖြစ်ကာ၊ထိုအသိဉာဏ်ကို အဖန်ဖန်လဲလဲ သုံးသပ် နေလေသည်။

အတိုင်းမသိ-တန္တိုင်းမရှိ ထူးခြားသော အသိဉာဏ်အမြင်ကို ရသော ဗုဒ္ဓသည် သူ၏အသိဉာဏ်ကို အပြန်ပြန် အလှန်လှန် သုံးသပ် ရာ၌၊ ပဋ္ဌာန- ရက်သတ္တပါတ် ကုန်ဆုံးသော ညဥ့်ကညဥ့် ဦးယာမ် ပတ်လုံး အကြောင်းကိုစွဲ၍ အကျိုး ဖြစ်ရခြင်း[၁] တရား သဘောကို အပြန်ပြန် အလှန်လှန်[၂] အသေးစိတ် သုံးသပ် ဆင်ခြင် လေသည်။

— မသိခြင်း ဟူသော အကြောင်း ကြောင့်၊ ပြုပြင် စီရင်ခြင်းတို့ ဖြစ်ကုန်၏။

— ပြုပြင် စီရင်ခြင်းအကြောင်းကြောင့်၊ အသိ အသက်တို့ ဖြစ်ကုန်၏။ (မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အသိ)

— အသိ အသက်တို့ အကြောင်းကြောင့်၊ ရုပ်နှင့် စိတ်တို့သည် ဖြစ်ကုန်၏။

---

၁ ပဋိစ္စသမုပ္ပါဒ်။ ၂ အနုလုံပဋိလုံ။

— ရုပ်နှင့် စိတ်တို့ အကြောင်း ကြောင့်၊ သံသရာ ရှည်စေကြောင်း တရား ခြောက်မျိုးတို့ တည်ရာ ဖြစ်ကုန်၏။ (အဆင်း၊ အနံ့၊ အသံ၊ လျှာ အရသာ၊ အတွေ့ အထိ အရသာနှင့် စိတ်တွေးတောမှု အရသာ ခြောက်မျိုး)
— သံသရာရှည်စေကြောင်းတရား ခြောက်မျိုးတို့ တည်ရာ အကြောင်းကြောင့် တွေ့ထိမှုတို့ ဖြစ်ကုန်၏။
— တွေ့ထိ မှုတို့ အကြောင်းကြောင့် ခံစားခြင်းတို့ ဖြစ်ကုန်၏။
— ခံစားခြင်းတို့ အကြောင်း ကြောင့်၊ တပ်မက် ခြင်းတို့ ဖြစ်ကုန်၏။
— တပ်မက်ခြင်းတို့ အကြောင်းကြောင့်၊ စွဲလမ်း ခြင်းတို့ ဖြစ်ကုန်၏။
— စွဲလမ်းခြင်းတို့ အကြောင်းကြောင့်၊ ဖြစ်စေ ကြောင်း ကံသည် ဖြစ်ကုန်၏။
— ဖြစ်စေကြောင်း ကံအကြောင်းကြောင့်၊ ဖြစ်ခြင်း တို့သည် ဖြစ်ကုန်၏။
— ဖြစ်ခြင်းတို့ကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။

တဖန်ထိုသဘောတရားကို အပြန် အလှန် သဘောနှင့် သုံးသပ်ပါမူ....

— မသိခြင်းကို သိမှုနှင့် ချုပ်ခြင်းဖြင့် ပြုပြင် စီရင် ခြင်းတို့ ချုပ်၏။

— ပြုပြင်စီရင်ခြင်းတို့ ချုပ်ခြင်းကြောင့်၊ အသိ အသက်တို့ ချုပ်၏။

— အသိအသက်တို့ချုပ်ခြင်းကြောင့်၊ ရုပ်နှင့်စိတ်တို့ချုပ်၏။

— ရုပ်နှင့် စိတ်တို့ ချုပ်ခြင်းကြောင့်၊ သံသရာ ရှည်စေကြောင်းတရား ခြောက်မျိုးတို့ ချုပ်၏။

— သံသရာရှည်စေကြောင်းတရား ခြောက်မျိုးတို့ချုပ်ခြင်းကြောင့်၊ တွေ့ထိမှု ချုပ်၏။

— တွေ့ထိမှု ချုပ်ခြင်းကြောင့်၊ ခံစားခြင်း ချုပ်၏။

— ခံစားခြင်း ချုပ်ခြင်းကြောင့်၊ တပ်မက်ခြင်း ချုပ်၏။

— တပ်မက်ခြင်း ချုပ်ခြင်းကြောင့်၊ စွဲလမ်းခြင်း ချုပ်၏။

— စွဲလမ်းခြင်း ချုပ်ခြင်းကြောင့်၊ဖြစ်ကြောင်းကံ ချုပ်၏။

— ဖြစ်ကြောင်းကံ ချုပ်ခြင်းကြောင့်၊ ဖြစ်ခြင်းချုပ်၏။

— ဖြစ်ခြင်းချုပ်ခြင်းကြောင့်၊ အိုခြင်း, သေခြင်း, ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့ ချုပ်ကုန်၏။

မသိခြင်းအကြောင်းကို အရင်းခံမှုဖြင့်၊ ဆင်းရဲမှုသို့ ရောက်သည်။ သိခြင်း အသိဉာဏ်ဖြင့် ဆင်းရဲခြင်းမှုချုပ်နိုင်သည် ဟူသော အကြောင်းကို စွဲ၍ အကျိုး ဖြစ်ရခြင်း တရားကို အပြန်ပြန်အလှန်လှန် သုံးသပ် နှလုံးသွင်းပြီးနောက်၊ မိမိတွေ့ရှိသော အသိဉာဏ်အပေါ်၌ ဝမ်းမြောက်ကြည်နူးကာ တကိုယ်တည်း ဥဒါန်းကျူးရင့်လိုက်လေသည်။

ဘုရားရဟန္တာတို့သည် ညစ်နွမ်းသော မကောင်းမှုကို ပယ်ရာ၌၊ မဂ်၏အသင်းအပင်း¹ တရား ၃၇-ပါး တို့သည် ဖြစ်ပေါ်ကုန်၏။ ထိုမှတဆင့် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ရခြင်းတရားကိုသိသည်။ တဖန် ထိုသိသော တရားအရ မသိခြင်း တရားကို ပယ်ဖျောက်နိုင်သည်၊ နိဗ္ဗာန်ကိုသိလိုက်သည်၊မကောင်းမှု အားလုံး ပယ်လိုက်သည် တို့ကို ဗုဒ္ဓက သုံးကြိမ်သုံးခါ ဆင်ခြင်ပြီး ဥဒါန်းကျူးရင့်၏။

ပဌမ ကျူးရင့်သော ဥဒါန်းမှာ

"ကိလေသာကို ပူပင်စေတတ်သောလုံ့လရှိသော၊မကောင်းမှုကို ရှို့မြိုက်တတ်သော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား မဂ်၏ အသင်းအပင်းတရား သုံးဆယ့်ခုနစ်ပါး တို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ အကြောင်းနှင့် တကွဖြစ်သော အကြောင်းကို စွဲ၍ အကျိုးဖြစ်ရခြင်း တရားကို အပြားအားဖြင့် သိသောကြောင့်၊ထိုရဟန္တာအား ယုံမှားခြင်း အားလုံး တို့သည် ကင်း ပျောက် ကုန် ၏"
(မဟာဝဂ်-မဟာခန္ဓက)

## ထွက်ရပ်ပေါက် လမ်းစဉ် ၃၇-ပါး။

ဗုဒ္ဓက -ပဌမ ဦးဆုံး ကျူးရင့်သော ဥဒါန်းမှ-အသိဥာဏ် လမ်းစဉ်တရား ၃၇-ပါးသည်၊ ဗုဒ္ဓလမ်းစဉ်၏ အချုပ်ဖြစ်သည်။ ဗုဒ္ဓ၏လမ်းစဉ် ဖြစ်သော သီလ-သမာဓိနှင့် ပညာကို ထိုတရား

---

၁ ဗောဓိပက္ခိယ-မဂ်၏အသင်းအပင်း၊ ထွက်ရပ် လမ်း၏ အပေါင်းအဖော်။

၃၇-ပါးနှင့်ပင်ရရှိနိုင်သည်။ ပေါက်ရောက်မှုမှာလည်း ထိုတရား ၃၇-ပါးကို သိမြင်ကျင့်သုံးမှုသာ ဖြစ်သည်။

ထိုသို့အရေးပါလှသော တရား ၃၇-ပါးတို့မှာ....

**သတိပဋ္ဌာန် ၄-ပါး**

၁ ရုပ်ကို ရှုမှတ်ခြင်း (ကာယာနုပဿနာ)။ ၂ ခံစားမှု၌ ရှုမှတ်ခြင်း (ဝေဒနာနုပဿနာ)။ ၃ အသိစိတ် ဖြစ်ပေါ် မှု၌ ရှုမှတ်ခြင်း (စိတ္တာနုပဿနာ)။ ၄ ရုပ်,စိတ်,စိတ်သဘော,မှတ်သားမှု,ခံစားမှု သဘောတရားတို့ကိုရှုမှတ်ခြင်း(ဓမ္မာနုပဿနာ)

**သမ္မပ္ပဓာန် ၄-ပါး**

၁ မဖြစ်သေးသော မကောင်းမှုကို မဖြစ်အောင် ထိန်းသိမ်း အားထုတ်ခြင်း။ ၂ ဖြစ်ပြီးသော မကောင်းမှုကို စွန့်ပယ်ခြင်း။ ၃ မဖြစ်သေးသောကောင်းမှုကို ဖြစ်အောင် အားထုတ်ခြင်း။ ၄ ဖြစ်ဆဲ ဖြစ်ပြီး ဖြစ်လတံ့သော ကောင်းမှုကို ရှေ့ရှု ပွါး များခြင်း။

**ဣဒ္ဓိပါဒ် ၄-ပါး**

၁ အလိုဆန္ဒကိစ္စ ပြီးပြတ်ခြင်း။ ၂ စိတ်ကိစ္စ ပြီးပြတ်ခြင်း။ (သန္နိဋ္ဌာန်ချမှတ်ခြင်း) ၃ အားထုတ်မှု၌ ပြီးပြတ်ခြင်း။ ၄ အမှန်သိမှု၌ ပြီးပြတ်ခြင်း။

**ဣန္ဒြေ ၅-ပါး**

၁ ယုံကြည်မှု၌ အစိုးရခြင်း။ ၂ အားထုတ်မှု၌အစိုးရခြင်း။ ၃ အမှတ်သတိ၌ အစိုးရခြင်း။ ၄ တည်ငြိမ်မှု၌ အစိုးရခြင်း။ ၅ သိမှု၌ အစိုးရခြင်း။

No, 28

ဗိုလ် ၅-ပါး

၁ ယုံကြည်မှု အားကြီး ခြင်း။ ၂ ကြိုးစား အားထုတ်မှု အားကြီးခြင်း။ ၃ အမှတ်သတိ အားကြီးခြင်း။ ၄ တည်ငြိမ်မှု အားကြီးခြင်း။ ၅ သိမှု အားကြီးခြင်း။

ဗောဇ္ဈင် ၇ ပါး

၁ အမှတ်သတိရှိခြင်း။ ၂ စိစစ်ဝေဘန်ခြင်း။ ၃ အားထုတ်ခြင်း။ ၄ နှစ်သိမ့်ခြင်း။ ၅ ငြိမ်းခြင်း။ ၆ တည်ငြိမ်ခြင်း။ ၇ သုခဒုက္ခတို့မှ လွတ်ခြင်း (ဥပေက္ခာ လစ်လျူရှုမှု)

မဂ္ဂင် ၈–ပါး

၁ အမြင်မှန်ခြင်း။ ၂ အတွေးမှန်ခြင်း။ ၃ အပြော မှန်ခြင်း။ ၄ အလုပ်မှန်ခြင်း။ ၅ အသက်မွေးမှု မှန်ခြင်း။ ၆ အားထုတ်မှုမှန်ခြင်း။ ၇ သတိပြုမှုမှန်ခြင်း။ ၈ တည်ငြိမ်မှုမှန်ခြင်း။

ဗုဒ္ဓ ပဌမဆုံး ကျူးရင့်သော ဥဒါန်းလာ အရေးပါလှသည့် ဉာဏ် အမြင် လမ်းစဉ်တရား ၃၇ ပါးတို့မှာ အထက် ဖော်ပြပါ တရားများသာ ဖြစ်သည်။ လက်ငင်း လက်တွေ့ ဗုဒ္ဓလမ်းစဉ်၏ အချုပ်တရားများသာ ဖြစ်သည်။

မာတိကာညွှန်း သဖွယ် ခေါင်းစဉ် ဖြင့်သာ ဖော်ပြသော ထိုတရား ၃၇ ပါးတို့ကို အကျယ်ကို သိနားလည်ရန် အတွက်၊ ဗုဒ္ဓတရားတော်တို့ကို ဆက်လက် လေ့လာရပေဦးမည်။

ဗုဒ္ဓ၏တရားတော်တို့ကို ဆက်၍ လေ့လာရေး၌၊ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင် ရှိသည်အထိ ကျယ်ဝန်း များ

ပြောလှသည်။သာမန်အရပ်သားတဦးအဖို့၊ ပိဋကတ်သုံးပုံတည်းဟူသော တရားသမုဒ္ဒရာအတွင်းသို့ ချဉ်းနင်းကူးခတ်နန်မှာ ခက်ခဲလှသည်။ ထိုအထဲတွင် ပိဋကတ်တော်၌ပင် ရောနှောဖြည့်စွက်မှုများလည်း ရှိပြန်သည်။

သို့သော် ဗုဒ္ဓဘာသာဝင်အဖြစ်၊ ဗုဒ္ဓ၏ တရားတော်ကို ဆည်းကပ်ပါ၏ဟု ကိုးကွယ်မှုပြုထားသူသည် တရားတော်ကို မူ သိရပေမည်။ သိသင့် သိထိုက်သော တရားတော်ကို ရှာပါလျှင် မြန်မာ ဗုဒ္ဓဘာသာဝင် တဦးအနေနှင့် မသင်မနေရ၊မတတ်မနေရ၊ မသိမနေရ၊ တရားကြီး သုံးပုဒ် ရှိလေသည်။

ထိုတရားတော် သုံးပုဒ်မှာ ၁ ဓမ္မစကြာသုတ်၊ ၂ အနတ္တလက္ခဏာသုတ်နှင့် ၃ မဟာ သတိပဋ္ဌာန် သုတ်တို့ ဖြစ်သည်။ ထိုသုတ်များကို သင်ရမည်၊ တတ်ရမည်၊ သိရမည်ဆိုရာ၌၊ အတိအကျ နားမလည် ဘဲနှင့် ပါဠိဘာသာဖြင့် ရွတ်ဖတ်နိုင်မှုကို မဆိုလို။ မိမိမွေးဖွါးစဉ်ကစ၍ ဆိုခဲ့သော မြန်မာဘာသာ ဖြင့် အဓိပ္ပါယ်ကို သိရမည်ဖြစ်သည်။ မြန်မာဘာသာဖြင့် သိမှသာ နားလည်မှသာ ကျင့်ဆောင် နိုင်မည်။ ကျင့်ဆောင်နိုင် မှသာ လွတ်မြောက်ရေးကို ရောက်ရှိနိုင်မည်။ လက်ငင်းလက်တွေ့ ခံစားရသော ဒုက္ခမီး အေးငြိမ်းကာ၊ ငြိမ်းချမ်းရေးကို ရနိုင်ပေမည်။

ထို့ကြောင့် ထိုသုတ်သုံးသုတ်ကို မြန်မာဘာသာဖြင့် လေ့လာကြပါစို့။

## ဓမ္မစကြာ

''ဓမ္မသည် မတုန်မလှုပ် တည်လျက် ဖြစ်စေသောကြောင့် ဓမ္မစကြာ မည်၏။ နိဗ္ဗာန်သည် ပြီးဆုံးခြင်း သဘော အားဖြင့်

ဓမ္မတည်း။ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာ ပည်၏။ (ပဋိသမ္ဘိဒါမဂ် ဓမ္မစက္ကကထာ)

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီး နောက်၊ သူ၏တရားတော် တို့သည် နူးညံ့ သိမ်မွေ့ သည် နက်နဲ သည် ဖြစ်လေရာ နားလည် နိုင်သူ ရှိမည် မဟုတ်ဟု ယူဆကာ - တရား မဟောတော့ဟုပင် ဆင်ခြင်ခဲ့ သေးသည်။ နောက်မှတဖန် ထပ်ပံ စဉ်းစားကာ အသိဉာဏ် ရင့်သူသည် သူ၏တရားကို နားလည်နိုင်ပေမည်ဟု ယူဆကာ တရားဟောရန် ဆုံးဖြတ်ခဲ့သည်။

ပဌမဆုံး ဗုဒ္ဓဟောကြားသော တရားမှာ- ဓမ္မကြာ တရားဖြစ်သည်။

အစာမစားဘဲ ကျင့်ဆောင်ရာမှ အစာ ပြန်စား သဖြင့်၊ တရား မ ပေါက် နိုင်တော့ဟု ယူဆကာ စွန့်ခွါသွား သော ရဟန်းတပည့်ငါးပါးတို့ ထံသို့ လိုက်၍ ဟောပြောသော တရားဖြစ်သည်။

ဓမ္မစကြာ တရား သဘောသည် ဘုရားပွင့်သည် ဖြစ်စေ၊ မပွင့်သည် ဖြစ်စေ၊တည်ရှိနေသည်။ လူသားတို့သည် ဘုရားပွင့်သည်နှင့် ကြုံမှသာ သိကြသည်။ ဗုဒ္ဓအဖြစ် ပေါက်ရောက်သိရှိမှသာ ၎င်း၏ ညွှန်ကြားချက်နှင့် လူတို့ သိကြသည်။

ဓမ္မစကြာ တရားကို ဗုဒ္ဓက · ရဟန်း တပည့် ငါးဦးတို့အားဟော ရာ၌၊ ပဌမဆုံး အစွန်းနှစ်ပါးကို မှီဝဲတည် နေမှု မပြုနှင့် ဟု ဆို၏။

ရွာသူရွာသားများ ကဲ့သို့ အိုးအိမ် တည်ထောင်ပြီး ကာမဂုဏ် တရားတို့ကို အဖန်တလဲလဲ ခံစားပြီး အားထုတ်ခြင်းသည် ကိုယ်စိတ်၏ဆင်းရဲခြင်းကိုဖြစ်စေတတ်သည်၊သူမြတ်တို့၏အကျင့်

မဟုတ်။ သို့ကျင့်ခြင်းသည် ရှောင်သင့်သော အစွန်း တရား တခုပင်။

ထို့အတူ (ကာမဂုဏ် ကင်းပရန် ကျင့်ခြင်း ဟုဆိုကာ) မိမိကိုယ် မိမိညှဉ်း ပန်းသော (ရေငုတ် ·တုံးခုန် ·မီးလှုံ ·ဇယ်ခတ် အကျင့်မှ၊ ဆူးနင်းခြင်း စသော အကျင့်မျိုး)အကျင့်သည်လည်း ရှောင်သင့်သော အစွန်းတရား တခုပင်။

ကာမဂုဏ် ညစ်နွမ်းမှု ပ ပျောက်ရန် ထိုအစွန်း နှစ်ပါးသော တရားတို့ကို ပယ်ကာ အလယ်အလတ် ကျင့်စဉ်ဖြင့် ကျင့်ရမည်။ ပညာမျက်စိ ဉာဏ်အမြင်နှင့် သစ္စာတရား လေးပါးကို သိရန် အားထုတ်ပြီး နိဗ္ဗာန်ငြိမ်းချမ်းမှုကို မျက်မှောက် ပြုအပ်သည်။

အလယ်အလတ် ကျင့်စဉ်သည်၊အင်္ဂါရှစ်ပါးရှိသော သူမြတ်တို့၏ လွတ်မြောက်မှု လမ်းခရီးတည်း။ ၁ အမြင် မှန်ခြင်း။ ၂ အတွေးမှန်ခြင်း။ ၃ အပြော မှန်ခြင်း။ ၄ အလုပ် မှန်ခြင်း။ ၅ အသက်မွေးမှုမှန်ခြင်း။ ၆ အားထုတ်မှု မှန်ခြင်း။ ၇ သတိပြုမှု မှန်ခြင်းနှင့် ၈ တည်ကြည်မှုမှန်ခြင်း လမ်းစဉ်ရှစ်ခုတို့ဖြင့် သစ္စာလေးပါးကို ရှုကာ နိဗ္ဗာန်ကို မျက်မှောက် ပြုရမည်။

မှန်ကန်ခြင်း သစ္စာတရားကား လေးပါးရှိသည်။ သူမြတ်တို့ မြင်ရှုရမည့် ပဌမ အမှန်တရားမှာ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရားပင်ဖြစ်သည်။ ပဋိသန္ဓေ တည်ရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မချစ်သူနှင့် နေရခြင်း၊ ချစ်သူနှင့် ကွဲရခြင်း၊ လိုရာမရခြင်း တို့သည် ဆင်းရဲကုန်၏။ အကျဉ်းအားဖြင့် မျက်စေ့, ·နား, နှာခေါင်း, လျှာ, ကိုယ် နှင့် စိတ် တည်းဟူသော

စွဲလမ်းမှုကို ဖြစ်စေသော ခန္ဓာငါးပါး တို့သည် ဆင်းရဲကုန်၏။ ဆင်းရဲခြင်းသာ အမှန် တရား ရှိကုန်၏။ သူမြတ် တို့သည် ထိုဆင်းရဲခြင်း သစ္စာကို သိအပ်၏။

ဒုတိယ မှန်ကန်ခြင်း သစ္စာတရားမှာ ဆင်းရဲခြင်း ဖြစ်ရာ အကြောင်းမှန်တရား၊ သမုဒယ သစ္စာတရားပင်ဖြစ်သည်။ ဆင်းရဲခြင်းဖြစ်ရာ အကြောင်းမှန် သစ္စာတရားတို့ကား အဘယ်နည်း၊ တပ်မက်မှုတို့ပင်တည်း။ တပ်မက်မှုတို့သည် ဘဝသစ်ကို ဖြစ်စေသည်။ အာရုံအမျိုးမျိုး၌ ကပ်ညှိသော နှစ်သက်ခြင်းနှင့် တပ်မက်ခြင်းတို့သည် အတူတကွ ဖြစ်ပေါ်ကြသည်။ နှစ်သက်မှုနှင့်အတူ တပ်မက်မှု သို့မဟုတ် လောဘ၊ သို့မဟုတ် လိုချင်မှုတို့သည် ပေါ်ပေါက်လာကုန်၏။

နှစ်သက်လိုချင်မှု လောဘသည် သုံးမျိုးရှိသည်။ အဆင်း, အနံ့, လျှာအရသာ, အသံ, ကိုယ်အတွေ့နှင့်စိတ်အတွေ့တို့အပေါ်တွင် အကြိမ်ကြိမ်အဖန်ဖန် နှစ်သက်တပ်မက်မှုသည် ကာမဂုဏ်တို့အပေါ် တပ်မက်မှု ကာမတဏှာပင် ဖြစ်သည်။

ငါ၏အဖြစ်၊ ငါ၏ဘဝသည် တည်မြဲ၏ဟု ယူဆကာ ထိုဘဝကလေးကို ခင်တွယ်နှစ်သက်မှု ရှိသည်၊ တပ်မက်မှု ရှိလာသည်၊ ဘဝကိုလိုချင်သော လောဘ ရှိလာသည်၊ ဘဝတဏှာပင် ဖြစ်သည် ။ဘဝဟူသည်မှာ မရှိ၊ ငါ့အဘို့ဒီဘဝပြီးက နောက်ဘဝကို မှုစရာမလိုဟု ဘဝကိုပြတ်ကာ (ထင်ရာပူ)သော အယူအဆနှင့် နောက်ဘဝ ရှိသေး၍ နောင်ဘဝ အတွက် ရည်ရွယ် တွေးဆလုပ်ဆောင်ခြင်းဟူ၍ ဘဝမပြတ်သော အယူအဆ၊ စွဲလမ်းမှု ဝိဘဝတဏှာဟူ၍ သုံးမျိုးရှိ၏။

ထို သုံးမျိုးသော တပ်မက်မှု တို့သည် ဆင်းရဲခြင်း ဖြစ်ကြောင်း သစ္စာတရား ဖြစ်သည်ကို သူမြတ်တို့သည် သိအပ်၏။

တဘိယ မှန်ကန်ခြင်း သစ္စာတရားမှာ ဆင်းရဲခြင်း ချုပ်ရာ သူမြတ်တို့၏ အမှန်တရား နိရောဓ အရိယသစ္စာပင် ဖြစ်သည်။ ဆင်းရဲခြင်းချုပ်ငြိမ်းရာ သစ္စာတရားကား နိဗ္ဗာန်ပင် ဖြစ်တော့သည်။ တပ်မက်ခြင်းတဏှာတို့ အကြွင်းမဲ့ ပျောက်ကင်း ချုပ်ငြိမ်းရာ၊ စွဲမက်မှုစွန့်လွှတ်ရာ၊ လိုချင်မှုလောဘတို့ကို စွန့်ပယ်လွတ်မြောက်ရာ၊ မကပ်ညိရာ နိဗ္ဗာန် သည်သာ ဆင်းရဲခြင်း ချုပ်ရာ သစ္စာတရားဖြစ်သည်ကို သူမြတ်တို့ သိအပ်၏။

စတုတ္ထ မှန်ကန်ခြင်း သဘောတရားမှာ ဆင်းရဲခြင်း ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းစဉ် "မဂ္ဂ အရိယသစ္စာ" တရားပင် ဖြစ်သည်၊ ဆင်းရဲခြင်းချုပ်ရာ နိဗ္ဗာန်သို့ရောက်ရာ တရားမှာ သူမြတ်တို့၏ လမ်းစဉ် ရှစ်ရပ်ပင်ဖြစ်သည်။ အမြင်မှန်ခြင်း၊ အတွေးမှန်ခြင်း၊ အပြောမှန်ခြင်း၊ အလုပ်မှန်ခြင်း၊ အသက်မွေးမှုမှန်ခြင်း၊ သတိပြုမှန်ခြင်း၊ တည်ငြိမ်မှုမှန်ခြင်း တည်းဟူသော ရှစ်ပါးသော လမ်းစဉ် မှန်သည် ဆင်းရဲခြင်း ချုပ်ရာ နိဗ္ဗာန်သို့ သွားရာ တရားမှန်ပင် ဖြစ်သည်ကို သူမြတ်တို့သည် သိအပ်၏။

ရဟန်းတို့ ဆင်းရဲခြင်းသစ္စာတရားကို ငါသည် ထင်ရှားစွာ သိသည်၊ ငါ၏ဉာဏ်ဖြင့် မြင်သိသည်၊ ဘုရားမဖြစ်မီက မသိခဲ့သော ထိုတရားကို ထင်ရှားစွာ သိသည်။ ပိုင်းခြား၍ သိသည်၊ ငါသိကြောင်း အသိတရားကိုလည်း ငါသိသည်။

ထို့အတူ-ငါသည် ဆင်းရဲခြင်းဖြစ်ရာ အကြောင်းတရားကို ဉာဏ်အမြင်နှင့် သိသည်။ ထိုဆင်းရဲခြင်း ဖြစ်ရာ အကြောင်း

တရားကိုပယ်အပ်၏ ဟူ၍လည်း သိသည်။ ထိုဆင်းရဲခြင်းဖြစ်ရာ အကြောင်းတရားကို ပယ်ပြီးပြီဟုလည်း သိသည်။

တဖန် ဆင်းရဲခြင်း ချုပ်ရာတရားဖြစ်သော နိဗ္ဗာန်ကိုလည်း ငါသည် ဉာဏ်အမြင်ဖြင့် သိသည်။ ထိုဆင်းရဲခြင်း ချုပ်ရာ သစ္စာတရားဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုအပ်၏ ဟုလည်း ငါသိသည်။ ထိုဆင်းရဲခြင်းချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီ ဟုလည်း ငါသိသည်။

တဖန်တဲ့ ဆင်းရဲခြင်းချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အမှန်တရား သူမြတ်တို့ လမ်းစဉ်ကိုလည်း ငါသည် ဉာဏ်အမြင်ဖြင့် သိသည်။ ထိုဆင်းရဲခြင်းချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းတရားကို ပွါးများ အပ်၏ ဟုလည်း ငါသိသည်။ ထိုဆင်းရဲခြင်း ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ပွါးများ ပြီးပြီ ဟုလည်း ငါသိသည်။

ဘုရားမဖြစ်မီက ထိုတရားတွေကို ငါမကြားဘူးကုန်။

ထိုဆင်းရဲခြင်းသာ ရှိသည် ဟူသော တရား၊ ဆင်းရဲကြောင်း တရား၊ ဆင်းရဲမှု ချုပ်ရာ တရားနှင့် ဆင်းရဲမှု ချုပ်ရာအကျင့် လမ်းစဉ်တရား၊ သစ္စာတရား လေးပါးကိုသိခြင်း၊ ကျင့်ခြင်းနှင့် ကျင့်ပြီးခြင်း တည်းဟူသော အချက် ၁၂-ရပ်ကို မှန်ကန် စင်ကြယ်စွာ မသိမခြင်း ငါသည် ဘုရားဟု ဝန်ခံခြင်းကို မပြုခဲ့။

ဉာဏ်အမြင် စင်ကြယ်စွာနှင့် ထိုသစ္စာတရား လေးပါးနှင့် အချက် ၁၂-ချက်ကို အကြွင်းမရှိ သိသော အခါ၌၊ အလုံးစုံ

သောတရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိသော အတုမရှိသော ဉာဏ်တရားကိုရသည်။ အရဟတ္တမဂ်ဉာဏ်[၁] ကို ငါရသည်။

ငါသည် ထိုအတုမရှိသော ဉာဏ်အလင်းကိုရကြောင်း ဝန်ခံခဲ့သည်။ ငါ၏ ကိလေသာ ညစ်ညမ်းမှု တို့မှ လွတ်မြောက်မှု မပျက်မစီးနိုင်တော့ပြီ။ ငါ့အတွက် ဤဘဝသည် အဆုံးစွန်သော ဘဝတည်း။ ယခုအခါမှစ၍ ဘဝသစ် မဖြစ်တော့ပြီ ဟူသော

၁ အရဟတ္တ မဂ်ဉာဏ် ပေါက်သူသည် ၁ အယူလွဲမှု၊ ၂ ယုံမှားမှု၊ ၃ ဓလေ့အစဉ်အလာ စုံးနတ်စသည့် စွဲအလမ်းရှိမှု၊ ၄ အဆင်း, အနံ့, အသံ, လျှာ အရသာနှင့် ကိုယ်တွေ့ ငါးပါးကို တပ်မက်မှု၊ ၅ ဒေါသ၊ ၆ ရုပ်ဘဝတပ်စွန်းခြင်း၊ ၇ ရုပ်မဟုတ်ရာဘဝ တပ်စွန်းခြင်း၊ ၈ မာန၊ ၉ ပျံ့လွင့်ခြင်းနှင့် ၁၀ တွေဝေမသိခြင်းတည်း ဟူသော စွဲလမ်းမှု သံယောဇဉ် ဆယ်ပါး ပြတ်သည်။ တနည်းအားဖြင့် ၁ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ တို့ကို နှစ်သက်စွဲလမ်းခြင်း၊ ၂ လွဲသောအယူကို နှစ်သက်စွဲလမ်းခြင်း။ ၃ မိရိုးဖလာ ဓလေ့တို့ကို နှစ်သက် စွဲလမ်းခြင်းနှင့် ငါရှိ၏ဟု မိမိကိုယ်မိမိ စွဲလမ်းခြင်း တည်းဟူသော ဥပါဒါန် တရား လေးပါးလည်း ပြတ်သည်။

နိဗ္ဗာန်တရား ထွက်ရပ်ပေါက် ငြိမ်းချမ်းမှုတရားကို လက်ငင်းလက်တွေ့ ခံစားနိုင်သည်၊ အသိစိတ် ငါးပါးတို့ပြတ်သည်၊ စိတ်အတွေးလည်း ချုပ်ငြိမ်းသည်၊ သတိသာ ထင်ထင် ရှိပြီး အမြဲတည်ကြည်နေသည်၊ အိမ်နှင့်ယာနှင့် ငါ၏အသုံးအဆောင်ဟူ၍ မရှိတော့ဘဲ၊ ငါတည်းဟူသော ဘဝကိုပင် အဆုံးစွန် စွန့်လွှတ်ပြီးပြီဖြစ်ရာ၊ တွယ်တာမှုမှန်သမျှ ချုပ်ငြိမ်းတော့လေသည်။

No. 29

အသိဉာဏ်(ပစ္စဝေက္ခဏာဉာဏ်)သည်လည်း ထင်ရှား ဖြစ်ပေါ်ခဲ့လေပြီ။

ဤကား ဗုဒ္ဓက-ဘုရားအဖြစ် သူပေါက်ရောက်သောဉာဏ်အမြင်တရားကို ပဌမဆုံးဟောဆိုသော ဓမ္မစကြာတရားတည်း။

ဗုဒ္ဓအား ဝိုင်းပယ်ခဲ့သူ တပည့်ရဟန်း ငါးဦးတို့သည် ဗုဒ္ဓက သူ၏ကျင့်စဉ်ဖြင့် ရရှိပေါက်ရောက်သော အသိဉာဏ်ကို ထိုသို့ ထုတ်ဖော်ဟောကြားရာ၊နှစ်လိုစွာဖြင့် လက်ခံကြသည်။ဗုဒ္ဓသည် တရား ပေါက်လေပြီ၊ ဘုရား ဖြစ်လေပြီကို လက်ခံ ကြတော့သည်။

ငါးဦးသော ရဟန်းတို့တွင်၊ ဉာဏ်အမြင် ရင့်သူ ဖြစ်သော အသျှင် ကောဏ္ဍည သည် ဗုဒ္ဓ ဟောသော သစ္စာလေးပါး ဓမ္မစကြာတရားကို ပေါက်ရောက်စွာ သိမြင်သွားတော့သည်။

ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံ တို့သည် ချုပ်ခြင်း သဘောသာ ရှိကုန်၏ဟူသော ကိလေသာမြူ အညစ်အကြေး ကင်းသော တရားအမြင်လမ်းစဉ်ကို ရသည်၊ သောတာပတ္တိမဂ်ဉာဏ်ကိုရသည်။

(သောတာပတ္တိ မဂ်ဉာဏ်ကို ရသော သောတာပန် ပုဂ္ဂိုလ်သည် အယူမှားမှု၊ ယုံမှားမှုနှင့် မိရိုးဖလာခလေ့ အစွဲအလမ်း သံယောဇဉ်သုံးပါးကို ပြတ်သည်။ မည်သည့်အခါမှ မကောင်းမှုကို မပြုဖြစ်တော့ပေ။ အရက်နှင့်ရေ ရော၍ သောက်လျှင်ပင်၊ ရေသာ ဝမ်းထဲဝင်ပြီး အရက်မဝင်တော့သည့်တိုင် မကောင်းမှုသည် ပြီးပြတ်ချုပ်ငြိမ်း၏။)

ဗုဒ္ဓသည် အသျှင်ကောဏ္ဍည၏ ပေါက်ရောက်မှုကို သိသောအခါ "ရဟန်းတို့ အသျှင်ကောဏ္ဍညသည် သစ္စာတရား လေးပါးကို သိမြင်ပေါက်ရောက်လေပြီ" ဟု ဥဒါန်းကျူးရင့်သည်။

အသျှင်ကောဏ္ဍညကလည်း တရားကိုမြင်ပြီး၍၊ ရောက်ပြီး၍ သက်ဝင်ပြီး၍၊ ယုံမှားခြင်းမရှိတော့ပါ။ ဘုရားမှတပါး ကိုးကွယ်ထိုက်သူ မရှိသည်ကို တပည့်တော်မြင်ပါပြီ၊ တပည့်တော်အား အရှင်ဘုရားက ရဟန်းအဖြစ် ရဟန်းပြုပေးတော်မူပါ"ဟု လျှောက်ထားကာ ရဟန်း ပြုလေသည်။

ထိုနောက်ကျန်ရဟန်းလေးပါးတို့အားဗုဒ္ဓကတရားမပေါက်မခြင်း ဆက်လက်၍ဟောကြားသည်။ တရားမှာတိုတောင်း၏၊ သို့သော် အဓိပ္ပါယ်နက်သဖြင့် ငါးရက်ကြာဟောမှသာ တပါးပြီးတပါး အစဉ်လိုက် တရားပေါက်ရောက်ကြကာ ဗုဒ္ဓ၏ရဟန်းများအဖြစ်သို့ ကူးပြောင်းကျင့်သုံးကြ လေတော့သည်။

ထိုရဟန်းငါးပါး တို့သည် ဗုဒ္ဓမပွင့်မီကစဉ်က တရားရှာသော ရသေ့များသာ ဖြစ်ကြသည်။ ဗုဒ္ဓ၏ ဆုံးမမှုကြောင့် ဗုဒ္ဓ၏ ဗုဒ္ဓသဘာဝင် ရဟန်းများ ဖြစ်ကြ လေပြီ။ အကျင့်အားဖြင့်လည်း မည်သည့်အခါမှ မကောင်းမှုကို မပြုကြတော့မည့် သောတာပန်များဖြစ်ကြလေပြီ။

မကောင်းမှုကို တဖန်မပြုတော့မည့်သူများ အဖြစ်နှင့် ရပ်တည်နေရာမှ တဆင့်တက်၍ ကျင့်ကြံရဦးမည်။

ဆင်းရဲခြင်းသာရှိသည်၊ ဆင်းရဲကြောင်းတို့ ရှိသည်၊ ဆင်းရဲခြင်းကင်းရာရှိသည်၊ ဆင်းရဲခြင်း ကင်းရာသို့ သွားလမ်းရှိသည် တည်းဟူသော သစ္စာတရား လေးပါးကို မြင်သိကြသော ထိုရဟန်းတို့အား ဗုဒ္ဓက ရှေ့တဆင့်တက်၍ ဟောပြန် လေသည်။

ဗုဒ္ဓက ရှေ့တဆင့်တက်၍ ဒုတိယမြောက်ဟောသော တရားမှာ -အနတ္တလက္ခဏာသုတ် ဖြစ်၏။

အနတ္တ လက္ခဏာသုတ်

ထိုနောက် ဗုဒ္ဓသည်ရဟန်းငါးဦး တို့အား တရားထူးတို့ကို ဆက်လက် ဟောချတ်ရာ၌၊ ရုပ်သည်ရင်း၊ စိတ်သည်ရင်း၊ မည်သူမှအပိုးမရဘဲ ပြုပြင်စီရင်မှု သဘောတရား အတိုင်း ဖြစ်ကြရ ပျက်ကြရသည်ကို အကျယ်ရှင်းလင်း ဟောကြားလေသည်။

ရဟန်းတို့-ရုပ်အပေါင်းတို့သည် ငါမဟုတ်၊ ငါမပိုင်၊ ရုပ်သည် အလိုသို့လိုက်တတ်သော သဘောမရှိ၊ ရုပ်သည် အလိုသို့ လိုက်တတ်သော ငါ၏သဘောရှိလျှင်၊ နာကျင်မှုသည် မဖြစ်ရာ၊ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ, ဤနှယ်မဖြစ်စေလင့်ဟု ရုပ်ကိုစီရင်၍ ရရာ၏။

ရုပ်သည် အလိုသို့ လိုက်တတ်သော သဘော မရှိသဖြင့် နာကျင်မှုသည်ဖြစ်၏။ "ငါ၏ရုပ်သည် ဤသို့ ဖြစ်စေ, ဤနှယ် မဖြစ်စေလင့်"ဟု ရုပ်ကိုစီရင်၍ မရအပ်။

ရဟန်းတို့-ခံစားမှုအပေါင်းတို့သည်လည်း ငါမဟုတ်၊ ငါမပိုင်၊ ခံစားမှုတို့သည် အလိုသို့ လိုက်တတ်သော သဘော မရှိသဖြင့် နာကျင်မှုသည်ဖြစ်၏။"ငါ၏ ဤခံစားမှုသည် ဤသို့ဖြစ်စေ,ငါ၏ခံစားမှုသည် ဤနှယ် မဖြစ်စေလင့်ဟု စီရင်၍ မရအပ်။

ရဟန်းတို့-သိမှတ်မှုအပေါင်းတို့သည်လည်း ငါမဟုတ်၊ ငါမပိုင်၊ သိမှတ်မှု အပေါင်း တို့သည် အလိုသို့ လိုက်တတ်သော

သဘောမရှိသဖြင့်၊ နာကျင်ခြင်းသည်ဖြစ်၏။ “ငါ၏ဤသိမှတ်မှုသည် ဤသို့ဖြစ်စေ, ဤသိမှတ်မှုသည် ဤနှယ်မဖြစ်စေလင့်” ဟု စီရင်၍ မရအပ်။

ရဟန်းတို့–ပြုပြင်စီရင်မှု အပေါင်းတို့သည်လည်း ငါမဟုတ်၊ ငါမပိုင်၊ ပြုပြင်စီရင်မှု အပေါင်းတို့သည် အလိုသို့ လိုက်တတ်သော သဘော မရှိသဖြင့်၊ နာကျင်ခြင်းသည် ဖြစ်၏။ “ငါ၏ ဤပြုပြင်စီရင်မှုသည် ဤသို့ဖြစ်စေ, ဤပြုပြင် စီရင်မှုသည် ဤနှယ်မဖြစ်စေလင့်”ဟု စီရင်၍ မရအပ်။

ရဟန်းတို့ အသိစိတ် အပေါင်းတို့ သည်လည်း ငါမဟုတ်၊ ငါမပိုင်၊ အသိစိတ်အပေါင်းတို့သည် အလိုသို့လိုက်တတ်သော သဘော မရှိသဖြင့် နာကျင်၏။ “ငါ၏ ဤအသိ စိတ်သည် ဤသို့ဖြစ်စေ, ဤအသိစိတ် သည် ဤနှယ် မဖြစ်စေလင့်” ဟု စီရင်၍မရအပ်။

ရဟန်းတို့အား ငါမေးအံ့၊ ဖြေလော့။

ရုပ်သည် မြဲသလော၊ မမြဲ သလော။

မမြဲပါ။

မမြဲသော ရုပ်သည် ဆင်းရဲလော ချမ်းသာလော။

ဆင်းရဲမှုသာ ဖြစ်ပါသည်။

မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ဤအရာသည် ငါ၏ဥစ္စာ ဖြစ်၏။ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါပိုင်၏ဟု ရှုခြင်းသည် သင့်လျော်ပါမည်လော။

မသင့်လျော်ပါ။

ထို အတူ ခံစားမှု အပေါင်း တို့သည်၎င်း၊ ပြုပြင် စီရင်မှု အပေါင်းတို့သည်၎င်း၊ အသိစိတ် တို့သည်၎င်း မြဲသလော။

မမြဲပါ။

မမြဲသော ထို အပေါင်း စုတို့သည် ဆင်းရဲ လော- ချမ်းသာလော။

ဆင်းရဲသာ ဖြစ်ပါသည်။

မမြဲ သော ဆင်းရဲသော ဖေါက်ပြန်ခြင်း သဘောရှိသော ထိုခံစားမှု၊ သိမှတ်မှု၊ ပြုပြင် စီရင်မှု အသိစိတ် အပေါင်း တို့ကို ဤအရာက ငါဖြစ်သည်, ငါပိုင်သည်ဟု ရှုခြင်းသည် သင့်လျော်ပါမည်လော။

မသင့်လျော်ပါ။

ရဟန်းတို့ - ထို့ကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် အတွင်း,အပြင်, အကြမ်း, အနု - အယုတ်, အမြတ်, အဝေး, အနီးဖြစ်သောအလုံးစုံသော ရုပ်ကို ''ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ် ငါမပိုင်ဟု'' ဟုတ်မှန်သည့်အတိုင်း ပညာဖြင့် ရှုအပ်၏။

ရဟန်းတို့ · ထို့အတူ ခံစားမှု, သိမှတ်မှု, ပြုပြင်စီရင်မှု, အသိစိတ် အပေါင်းတို့ကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါမပိုင်ဟု ဟုတ်မှန်သည့်အတိုင်း ပညာဖြင့် ရှုအပ်၏။

ရဟန်းတို့ ·ဤသို့ရှုလျှင်၊အကြားအမြင်ရှိသော သူမြတ်သည် ရုပ်၌၎င်း၊ ခံစားမှု၌၎င်း၊ သိမှတ်မှု ၌၎င်း၊ ပြုပြင် စီရင်မှု ၌၎င်း၊ အသိစိတ်၌၎င်း၊ ငြီးငွေ့၏၊ ငြီးငွေ့ ခြင်းကြောင့် မတပ်မက်၊ မတပ်မက်ခြင်းကြောင့် ကိလေသာမှ လွတ်၏။

ကိလေသာမှလွတ်ပြီးသော် ငါသည်၊ ကိလေသာမှ လွတ်ပြီဟု အသိဉာဏ်သည် ဖြစ်မှု ''ပဋိသန္ဓေ နေမှုကုန်ပြီ၊ မြတ်သော

အကျင့်ကို ကျင့်သုံးအပ်ပြီ။ ထွက်ရပ်ပေါက်လမ်းကိစ္စကို ပြုပြီးပြီ၊ အခြားပြုဘွယ် မရှိတော့ပြီ''ဟုသိ၏။

ဗုဒ္ဓက ရုပ်တို့ စိတ်တို့ ခံစားမှုတို့ စသည်မှန်သမျှ - ဖြစ်ခြင်းတရားမှန်သမျှ ပျက်တတ်၏။ အစိုးမရ - ဟူသော သဘောတရားကို ဟောရာ၌၊ စေ၁စေ၁က သော၁တာပန် အဖြစ် ပေါက်ရောက်ပြီးသော ရဟန်းငါးပါး တို့သည် တဆင့်တက်၍ ပေါက်ရောက်ပြန်သည်။

ရဟန်းငါးပါး တို့သည် ဗုဒ္ဓ ဟောကြားသောတရားကို ရွှင်လမ်းနှစ်သက်စွာ နာယူပြီး၊ ဗုဒ္ဓညွှန်သည့် အတိုင်း ရှုကြရာမှ စိတ်တို့သည် တစုံတခုကိုမျှမ စွဲလမ်းတော့ဘဲ၊ယစ်မူးနှစ်မြော်ခြင်းတရား[၁] တို့မှ လွတ်မြောက်ခါ ရဟန္တာ ဘဝသို့ ပေါက်ရောက်လေတော့သည်။

## ဥပမာ

ဤနေရာ၌ ငါမဟုတ်, ငါ့ဟပိုင် သဘောတရားကို လယ်တီဆရာတော် ဘုရားကြီးက အနတ္တ ဒီပနီ၌၊ ရှင်းချက် ကလေးထုတ်ပြသည်ကို ညွှန်းကာ အနည်းငယ် ရှင်းပါအံ့။

''သစ်ပင်ရိပ် ဟူသည်မှာ မြေပြင်၊ သစ်ပင်နှင့် နေရောင်ကို အစွဲပြု၍ ဖြစ်ပေါ်သည်။ ထိုသစ်ပင်ရိပ်သည် မြေ၏ကိုယ်ထည်မဟုတ်၊ မြေ၏ကိုယ်ထည် ဖြစ်ပါက မြေ၌မြဲအံ့၊ သစ်ပင်၏ ကိုယ်ထည်လည်း မဟုတ်၊ သစ်ပင်၏ ကိုယ်ထည်ဖြစ်ပါက သစ်ပင်၌

---

၁ အာသဝေါတရား။

တည်အံ့။ ထိုသစ်ပင်ရိပ်သည် နေရောင်လည်းမဟုတ်၊ နေရောင်၏ ဆန့်ကျင်ဘက်ပင် ဖြစ်သေးသည်။

ထို့အတူ ကျောက်ကုန်းအပြင် စသောကိုယ်လက် အပိုင်းတရပ်ရပ်၌ တုတ်လုံးတံပြင်းစွာထိခိုက်မိ၍ နာကျင်မှုဟူသောခံစားမှုကို ခံစားရရာ၌၊ ခံစားမှုသည် သစ်ပင်ရိပ်နှင့် တူ၏၊ ကျောက်ကုန်းအပြင်သည် မြေအပြင်နှင့် တူ၏။တုတ်လုံးတံသည် သစ်ပင်နှင့်တူ၏။

လုံးစူးသဖြင့် ခံစားရသော နာကျင်မှုသည် ကျောက်ကုန်းပြင်၏ ကိုယ်ထည်မဟုတ်။ တုတ်လုံးတံ၏ ကိုယ်ထည်လည်း မဟုတ်၊ လုံးတံနှင့် ကျောက်ကုန်းပြင်တို့ ထိတွေ့မှု ကြောင့်သာ ပေါ်ပေါက်လာ၏။ ထိုခံစားမှုသည် မည်သူကမှ ပိုင်သောအရာ၊ ရှိသောအရာ မဟုတ်၊ကျောက်ကုန်း ပြင်နှင့် တုတ်လုံးတံ ထိမှုသာ ဖြစ်ပေါ်သည်။

နောက်တနည်းမှာ၊ သင်သည် ကျောက်ခဲကို ခလုပ် တိုက်မိသဖြင့် ခြေထောက် နာကျင်သော ဝေဒနာကို ခံစားရအံ့။ သင် နာကျင်သော နေရာ၌ စိတ်,အတွေ့နှင့် ခံစားမှု ဓါတ် သုံးပါး တပြိုင်နက် ပေါ်၏။ ထိုဓါတ်သုံးပါးသည် အကောင် အထည် မရှိ၊ အကောင်အထည်မှာ ရုပ်ဝတ္ထုဖြစ်သော ခြေထောက် နှင့် ကျောက်ခဲတို့ သည်လည်း စိတ်,အတွေ့နှင့် ခံစားမှုကို မပိုင်ကြဘဲ သူတို့နှစ်ရပ် ထိခိုက်မှု ကြောင့်သာ စိတ်,အတွေ့နှင့် ခံစားမှုတို့ ရှိကြရသည်။ သို့ကြောင့် အရာရာတို့သည် မည်သူမှ မပိုင်ဘဲ အကြောင်းအားလျော်စွာ အကျိုးဖြစ်ကာ၊ ဖြစ်ကြသည်၊ ပျက်ကြသည်၊ ဖြစ်ခြင်းတို့သည် ပျက်ခြင်းသဘောရှိသဖြင့် မည်သူမှ

မပိုင်၊ မည်သူ၏ ဥစ္စာမှ မဟုတ် မည်သူမှ မဟုတ် သည်ကို ရှုကြရမည်”

## တရားထိုင်နည်း ရှုနည်း

ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ တရားတော်များအနက် ဆင်းရဲခြင်း သာရှိသည်၊ ဆင်းရဲ ကြောင်းသာ ရှိသည်။ ဆင်းရဲမှု ချုပ်ရာ ရှိသည်၊ ဆင်းရဲမှုချုပ်ရာ သွားလမ်း ရှိသည် ဟူသော သစ္စာ တရား လေးပါးနှင့် အမြင်မှန် လမ်းစဉ်ရှစ်ရပ်ကို ပဋ္ဌမ လေ့လာ ပြီးပြီ။ ဆက်လက်၍ အရာရာတို့သည် မည်သူမှမပိုင်၊ ငါသည်ပင် ငါမဟုတ် ဟူသော တရားကိုလည်း လေ့လာပြီးပြီ။

ထို သဘောတရားတို့ကို ရှင်းပြသည့်အတိုင်း သိပြီဟု ဆိုလို က ဆိုနိုင်၏။

သိပုံမှာ အရှေ့မှ နေထွက်သည် ဟူသော အချက်ကို မြင်၍ သိသဖြင့်၊ သာမန်အသိမျိုးသာ ဖြစ်ချေမည်။ နေ၏ဖွဲ့စည်းမှုမှ နေ၏ ဆွဲငင်ခြင်းဖြင့် ဂြိုဟ်များဝိုင်းရံ လည်ပတ်ကြရာမှ နေကို မြင်ရသည့် သဘောတရားအစစ်အမှန်ကို စကြာဝဠာ ဖွဲ့စည်းပုံမှ စကာ ပိုင်နိုင်စွာ အကြွင်းမရှိသိသော ဉာဏ်အသိမျိုးနှင့် သိရန် လိုသည်။ အမြင်သိလောက်နှင့် မလုံလောက်သေးပေ။

နောက်တနည်း ဥပမာအားဖြင့်၊ လူအများတို့သည် ရေပြင်၌ ကိုယ်ကို ပေါ့ကာ ခြေနှင့်လက်တို့ကို ယက်ခတ်ခြင်းဖြင့် ရေကူး ၍ရသည် ဟူသော အသိကို လူတိုင်းလိုလို သိကြသည်။ သို့သော်

လူတိုင်းလည်း ရေကူးတတ်သူများ မဟုတ်ကြပေ။ ရေကူးနည်းကို သိရုံသာ သိသူနှင့် ရေထဲမှာ ကိုယ်ကိုဖော့၍ ကူးတတ်သူတို့ အသိချင်း ခြားနားလှသည်။

ထို့အတူ ဆင်းရဲခြင်းကိုသိသည်၊ ဆင်းရဲခြင်း လွတ်နည်းကို သိပြီဆိုသူသည် ရေကူး နည်းကို သိသူသာ ဖြစ်သည်။ ရေကူးတတ်သူ မဟုတ်ပေ။ ရေကူးတတ်ရန်မှာ သိထားသော ရေကူးနည်း အသိကို လက်တွေ့ ကျင့်သုံးရန် ရေကူးနည်း အသိဖြင့် ရေကူး ကျင့်ပေးရပေမည်။

ဗုဒ္ဓ၏ တရားတော်ကို အခြေခံအားဖြင့် သိပြီဖြစ်လျှင်၊ ထိုအသိကို နှစ်နှစ်ကာကာ သိရှိနားလည် ပေါက်ရောက်ရန်အတွက် တရားတော် အသိကို အကျင့်ဖြင့် အရောင် တင်ပေးရ ပေမည်။

ဗုဒ္ဓတရားတော်ကို ကျင့်သုံးနည်းကား အဘယ်နည်း။

ကိုးကွယ်မှု နှစ်ပါး၊ ကိုးကွယ်မှု သုံးပါး၊ ကိုယ်ကျင့် တရား ငါးပါး၊ ဆောက်တည်မှု ဥပုသ်များ တို့ကို အခြေခံ လာသော ဗုဒ္ဓ ဘာသာသည်၊ မေတ္တာ တရားကိုလည်း ကျင့် သုံး ခဲ့သော ကြောင့် ပြော့ ပြောင်း နူးညံ့ပြီး ဖြစ်သည်။ ရေနူးထား အပ်သော ရွှံ့စေးဥပမာနှင့် တူသော ဗုဒ္ဓဝါဒီ သည် လိုရာရပ်လုံးကို ရရှိရန် အမြင့်ဆုံးသော ပေါက်ရောက်မှုကို ရှာဖွေရန် တရား အားထုတ်ရ ပေမည်။

ဗုဒ္ဓ၏ တရား အားထုတ်နည်းအချုပ်မှာ၊ မဟာသတိပဋ္ဌာန် သုတ်တော်ပင် ဖြစ်၏။ ဗုဒ္ဓ၏ တွေးခေါ် မြော်မြင်မှု သဘော တရား တို့သည် မဟာ သတိပဋ္ဌာန် သုတ်၌ အပြည့် အစုံ ပါရှိသည်။

## မဟာသတိပဋ္ဌာန်သုတ်

ဗုဒ္ဓသည် ကုရုကမ္မာသဓမ္မ မည်သော တောအုပ်၌ သီတင်းသုံးစဉ်၊ သူ၏တပည့်သား သံဃာတော်များအား ဟောကြားသောသုတ် ဖြစ်သည်။ ဤသုတ် သည် ပုဒ္ဓဘာသာ ပိဋကတ်တော်၌ များစွာအရေးပါသည်။ တရားရှုလိုသူတို့အတွက် အထူးကျေးဇူးများသောကြောင့်၊ ထိုသုတ်ကို ဆဋ္ဌ သံဂါယနာ တင်ဆရာတို့က ဒီဃနိကာယ်၌တကြိမ်၊ မဇ္ဈိမနိကာယ်၌တကြိမ်၊ နှစ်ကြိမ်တိုင်တိုင် မှတ်တမ်းတင် တည်းဖြတ်သမှု ပြုခဲ့သော သုတ်ဖြစ်သည်။

ထို သတိပဋ္ဌာန်သုတ်ပါအတိုင်း ၇-နှစ်ပတ်လုံး၊ ခြောက်နှစ်ပတ်လုံး၊ ငါးနှစ်ပတ်လုံး ရှုလျှင်မဆိုထားဘိ၊ တနှစ်၊ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ၊ တလ၊ လဝက်မျှ ရှုရန် မဆိုထားဘိ၊ ခုနှစ်ရက် ပတ်လုံး ပွါးများအံ့။ ထိုပွါးများ သောပုဂ္ဂိုလ်အား မျက်မှောက် ဘဝ၌ပင် အနာဂါမ် အဖြစ် လွတ်မြောက်သူ၊ အရဟတ္တဖိုလ် ရောက်ရှိသူ အဖြစ်၊ နှစ်ရပ်အနက် တရပ်ရပ်ကို မုချရမည်ဟု ဆိုခဲ့သည်။

မဟာသတိပဋ္ဌာန်သုတ်၏ နိဒါန်း၌ပင် ဗုဒ္ဓက....

၁ ညစ်ညူးသော စိတ်ကို စင်ကြယ်ရန်။ ၂ စိုးရိမ် ပူပန်မှုသောကကို ပယ်ဖျောက်ရန်။ ၃ ငိုကြွေးခြင်းတို့ လွန်မြောက်ရန်။ ၄ ကိုယ်၏ ဆင်းရဲမှု ပယ်ဖျောက်ရန်။ ၅ စိတ်ဆင်းရဲမှု ပယ်ဖျောက်ရန်ဖြစ်သော သူမြတ်တို့လမ်းစဉ်ကို ရရန်နှင့် နိဗ္ဗာန်

ကိုမျက်မှောက်ပြုရန် တည်းဟူသော အကျိုးနှစ်ရပ်အနက် တရပ်ရပ်သည် အမှန်ရရှိမည်ဟုပင် ဟောဆိုခဲ့သည်။ အကယ် ကျင့်လိုသူတို့အတွက် လက်ငင် လက်တွေ့ အကျိုးရှိရမည်ဟု အာမခံဖြင့် ဟောကြားသော တရားပင် ဖြစ်သည်။

ဤသို့သော အကျိုးများကို ရနိုင်သော တကြောင်း တည်းသော လမ်းစဉ်ကား သတိဖြင့် ရှုရမည့် တရား လေးပါးသာ ရှိသည်ဟု ဗုဒ္ဓက တိကျစွာဆိုကာ ရုပ်တို့ကို၎င်း၊ ခံစားမှုတို့ကို ၎င်း၊ စိတ် တို့ကို ၎င်း၊ သ ဘော တရား တို့ ကို ၎င်း သတိဖြင့် အကြိမ်ကြိမ် ရှုရမည်ဟု ညွှန်ခဲ့သည်။

ရုပ်တို့၌ ရှုနည်းကို ၁၄-နည်း ခွဲခြား၍ ပြရာတွင်၊ ပဌမနည်းအဖြစ် ထွက်သက်နှင့်ဝင်သက်ကို သတိဖြင့် ရှုဆင်ခြင်နည်း သုံးသပ်နည်းကို ညွှန်ပြသွား၏။ အသက်ရှူခြင်းနှင့် ထုတ်ခြင်း ရှိုက်ခြင်းကို သတိပြုရန်အတွက် သတိစိတ်ကို နှာသီး ဖျားသာ ထိရသော ထိုကျင့်သုံးနည်းကို ဗမာပြည်၌ ယောဂီ အများတို့ လိုက်စားကျင့်သုံးနေကြသည်။ စိတ်သည် အသက်ရှူမှုနှင့်ရှိုက်မှု အပေါ်တွင် တည်ငြိမ်ရာမှ မိမိနှင့် သူတပါးတို့၏ ရုပ်အပေါင်းကို ရှုမိမည်။ ရုပ်အပေါင်းကို ရှုမိရာမှ မိမိနှင့်သူတပါးတို့၏ ရုပ်အပေါင်း၏ ဖြစ်ကြောင်းတရား၊ ဖြစ်ခြင်းသဘောကို တွေ့မည်။ ထိုမှတဖန် ပျက်ကြောင်းတရား ပျက်ခြင်း သဘော တရား ကိုလည်း တွေ့ရှိကာ ဖြစ်၍ပျက်၍နေသော ရုပ်တို့ကို ငါ၏ ဥစ္စာဟု စွဲလမ်းမှုပျောက်မည် ဟု ညွှန်လေသည်။

ဒုတိယရုပ်ကို ရှုနည်းမှာ ရုပ်တို့၏ ပြုမှု ဖြစ်နေမှု (ဣရိယာပုထ်) တို့ကို သိရမည်ဖြစ်၏။ ထိုင်သည်၊ ထသည်၊ သွားသည်၊

လျှောင်းသည် စသော မိမိကိုယ် အင်္ဂါတို့ ပြုသမျှကို ရှုရမည် ဖြစ်သည်။

တတိယရုပ်ကို ရှုနည်းမှာ၊ ရုပ်တို့၏ ပြုမှု ဖြစ်နေမှု(အရိယာ ပုထ်) တို့ကို သတိဖြင့် သိရမည် ဖြစ်၏။ ထိုင်သည်၊ ထသည်၊ သွားသည်၊ လျှောင်းသည် စသော မိမိကိုယ်အင်္ဂါတို့ပြုသမျှကို သတိပြုကာ ထိုပြုမှုချက်သည် (က)အကျိုးရှိသည် မရှိသည်ကို ဆင်ခြင်ကာ အကျိုးရှိမှသာပြုခြင်း။ (ခ)မိမိနှင့် လျော်ကပ်ပတ်မှု ရှိမရှိဆင်ခြင်ကာ လျော်ကပ်ပတ်မှသာ ပြုခြင်း။ (ဂ) ပြုသမျှ တို့ကို သတိတရား ဆင်ခြင်မှု မလွတ်ကင်းစေခြင်းနှင့် (ဃ) သို့ ပြုမှုသူသည် ငါမဟုတ်၊စိတ်ဦးစီးသော ကိုယ်ခန္ဓာကြီး၏ အစိတ် အပိုင်းတို့သည် ရေ-မြေ-လေ-မီး ဓါတ်စွမ်းအားတို့ဖြင့် ပြုခြင်း သာဖြစ်သည်ကို ဆင်ခြင်မှုများ ပြုရမည်။

စတုတ္ထရုပ်ကို ရှုရမည့် နည်းမှာ ၃၂-ပါးသော စက်ဆုတ် ဘွယ် ကောင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ခွဲခြမ်း၍ ဆင်ခြင်ရမည် ဖြစ်၏။

ပဉ္စမအားဖြင့် ရုပ်ကိုရှုရမည့်နည်းမှာ ရုပ်၌ရှိသောရေဓါတ် မြေဓါတ်၊ လေဓါတ်နှင့် မီးဓါတ်တို့ ဖွဲ့စည်းပုံ ဆင်ခြင် ရမည် ဖြစ်၏။

ကျန်ကိုးနည်းမှာ ကိုးမျိုးကိုးစားသော လူသေကောင် တို့ ကို ကြည့်ရှုဆင်ခြင်ရမည်ဖြစ်၏။

သို့ရုပ်တို့ကို သတိဖြင့်ဆင်ခြင်နည်း ၁၄ နည်း၏အကျိုးဖြင့် ရုပ်အပေါင်းတို့၏ ဖြစ်ကြောင်းတရား၊ ဖြစ်ခြင်းသဘော၊ ပျက်

ကြောင်းတရား၊ ပျက်ခြင်း သဘောတို့ကို တွေ့ရှိကာ၊ ရုပ်တို့ကို ငါ့ဥစ္စာဟူသော စွဲလမ်းမှုပျောက်မည် ဖြစ်လေသည်။

ခံစားမှုများကို သတိဖြင့် ဆင်ခြင်ရာ၌၊ ကိုးမျိုးသောခံစားမှုတို့ကို ဆင်ခြင်ရမည်။ ချမ်းသာသော ခံစားမှု၊ ဆင်းရဲသော ခံစားမှု၊ ချမ်းသာ မဟုတ် ဆင်းရဲမဟုတ်သော ခံစားမှု တို့ကို ဆင်ခြင်ရမည်။ထိုခံစားမှုသုံးမျိုးကို ကာမဂုဏ်နှင့်စပ်သောခံစားမှု ကာမဂုဏ်နှင့်မစပ်သော ခံစားမှုဟု ခြောက်မျိုး ထပ်လောင်းကာ ကိုးမျိုးသော ခံစားမှုများကို သတိဖြင့် ဆင်ခြင် ရမည်။ သို့မှသာ ခံစားမှု၏ ဖြစ်ကြောင်းတရား၊ ပျက်ကြောင်း တရားကိုသိကာ ငါ၏ ခံစားမှု မဟုတ်၊ ငါ့ဥစ္စာ မဟုတ် ဟူ၍ အစွဲပျောက်မည်။

စိတ်တို့ကို သတိဖြင့်ဆင်ခြင်ရာ၌၊ ၁၆–မျိုးသော စိတ်တို့ကို တပ်မက်မှု ဖြစ်သောစိတ်၊ အမျက်ထွက်သောစိတ် စသည်ဖြင့် ဖြစ်ပေါ်သမျှစိတ်တို့ကို သတိဖြင့်ရှုရမည်။ သို့မှသာ စိတ်တို့၏ ဖြစ်ကြောင်းတရားနှင့် ပျက်ကြောင်းတရားကိုသိကာ ငါ၏စိတ် မဟုတ်၊ ငါ၏ဥစ္စာမဟုတ်ဟူ၍ အစွဲပျောက်မည်။

သဘောတရား တို့ကို သတိဖြင့် ဆင်ခြင်ရာ၌ ၁) ပိတ်ပင် ခြင်းတရားငါးပါး=(က) ကာမဂုဏ် အလိုရှိမှု၊ (ခ) သူတပါး ပျက်စီးစေလိုမှု၊ (ဂ) လေးလံ ထိုင်းမှိုင်း ပျံ့လွင့်ခြင်း၊ (ဃ) နှလုံးမသာယာခြင်းနှင့် (င) မဝေခွဲနိုင်ခြင်း။

၂) အသိ ဖြစ်စေသော ကိုယ်ထည်ငါးပါး ဖြစ်ကြသော (က) ရုပ်၊ (ခ) ခံစားမှု၊ (ဂ) သိမှတ်မှု၊ (ဃ) ပြုပြင်စီရင်မှု အားထုတ်မှုနှင့် (င) အသိစိတ်။

၃) ဖြစ်ရာအကြောင်း ၁၂ ပါး=၁ မျက်စေ့၊ ၂ နား၊ ၃ နှာခေါင်း၊ ၄ လျှာ၊ ၅ ကိုယ်၊ ၆ အသိစိတ်၊ ၇ အဆင်း၊ ၈ အနံ့၊ ၉ အသံ၊ ၁၀ လျှာအရသာ၊ ၁၁ ကိုယ်အတွေ့နှင့် ၁၂ တွေးတောရန် သိလျှောင်ထားသော အသိစိတ်။

၄) လွတ်မြောက်မှုအတွက် သစ္စာတရားသိကြောင်း ၇ ပါး ၁ အမှတ်သတိ ရှိခြင်း၊ ၂ စိစစ် ဝေဖန်ခြင်း၊ ၃ အားထုတ်ခြင်း၊ ၄ နှစ်သိမ့်ခြင်း၊ ၅ ငြိမ်းခြင်း၊ ၆ တည်ငြိမ်ခြင်းနှင့် ၇ သုခနှင့် ဒုက္ခမှလွတ်ခြင်း - အညီအမျှရှုခြင်း။

၅) သစ္စာလေးပါး=(က) ဆင်းရဲခြင်းသာ ရှိခြင်း တရား၊ (ခ) ဆင်းရဲကြောင်းတရား၊ (ဂ) ဆင်းရဲမှု ချုပ်ရာ တရားနှင့် (ဂ) ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း တရားမှန်။

တည်းဟူသောရုပ်, ခံစားမှု, စိတ်နှင့်သဘောတရား ဆင်ခြင်မှု လေးမျိုးတို့ကို သတိဖြင့်ဆင်ခြင်ရမည်။သို့ဆင်ခြင်သူသည် လောက၌ တစုံတရာကိုမျှ ငါဟူ၍၎င်း၊ ငါ၏ဥစ္စာ ဟူ၍၎င်း၊ စွဲလမ်းမှု ပပျောက်မည်။

ထိုသတိပဋ္ဌာန် တရားတော် အတိုင်း ရှုပါလျှင် ကျင့်သုံးပါလျှင် ပွါးများသောပုဂ္ဂိုလ်သည် အရဟတ္တဖိုလ် တရား ဖြစ်စေ၊ အနာဂါမိဖိုလ်တရားဖြစ်စေ တပါးပါးကို အမှန်ရပေမည်။

ဤနေရာ၌ ပေါက်ရောက်သူတို့၏ အဆင့်အတန်းကိုခွဲခြား၍ ပြရပေမည်။

ပေါက်ရောက်သူ လက်ငင်း လက်တွေ့ ငြိမ်းချမ်းသူ တို့၏ အဆင့်ဆင့် တက်လမ်းမှာ....

ပဌမအဆင့်မှာ သောတာပန် အဆင့်ဖြစ်သည်။ ကိလေသာမှ အညစ်အကြေး ကင်းသော တရားအမြင် ဟုလည်း ဆိုသည်။ ထိုအဆင့်၌ သံယောဇဉ်ဆယ်ပါး အနက်-၁ အယူမှားမှု၊ ၂ ယုံမှားမှုနှင့် ၃ မိရိုးဖလာ ဓလေ့ အစွဲ အလမ်းများ ပြတ်စဲသွားသည်။ မည်သည့်အခါမှ မကောင်းမှု မပြုတော့ပြီ။

ဒုတိယအဆင့် သကဒါဂါမ် အဆင့် ဖြစ်၏။ သောတာပန် အရင့်စားပင် ဖြစ်သည်။

တတိယအဆင့်မှာ အနာဂါမ်အဆင့်ဖြစ်၏။ သူ့အဖို့သံယောဇဉ်ဆယ်ပါး အနက်-၁ အယူမှားမှု၊ ၂ ယုံမှားမှု၊ ၃ မိရိုးဖလာ ဓလေ့အစွဲအလမ်း၊ ၄ ကာမငါးမျိုးကို တွယ်တာမှု၊ ၅ ဒေါသ ထွက်မှု၊ ၆ ရုပ်၌တပ်စွန်းခြင်းနှင့် ၇ ရုပ်မဟုတ်ရာ၌ တပ်စွန်းခြင်းတို့ ပြတ်သည်။

စတုတ္ထအဆင့် အရဟတ္တမဂ် ဉာဏ်မှာ ဘုရား ရဟန္တာတို့ ပေါက်ရောက်ရရှိသော ဉာဏ်ပင် ဖြစ်တော့သည်။ (ရှင်းချက် စာမျက်နှာ ၂၂၅-မှာကြည့်)

ဤကား မဟာ သတိပဋ္ဌာန်သုတ် တရား၏ အကြောင်း နှင့် ရမည့် အကျိုး တရားတို့ အကြောင်း အကျဉ်း ဖြစ်သည်။ ဗုဒ္ဓ၏ လက်ငင်းလက်တွေ့ လွတ်မြောက်မှု၊ ယခုဘဝ၌ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ထိုမဟာသတိပဋ္ဌာန်သုတ် အပြည့်အစုံ ကိုဆက်လက်ဖော်ပြလိုက်ပါ၏။

သတိပဋ္ဌာန် လေးပါး အကျဉ်းချုပ် ပြီး၏။

# မဟာ သတိပဋ္ဌာန်သုတ်

အကျွန်ုပ်သည် ဤသို့ကြားနာ ခဲ့ရ ပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သောနိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ဟု ခေါ်တော်မူ၏။ရဟန်းတို့သည် မြတ်စွာဘုရားအားအသျှင်ဘုရား" ဟုပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့-ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ် စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်း, ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတို့ချုပ်ငြိမ်းရန်၊ အရိယမဂ်ကိုရရန်၊နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေသည်။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

လေးပါး တို့သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိ ရှိသည် ဖြစ်၍၊ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ပြင်းပြစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍၊သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍ လောသူ၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းပြစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းပြစွာ အားထုတ်သောလုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ရုပ်အပေါင်းကို ရှုဆင်ခြင်ခြင်း တဆယ့်လေးပါး

## ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့သည် ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့သွားရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင်၊ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့)ရှေ့ရှုဖြစ်စေလျက်ထိုင်၏။ ထိုရဟန်းသည် သတိ ရှိလျက်သာလျှင် ထွက်သက်လေကိုရှိုက်၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ရှူလျှင်လည်း ရှည်ရှည် ရှူသည်ဘု သိ၏။ တိုတို ရှိုက်လျှင်လည်း တိုတိုရှိုက်သည်ဟုသိ၏။ တိုတိုရှူလျှင်လည်း တိုတိုရှူသည်ဟု သိ၏။ (ထွက်သက်လေ)၏ အစ,အလယ်,အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်ဟုကျင့်၏။(ဝင်သက်လေ)၏ အစ,အလယ်,အဆုံး, အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်ဟုကျင့်၏။ရုန့်ရင်းသောထွက်သက်ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်ဟု ကျင့်၏။

ရဟန်းတို့-ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမား သည်ရင်း၊ ပွတ်သမား၏ တပည့်သည်ရင်း၊ (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲငင်လျှင်လည်း ရှည်ရှည်ဆွဲငင်သည် ဟုသိ၏။ (ပွတ်ကြိုးကို)တိုတို ဆွဲငင်လျှင်လည်းတိုတိုဆွဲငင်သည်ဟုသိ၏။ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင်လည်း ရှည်ရှည် ရှိုက်သည်ဟု သိ၏။ ရှည်ရှည် ရှူလျှင်လည်း ရှည်ရှည်ရှူသည်ဟု သိ၏။ တိုတိုရှူလျှင်လည်း တိုတိုရှူသည်ဟု သိ၏။ (ထွက်သက်

လေ၏) အစ အလယ်အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် မှိုက်မည်ဟု ကျင့်၏။ (ဝင်သက်လေ၏) အစ, အလယ်, အဆုံး အလုံးစုံသော ရုပ်အပေါင်းကိုထင်ရှားသိလျက် ရှုမည်ဟုကျင့်၏။ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် မှိုက်မည်ဟု ကျင့်၏။ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက်ရှုမည်ဟုကျင့်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သူတပါး၏ ရုပ်အပေါင်း၌မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ မိမိ သူတပါး၏ ရုပ်အပေါင်းစု အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်းနေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မှုလည်းနေ၏။ ထို့ပြင် "ရုပ်အပေါင်းသည် သာလျှင်ရှိသည်"ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်တိုးပွါးခြင်းငှါသာဖြစ်၏။ အဆင့်ဆင့်သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဉစ္စာဟု) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## ဣရိယာပုထ်ကို ဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့-တဖန်ထို့ပြင်လည်းရဟန်းသည် သွားလျှင်လည်းသွားသည်ဟုသိ၏။ ရပ်လျှင်လည်း ရပ်သည်ဟုသိ၏။ ထိုင်လျှင်လည်း ထိုင်သည်ဟုသိ၏။ လျောင်းလျှင်လည်း လျောင်းသည်ဟု သိ၏။ ထိုရဟန်း၏ ရုပ်

အပေါင်းသည် အကြင်အကြင် အမူအရာ အားဖြင့် တည်နေ၏။ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ မိမိသူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ရုပ် အပေါင်း၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ မူလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင်ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်ကို တိုးပွါးခြင်းငှါသာဖြစ်၏။ အဆင့်ဆင့် သတိတဖန်တိုးပွါးခြင်းငှါသာဖြစ်၏။ (ထိုရဟန်းသည်တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်၍မူလည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဥစ္စာ) စွဲလည်းမစွဲလမ်း၊ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း ဒ ပိုင်း

ရဟန်းတို့-တဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုးရာ နောက်ဆုတ်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်း ကြည့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကွေးရာ ဆန့်ရာ၌ သိလျက် ပြုလေ့ ရှိ၏။ ဒုကုဋ် သပိတ်သင်္ကန်းကိုဆောင်ရာ၌ သိလျက်ပြုလေ့ရှိ၏။ စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာ၌ သိလျက်ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ် စွန့်ရာ၌ သိလျက်

လေ့ရှိ၏။ သွားရာ၊ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောရာ၊ ဆိတ်ဆိတ် နေရာ၌ သိလျက်ပြုလေ့ရှိ၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။ ။ပ။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏။

သတိသမ္ပဇဉ် ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## စက်ဆုပ်ဖွယ် နှလုံးသွင်းခြင်း အပိုင်း

ရဟန်းတို့-တဖန်ထို့ပြင်လည်းရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင် ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက် ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက် ဆင်ခြင်၏။ ဤရုပ်အပေါင်း၌ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာ ဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ကျင်ငယ်သည်ရှိ၏”ဟုစူးစိုက် ဆင်ခြင်၏။

ရဟန်းတို့-ဥပမာ သော်ကား နှစ်ဖက် မျက်နှာဝ ရှိသော အိတ်သည် စပါးအမျိုးမျိုးတို့ဖြင့် ပြည့်လျက် ရှိရာ၏။ အဘယ် စပါးတို့ နည်း ဟူမူ၊ သလေးစပါး၊ ကောက်ကြီးစပါး၊ ပဲနောက်၊ ပဲကြီး၊နှမ်း၊ ဆန်တို့တည်း။ မျက်စိ အမြင် ရှိသော ယောကျ်ားသည် ထိုအိတ်ကို ဖြေ၍၊ ဤသည်တို့ ကား သလေးစပါးတို့တည်း။ ဤသည် တို့ကား ကောက်ကြီးစပါး တို့ တည်း၊ ဤသည်တို့ကာ ပဲနောက်တို့တည်း၊ ဤသည်တို့ကား ပဲကြီးတို့ တည်း၊ ဤသည်တို့ကား နှမ်းတို့တည်း၊ ဤသည်တို့ကား ဆန်တို့တည်း” ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့၊ ရဟန်းတို့ဤအတူပင် ရဟန်းသည် ခြေ ဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါး အဆုံး ရှိသော မစင်ကြယ်သည့်အရာ အမျိုးမျိုးတို့ဖြင့် ပြည့်နှက်လျက် ရှိသော

ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ "ဤရုပ်အပေါင်း၌ ဆံပင်၌ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်၊ သွား၊ အရေ၊ ။ပ။ ကျင်ငယ် သည်ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)

ဤသို့မိမိ၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။

စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း အပိုင်း ပြီး၏။

## ဓါတ်အားဖြင့် နှလုံးသွင်းခြင်း အပိုင်း

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်၊ သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓါတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့- ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည် ၎င်း၊ နွားသတ်သမား၏ တပည့်သည်၎င်း၊ နွားကိုသတ်၍ လမ်းလေးခွ ဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက်ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ဤ အတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်သည်ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓါတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ဤသို့မိမိ၏ရုပ်အပေါင်း၌လည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ ။ပ။ ရဟန်းတို့ ဤသို့လည်းရဟန်းသည် ရုပ်အပေါင်း ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဓါတ်အားဖြင့် နှလုံးသွင်းခြင်း အပိုင်း ပြီး၏။

## သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့- တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍ တရက်ရှိသော သူသေကောင်၊ သေ၍ နှစ်ရက်ရှိသော သူသေကောင်၊ သေ၍ သုံးရက်

ရှိသော သူသေကောင်၊ ဖူးရောင် နေသော သူသေကောင်၊ ရုပ်ဆင်း ပျက်လျက် ညိုမဲနေသော သူသေကောင်၊ ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့၊ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်း သည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်း ကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့မိမိ၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။ ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့-တဖန်ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ ခဲစားအပ်ညသမူလည်းဖြစ်သော၊ စွန်ရဲတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော၊ လင်းတတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော၊ ဘုံမတီး ငှက်တို့ ခဲစားအပ်သည် မူလည်းဖြစ်သော၊ ခွေးတို့ခဲစားအပ်သည် မူလည်း ဖြစ်သော၊ ကျားတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော၊ သစ်တို့ခဲစားအပ်သည် မူလည်း ဖြစ် ဖြစ်သော၊ မြေခွေးတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော၊ ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော သင်းချိုင်း၌ စွန့်ပစ် ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့၊ ထိုရဟန်းသည် ဤကိုယ်ကို သာလျှင် "ဤငါ၏ ရုပ်အပေါင်း သည်လည်း ဤသို့သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏ ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ရဟန်းတို့-တဖန် ထို့ပြင်လည်း ရဟန်းသည် အသား အသွေး ရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သင်း

ချိုင်း၌ စွန့်ပစ်အပ်သော သူ့သေကောင်ကို မြင်ရာသကဲ့သို့ ။ပ။ အသား ကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုး ဆက်လျက် ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူ့သေကောင် ကို။ပ။ အသားအသွေး ကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုး စုဖြစ်သော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူ့သေကောင်ကို ။ပ။ တနေ ရာ၌၊ လက်ရိုး၊တနေရာ၌ ခြေရိုး၊ တနေရာ၌ ခြေဖမျက်ရိုး၊ တနေရာ၌ မြင်းခေါင်းရိုး၊ တနေရာ၌ ပေါင်ရိုး၊တနေရာ၌ ခါးရိုး၊တနေရာ၌ နံရိုး၊ တနေရာ၌ ကျောက်ကုန်းရိုး၊ တနေရာ၌ ပခုံးရိုး၊တနေရာ၌ လည်ပင်းရိုး၊ တနေရာ၌ မေးရိုး၊တနေရာ၌ သွားရိုး၊ တနေရာ၌ ဦးခေါင်းခွံ အားဖြင့် ဖွဲ့ခြင်း ကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သေ သင်းချိုင်း ၌ စွန့်ပစ်အပ်သော အရိုးစု သူ့သေကောင်တို့ကို မြင်ရာသကဲ့သို့၊ထိုရဟန်း သည် ဤကိုယ်ကိုသာလျှင် “ဤငါ၏ ရုပ်အပေါင်း သည်လည်း ဤသို့ သော သဘောရှိ၏။ ဤသို့သောသဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့ သောကို မလွန်ဆန်နိုင်” ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏ ။ပ။ ရဟန်းတို့-ဤသို့လည်း ရဟန်းသည်ရုပ်အ ပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့-တဖန်ထို့ပြင်လည်း ရဟန်းသည် ခရုသင်းအဆင်းနှင့်အတူ ဖြူးဖွေးနေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစုံ သူ့သေ ကောင်တို့ကို မြင်ရာသကဲ့သို့။ပ။ နှစ်လွန်လျက် စုပုံနေသော သင်းချိုင်း ၌ စွန့်ပစ်ထားအပ်သော အရိုးစု သူ့သေကောင်တို့ကို မြင်ရာသကဲ့သို့ ။ပ။ ဆွေးမြည့်လျက် အမှုန့်ဖြစ်ကုန်သော သင်းချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု သူ့သေကောင်တို့ကို မြင်ရသကဲ့သို့၊ ထိုရဟန်းသည် “ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သောသဘောရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်” ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ရုပ်အပေါင်း၌မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။ မိမိသူတပါး၏ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍မှုလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းပျက်ကြောင်း တရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မှုလည်းနေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင်ရှိ၏" ဟု ထိုရဟန်းအားသတိသည် ရှေ့ရှုဆင်ခြင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မှု၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့- ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်း အပိုင်း ပြီး၏။

ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တဆယ့်လေးပါး ပြီး၏။

## ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါး

ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်" ဟု သိ၏။ ဒုက္ခဝေဒနာ ခံစားလျှင်လည်း "ဒုက္ခဝေဒနာ ခံစား သည်" ဟု သိ၏။ အဒုက္ခမ သုခဝေဒနာကို ခံစား လျှင်လည်း "အဒုက္ခမသုခဝေဒနာကို ခံစားသည်"ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟု သိ၏။ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသောဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသောဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ် သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။

ဤသို့ မိမိ၏ဝေဒနာတို့၌မှုလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ဝေဒနာတို့၌ မှုလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတပါး၏ ဝေဒနာတို့၌မှု လည်း ဝေဒနာတို့ကိုအကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်းနေ၏။ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မှုလည်းနေ၏။ဝေဒနာတို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မှုလည်းနေ၏။ ထို့ပြင် "ဝေဒနာသည်သာလျှင်ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်း ငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိ

တို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကို မျှလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်းမစွဲလမ်း၊ ရဟန်းတို့-ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါး ပြီး၏။

## စိတ်ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး

ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် စိတ်၌စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေသနည်း။ ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းသည် ရာဂနှင့်တကွသော စိတ်ကိုလည်း "ရာဂနှင့် တကွသောစိတ်" ဟု သိ၏။ ရာဂကင်းသောစိတ်ကိုလည်း "ရာဂ ကင်းသောစိတ်" ဟု သိ၏။ ဒေါသနှင့်တကွသော စိတ်ကိုလည်း"ဒေါသနှင့်တကွသောစိတ်"ဟုသိ၏။ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသ ကင်းသောစိတ်" ဟု သိ၏။ မောဟနှင့်တကွသော စိတ်ကိုလည်း "မောဟနှင့် တကွသောစိတ်" ဟု သိ၏။ မောဟကင်းသော စိတ်ကိုလည်း "မောဟကင်းသောစိတ်" ဟု သိ၏။ သံခိတ္တ စိတ်ကိုလည်းသံခိတ္တစိတ်ဟုသိ၏။ မဟဂ္ဂုတ်စိတ် ကိုလည်း "မဟဂ္ဂုတ်စိတ်" ဟု သိ၏။ အမဟဂ္ဂုတ်စိတ် ကိုလည်း "အမဟဂ္ဂုတ်စိတ်"ဟု သိ၏။ သဥတ္တရစိတ်ကိုလည်း "သဥတ္တရစိတ်"ဟုသိ၏။ အနုတ္တရစိတ်ကိုလည်း "အနုတ္တရစိတ်"ဟု သိ၏။ သမာဟိတစိတ်ကိုလည်း"သမာဟိတစိတ်"ဟု သိ၏။ အသမာဟိတစိတ်ကိုလည်း "အသမာဟိတစိတ်ဟု သိ၏။ ဝိမုတ္တစိတ်ကိုလည်း"ဝိမုတ္တစိတ်"ဟုသိ၏။ အဝိမုတ္တစိတ်ကိုလည်း "အဝိမုတ္တစိတ်"ဟု သိ၏။

ဤသို့ မိမိ၏စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သူတပါး၏စိတ်၌မူလည်း စိတ်ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ မိမိသူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ စိတ်၌ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏။ စိတ်၌ ပျက်ကြောင်း

တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍မှုလည်း နေ၏။ စိတ်၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ မှုလည်း နေ၏။ ထို့ပြင် "စိတ်သည်သာလျှင်ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေ့ရှု ထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ် တိုးပွါးခြင်းသာဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်းမစွဲလမ်း ။ ရဟန်းတို့-ဤသည်လည်း ရဟန်းသည် စိတ်၌ စိတ်ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

စိတ်ကိုဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး ပြီး၏။

## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး

## နီဝရဏတရား ငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍ နေသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် နီဝရဏငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် နီဝရဏ ငါးပါး သဘောတရား တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေသနည်း။ ရဟန်းတို့ - ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ ရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်" ဟုသိ၏။ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိ" ဟုသိ၏။ မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်း ကိုလည်း သိ၏။ ပယ်ပြီးသော ကာမစ္ဆန္ဒ ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဗျာပါဒရှိလျှင်လည်း“ငါ၏သန္တာန်၌ ဗျာပါဒရှိသည်” ဟုသိ၏။ မိမိသန္တာန်၌ ဗျာပါဒမရှိလျှင်လည်း “ငါ၏အတွင်းသန္တာန်၌ ဗျာပါဒမရှိ”ဟုသိ၏။ မဖြစ်သေးသော ဗျာပါဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဗျာပါဒ၏ ပယ်ကြောင်း ကိုလည်း သိ၏။ ပယ်ပြီးသော ဗျာပါဒ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ထိန မိဒ္ဓရှိလျှင်လည်း “ငါ၏သန္တာန်၌ ထိနမိဒ္ဓရှိသည်” ဟုသိ၏။ မိမိသန္တာန်၌ ထိနမိဒ္ဓမရှိလျှင်လည်း “ငါ၏သန္တာန်၌ ထိနမိဒ္ဓ မရှိ”ဟုသိ၏၊ မဖြစ်သေးသော ထိနမိဒ္ဓ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ပယ်ကြောင်းကိုလည်းသိ၏။ ပယ်ပြီးသော ထိန မိဒ္ဓ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိလျှင်လည်း “ငါ၏ သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စရှိသည်”ဟု သိ၏။ မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိလျှင်လည်း “ငါ၏သန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စ မရှိ” ဟု သိ၏။ မဖြစ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်းသိ၏။ ပယ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိစိကိစ္ဆာရှိလျှင်လည်း “ငါ၏သန္တာန်၌ ဝိစိကိစ္ဆာရှိ၏” ဟုသိ၏။ မိမိသန္တာန် ဝိစိကိစ္ဆာမရှိလျှင်လည်း“ငါ၏သန္တာန်၌ ဝိစိကိစ္ဆာ မရှိ”ဟုသိ၏။ မဖြစ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ မိမိသူတပါး ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်း

သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သဘောတရား တို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ ထို့ပြင်"သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်း အား သတိသည်ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာဖြစ်၏။ အဆင့်ဆင့် သတိတဖန်တိုးပွါးခြင်း ငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့- ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရား ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

## ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့-တဖန် ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ် ၍နေ၏။ ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ - ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်း တည်း၊ ဤကား ရုပ်၏ ချုပ်ရာ တည်း၊ ဤကား ဝေဒနာတည်း၊ ဤကား ဝေဒနာဖြစ်ကြောင်းတည်း၊ ဤကားဝေဒနာ၏ ချုပ်ရာတည်း၊ ဤကား သညာတည်း၊ ဤကားသညာ ၏ ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ ချုပ်ရာတည်း။ ဤသည်တို့ ကားသင်္ခါရတို့တည်း၊ဤကား သင်္ခါရ တို့၏ဖြစ်ကြောင်းတည်း၊ ဤကား သင်္ခါရတို့၏ချုပ်ရာတည်း၊ ဤကား ဝိဉာဏ်တည်း၊ ဤကားဝိဉာဏ်ဖြစ် ကြောင်းတည်း၊ဤကား ဝိဉာဏ်ချုပ်ရာတည်းဟု ရှုလေ့ ရှိသည်ဖြစ်၍နေ ၏။ဤသို့မိမိ၏သဘောတရားတို့၌မူလည်းသဘောတရားတို့ကိုအကြိမ်ကြိမ်

ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သူတပါး၏ သဘော တရား တို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ မိမိသူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သဘောတရား၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘော တရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်းနေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်းနေ၏။ ထို့ပြင် "သဘောတရား တို့သည် သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်တိုးပွါးခြင်းငှါသာဖြစ်၏။ အဆင့်ဆင့်သတိတဖန် တိုးပွါးခြင်းငှါသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ် မူ၍လည်းနေ၏၊ လောက၌ တစုံတရာကို မျှလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်းမစွဲလမ်း၊ ရဟန်းတို့- ဤသို့လည်း ရဟန်းသည် သဘော တရား တို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

## အာယတန တဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့-တဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါး သော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့- အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘော တရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏။ အဆင်းတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကို လည်းသိ၏။ မဖြစ်သေးသော သံယောဇဉ်၏ဖြစ်ကြောင်းကိုလည်းသိ၏၊

ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်းသိ၏။

နှားကိုလည်း သိ၏။ အသံတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်း ကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါမဖြစ်ကြောင်း ကိုလည်းသိ၏။

နှာခေါင်းကိုလည်းသိ၏။ အနံ့တို့ကိုလည်းသိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်းသိ၏။ မဖြစ်သေးသော သံယောဇဉ် ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်း ကိုလည်းသိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်းသိ၏။

လျှာကိုလည်းသိ၏။ အရသာတို့ကိုလည်းသိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်းသိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်း ကိုလည်းသိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်း ကိုလည်းသိ၏။

ကိုယ်ကိုလည်းသိ၏။ အတွေ့အထိကိုလည်းသိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်းသိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ဖြစ်ကြောင်း ကိုလည်းသိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်း ကိုလည်းသိ၏။

စိတ်ကိုလည်းသိ၏။ သဘောတရားတို့ကိုလည်းသိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်းသိ၏။ မဖြစ်သေးသော သံယောဇဉ်၏ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်း

ကိုလည်းသိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်း ကိုလည်း သိ၏။

ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။မိမိသူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ မူလည်းနေ၏။ သဘော တရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရား ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မူလည်းနေ၏။ ထို့ပြင် "သဘောတရားတို့သည် သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်း ငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှ လည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့- ဤသို့လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရား တို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဗောဇ္ဈင် ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့- တဖန် ထို့ပြင်လည်း ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးသဘော တရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

No 33

ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် ရှိလျှင်လည်း “ငါ၏သန္တာန်၌ သတိ သမ္ဗောဇ္ဈင် ရှိသည်”ဟု သိ၏။ မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း “ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိ” ဟု သိ၏။ မဖြစ်သေးသော သတိ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်းသိ၏။

မိမိသန္တာန်၌ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ရှိလျှင်လည်း “ငါ၏သန္တာန်၌ ဓမ္မဝိယ သမ္ဗောဇ္ဈင် ရှိသည်”ဟုသိ၏။ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိလျှင်လည်း “ငါ၏သန္တာန်၌ ဓမ္မဂိစယ သမ္ဗောဇ္ဈင် မရှိ”ဟု သိ၏။ မဖြစ်သေးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိရိယသမ္ဗောဇ္ဈင် ရှိလျှင်လည်း “ငါ၏သန္တာန်၌ ဝိရိယ သမ္ဗောဇ္ဈင် ရှိသည်”ဟုသိ၏။ မိမိသန္တာန်၌ ဝိရိယ သမ္ဗောဇ္ဈင် မရှိလျှင်လည်း “ငါ၏သန္တာန်၌ ဝိရိယ သမ္ဗောဇ္ဈင် မရှိ”ဟု သိ၏။ မဖြစ်သေးသော ဝိရိယ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ဝိရိယသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ရှိလျှင်လည်း “ငါ၏ သန္တာန်၌ ပီတိ သမ္ဗောဇ္ဈင်ရှိသည်”ဟု သိ၏။ မိမိသန္တာန်၌ ပီတိ သမ္ဗောဇ္ဈင် မရှိလျှင်လည်း “ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်မရှိ”ဟုသိ၏။ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ပီတိ သမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ရှိလျှင်လည်း “ငါ၏ သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရှိသည်” ဟု သိ၏။ မိမိသန္တာန်၌ ပဿဒ္ဓိ သမ္ဗောဇ္ဈင်

မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ပဿဒ္ဓိ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ သမာဓိ သမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ သမာဓိ သမ္ဗောဇ္ဈင်ရှိသည်"ဟုသိ၏။ မိမိ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိ သမ္ဗောဇ္ဈင်မရှိ"ဟုသိ၏။မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်းသိ၏။

မိမိသန္တာန်၌ ဥပေက္ခာ သမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥပေက္ခာ သမ္ဗောဇ္ဈင်ရှိသည်"ဟုသိ၏။မိမိသန္တာန်၌ ဥပေက္ခာ သမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာ သမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်ပေါ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်းသိ၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ ဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။သူတပါး၏ သဘော တရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။မိမိသူတပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ်

ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင်“သဘောတရားတို့သည်လျှင် ရှိကုန်၏”ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်း ငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိ တဖန် တိုးပွါးခြင်းငှါသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိ တို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ ဥစ္စာဟု)စွဲလည်း မစွဲလမ်း၊ ရဟန်းတို့-ဤသို့လည်း ရဟန်းသည် သဘော တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါး သဘော တရား တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ဗောဇ္ဈင် ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

မဟာသတိပဋ္ဌာနသုတ် အဝိပ္ပါယ်အကျယ် ပြီး၏။

★

# မဟာသတိပဋ္ဌာနသုတ်
## ပါဠိစကားတို့၏ အဓိပ္ပါယ်

ရာဂ=တပ်မက်ခြင်း။
ဒေါသ=အမျက်ထွက်ခြင်း။
မောဟ=တွေ့ဝေခြင်း။
သံခိတ္တ=ကျုံ့သောစိတ်။
ဝိက္ခိတ္တ=ပျံ့သောစိတ်။
မဟဂ္ဂုတ်=ရူပ အရူပစိတ်။
အမဟဂ္ဂုတ်=ကာမာဝစရစိတ်။
သဥတ္တရ=ကာမာဝစရစိတ်။
အနုတ္တရ=ရူပ အရူပစိတ်။
သမာဟိတ=တည်ကြည်သောစိတ်။
အသမာဟိတ=မတည်ကြည်သောစိတ်။
ဝိမုတ္တ=လွတ်မြောက်သောစိတ်။
အဝိမုတ္တ=မလွတ်မြောက်သောစိတ်။
နီဝရဏ=အပိတ်အပင်တရား။
ကာမစ္ဆန္ဒ=ကာမဂုဏ်အလို။
ဗျာပါဒ=သူတပါးပျက်စီးစေလိုခြင်းသဘော။
ထိနမိဒ္ဓ=လေးလံထိုင်းမှိုင်းခြင်း။

ဥဒ္ဓစ္စ=ပျံ့လွင့်ခြင်း။
ကုက္ကုစ္စ=နှလုံးမသာခြင်း။
ဝိစိကိစ္ဆာ=မဝေခွဲနိုင်ခြင်း။
သညာ=မှတ်သိခြင်း။
သင်္ခါရ=ပြုပြင်စီရင်မှု အားထုတ်မှု။
ဝိညာဏ်=အထူးသိမှု။
အာယတန=ဖြစ်ရာအကြောင်း။
ဗောဇ္ဈင်=သစ္စာတို့ကိုသိကြောင်း။
သတိသမ္ဗောဇ္ဈင်=မဂ်ဉာဏ်၏အကြောင်းဖြစ်သော အောက်မေ့ခြင်း။
ဓမ္မဝိစယ သမ္ဗောဇ္ဈင်=မဂ်ဉာဏ်၏ အကြောင်း ဖြစ်သော တရားသဘော စူးစမ်း ဆင်ခြင်ခြင်း။
ဝီရိယသမ္ဗောဇ္ဈင်=မဂ်ဉာဏ်၏ အကြောင်း ဖြစ်သော အားထုတ်ခြင်း။
ပီတိသမ္ဗောဇ္ဈင်=မဂ်ဉာဏ်၏ အကြောင်း ဖြစ်သော နှစ်သိမ့်ခြင်း။
ပဿဒ္ဓိသမ္ဗောဇ္ဈင်=မဂ်ဉာဏ်၏ အကြောင်းဖြစ်သော ကိုယ်စိတ်၏ ငြိမ်းချမ်းခြင်း။
သမာဓိသမ္ဗောဇ္ဈင်=မဂ်ဉာဏ်၏အကြောင်းဖြစ်သော တည်ကြည်ခြင်း။
ဥပေက္ခာသမ္ဗောဇ္ဈင်=မဂ်ဉာဏ်အကြောင်း ဖြစ်သော အညီအမျှရှုခြင်း။

ဤသည်တို့မှာ ဗုဒ္ဓဝါဒနှင့် စပ်လျဉ်း၍ ကျွန်တော် စုံစမ်း ထောက်လှမ်း ရရှိသော အချက်များ ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင်၊ ကျွန်တော်သည် ယခု လက်ရှိ ကမ္ဘာမှ ဗုဒ္ဓ၏ လက်ရှိဘဝနှင့် ကျွန်တော်တို့ လူသားတို့၏ လက်ရှိ ဘဝများ အကြောင်းအရာ များကိုသာ သုတေသနပြုကာ တင် ပြခဲ့ပါသည်။

— ဗုဒ္ဓသည် လူတယောက်ဖြစ်သည်။ လူ အသန်း, အသိန်း တို့၌ တဦးသာ ထွန်းပေါက်သော လူထူး လူမြတ်ကြီး ဖြစ်သည်။

— လူထူး လူမြတ် ကြီးက သာမန်လူတို့ ကျင့်နိုင်ခဲ့သော ကျင့်စဉ်ကို ကျင့်သုံးရာမှ လောကကြီး၏ ဒုက္ခမီးငြိမ်း မှုကို သိခဲ့သည်။

— ဗုဒ္ဓက သူ၏ တပည့်သား သံဃာတို့ဖြင့် သူ၏လမ်းစဉ်ကို မျိုးဆက်ခဲ့သည်။

— ကိုးကွယ်မှုသုံးပါး၊ ကျင့်ဆောင်မှု သီလငါးပါးမှ စကာ ဗုဒ္ဓဝါဒကို အခြေခံ ကျင့်ရမည်။

— ဗုဒ္ဓ၏ လမ်းစဉ်မှာ အတိတ်ဘဝ ဆိုသည်နှင့် နောင်ဘဝ ဆိုသည် တို့ကို တွေးတောစဉ်းစားရန် မလို။

— လက်ငင်းဘဝမှာ အဏုမြူ မှုန့်ကလေးများနှင့် ဖွဲ့ထားပြီး ဖြစ်,တည်,ပျက်နေသည့် ဒုက္ခဆင်းရဲသာ ဖြစ်သည်။

— လက်ငင်း ဒုက္ခဆင်းရဲမှ လွတ်ရန် ဖြစ်,တည်,ပျက်မှုကို သဘောပေါက်အောင် ရှုရမည်။

— စိတ်,ရုပ်,ခံစားမှုနှင့် သဘောတရားတို့ကို (မဟာ သတိပဋ္ဌာန် နည်းဖြင့်) ရှုပါလျှင် ရုပ်တို့သဘောကို သိကာ၊ ဒုက္ခဆင်းရဲမှ လက်တွေ့ လွတ်မြောက်မည်။

— ဤသည်တို့မှာ အချုပ်အားဖြင့်သော် လက်ငင်း လက်တွေ့ ဗုဒ္ဓဝါဒ ဖြစ်ပါသတည်း။

## ဤစာအုပ်ကို—

— အင်းစိန်ထောင်ကြီးထဲ၌ ၂ နှစ်ခွဲ အချိန်ယူ၍ ရေးခဲ့သည်။
— စာအုပ်, စာတန်းပေါင်း ၈၀၀ ခန့်ကို မှီငြမ်းပြု၍ရေးခဲ့သည်။
— ငရဲမပါ၊ နတ်ပြည်မပါ၊ လက်တွေ့ဘဝကိုသာ ရေးခဲ့သည်။
— ပါဠိမပါ၊ သတင်းစာသုံး မြန်မာစာနှင့် ရေးခဲ့သည်။

## ဤစာအုပ်သည်—

— ကမ္ဘာ၏ အကြီးဆုံး အချစ်ဝတ္ထု မေတ္တာဘွဲ့ကြီး ဖြစ်သည်
— သိပ္ပံပညာ လောကဓါတ် စိတ်ပညာ စာအုပ်ကြီး လည်း ဖြစ်သည်။
— စိတ်ပညာ ကျမ်းကြီးလည်း ဖြစ်သည်။
— တွေးခေါ် မြော်မြင်ရေး သဘောတရား စာအုပ်ကြီးလည် ဖြစ်သည်။

ပျက်နှာဖုံးရိုက် စိန်ငွေး ရောင်စုံပုံနှိပ်တိုက်၊
မှတ်ပုံတင်အမှတ်(၀၉၀၀)မြို ၅၈-အလုံကမ်းနားလမ်း